Quality စာအုပ်တိုက်မှ စီစဉ်သည်။



မိုးကျရွှေကိုယ်၊ ထောင်မှူးကြီးသိန်းဝင်း၊ အောင်သာမိုး၊ လေးမောင်၊ စိုးယဉ်ထွန်း
သူရိယ၊ စိုးဝေ၊ သိစ်သူ၊ ဖျာပုံလှမိုးနွယ်၊ မင်းမဟာကျော်ခေါင်၊ မန္တလာသား

သို့

မှ

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရေစီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## August 2011

**မိုးကျရွှေကိုယ်**

ဆာယိုနာရား

**အောင်သာမိုး**

ဖြောင့်ချက်

**လေးမောင်**

တောလမိုင်းတောင်လမိုင်း

**စိုးဃဉ်ထွန်း**

အစွယ်တစ်ချောင်းဝက်မီးမကူးဝံ

**သူရိယ**

စုံထောက်မောင်ကျော်ဒင်နှင့် မိုးတစ်ညလူသတ်မှု (ဒုတိယပိုင်း)

**စိုးဝေ**

လွတ်ရက်ကိုစောင့်ကြိုနေသူများ

**ထောင်မှူးကြီးသိန်းဝင်း**

ကျည်ဆန်နှစ်တောင့်ပြဿနာ ၁၈၅

**သိဒ်သူ**

လူသားကြိုက်သော ရေမုဆိုး ၁၉၉

**မျှပုံလှမိုးနွယ်**

အတိတ်ပုံရိပ်ကွင်းဆက် ၂၂၀

**မင်းမဟာကျော်ခေါင်**

အချစ်ဆုံးမို့ ၂၄၂

**မန္တလာသား**

မိုးထဲလေထဲမုဆိုးဖွဲ့ ၂၅၁

Next Month Preview 5

အဖုံးခွင့်ပြုချက် – ၅၄၀၅၆၀၀၆၁၁

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင်
အုပ်ချုပ်မှုအယ်ဒီတာ
ဒေါ်ခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဇေယျာ၊ ဉာဏ်လင်းထက်။
ရုံးအဖွဲ့
ကိုစိုးသိန်း၊ အိမွန်အောင်၊ လင်းလင်းထက်၊ မို့မို့လွင်၊ ဖြူဖြူသင်း၊ မြတ်လေးနွယ်၊ ဝါဝါလွင်၊ လှလှမိုး၊ သဇ္ဇာဝေ၊ ကောသီအောင်၊ ဆန်းဇော်၊ ထွန်းထွန်းလွင်၊ ဝေလင်းဦး၊ ဇင်နိုင်ထွန်း၊ ဝဏ္ဏဝေ၊ မင်းထွဋ်။
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၄၂၂၀)Quality Publishing House
အမှတ် – ၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဇေယျာ
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်
လှသစ်အောင်(အင်းလျား)၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး။
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
ဓမ္မမော်ပုံနှိပ်တိုက်
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ– ၅၀၀
တန်ဖိုး– ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် – ၅၀၈/၅၁၂ (၂ခ)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၃၈၃၆၆၄၊ ၃၈၆၇၃၃။

# NEXT MONTH PREVIEW




လမ်းဆုံးချောင်ရှာတွေ့မည်

ဟင်္သာတမောင်မျိုးမင်း

ထောင်ဝင်စာမှ မျက်ရည်များ

ဝယ်ဦးဇော





ကုသိုလ်ကြမ္မာ မဖိပါနဲ့


အငြိမ်းစားထောင်အရာရှိတစ်ဦး


သည်းထိတ်ရ
2010
G

ပြည်သူများ ကျိုးလန့်စာ စားခဲ့ရသည့်
တစ်ခေတ်၏နိဂုံးမှဖြစ်ရပ်တစ်ခု..

**သေရေးရှင်ရေး**

ဘယ်လိုက ဘယ်လို နိုးလာမိလိုက်မှန်း သူ့ကိုယ်သူပင် မသိ။ ခေါင်တွေခြောက်ပြီး ရေက အလွန်အမင်း ငတ်နေသည်။ မခံမရပ်နိုင်သည့်ချောင်းထဲမှာ မီးတွေ တောက်နေပြီဟု ခံစားနေရသည်။



ယခုအချိန်ကလေး တဒင်္ဂ ဖြတ်ကနဲ ရုတ်ခြည်း ရေကြည်အေးအေး တစ်စက် တစ်ပေါက်ကိုဖြင့်သောက် ခွင့်ရသွားလိုက်ချင်သည်။ သို့မှ အာလျှ ချင်ခြင်းပြေလိမ့်မည်။

"ရေ - ရေ"။ သူ့အာရုံကို ရေတစ်ပေါက်ကသာပဲ ဆုပ်ဆွဲစိုးမိုးထား၏ "ရေငတ်လိုက်တာ၊ ရေဆာလိုက်တာ၊ ရေ - ရေ - ရေသောက်ချင်လိုက် တာ။"ဦးခေါင်းတစ်ပြင်လုံး အုံ့ခဲနောက်ကျိလျက်။ ကွဲထွက်လုမတတ်။

သူ၏အလုံပိတ်တိုက်ခန်းကလေး၏ ပတ်ပတ်ရံကာထားသည့် လက် ခုပ်တစ်ဖောင်သာသာ အုတ်နံရံတံတိုင်းကလေးပေါ်မှ လေးဆယ်ဝပ်အား နီကျင့်ကျင့်မှုန်တုန်တုန်လျှပ်စစ်ရောင်သည် ညအမှောင်ထုကို အန်တု နိုင်လောက်အောင် မလွှမ်းနိုင်။ သူ့အလင်းတွေကိုသာ ညနက်မည်းကြီးက အမဲ့ရုပ်မြိုခြင်းခံထားရသည်သို့ ဖျော့တော့တော့ ဗိုလိုက်ဗိုလိုက် လျှပ် ရောင်အလင်းမှုန်သဲ့သဲ့ဖြင့် ငြိမ်ကုပ်နေ၏။

ဘယ်အချိန်တွေကိုများ ရောက်နေပြီပါလိမ့်။

နစ်နစ်မြှုပ်မြှုပ်အိပ်ပျော်ခဲ့သည်လည်း မဟုတ်၊ အသိနိုးကြား အိပ် စက်ခြင်းမဲ့ခဲ့သည်လည်း မမည်။ ခြောက်အိပ်မက်တွေ တင်းကျမ်းဖြင့် နပမ်း လုံးရင်း တလူးလွန့်လွန့် နိုးတစ်ဝက် အိပ်တစ်ဝက်။

ညတာက ရှည်ပဲရှည်နိုင်လွန်း၏။ သည်လို ချောက်ချောက်ချားချား ည တာရှည်တွေက ကုန်ပဲကုန်ဆုံးပါဦးတော့မည်လား။

သန်းခေါင်ကျော်ခဲ့ပြီလား။

မိုးသောက်အရုဏ်ပြေးခဲ့ပြီလား။

ခုနယ်အခါတွင် ဘာကမျှ အရေးမကြီးလေတော့။

သူတို့ သူတို့ နောက်တစ်ချီလာကြဦးမည်လား။ အချိန်နှင့်အမျှ တရစပ် ဆုပ်နယ်ချေမွနေသည့်အတွေးက သည်တစ်ခုသာပဲ ကြီးစိုး၍နေတော့၏ သူတို့လာကြဦးမလား။ နောက်ထပ်လာခေါ်ကြဦးမည်လား။ နောက်ထပ် ... နောက်ထပ်။

"ဟော"

ခြေသံတွေကိုကြားရသည်။ အကြိမ်ကြိမ်အထပ်ထပ် အကြားရိုးနေပြီ ဖြစ်သည့် သူနာတွေက တန်းကနဲသိလိုက်၏။ သူတို့လာကြပြန်ပြီ။

မှောင်ထဲက အုတ်စီစကြံန်လမ်းကလေးအတိုင်း သူတို့လျှောက်လာ နေကြသည်။

ညသည်ပို၍မှောင်သွား၏။ ပိတ်ပိတ်သားကြီး မည်းလို့။

■

"နာမည်"

"အဆာဟိနတ"

"အပြည့်အစုံပြောပါ"

"ကိုဟိချိအဆာဟိနတ"

"ရာထူးအဆင့်"

"..."

"ခင်ဗျား ထမ်းဆောင်ခဲ့ရတဲ့ နောက်ဆုံးရာထူးအဆင့်ကို ပြောတာ"

"ဗိုလ်ကြီး"

"Captain (ကပ္ပတိန်)ပေါ့"

"ဟုတ်ကဲ့"

"အင်္ဂလိပ်လိုပြောတာကို နားလည်သလား၊ ပြောကောပြောတတ်သ လား"

"အနည်းအကျဉ်းပါ"

"ခင်ဗျားနာမည်ကို အင်္ဂလိပ်လို စာလုံးပေါင်းပြပါဦး"

"K-O-H-L-C-H-L, Kohichi"

"အင်း"

"A-S-A-H-L-N-A-T-A, Asahinata"



"စစ်ခုံရုံးမှာ"

"ကိုယ်ပိုင်နံပါတ်"

"....."

"ဘယ်တပ်ဖွဲ့ကလဲ"

"ကေယာကီတပ်ဖွဲ့..ခြေလျင်တပ်ရင်းအမှတ် - ၂၁၅ လက်အောက်ခံ တပ်ဖွဲ့တစ်ခုပဲ"

"တပ်ရင်းဘယ်လောက်.."

"အမှတ် - ၂၁၅"

"ဟင် ဒါဆို မော်လမြိုင် ကုလားကုန်းရွာကို ရွာလုံးကျွတ်သတ်ပစ်ခဲ့တဲ့ ဂျပန်တပ်ရင်းကပေါ့"

"အဲဒါ ကျုပ်မသိဘူး"

"တပ်ရင်း ၂၁၅ ကဆို"

"စစ်တပ် တပ်ရင်း တစ်ရင်းရဲ့ လက်အောက်မှာ တပ်ခွဲတွေအများကြီး ရှိတတ်တယ်။ ထမ်းဆောင်ရတဲ့ စစ်ရေးတာဝန်ချင်း မတူကြသလို စစ်ဆင်ရေးနယ်မြေချင်းလည်း မတူကြဘူး။ ဒါဟာ စစ်တပ်ထုံးစံပဲ။ လူကြီးမင်းတို့လည်း သိပြီးဖြစ်မှာပါ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ ခင်ဗျားတို့ တပ်ဖွဲ့အမည်က ဘာတဲ့"

"ကေယာကီတပ်ဖွဲ့။ Keyaki ဂျပန်ပြည်ကသစ်ပင်တစ်မျိုးရဲ့နာမည်ကို ယူပြီး မှည့်ထားတာ။ ခြေလျင်တပ်ရင်း အမှတ် - ၂၁၅ လက်အောက်က အထူးတပ်ဖွဲ့တစ်ဖွဲ့ပဲ"

"အဲဒီအဖွဲ့ရဲ့တာဝန်က ဘာလဲ"

"ယိုးဒယား - မြန်မာနယ်စပ်တစ်လျှောက်ရဲ့ လုံခြုံရေးကို ထိန်းသိမ်းပြီး ဂျပန်တပ်တွေ ဆုတ်ခွာရေးမှာ အကူအညီဖြစ်အောင် ပြောက်ကျားလှုပ်ရှားမှုတွေလုပ်ဖို့ပါပဲ"

"ထောက်လှမ်းရေးတပ်ဖွဲ့ပေါ့"

"အဲလိုပြောရင်လည်း ရပါတယ်။ ဒါပေမဲ့ ထောက်လှမ်းရေးလုပ်ငန်းထက်ပိုပြီး များပြားစုံလင်တဲ့ ကျယ်ပြန့်တဲ့အလုပ်တွေကို စီမံပေးရတာပါတယ်။ ဆက်သွယ်ရေး၊ ထောက်ပံ့ရေး၊ လမ်းကြောင်းပြ..အဲ..တစ်ခါတစ်ခါ တောထဲမှာ တပ်နဲ့ကွဲပြီး ပျောက်ဆုံးနေတဲ့ရဲဘော်တွေ၊ တပ်ဖွဲ့တွေကို လိုက်ပြီး ရှာရဖွေရတာမျိုးအထိ အောက်ခြေသိမ်းလုပ်ရတာတယ်"

"တပ်ရင်းမှူးက.."

"ဗိုလ်မှူးကြီး တိုးမိုတို (Col. Toomoto)"

"ခင်ဗျားတို့ တပ်ဖွဲ့ရဲ့ ဌာနချုပ်က ဘယ်မှာလဲ"

"Mother Unit လို့ပဲသုံးရမလား။ Head Quarter လို့ပဲ ပြောရမလား။ ကျုပ်တို့တပ်ဖွဲ့တွေရဲ့ ပင်မစုရပ်ကတော့ သံဖြူဇရပ်မှာဖြစ်တယ်။ သံဖြူဇရပ်မြို့စွန်က ရာဘာခြံကြီးတစ်ခြံထဲမှာ"

"ဩ - ဩ - ခဏ - ကျေးဇူးပြုပြီး ခဏနေပါဦး။ Please, wait a mintue."

စာရွက်လှန်သံတဖျပ်ဖျပ်တွေ၊ မျက်မှန်တဝင်းဝင်းအောက်က မျက်ဝန်းအရှေ့တွေက သူ့ခေါင်းကို ဖိနှင်းကြိတ်ချေနေသည်သို့ဖြစ်၏။ တစ်ဦးပြီး တစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက် ဇယ်ဆက်သလိုပစ်လွှတ်နေသည့်မျိုး မတူအဆင့်ကွဲ မေးခွန်းတွေကြောင့်လည်း မူးဝေနောက်ကျိလာပြီ။ ဝမ်းထဲ

က တကြုတ်ကြုတ်။ အူပေါင်းလောင်း၏ အော်သံတွေပွက်ထနေ၏။ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေ။

အမေရိကန်တွေ၊အင်္ဂလိပ်တွေ၊ဘယ်လ်ဂျီယမ်တွေ၊ပြင်သစ်တွေ။မေးနည်းမျိုးစုံဖြင့် သူ့ကို လဲပြိုသွားအောင် စုပြုံထိုးနက်နေကြသည်ဟု သူက ထင်သည်။

"မစ္စတာ သွန်မဆင်ကို သိသလား"

"ဘယ်သူလဲ"

"ခင်ဗျားတို့ ဂျပန်တပ်တွေစစ်ဆုတ်လမ်းတစ်လျှောက်မှာ ရင်ဆိုင်တိုက်ပွဲမဟုတ်ပဲ၊ လက်နက်ကိုင်ရန်သူစစ်တပ်မဟုတ်ပဲ အပြစ်မဲ့တဲ့ မြန်မာလူထုတွေကို အစုလိုက်အပြုံးလိုက်သတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့ကြတယ်။ အများကြီးပဲ အများကြီးပဲ။ စစ်ရေးလှုပ်ရှားမှုနဲ့ မဆိုင်တဲ့ ရမ်းကားမှုတွေ၊ ရာဇဝတ်မှုတွေလေ"

"မဖြစ်နိုင်ဘူး၊ ဂျပန်လူမျိုးမှာ အဲဒီလိုလေ့မျိုး၊ အမူအကျင့်မျိုးမရှိဘူး"

"နားထောင်ပါဦးလေ။ ခင်ဗျားတို့ဂျပန်တပ်တွေမြောင်းမြမြို့ကမဆုတ်ခွာခင် မြန်မာလူမျိုးအရပ်ဘက် နိုင်ငံရေးသမား (၄၁)ဦးကို အကျဉ်းထောင်ထဲက ခေါ်ထုတ်သွားပြီး မြို့စွန်ကချိုက်ကြီးထဲမှာ သတ်ပစ်ခဲ့ကြတယ်။ ပြီးတော့ ရေတွင်းပျက်ကြီးထဲ ထည့်ပြီး မြှုပ်ပစ်ခဲ့ကြတယ်။ အဲဒီကိစ္စရဲ့ အဓိကစစ်တရားခံ ကင်ပေတိုင်ဗိုလ်ကြီးဆူဇုကီး၊ ဆာဂျင်ယာမာဆာကီးနဲ့ ဆာဂျင်မေဂျာအဒါချီးတို့ကို စစ်သုံ့ပန်းအဖြစ် ဒီထောင်ထဲမှာ ကျုပ်တို့စစ်ခဲ့၊ ဆေးခဲ့ပြီးပြီ။ သက်သေအထောက်အထားတွေ၊ မျက်မြင်သက်သေတွေလည်း အများကြီးပဲ။ စစ်ရာဇဝတ်ရုံးအနေနဲ့ ပိုပြီး တိကျသေချာအောင် မြောင်းမြမြို့က အချင်းဖြစ်နေရာတွေအထိသွားပြီး မျက်မြင်ကြည့်ခဲ့၊ စစ်ဆေးခဲ့ပြီးပြီ။ အဖြစ်အပျက်ဟာ အမှန်ပဲ။ ခင်ဗျားတို့ ဂျပန်စစ်တပ်က စစ်ဆေးရေးနဲ့မဆိုင်တဲ့ အရပ်ဘက်လူထုတွေကို အစုလိုက်အပြုံလိုက် သတ်ပြီး ရာဇဝတ်မှုကျူးလွန်ခဲ့ကြတာတွေဟာ အမှန်တွေပဲ"

မာဆတ်ဆတ်၊ ပြတ်တောင်းတောင်း အသံတွေကို တရစပ်သွန်ချနေသည့် အမေရိကန်ဗိုလ်ကြီးအား ဖျတ်ကနဲ မော့ကြည့်မိသည်။

အသက်သုံးဆယ်စွန်းစွန်း၊ ဖုဖုအိုင့်အိုင့် ခပ်တောင့်တောင့်။ မျက်နှာနီဝိုင်းဝိုင်းဖြစ်သည်။ မျက်ပေါက်ကျဉ်းသော်လည်း မျက်လုံးတစ်စုံမှာ သူငယ်အိမ်နက်နက်ဖြစ်ပြီးအရောင်လက်နေသည်။ဆံပင်မည်းမည်း။အမေရိကန်ကြည်းတပ်ဝတ်စုံကို စမတ်ကျကျဝတ်ထားသည်။ နှာခေါင်းရိုးပေါ်ချိတ်တင်ထားသည့် ရွှေကိုင်းမျက်မှန်အဝိုင်းကလေးက ပြာပြာမှိုင်း၏။ သူ့မျက်ဝန်းတွေကို ဖုံးကွယ်သိုဝှက်ထားလိုသလို ဖြစ်နေသည်။

"အဲ အဲဒီလိုပဲ မော်လမြိုင်ထောင်ကြီးထဲမှာ အချုပ်ခံနေရတဲ့ အရပ်ဖက်နိုင်ငံရေးသမား (၂၆) ယောက်ကို ထောင်ကထုတ်သွားပြီး မြို့ပြင် "တောလေချောင်ရွာ" နားမှာ ဓားနဲ့ ရက်ရက်စက်စက် ခုတ်ပိုင်းသတ်ထားခဲ့ကြတယ်။ အဲဒါဟာ ခြေလျင်တပ်ရင်း အမှတ် (၂၁၅) ရဲ့လက်ချက်လို့ အခိုင်အမာ ဖော်ထုတ်သိထားရပြီးပြီ"



"အမေရိကန်စစ်ခုံရုံးရှေ့မှ ဂျပန်စစ်ဗိုလ်ချုပ်ကြီးဂျင်နရယ် တိုမိုယူကီယာမရှိတာ (မလေးကျားကြီး) (၂၂-၂-၁၉၄၆)

"အဲဒါတွေ ကျုပ်မသိဘူး"

"နောက်ကျေးရွာတစ်ရွာလုံးကို အင်္ဂလိပ်လေထီးတပ်ရဲ့ သူလျှိုဖြစ်တယ်ဆိုတဲ့ သံသယ၊ အာဃာတနဲ့ ယောကျာ်း၊ မိန်းမ၊ ကလေး၊ လူကြီး တစ်ယောက်မကျန် ရွာလုံးကျွတ်သတ်ပစ်ခဲ့တဲ့ရာဇဝတ်မှုကြီးရှိသေးတယ်။" ကုလားကုန်းဖြစ်စဉ်" လို့ ကျုပ်တို့ မှတ်တမ်းတင်ထားတယ်။ ဂျပန်စစ်တပ်ခြေလျင်တပ်ရင်း အမှတ် - ၂၁၅၊ တပ်ခွဲ - ၃ က ကျူးလွန်ခဲ့တာ။ စစ်ဆင်ရေးအရာရှိ၊ ဗိုလ်မှူး ဟီရာစာဝါ ( Mrj.Hirasawa )နဲ့ ကင်ပေတိုင်ဗိုလ်ကြီး အဇူမ ( Capt.Azuma )တို့ ဦးစီးတဲ့ တပ်ခွဲ - ၃ နဲ့ ကင်ပေအဖွဲ့ပူးပေါင်းကျူးလွန်ခဲ့ကြတာပဲ"

"ကျုပ်မသိဘူး"

"ထားပါလေ - ခင်ဗျားအနေနဲ့အဲဒီကိစ္စတွေကိုမသိဘူးလို့ငြင်းမယ်ဆိုလည်း ငြင်းနိုင်ပါတယ်။ ဒါပေမဲ့ .."

စကားစကိုဖြတ်၍သူ့ကိုတည့်တည့်စူးစူးစိုက်ကြည့်နေ၏။ ချောင်ပိတ်မိနေသည့် ကြွက်ငယ်ကို ပြက်ရယ်ပြုသည့်ကြောင်ဆိုးနယ် "ကဲ - မင်း ဘယ်ပြေးဦးမလဲ" ဟူသည့် မျက်နှာနေမျိုး။

"စစ်ပွဲမှာ အနိုင်ရတဲ့သူကသာ အမှန်တရားကို ဖန်တီးခွင့်ရှိတယ်"။ စစ်ကျောင်းတုန်းက သူ့ဆရာတပ်ကြပ်ကြီး တာနခါး၏ စကားကို ကြားယောင်မိပြန်၏။

စစ်ကြီးရှုံးပြီဆိုမှဖြင့် ဂျပန်သည် အမှန်တရားကို မည်သို့မှ ဖန်တီးခွင့်မရှိပြီ။ ရင်ခေါင်းထဲမှ နင့်တင့်တင့် ဝေဒနာက ပို၍ သိပ်သည်းလာနေ၏။

"ခင်ဗျားတို့တပ်ဖွဲ့က သံဖြူဇရပ်မြို့စွန်အိမ်ကြီးမှာအင်္ဂလိပ်လူမျိုးအရပ်သားတစ်ဦးနဲ့ သူ့မိသားစုလေးယောက်၊ ပေါင်း ငါးယောက်စလုံးကို ခြောက်လုံးပြူးသေနတ်နဲ့ ပစ်သတ်ခဲ့ကြတယ်။ အဲဒီကိစ္စကိုတော့ ခင်ဗျားသိမှာပေါ့ ဟုတ်လား ဗိုလ်ကြီး အဆာဟီနတ"

"ဟင်" - လှုပ်ကနဲခုန်တက်လာသည့်ရင်ကို မနည်းကြီးထိန်းထားလိုက်ရသည်။ ဖြေစရာစကားလုံးတို့ ပါးရှားလွန်း၏။

ကျွန်းသစ်ရောင်ပြောင်ပြောင်လက်လက်စားပွဲကြီးပေါ်၌ဖရိုဖရဲပြန့်ကျဲနေသည့်ဖိုင်တွဲတွေ၊ စီစီညီညီထပ်တင်ထားသည့် မှတ်တမ်းစာအုပ်တွေ၊ အဖုံလိုက်ကြီးရှိနေသည့် ဓာတ်ပုံမှတ်တမ်း အယ်လဘမ်တွေကိုမြင်သည်။ အမှန်တရားသည် ပုန်းလျှိုးခေါင်းဝှက်စရာမြေမရှိ။

"ရော့ ဒီဓာတ်ပုံတွေကိုကြည့်ပါဦး"

အဖြူအမည်းဓာတ်ပုံ၊ အရွယ်အစားမျိုးစုံလေးငါးဆယ်ပုံကလျှောကနဲသူ့မျက်စိရှေ့သို့ တစ်ထပ်ကြီး ရောက်လာ၏။

"ဟုတ်ပါတယ်၊ သေချာပါပြီ - ဒီ အင်္ဂလိပ်လူနဲ့ ဒီမိသားစုပါပဲ။" တစ်ညမှာ သူတို့တပ်ရင်းမှူး ဗိုလ်မှူးကြီးတိုးမိုးတို ကိုယ်တိုင် သူလျှိုမိသားစုတစ်စုကို သုတ်သင်ဖို့ သူတို့တပ်ဖွဲ့အား အမိန့်ပေးခဲ့၏။ တပ်ဖွဲ့က သူနှင့်တပ်ကြပ်ကြီး စာဒါအိုကီတာကျိုများတို့အား တာဝန်ပေးသည်။

မြေပုံညွှန်းကို သိရလျှင်ပင်၊ တပ်ရင်းမှူး၏ အမိန့်သည် တစ်စုံတစ်ရာဖြင့် လွဲချော်နေပြီမှန်း သူတို့သိလိုက်ကြ၏။

ထိုအိမ်သည် သံဖြူဇရပ်မြို့၌ သူတို့ "ကေယာကီအဖွဲ့" ဌာနချုပ်ရုံးဖွင့်ဖို့ အဆောက်အအုံရှာစဉ်က အမိက မျက်စေ့ကျထားခဲ့သော အိမ်ဖြစ်သည်။ အင်္ဂလိပ်မိသားစုတစ်စုနေသည့် အိမ်တစ်လုံး။ မြန်မာပြည်လိုနေရာမျိုးတွင် အတော့်ကို လှပခန့်ညားသပ်ရပ်သည့် အိမ်ဖြစ်သည်။ ကေရာချိုရှိနေသည့် ချာဘာစိုက်ခင်းကြီးအလယ်မှ မြက်ခင်းစိမ်းစိမ်းနှင့်တောင်ကုန်းကလေးပေါ်မှာ ရှိသည်။ တစ်ဝင်းလုံး တစ်ခြံလုံးကို ပန်းဥယျာဉ်ကြီးသဖွယ်ပြုစုထားသည်။ ရေကြည်ကြည်၊ ရေစီးသံချိုချို၊ ဒေသဝါးမျိုးကလေးတွေ ယောက်သက်ခတ်ကူးပြေးနေသည့် ချောင်းရှင်ကလေးတစ်စင်းလည်းရှိသည်။ အိမ်ကြီးကဝိတိုရိယခေတ်ပုံစံနှစ်ထပ်တိုက်ခံအိမ်ကြီး။ အဆောင်ဆောင်အခန်းခန်းတွေ၊ ပရိဘောဂတွေဖြင့် တိုက်ခံတောက်ပြောင်လက်နေ၏။

"တပ်ရင်းမှူးက ဒီမိသားစုဟာ သူလျှိုဖြစ်တယ်လို့ ပြောလိုက်ပေမဲ့ အမှန်က သူလျှိုတွေမဟုတ်ပဲ သာမန်မိသားစုပဲဖြစ်မယ်လို့ ကျွန်တော်ထင်တယ်ဗိုလ်ကြီး"

တပ်ကြပ်ကြီးက တီးတိုးပြောခဲ့သေးသည်။

"နေခင်းပိုင်းတုန်းက ဗိုလ်မှူးကြီးဟာ အဲဒီအိမ်ကိုသွားပြီး အိမ်ရှင်နဲ့ တွေ့ခဲ့သေးသတဲ့။ အိမ်ကို ငှားပေးဖို့အိမ်ရှင်နဲ့ ဆွေးနွေးခဲ့ပုံရတယ်။ ဒါပေမဲ့ အိမ်ရှင်အင်္ဂလိပ်က ငြင်းလွှတ်လိုက်သတဲ့"

စကားတွေဆက်နေပြန်သည်။

တကယ်တမ်း သူတို့သုတ်သင်ရမည့် အိမ်ရှင်နှင့်မိသားစုကို တွေ့လိုက်ရသည့်အခါ တပ်ကြပ်ကြီး၏စကားကမှန်နေကြောင်းလက်တွေ့သိရသည်။ သို့နှင့်တိုင်း သူဘာတတ်နိုင်မလဲ။ အမိန့်ဟာ အမိန့်ပဲ။ စစ်သားဆိုသည် အထက်အမိန့်ကို တသွေမသိမ်းနာခံရသည့်သူ။ တစ်သွေးတစ်သံတစ်မိန့်။ ဒါပဲမဟုတ်လား။

"ဗိုလ်ကြီးရေ စိတ်မကောင်းစရာပဲ။ ဒီမိသားစုထဲမှာ ချောမောလှပပြီး ချစ်စရာကောင်းတဲ့ သမီးကလေးနှစ်ယောက်လည်းပါနေသေးတယ်။ "ဟော့ကိုင်းဒိုး" မှာ ကျန်ရစ်နေခဲ့တဲ့ ကျွန်တော့်ကလေးတွေအရွယ်ပဲ။ ရိုးတဲ့ မှ - ကြုံရပုံကဖြင့် သောက်သုံးမကျလိုက်တဲ့ ဘဝကံနယ် လို့ ပြောရတော့ မလိုဖြစ်နေပြီ - ဖွတ်"

တပ်ကြပ်ကြီး၏ အသံက ငိုသံပါနေသည်။ ရှိုက်သံတချို့ပင် စွက်နေသယောင်။ သို့ပင်ဖြစ်လည်း။

"ကဲ - ဒီလောက်ဆိုရင် မစ္စတာသွန်မဆင်ကို မှတ်မိပြီလား"

"..."

"မစ္စတာသွန်မဆင်နဲ့ သူ့မိသားစုကိုသတ်ခဲ့တာခင်ဗျားနဲ့တပ်ကြပ်ကြီး တာအိုကီးမားလို့ အတိအကျထွက်ဆိုထားတဲ့ စစ်ချက်တွေဟာ ဒီမှာ တစ် ထပ်ကြီးရှိနေတယ်။ မျက်မြင်သက်သေတွေကိုလည်း သံဖြူဇရပ်က... သွားခေါ်ထားပြီးပြီ။ ကဲ - ခင်ဗျားဝန်ခံမလား၊ ငြင်းဦးမလား"

"..."

"ဝန်ခံရင်တော့ စစ်ဆင်ရေးတာဝန်အဖြစ် အထက်အမိန့်နာခံဆောင်ရွက်ရတတ်တဲ့ စစ်သည်တို့ရဲ့သဘောသဘာဝကို ထည့်စဉ်းစားပြီး စစ်ရာဇဝတ်ခုံရုံးက အပြစ်ဒဏ်ပေးရာမှာ မျှတအောင် သုံးသပ်ပေးကြလိမ့်မယ်။ မျက်စိမှိတ်ပြီး စုံကန် "ဘူးကွယ်" နေရင်တော့လည်း ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ။ သေဒဏ်က ပြေးလွတ်ဖို့ မလွယ်ဘူး"

"..."

"ဗိုလ်ကြီးအဆောဟိနတ္တ။ ခင်ဗျားဘက်က ဘာပြောစရာရှိသေးသလဲ"

"..."

"ခင်ဗျားနဲ့အတူ ပြစ်မှုကျူးလွန်ခဲ့တဲ့ တပ်ကြပ်ကြီးတာအိုဂျီးမားကတော့ အလိုအလျောက်ဖြောင့်ချက်ပေးပြီး လူသတ်မှုကျူးလွန်ခဲ့မိပါတယ်လို့ဝန်ခံသွားခဲ့ပြီးပြီ။ သူက "ဖော်ကောင် (Approver) အခွင့်အရေးကို တောင်းထားတယ်။ သေချာတယ်၊ ရမှာပဲ - ပေးရမှာပဲ။ ပေးမှဖြစ်မှာပဲ"

"..."

"ကဲ - ဘယ်လိုလဲ"

"ကြိုက်သလိုသာလုပ်ပါ။ As you like . . Captain"

ပွဲက ပြတ်ပြီ။ ပွဲပြီးသွားပြီ။ ပွဲသိမ်းပြီ။ သူ့နှုတ်က ဝန်ခံစကားတစ်ခွန်း ထွက်မကျခဲ့လည်း၊ ခေါင်းတစ်ညိတ်ခေါင်းတစ်ခါ မပြုခဲ့မိလည်း ပွဲပြတ်ခဲ့ပြီ။

သူ့စိတ်ထဲက စစ်သားတစ်ယောက်၏ ပကတိစိတ်ဖြင့် အလိုလိုသိနေသည်။

"ဒါက စစ်ရာဇဝတ်ခုံရုံးပဲ။ စစ်ကြီးကို နိုင်ခဲ့တဲ့ အမေရိကန်၊ အင်္ဂလိပ် မဟာမိတ်စစ်တပ်က စစ်ရှုံးသူ ဂျပန်တပ်တွေကို အပြစ်ပေးဖို့ စနစ်တကျ ထောင်ချောက်ဆင်၊ သုတ်ကိုင်းချပြီး တည်ထောင်ထားတဲ့ စစ်ရာဇတ်ရုံးပဲ" အဖြေက မည်သို့များ ပို၍ ထူးလာဦးမည်နည်း။ တရားမျှတမှုတဲ့လား။ ဘာတွေကို မျှော်လင့်၍ ရနိုင်ဦးမည်နည်း။

"သေဒဏ်ပဲ။ ငါတို့ရှေ့က ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ၊ စစ်သည်တွေလို ကြိုးစင်ပေါ်မှာ သေရမလား။ လက်မရှိကွပ်မျက်ရေးတပ်ဖွဲ့ (Execu-

tion Squad )တွေကပဲ သေနတ်နဲ့ပစ်သတ်မလား။ လှံစွပ်နဲ့ထိုးသတ်မလား။ ဒီနေ့လားနက်ဖြန်လား။ နောက်တစ်နေ့နေ့လား။ သေဒဏ်ကတော့ သေဒဏ်ပဲ။

ဗိုလ်ထဲက တဂ္ဂိဂ္ဂိမြည်သံတွေ ပို၍ညံလာ၏။ ခေါင်းထဲက တရိပ်ရိပ်ခြ လည်ပတ်လည် မူးသီလာသည်။ ရင်တလှပ်လှပ်၊ ထိုး၍ ထိုး၍ အောင့်တက် လာနေသည်။ မေ့ကာနဲ့ မိုက်ကာနဲ့ သတိလက်လွတ်ဖြစ်ချင်ချင်။

"တောင့်ထား – ထိန်းထားစမ်း။ ရန်သူရဲ့ရှေ့မှာ ရုပ်ပျက်ဆင်းပျက်မဖြ စေနဲ့" မရ။ အမှောင်ထုကြီးက သူ့ဆီပြေးဝင်လာသည်။ နောက်တစ်ချီ သူ သတိလက်လွတ်မေ့သွားဦးတော့မည်။

"တပ်ကြပ်ဆာလီဗန် – ရှိလား"

"ဟုတ်ကဲ့ – ခင်ဗျား"

"ဒီဂျပန်ကောင်ကို ဆွဲထုတ်သွားစမ်း။ သူ့တိုက်ခန်းထဲပြန်ထည့်ထား လိုက်။ ပြီးရင်အလုံတိုက်ထဲက ဂျပန်ကင်ပေမျက်နှာမာကြီးကို သွားခေါ်ထ ခဲ့"

"ဟုတ်ကဲ့"

"ဒေါ်ရောသော – ခူးရား၊ ဘာကဲရိုး"

"ဖြောင်း"

"အင့်"

"ကောင်းကောင်းကိုယ်ကိုမတ်ထား။ မျက်နှာကိုပြန်မော့ထားကြ မင်းတို့ကို ဂျပန်မာစတာတွေ တအားစိတ်ဆိုးနေတယ်။ မင်းတို့ကလည် မင်းတို့ပဲ။ သူခိုးကျွာ – ကိုယ့်ဘာသာလွတ်လွတ်ကင်းကင်း ခိုးစားပါ လား။ ဖွေဖွေရှာရှာ စစ်တပ်ဂိုဒေါင်ထဲက အမြောက်ကျည်ဆန်တွေကိုမှ



'ထိုကြောင့် ဝတ်သစ်လျှဝန်ဟုခေါ်သည်'

ပြီးခိုးရတယ်လို့။သေပန်းပွင့်တဲ့အကောင်တွေ။မသေခင်ကမသာစော်နံနေပြီ – ဗွီ"

ဒေါ်ရောဇော (သူခိုး)က လေးယောက်တောင်ဖြစ်သည်။

"ငယ်လွန်းကြသေး၏။ အလွန်ဆုံးရှိလှမှ ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုး နှစ်ဆယ်။သေဒဏ်စီရင်ခြင်းခံရမည့်သူများမို့လုံးပတ်လှူကြီးတစ်ဖက်သာသာကုက္ကိုပင်ကြီး တစ်ပင်စီ၌ ကျောမှီ၌ လက်ပြန်ကြိုးတုပ်ထားသည်။ မျက်နှာကို အဝတ်စည်းထားသည်။

နနငယ်ငယ်မျက်နှာကလေးတွေမှာ ခုတ်ပြတ်ပေါက်ပြဲလျက် သွေးတွေ – သွေးတွေ ရဲပတောင်းခတ်နေ၏။ ရိုက်ရာနက်ရာ ဒဏ်ရာဒဏ်ချက်တွေဗရပွ။အညိုအမည်းအရှိုးအစင်းကြီးများကလည်းတစ်ကိုယ်လုံးနေရာလပ်မရှိအောင် ထပ်နေသည်။

မသတ်ဘဲ သူ့အတိုင်းတိုင်း ပစ်ထားခဲ့လျှင်တောင်မှ ဘာသာအသက်ထွက်သွားကြတော့မည့် အခြေအနေမျိုး။

မဂ်ကိုပူရ အင်ဖာထိုးစစ်ကြီး ဖရိုဖရဲ စစ်ဦးကျိုးလျှက် လန်ကျလာပြီးကတည်းက တဆုတ်တည်းဆုတ်၊ တပြေးတည်းပြေးနေခဲ့ရသည့် သူတို့ဂျပန်

တပ်များ၏ စစ်ဆုတ်လမ်း၊ စစ်ပြေးလမ်းမှာ မြန်မာတို့၏ ကြုံရာကျရာက အလယ်မန်းကြမ်း ဆန့်ကျင်တိုက်ခိုက်နေမှုများကြောင့်လည်း မြေပုရာကင်း မှောင့်ဆိုသလို ဖြစ်နေသည်။ ဟူးကောင်းတောင်ကြားမှာ တနိုင်း - ရှင်ဗွေ ယန်မှာ၊ မြစ်ကြီးနားမှာ၊ နမ့်ဆန်မှာ မိုးမိတ်မှာ၊ ရခိုင်ရိုးမတောကြီး တောင် ကြီးတွေထဲမှာ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ချောင်းကြိုမြစ်ကြားတွေမှာ - ဘယ်နေရာမှာမှ အရေးသာသည်မရှိတော့။

နိစ္စဓူဝ အရှုံးတွေကိုချည်းသာ မျက်နှာချင်းဆိုင်နေရချိန်။ ဂျပန်စစ်တပ် ကြီးတစ်ခုလုံး အထိမခံရှေ့ပန်းကန်အကွဲဆတ်တင်းမာနေချိန်။ သူခိုးတွေ သတ်၊ ဓားပြတွေသတ်၊ သူလျှိုဟု သံသယရှိလျှင်သတ်။ ထစ်ကနဲရှိလျှင် စေ့စေ့ငုငုအစစ်အဆေးမပြုချင်။ သတ်ပစ်လိုက်ဖို့ကိုပဲ ဆန္ဒစောနေကြ သည့်အချိန်။

သည်လိုကာလဆိုးကြီးမှာမှစစ်တပ်ဂိုဒေါင်တွေထဲမှစစ်သုံးအမြောက် ကျည်ဆံတွေကိုချည်း ရွေးခိုးသည့် သူခိုးကလေးတွေ။ သနားသလိုလို ကရု ဏာဝင်ချင်မိသည့်တိုင် "သေတာတောင် နည်းသေး" ဟု ဒေါသကလေး လည်း စွက်ချင်မိ၏။ "ကိုယ့်သေတွင်းကိုယ်တူးပြီး သေမင်းငင်ကြတာပဲ။"

"ရေနံ့ပက်လိုက်"

"သူတို့ကို သတိရအောင် မြန်မြန်လုပ်ပါ ထွန်းတင်စံ။ မေ့မြောနေရက် ကြီးနဲ့တော့ သတ်ပစ်လိုက်လို့မဖြစ်ဘူး"

"ဟိုက် - မာစတာ"

"ဖိုးတုတ်ရေ"

"ဗျုန်း"

ချက်ချင်းပင် သူခိုးကောင်ကလေးတွေ သတိပြန်လည်လာကြသည်။ ဝိုင်းဝိုင်းလည်နေသည့် ကြောက်ရွံ့အားကြီး မျက်ဝန်းတွေကို မမြင်ချင်။ မ တွေ့ချင်။

"လူသတ်ပွဲပဲ။ သနားနေလို့ ဘယ်လိုဖြစ်နိုင်မလဲ။ အမိန့်က အမိန့်ပဲ" ဟိုရောက်ဒီရောက် အတွေးများက တလွင့်လွင့်။

သေဒဏ်စီရင်ရာတွင် "Bayonet" ခေါ်လှံစွပ်နှင့် အသေထိုးသတ်ရမည်ဖြစ်သည်။ လှံစွပ်တပ်ထားသော ရိုင်ဖယ်ကိုယ်စီကိုင်ထားသည့် ဂျပန်စစ်သားကလည်း လေးယောက်။ ယာမာရှိတ၊ အိုဟာရှိ၊ တာနားက၊ ဓတ်ဆုမိုတို။ သူတို့လေးယောက်စလုံး လှုပ်လှုပ်ရွရွဖြစ်နေကြ၏။

သူတို့သည် သေဒဏ်စီရင်ခံရမည့်အချိန်မထိုင်သေး၍ သူတို့သတ်ရမည့်သူခိုးလေးယောက်ကို ကျောခိုင်းနေကြရသည်။ သူတို့ရင်ထဲ၌ မည်သို့ရှိမည်မသိသော်လည်း မျက်နှာတွေကဖြင့် မျက်နှာသေတွေ။

လူသတ်ပွဲကိုလာကြည့်ကြသည့် လူထုပရိသတ်က မနည်း။ ကြားသိသမျှ ရွာနီးချုပ်စပ်များကပါ စုရုံးရောက်ရှိလာကြသဖြင့် မြန်မာဘုရားပွဲကလေး၊ ဈေးပွဲကလေးတစ်ခုနှယ် စည်နေသည်။

သူခိုးကလေးတွေကသည် အရပ်ဒေသက မဟုတ်။

သို့နှင့်တိုင် မြန်မာလူထုတွေကမူ စုပ်တသပ်သပ်နှင့် သနားနေကြသည်ကို တွေ့ရ၏။

သတ်မိန့်ပေးရမည့်အချိန်က နံနက် ရှစ်နာရီတိတိ။

သူက လက်မှနာရီကိုသာ တကြည့်ကြည့်ဖြစ်နေမိသည်။

နေက ပိုပြီးပူလာပြင်းလာနေသလို လူတွေကလည်း ရုတ်ရုတ်သဲသဲ ပို၍ပို၍ စည်လာနေ၏။

"ရှေ့ကြည့်"

"သတိ"

"နောက်လှည့်"

"အသင့်ပြင်"

သူ့နှုတ်ကထွက်လာနေသည့်စစ်မိန့်သံတွေဖြစ်သော်ငြားသူနှင့်ဘာမျှမဆိုင်သလိုလို။ သူမှတစ်ပါးဖြစ်သည့် အခြားသူတစ်ယောက်ယောက်ပဲဖြစ်နေတော့သလိုလို။ ကိုယ်နှင့်စိတ်မကပ်ချင်။ သူ့ကိုယ်ကောင်ကြီးက နှစ်ကိုယ်ကွဲနေသည်သို့ဖြစ်၏။ "ဒါ – အမိန့်ပဲ။ ဒါ – စစ်မိန့်ပဲ။ အမိန့်အတိုင်းလုပ်ရတာပဲ"

"လုံ့စွပ်ထိုး"

"ကျား - ကျား - ကျား - ကျား"

"အား - အား - အား - အား"

လုံ့စွပ်ထိုးချက်များမှာ ချိန်သားကိုက်လှသည်။ လက်ဝဲလက်ယာရင်အုံများ၌ တစ်ချက်စီ၊ ဘယ်ညာဝမ်းဗိုက်များတွင် တစ်ချက်စီ။

လုံ့စွပ်ကိုဆွဲထုတ်လိုက်တိုင်းသွေးတွေကပွက်ကနဲပွက်ကနဲလျှံထွက်လာသည်။ သူ့ခိုးကလေးတွေ၏ ပါးစပ်မှလည်း သွေးတွေတပွက်ပွက် အန်ထွက်လျှက်။

ချက်ချင်းသေမည့်ပုံမဟုတ်။

မချိမဆန့်ဝေဒနာခံစားရင်း တွန့်လိမ်ရုန်းကန်နေကြရှာဆဲ။

လူအုပ်ကြီးမှာလည်းမသဲမကွဲညည်းသံတွေနှင့်ပြုံဆင်းသွား၏။ သတ်သူနှင့်သေသူတွေသာ။

"အလို - ဘုရား"

ရင်တွေတဒိန်းဒိန်း ခုန်လာသည်။

ဟုတ်မှဟုတ်ပါလေစ။ သေချာအောင် သူ့ရှေ့က မြင်ကွင်းကို သေချာကြည့်မိလိုက်သည်။ သေချာသည်။ သူမှသူအစစ်။

သေအုံ့မှုံးမှုံး သွေးအလိမ်းလိမ်း သူ့ခိုးကောင်ကလေးတွေ၏ ကိုယ်ပေါ်က မျက်နှာသည် သူမှသူ။ သူ့ဦးခေါင်းနှင့် သူ့ခိုးကောင်ကလေးတွေ၏ ခန္ဓာကိုယ်။ အလို - ဘုရား - ဘုရား။

သွေးတွေ - သွေးတွေ - သွေးတွေ။

သူ့ပါးစပ်ထဲက အဆက်မပြတ်အန်ထွက်ကျလာနေသည်။ "သေတော့မယ်၊ ငါသေရတော့မယ်။ မကြာခင် သေရတော့မယ်။ စိတ်ဓာတ်ခွန်အားတွေ တစစ ဆုတ်နစ်လာနေသည်။ ဘုရား - ဘုရား။

"တော်စမ်း။ စစ်သားဆိုတာဒီလိုပုံမျိုးနဲ့မသေရဘူး။ မဟုတ်ဘူး။ မသေရဘူး"

အသံဖြစ်မလာသည့်တိုင် အားကုန်အင်ခန်း ကြုံး၍ စိတ်ရှိလက်ရှိ သံကုန်အော်ပစ်လိုက်မိ၏။ အမှောင်ထုကြီးထဲမှလည်း အတင်းရုန်းထွက်သည်။

"မောလိုက်တာ" နွမ်းရိပမ်းဟိုက်လျှက် ခွေခွေကလေး အခန်းထောင့်မှာ လှဲနေမိတော့သည်။

"အိပ်မက်ပဲ - အိပ်မက်တွေပဲ။ ဒီအိပ်မက်တွေချည်းပဲငါ့ကို နှိပ်စက်နေကြတာ - ညတိုင်းပဲ။" တွေးရုံးမျှပင် မတွေးချင်။ စိတ်ကူးတစ်ခတ် ပြေးဖို့အတွက်ပင် ခွန်အားမရှိ။

ဟော အမှောင်ကြီးကျလာပြန်ပြီ။

# "သွေးရူးသွေးတမ်း"

တကယ်တမ်းက နံနက်ခင်းကလေးမှာ အလွန်ကြီးဆိုးလွန်းလှသည် မဟုတ်။ နေခြည်ဝင်းဝင်းကလေးနှင့် လေညင်းနွေးနွေးကလေးများကြောင့် မျက်စိနှစ်လုံးပွင့်လာလျှင် လာချင်းမှာပင် စိတ်ကလွတ်ကာနဲဖြစ်ချင်သည်။ လက်ရှိဘဝအနေကို မေ့လျှက်ငေး၍ပင်နေလိုက်မိသေး၏။

သို့သော်လည်း...။

ခဏကလေးသာဖြစ်သည်။ တကယ်ခဏကလေးပါပဲ။ မဲညစ်ညစ်ကျပ်လုံးသံတိုင်တွေ၊ သံချေးတွေဖြင့် ကွက်နေပြီဖြစ်သည့် ရေမကြီးတွေ၊ ကြီးမားလေးလံလှသည့် တံခါးမောင်းတုံးကြီးတွေနှင့် ညှီစို့စို့၊ စိုထိုင်းထိုင်း၊ အောက်သိုးသိုး ပုပ်ဟောင်ဟောင် တိုက်ခန်းဟောင်းအနံ့အသက်တွေက သူ့ကိုပြန်၍ သတိဝင်လာစေခဲ့သည်။

တိုက်ခန်းအဝင် သစ်သားတံခါးကလေးကိုလည်း ပိတ်ထားလိုက်ကြပြီ။ ခြောက်ပေ၊ သုံးပေမြင်ကွင်းဘောင်ထဲမှာ မြင်တွေ့နေကျနွယ်သာကီ ပန်းချုံစိမ်းရင့်နက်မှောင်ကလေး၊ ပန်းပွင့်နီနီရဲရဲကလေးတွေ၊ ရေညှိတက်အုတ်စီလမ်းဟောင်းကလေးဘေး၌ ကပ်၍ ပေါက်နေမြဲ လမ်းလျှောက်ပန်း ခြုံနွယ်ပင် ဖူးကလေးတွေ၊ သူ့ခရမ်းသွေးလွင်လွင်ပွင့်ဖတ်ကလေးတွေဖြင့် ဝေနေသည့်အရိုင်းပန်းချုံရှင်းကလေးကိုပင်လျှင် မြင်ခွင့်မကြုံနိုင်ပြန်တော့။

တစ်ညလုံးကြားနေရသည့်ထောင်ဝန်ထမ်းညစောင့်စန္တရီ၏စုန်ချီဆန်ချီလမ်းလျှောက်သံသည်ပင် ငြိမ်တိတ်နေပြန်တော့သည်။

နေ့ခင်းတာဝန်ကျစစ်ရဲပုလိပ်တွေနှင့်ပဲ တာဝန်ချိန်လွှဲပြောင်းနေလေရော့သလား။ ချောင်တစ်ခုခုမှာပင် အိပ်မောကျနေလေသလား။ သူမသိ။

အိန္ဒိယနွယ်ဖွားထောင်စောင့် စန္တရီများနှင့် ဆက်ဆံရသည်မှာ ခက်တောင့်ခက်ခဲမရှိလှ။ အလွှမ်းသင့်လွန်းသည်မဆိုနိုင်သည့်တိုင်၊ အရှေ့တိုင်းသားတို့၏ လူသားဆန်ဆန် စာနာမှုကလေးတွေကြောင့် ခံသာသည်။ အမေရိကန်စစ်ပုလိပ်တွေ တိုက်ခန်းမှာ တာဝန်ကျသည့်နေ့များဆိုမှဖြင့် ငရဲကျသည့်နှယ် ကျပ်တည်းဆင်းရဲလှတော့၏။ သေချင်စော်နံကရော။

ခါးတွင်ပတ်ထားသည့်သားရေခါးပတ်ပြားကြီးတွင် ချိတ်ဆွဲထားသော သော့တံနှစ်ဆယ်အစိတ်၏ညှိုးညှိုးညံ့ညံ့အသံတွေကိုကြားရလျှင်သေချာပြီ။ ထိုနေ့၌ စစ်ပုလိပ်တွေ မလာတော့။

ယခုလို ထောင်ဖွင့်သံချောင်းသံ ဒေါင်ဒေါင်ဒင်ဒင်တွေကို ကြားလိုက်ရပြီး၊ တခြားတစ်ပါးအကျဉ်းသားအိပ်ဆောင်များမှ လူသံသူသံတွေ အုတ်အုတ်ကျက်ကျက်ကြားနေရလျှက် တစ်ထောင်လုံးအသက်ဝင်လာနေသည့်တိုင် သူတို့တိုက်ခန်းတွေဖက်မှာ မည်သည့်အသံတစ်စုံတစ်ရာကိုမျှ မကြားရသေးလျှင် . . .။ ခါတိုင်းလာနေကျ ထောင်ဝန်ထမ်းများအား အရိပ်အယောင်မျှပင် မမြင်ရသေးလျှင် . . .။

"အင်း ဒီကနေ့လည်း ငရဲတွင်းထဲမှာ သံသရာလည်ရဦးမဲ့နေ့ပဲ" အတွေးတွေဖြင့် မောဖ၏။

ထောင်ထားသည့်ဦးခေါင်းကိုလည်းကောင်း၊ထထိုင်ရန်အားယူ၍ပြင်ထားသည့် ကိုယ်အနေကိုလည်းကောင်း တစ်ပတ်လျှော့ချလိုက်မိတော့သည်။ အေးစက်စက်အင်္ဂတေကြမ်းပြင်၊ချဉ်စုတ်စုတ်အနံ့ဆိုးတွေထွက်နေသည့် ဂုံနီဖျင်ပါး ဒလီခင်းပေါ်၌ပြန်၍လဲနေလိုက်၏။

စိတ်ကိုအသင့်ပြင်၊ အချက်အလက်တွေကို အစီအရီပြန်ထည့်။ ပိုက်စိပ်တိုက်မေးလာမည့်မေးခွန်းများအတွက် ကြိုတွေးရင်းနှင့် ဆီလျော်ရာရာအဖြေပေးနိုင်ဖို့ စဉ်းစား။

ဤနိစ္စရှ၀ ငရဲက သံသရာလည်၍ ဆုံးမည်မဟုတ်။ သူအပါအဝင်အဓိကစစ်ရာဇဝင်ကောင်၊စစ်တရားခံများအဖြစ်အလုံတိုက်(Solitary Cell) ထဲ၌ တစ်သီးတစ်ခြား တိုက်ပိတ်ခံထားရသူ ဂျပန်စစ်တပ်အရာရှိနှင့် စစ်ပုလိပ်(ကင်ပေ)များ ၅၀ ခန့်ရှိသည်။ ဂျပန်တို့ဘုန်းမီးနေလ တောက်ပချိန်ကရုံးတစ်ရုံး၊မားတစ်စင်းမင်းမူခဲ့ဖူးကြသည့်ကင်ပေတိုင်ဟောင်းတွေ သာပဲများ၏။

သူကမူ မဟာမိတ်စစ်ရာဇဝတ်ခုံရုံး၏ အဓိကဦးတည်ပစ်မှတ်ကြီးတစ်ခုဖြစ်နေ၏။ စစ်အတွင်းက ကင်ပေထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်ခဲ့သော စစ်တပ်ရာထူးဗိုလ်မှူးကြီး အဆင့်တာဝန်ရှိသည့် သူ့ကို ရန်ကုန်ထောင်ကြီးထဲက ကြိုးစင်ပေါ်မှာ ကြိုးကွင်းစွပ်နိုင်ဖို့ ကျားကုတ်ကျားခဲ သဲကြီးမဲကြီး ကြိုးစားနေကြပုံလည်းပေါ်သည်။

၁၉၄၆ ခုနှစ် အောက်တိုဘာ ၁၃။

ထိုနေ့တွင် စင်္ကာပူရှိ "ချန်ဂီ" ထောင်ကြီးမှသည် မြန်မာပြည်ရှိ ရန်ကုန်ထောင်ကြီးသို့ သူတို့ မြန်မာပြည်ဆိုင်ရာ စစ်သုံ့ပန်းများအား လွှဲပြောင်းပေးအပ်ခဲ့လေရာ စုစုပေါင်းစစ်သုံ့ပန်း ၂၀၀၀ ကျော်ကျော် ရှိသည်ဟု သူသိထား၏။ ယင်းတို့အနက် ကင်ပေဟောင်းချည်း ၆၀၀ ခန့်ပါသည်တဲ့။

သူတို့၏ အလျင် တစ်ပတ်စော၍ မြန်မာပြည်၏ လက်ရှိစစ်ခေါင်းဆောင်များဖြစ်နေကြသည့် ရဲဘော်သုံးကျိပ်တို့၏ဆရာ၊နာမည်ကျော် မိနာမီအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး စုဇုကီး (ဗိုလ်မိုးကြိုး)လည်း ဂျပန်ပြည်မှ

တဆင့် ရန်ကုန်တောင်ကြီးထဲမှ ရောက်နေပြီဖြစ်ကြောင်း သတင်းရထားသည်။

ဘုရင်ခံ၏ အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌဖြစ်နေသည့် ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှအာဏာပိုင်တို့ကို ဆန့်ကျင်၍ သူ့ဆရာကို ကယ်နိုင်ပါမည်လား။ မထင်။

ဂျပန်တပ်မတော်အား မြန်မာတို့က အတိအလင်းဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည့် ၁၉၄၅ ခု၊ မတ်လ ၂၇ မတိုင်မီကတည်းက ချွေးပြေးဝက်ပြေး တလမန်းကြမ်း ဆုတ်ခွာထွက်ပြေးနေကြရသည့် ဂျပန်တပ်မတော်အသီးသီး၊ စစ်သည်အရာရှိ အဆင့်အတန်းအားလုံးတို့သည် လူရုပ်မပေါက်နိုင်အောင်ပင် ဆင်းရဲလွန်းမက ဆင်းရဲခဲ့လှပြီ။ အစာငတ် ရေငတ်ဖြင့် နေ့နေ့ညည တောကြီး တောင်ကြီးတွေထဲမှာ တစ်တောဝင်တစ်ချုံတိုး ပုန်းလျှိုးကွယ်လျှိုးအသက်လု၍ စစ်ဆုတ်ခဲ့ကြရပြီးပြီ။ ရောဂါဘယဘေး၊ ရာသီဥတုဘေးဒဏ်များကြောင့် တဖြုတ်ဖြုတ်တသဲသဲ သေပွဲဝင်ခဲ့ကြရသည့် စစ်သည်တွေသည်လည်း မနည်း။ နေ့မြင်ညပျောက်။

ထိုမျှအထိနာနေသည့် ဂျပန်တပ်တော်သားတို့ခမျာ ဂျပန်ဧကရာဇ်တင်နော်ဟေကာက မဟာမိတ်တို့ထံ အကြွင်းမဲ့ လက်နက်ချ အရှုံးပေးလိုက်ကြပြီဟု သိလိုက်ကြရသည့်အခါ ဘုန်းဘုန်းလည်း ကျလှုခမန်း စိတ်အားတွေ ဝုန်းကနဲ ပြိုဆင်းသွားကြရသည်။

စစ်ရှုံးပြီ။

နေနတ်မျိုးနွယ်တို့၏ မဟာအရှေ့အာရှကယ်တင်ရေး စိတ်ကူးယဉ်မျှော်လင့်ချက်ကြီး တစ်ခန်းရပ်ခဲ့ပြီ။

ကမ္ဘာ့အလယ်မှာ ဂျပန်တို့အရှိန်ဩဇာရေစုန်မျောခဲ့ရပြီ။

ထိုသို့ ဆက်တိုက်ကြုံလာခဲ့ရသည့် စစ်ရှုံးသူ၏ ကြမ္မာဆိုးများက စစ်သုံ့ပန်းဘဝတွင်တူတူတန်တန် လူရုပ်မျှမသီလေအောင်နှိပ်စက်ထုထောင်းထားသလို ဖြစ်တော့၏။

သာမန်ရိုးရိုးစစ်သည်၊ အကြပ်များ၏။ အခြေအနေမှာ မတွေးဝံ့စရာပင်။ သူလို ဗိုလ်မှူးကြီးတစ်ဦး၊ ကင်ပေအကြီးအကဲဟောင်းတစ်ဦးသည်ပင်လျှင် မဟာမိတ်စစ်ရာဇဝတ်ရုံးရှေ့မှာ ဂုဏ်နှင့်သိရ်နှင့် မားမားရပ်ဖို့ အဟန့်မထယ်မျက်နှာပန်းမလှနိုင်ခဲ့ပြီ။

သူ၏ စစ်ဝတ်စုံများမှာ ဖွာလန်ကျဲနေ၏။

အဖာအထေးတွေ တင်းကျမ်း။ ကြေးရှစ်သစ်တက်လျှက် ညစ်ပတ်ပေရေနေပြီ။ မူလရှိရင်းစွဲ ကာကီရောင်သည် ဘယ်စာနန်းက ပျောက်သွားခဲ့လေသည်မသိ။ ရွှံ့နှစ်ရောင် မဲညစ်နေပြီ။

သူ့ရင်ပတ်မှ ရာထူးတံဆိပ်အဆောင်အယောင်များသည်လည်း တောက်တောက်လက်လက်မရှိခဲ့သည်မှာ ကြာပြီ။ ခပ်ညစ်ညစ်ရွှေရောင်တစ်စွန်းတစ်စမျှကိုပင် မမြင်ရတော့။ ကြယ်သုံးပွင့်ကိုလည်း ခပ်ရေးရေး ခပ်မှိန်မှိန်တွေ့နိုင်သည်။

မုတ်ဆိတ်မွေး၊ ပါးပြင်းမွေးများက အဆမတန်ရှည်နေ၏။ ပိန်လိုက်သည်မှာလည်း အရိုးပေါ်အရေတင်။


တစ်နေ့စာရသည့်အစားအစာရာရှင်က နည်းလွန်းလှလေရာ အစာဟောင်းအိမ်ထဲမှ အညစ်အကြေးများကို ဝမ်းသွားအောင် အနိုင်နိုင်ကြိုးစားပြီး နေနေရသည့်ဘဝ။ မတတ်သာလွန်းမှစွန့်။ ဝမ်းဗိုက်က အမြဲဆာလောင်နေသည်။ အစာမရှိပဲ ပြားချပ်နေသည့် ဝမ်းဗိုက်အရေပြားနှင့် ကျောရိုးသည်ပင် ထိနေပြီဟု ထင်ရသည်။

အစာပြတ် အားပြတ်ပြီး ရှုံ့သွပ်သွားသည့် ဂျပန်စစ်သုံ့ပန်း ငါးယောက်အထိရှိခဲ့ပြီဖြစ်သည်။

သာမန်စစ်သားတစ်ယောက်၏ ပုံစံမျိုး စုတ်ပြတ်ပေရေနေသည့်သူ့ကို ကင်ပေထိပ်တန်းအရာရှိကြီး "ဗိုလ်မှူးကြီး ယာမာဒါ" ပါ ဟုပြောလျှင် ယုံသူရှားလိမ့်မည်။



"ဂျပန်စစ်ရှုံးပြီ.."
(ဂျပန်လက်နက်ချစာချုပ်
အခမ်းအနား၊ ၂-၉-၁၉၄၅)



"အရှုံး၏စေရာ.."
(ဂျပန်လက်နက်ချစာချုပ်ချုပ်
ဆိုခဲ့သည့်တိုက်သင်္ဘော
အက်(စ်)အက်(စ်) မစ်ဇိုရီ)

စစ်ကြီးပြီးသွားပြီဟု သိလျှင် သိခြင်း "ငါတို့ မသေနိုင်တော့ဘူး" ဟူသည့် အတွေးဖြင့် လှုပ်ကာနဲ့ ဝမ်းသာမိရသလို ဂျပန်စစ်ရှုံးပြီဆိုသော အသံတွေ၊ သတင်းတွေနှင့်အတူ စစ်ပွဲကြီးအတွင်း၌ အသက်စွန့်သွားခဲ့ရသည့် စစ်သည်တွေကို ရှက်ရွံ့အားနာစိတ်ဝင်မိပြန်သည်။

ယခုသော်မူ – သေသွားခဲ့တာကမှ ကောင်းပါသေးကလား။

လူစင်စစ် ကိုယ်ကောင်ထင်ရှားဘဝကြီးဖြင့်ပင် တိရစ္ဆာန်သာသာ၊ ပြိတ္တာသာသာ ဘဝရောက်နေရသည့် စစ်သုံ့ပန်းဘဝ၊ စစ်တရားခံ၊ စစ်ရာဇဝတ်ကောင်ဘဝ၌ "သေသော်မှတည့် – ကြော်ကောင်း၏" ဟု တုံးတုံးချ နှလုံးသွင်းထားမိတော့သည်။ ကြာပြီ။

▪

"ဗိုလ်မှူးကြီးတို့ ရန်ကုန်က ဆုတ်ခွာခဲ့တာ ဘယ်နေ့လဲ"

"ဧပြီလ ၂၉ ရက်နေ့ – ၁၉၄၅"

"ရန်ကုန်မြို့နဲ့ စစ်ဆုတ်လမ်းတစ်လျှောက်က အမိကရမြို့ကြီးတွေကို မြေလှန်မီးရှို့ခဲ့ဖို့ အမိန့်ပေးခဲ့တာ ဗိုလ်မှူးကြီးပဲလို့ သိထားတယ်။ ဟုတ်ပါသလား"

"စစ်နဲ့ပတ်သက်တဲ့ အဆောက်အအုံအားလုံးကို မီးရှို့ပစ်ခဲ့ဖို့ ကျုပ် အမိန့်ပေးခဲ့တယ်။ ဒါကလည်း သံမားရိုးကျလုပ်နေကျစစ်တပ်ရဲ့ထုံးစံပဲလေ။ ခွာစစ်မှာ ကျင့်သုံးရတဲ့ စစ်နည်းဗျူဟာ တစ်ခုပဲ မဟုတ်လား"

"ရန်ကုန်ကနေ ခွာခဲ့ပြီး ဘယ်မှာ လက်နက်ချခဲ့တာလဲ"

"ရန်ကုန်ကနေ ပဲခူး၊ နောက် – မော်လမြိုင်။ အဲ – အဲဒီ မော်လမြိုင်မှာ တပ်တွေကိုပြန်စုတယ်။ အဲဒီမှာပဲစစ်ကြီးပြီးသွားပြီလို့သိခဲ့ရတယ်။ အထက် အမိန့်အရ မော်လမြိုင်မှာပဲ ကျုပ်တို့ လက်နက်ချခဲ့တယ်။

"မတ်လ ၂၇ ရက်မှာ မြန်မာတစ်ပြည်လုံးက ဂျပန်ကို တော်လှန်တိုက်ခိုက်နေကြပြီ။ ရန်ကုန်ကို ဘာကြောင့် ဧပြီ ၂၉ မှ စွန့်ခွာခဲ့ရတာလဲ"

"မြစ်ဝကျွန်းပေါ်ဘက်က ဆုတ်လာတဲ့တပ်တွေ၊ မြန်မာပြည်အလယ်ပိုင်းကဆုတ်လာတဲ့တပ်တွေကိုစုံအောင်စောင့်ရင်းအမှတ် ၂၈တပ်မတော်နဲ့ အမှတ် ၂၀ တပ်မက စစ်သည်တွေကို ပဲခူးရိုးမအရှေ့ဖက်ခြမ်း တောင်ခြေတွေမှာ စုရိုင်းထားရတယ်။ တပ်ဖွဲ့တွေစုနေတုန်း ဗဟိုစစ်ဦးစီးအဖွဲ့နဲ့ ကြည်းတပ်စစ်ဦးစီးဌာနချုပ်တွေက တရားဝင်အစိုးရအဖွဲ့နဲ့ ကြည်းတပ်စစ်ဦးစီးဌာနချုပ်တွေက တရားဝင်အစိုးရအဖွဲ့နဲ့အတူ ရန်ကုန်မှာ ဟန်မပျက်ရှိနေမှ တပ်သားတွေပြောင်းရွှေ့လှုပ်ရှားရတာ လုံခြုံအဆင်ပြေမယ်။ ဒါကြောင့် ရန်ကုန်မှာ တင်းခံနေခဲ့ကြရတာ"


"တပ်တွေစုမိသလား။ ဘယ်နေ့မှ စုမိသလဲ။ အရေအတွက် ဘယ်လောက်ရှိသလဲ"

"မော်လမြိုင်မှာဇူလိုင် ၂၉ ကစုမိတယ်။စုစုပေါင်းတပ်သားသုံးသောင်းနဲ့ လေးထောင်ဝန်းကျင်ပဲ"

"မုဒုံမြို့က စစ်သုံ့ပန်းစခန်းမှာ တရားဝင်စာရင်းအရ ဂျပန်စစ်သားနှစ်သောင်းဝန်းကျင်ပဲရှိတယ်။ စုမိတဲ့အင်အားနဲ့ လက်နက်ချတဲ့အင်အားက



"ရန်ကုန်သို့အဝင် .." ဗြိတိသျှနှင့်အိန္ဒိယတပ်များ ရန်ကုန်ကိုသိမ်းပိုက်ဖို့ စစ်ချီရာဝယ်၊ (၂-၅-၁၉၄၅)



"မဟာမိတ်တို့၏ထိုးစစ်"

ဘာကြောင့် ဒီလောက်ကွာနေရတာလဲ။ တစ်သောင်းခွဲလောက် ကွာနေတယ်"

"သေကုန်ခဲ့ကြတာ"

"ဘယ်လိုပိုလ်မှူးကြီး"

"အင်္ဂလိပ်လေထီးတပ်နဲ့ ဗမာတပ်တွေရဲ့ ပြောက်ကျားတိုက်ခိုက်မှုတွေကြောင့် တချို့က တိုက်ပွဲမှာ ကျဆုံးသွားခဲ့ကြရတယ်။ ဒါပေမဲ့ အများစုက အစားအစာငတ်မွတ်ခေါင်းပါးတဲ့ဒဏ်၊ ရောဂါဘယနဲ့ ငှက်ဖျားဒဏ်၊ ဟိုပြောင်းဒီရွှေ့ တပြေးတည်း ပြေးနေရတဲ့ စစ်ပန်းတဲ့ ဒဏ်တွေကြောင့် သေကုန်ကြရတာပဲ။ အဲဒီလိုသေကုန်ကြတဲ့အထဲမှာစစ်တပ်နဲ့အတူစစ်ပြေးလာခဲ့ကြတဲ့ ဂျပန်အရပ်သား ကုမ္ပဏီဝန်ထမ်းတွေ၊ မိသားစုတွေ၊ ကလေးတွေ အများကြီး အများကြီး သေခဲ့ကြရတယ်။ စာရင်းလည်း အတိအကျမယူနိုင်ဘူး။ တချို့ဆို တောကြီးမျက်မည်းထဲမှာ ဒီအတိုင်းတိုင်း ပစ်ထားခဲ့ရတယ်။ မနည်းဘူး။ စစ်သားရော အရပ်သားရော ပေါင်းလိုက်ရင် သုံးလေးလအတွင်း သေခဲ့ကြရတာ သိန်းဂဏန်းပဲ"

"စစ်တောင်းကို ဘယ်လိုကူးခဲ့ကြသလဲ"

"ဇူလိုင်လ ၂၀ ရက်နေ့ညမှာ တပ်တွေအားလုံး ပဲခူးရိုးမတောင်ခြေက ခွာခဲ့ကြတယ်။ စစ်တောင်းလွင်ပြင်နဲ့ စစ်တောင်းမြစ်ကိုဖြတ်ကျော်ဖို့ အရှေ့ ဘူးစူးကို ချီတက်ခဲ့ကြတယ်။ စစ်တောင်းမြစ်ကို ဒီလောက်လူအုပ်စုကြီးနဲ့ လျှို့ဝှက်ပြီး လုံလုံခြုံခြုံဖြတ်ကျော်ဖို့ဆိုတာ မလွယ်ဘူးလေ။ အချိန်အတိုဆုံး နဲ့ပြီးအောင် စီမံခဲ့ရတယ်။ အဲဒါကတော့ ညောင်လေးပင်ကနေ တောင်ငူ အထိ မိုင် (၈၀) ကျော်အကွာအဝေးမြစ်ကမ်းတစ်လျှောက်မှာ လူအားလုံး ရင်ဘောင်တန်းပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း မြစ်ကိုဖြတ်တဲ့နည်းပဲ။ မြစ်ကိုဖြတ်ကူးကြတာ သုံးညဆက်တိုက်ဖြစ်တယ်။ ဒါပေမဲ့ စစ်တောင်းမြစ် ရဲ့အရှေ့ဖက်ကမ်းမှာ အသင့်စောင့်နေကြတဲ့ အင်္ဂလိပ်တပ်တွေက ပစ်ခတ် တိုက်ခိုက်ကြလို့ ဂျပန်စစ်သားတွေအများကြီးကျဆုံးခဲ့ကြရတယ်"

"ဒီရန်ကုန်ထောင်ကြီးထဲမှာ ဗိုလ်မှူးကြီးတို့ ဂျပန်စစ်ပုလိပ်(ကင်ပေ) တွေချည်း (၆၀၀)ကျော်ကျော်လောက်ရှိတယ်။ အဲဒီလူတွေထဲမှာ ဗိုလ်မှူး ကြီးက ရာထူးအကြီးဆုံးပဲလား။ ဗိုလ်မှူးကြီးထက် ရာထူးကြီးတဲ့ စစ်ဘက် အရာရှိကြီးတွေပါသေးသလား"



"စစ်ရှုံးဖက်ဆစ်ဂျပန်တို့ရဲ့ခွာစစ်"

"ကျုပ်မသိဘူး။ ကျုပ်ကို ဒီထောင်ထဲရောက်လာကတည်းက သီးသန့်ခွဲထားခဲ့ကြတာဆိုတော့ လူသံသူသံတွေပဲကြားနေရပြီး ဘယ်သူနဲ့မှ အဆက်အသွယ်မရှိတော့ဘူး"

"ဒါဆိုရင် မြောင်းမြထောင်ထဲက အရပ်ဖက်နိုင်ငံရေးသမားတွေကို ထောင်ထဲကထုတ်ပြီးသတ်ပစ်ခဲ့ကြတာကိုဗိုလ်မှူးကြီးသိသလား။ကင်ပေ အဖွဲ့အနေနဲ့ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သတ်မှုရှိခဲ့သလဲ"

"ကျုပ်မသိဘူး"

"မဟုတ်သေးဘူးလေ။ တစ်ခုခုပြောဦးမှပေါ့"

"အင်မတန်ပြင်းထန်တဲ့စစ်ပွဲကြီးတစ်ခုအတွင်း၊ဝရုန်းသန်းကားဆုတ်ခွာထွက်ပြေးနေရတဲ့ လက်နက်ကိုင်လူအုပ်စုကြီးတစ်ခုလုံးကို စနစ်တကျ အုပ်ချုပ်စီမံခန့်ခွဲနိုင်လိမ့်မယ်။ စစ်မိန့်စီးဆင်းမှုနဲ့နာခံမှု ( Change of Commands ) တွေကရော ပုံမှန်အတိုင်း ချောချောမွေ့မွေ့ဖြစ်နေလိမ့်မယ်လို့လူကြီးမင်းတို့ထင်သလား။ရန်ကုန်ကဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်ရဲ့ကွပ်ကဲမှုအောက်မှာ မအောင်မြင်တဲ့ အိန္ဒိယ "အင်ဖာထိုးစစ်ကြီး" က စစ်လန်တပ်ပျက်လာတဲ့ တပ်တော်ကြီးတွေ၊ မြန်မာပြည်မြောက်ပိုင်းမှာ ဂျင်နရယ်စတီးဝဲလ်ရဲ့ အမေရိကန်တပ်တွေ၊ ဘရီဂေးဒီးယားဝင်းဂိတ်ရဲ့ အင်္ဂလိပ်ခြေသည့်တပ်ရင်းတွေ၊ ဂျင်နရယ်လီရဲ့ တရုတ်စစ်သားတွေ၊ "Foree-136" နဲ့ဗမာတော်လှန်တိုက်ခိုက်ရေးအဖွဲ့တွေကညှပ်မှုညှပ်ပိတ် စစ်ဆင်တိုက်ခိုက်မှုတွေကြားထဲက အလူးအလဲဖောက်ထွက်လာခဲ့ရတဲ့တပ်တော်ကြီးတွေ၊အရေးမလှတော့တဲ့မြန်မာပြည်စစ်မြေပြင်ကနေပြန်တီးမှု နည်းနည်းနဲ့ အမြန်ဆုံးဆုတ်ခွာနိုင်အောင် ချိတ်ဆက်စီမံရတာတွေဟာ မလွယ်ပါဘူး။ အထူးသဖြင့် စစ်ဆုတ်တဲ့ကာလတွေမှာ ဂျပန်ကင်ပေ (စစ်ပုလိပ်) အဖွဲ့ရဲ့ဩဇာဟာ တော်တော်ကျဆင်းနေခဲ့ပါပြီ။ ကိုယ့်စစ်နယ်ဝှမ်းရဲ့အခြေအနေနဲ့ ကိုယ်၊ ကိုယ့်တပ်မရဲ့စစ်ဦးစီးအဖွဲ့နဲ့ကိုယ် အဆင်ပြေသလိုကြည့်ပြီး စီမံကွပ်ကဲနေခဲ့ကြရတာပါပဲ"

"အဲဒီ စစ်ရေးနဲ့မဆိုင်တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီးကို ဂျပန်စစ်တပ်ရဲ့ဘယ်တပ်မက ကျူးလွန်ခဲ့တယ်လို့ ဗိုလ်မှူးကြီး သိထားသလဲ"

"ရောဝတီတိုင်းကို ဦးဆောင်နေခဲ့တဲ့ ဂျပန်ဗိုလ်ချုပ်ဟာ နီးယားရဲ့ တပ်မ ၂၈ လက်အောက်ခံတပ်တွေဖြစ်နိုင်ပါတယ်"

"ဘာကြောင့်.."

"အချက်နှစ်ချက်ရှိတယ်။ ပထမအချက်က ဂျပန်တပ်မတော်ကို တန်ပြန်တိုက်ခိုက်ဖို့ ပြင်းပြင်းထန်ထန် စည်းရုံးဦးဆောင်ခဲ့တဲ့ ဗမာနိုင်ငံရေးခေါင်းဆောင် သခင်စိုးနဲ့ ဗမာ့တပ်မတော်ရဲ့ဒုတိယအကြီးအကဲ ဗိုလ်မှူးကြီးနေဝင်းတို့ ဦးဆောင်တဲ့ မြန်မာပြောက်ကျားတပ်ဖွဲ့တွေရဲ့ တိုက်ခိုက်မှုက စစ်ရေးနိမ့်စပြုနေပြီဖြစ်တဲ့ ဂျပန်တပ်တွေကို ဆိုးဆိုးဝါးဝါး အထိနာစေခဲ့တယ်"

"နောက်တစ်ချက်က.."

"အဲ - အဲဒီ နောက်တစ်ချက်က ပိုပြီးအရေးကြီးတယ်။ ဂျပန်ဗိုလ်ချုပ်ဟာနီးယားကိုယ်တိုင် လိုက်ပါလာတဲ့ ဂျပန်စစ်ဖက်ယာဉ်တန်းကို မြန်မာပြောက်ကျားတွေက မဲဇလီရွာနားမှာ ချုံခိုတိုက်ခိုက်ခဲ့ကြတာပဲ။ ဗိုလ်ချုပ်ဟာမိုနီးယား စီးလာတဲ့ ဆလွန်းကားရော ကျန်တဲ့စစ်တပ် ထရပ်ကားတွေရော ထိကုန်တယ်။ ဂျပန်တပ်ဘက်က အထိအခိုက်အကျအဆုံးရှိတယ်။ များလည်းများတယ်။ ဗိုလ်ချုပ်ဟာနီးယားကတော့ လွတ်သွားခဲ့တယ်"

"အင်း - ဆက်ပါဦး"

"အဲဒီနောက် ဂျပန်တပ်တွေဟာ သဲကြီးမဲကြီး တောနင်းပြီး မြန်မာပြောက်ကျားတွေကို ရှာခဲ့ကြတယ်။ ပြောက်ကျားတွေရဲ့ အဆက်အသွယ်ဖြစ်တဲ့ မြို့ပေါ်က နိုင်ငံရေးလှုပ်ရှားသူတွေကို ပိုက်စိပ်တိုက်ဖမ်းခဲ့ကြတယ်။ စစ်ရေးမသာလို့ စစ်ဆုတ်ရမယ့်အခါမှာ အဲဒီလိုနောက်ကြောင်းမအေးမှုတွေကြောင့် သတ်ပစ်ခဲ့ကြတာလို့လည်းပြောလို့ရတယ်။ ဘယ်စစ်ဗိုလ်ချုပ်ကမှ ကိုယ့်ရဲ့နောက်ကျောကို ထောက်ထားတဲ့ဓားကိုင်လက်ကို ရိုက်ချိုးဖို့



"မော်လမြိုင်မြို့မှ ဖက်ဆစ်တော်လှန်ရေး ရဲဘော် ၂၉ ဦးအား ဖက်ဆစ်ဂျပန်တို့ အစုလိုက်အပြုံလိုက် သတ်ခဲ့"

အားမထုတ်ဘူးဆိုတာရှိမှာမဟုတ်ဘူး။ အင်္ဂလိပ်ဖြစ်ဖြစ်၊ အမေရိကန်ဖြစ်ဖြစ်လေ"

"ခင်ဗျား လက်ဗ်တင်နင်ဆူဇုကီးကို သိသလား"

"ပုသိမ်ခရိုင်ရဲ့ ကင်ပေတိုင်အကြီးအကဲတစ်ယောက်ပဲ"

"အသတ်ခံလိုက်ရတဲ့ အရပ်ဖက် နိုင်ငံရေးသမား (၄၁) ယောက်နဲ့ တစ်ခြား ဘိုကလေး၊ ကျုံ့မငေး၊ လေးမျက်နှာ၊ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြဘက် က မြန်မာနိုင်ငံရေးသမားတွေကို ပိုက်စိပ်တိုက်ပြီး ဖမ်းခဲ့တာ သူပဲ။ မြောင်းမြ ထောင်ထဲကိုဝင်ပြီး နိုင်ငံရေးသမားတွေကို ရိုက်နှက်ညှင်းပန်းပြီး စစ်ဆေးခဲ့တာလည်း သူပဲ။ အသတ်ခံရတဲ့ နိုင်ငံရေးသမား (၄၁)ဦးကို မြောင်းမြ ထောင်ထဲကနေ လာထုတ်သွားခဲ့တာလဲ သူပဲတဲ့"

"ကျုပ်မသိဘူး"

"ဒီ လူ့သတ်မှုမှာ ဗိုလ်မှူးကြီးတို့ စစ်ပုလိပ် (ကင်ပေအဖွဲ့)က အဓိက တာဝန်ယူလုပ်ကိုင်ခဲ့ကြရတယ်ဆိုတာ မှန်သလား"

"မသိဘူး"

"တာဝန်ရော မရှိဘူးလား"

"စစ်သားဆိုတာ အထက်အမိန့်အရပဲ စစ်တိုက်ရတာမျိုးလေ။ ဗိုလ်မှူးကြီးဖြစ်ဖြစ်၊ ဗိုလ်ချုပ်ဖြစ်ဖြစ်၊ တပ်သားကလေးဖြစ်ဖြစ် အတူတူပဲ။ ဒါပေမဲ့ စစ်ပွဲတွေကို ဖန်တီးခဲ့ကြတာဟာ စစ်သားတွေမဟုတ်ဘူး။ စစ်ပွဲကို အမုန်းဆုံး၊ အရှုံးရှာဆုံးလူဟာ စစ်သားတွေပဲ။ အဲဒါကို လူကြီးမင်းတို့ငြင်းမလား"

"ပြီးတော့ - ကုလားကုန်းရွာ ရွာလုံးကျွတ် အသတ်ခံခဲ့ရတဲ့ ကိစ္စ"

"အဲဒါလည်း ကျုပ်ပြောခဲ့ပြီးပြီပဲ။ ဂျပန်ကြည်းတပ်စစ်ဌာနချုပ်ရဲ့ အမိန့်ပါလို့"

"အဲဒီအမှုမှာ ခြေလျင်တပ်ရင်း အမှတ်-၂၁၅ ရဲ့ တပ်ခွဲ(၃)နဲ့ အတူ ကင်ပေတပ်ဖွဲ့တွေပါနေခဲ့တယ်လေ"

"ကျုပ်မသိခဲ့ဘူး"

"အဲဒီအချိန်တုန်းက မော်လမြိုင်မှာ ခင်ဗျားရှိနေခဲ့တာပဲ၊ ဟုတ်လား"

"မော်လမြိုင်မှာရှိနေခဲ့တာတော့ မှန်ပါတယ်"

"ဒါဆိုရင် အဲဒီကုလားကုန်းဖြစ်စဉ်ကို ဘာတွေသိထားသလဲ"

"အင်း - ကျုပ်တို့ ဂျပန်တပ်တွေမော်လမြိုင်မှာ စုနေကြတုန်း ကျုပ်တို့ ကင်ပေတပ်ဖွဲ့တွေက အရေးကြီးတဲ့ စစ်ဘက်သတင်းတစ်ခုကို ရခဲ့တယ်။ ကုလားကုန်းရွာတစ်ဝိုက်မှာ အင်္ဂလိပ်လေထီးတပ်သားတွေ ဆင်းလာနေပြီ -တဲ့။ အင်္ဂလိပ်လူမျိုး ဗိုလ်မှူးအာဘီ ( Maj:Aby )ဦးဆောင်တဲ့ ပြောက်ကျားတပ်ဖွဲ့က ကုလားကုန်းရွာကို အခြေပြုပြီး လှုပ်ရှားနေသတဲ့။ သတင်းက တိကျတယ်။ နိုင်လုံတဲ့အထောက်အထား လက္ခဏာတွေကို လည်း စိစစ်လို့တွေ့တယ်။ ပြီးတော့ ဒေသတွင်းက မြန်မာပြောက်ကျားတွေ ရဲ့ လှုပ်ရှားမှုနဲ့ တိုက်ခိုက်မှုတွေက ပိုပြီးတိကျလာ၊ များလာ၊ ပြင်းထန်လာ တယ်။ ကျုပ်တို့တပ်တွေ တော်တော် ကသောင်းကနင်းဖြစ်ခဲ့ကြရတယ်။

ပြီးတော့၊ စစ်လန်ခဲ့ရတဲ့ မဏိပူရ - အင်ဖာထိုးစစ်ကြီးရဲ့အစပိုင်းမှာ ဟူး ကောင်းတောင်ကြားနဲ့ မြန်မာပြည်မြောက်ပိုင်းဒေသတွေမှာ အစုအပြုံ လိုက်ဆင်းလာခဲ့ကြတဲ့ ဘရီဂေးဒီးယား၀င်းဂိတ်ရဲ့ လေထီးတပ်သားတွေ ကြောင့် ကျုပ်တို့တပ်တွေ အလူးအလဲခံခဲ့ကြရပြီးပြီ။ ဂျပန်တပ်မတော်က အဲဒီသင်ခန်းစာကို လုံး၀မမေ့ဘူး။ ဒီတော့ မော်လမြိုင်မှာ သိပ်အရေးကြီးတဲ့ စစ်ဆုတ်နေရချိန် ကိုယ့်တပ်တွေရဲ့ နောက်ကျောကို ရန်သူလေထီးတပ် တွေဆင်းလာပြန်ပြီလို့ သိရတဲ့အခါ သွေးရူးသွေးတမ်းဖြစ်ပြီး အစိုးရိမ်ပိုခဲ့ ကြတယ်။ အဲဒီရန်သူတွေကို ရှာဖွေပြီး ချေမှုန်းရမယ်။ ရန်သူရဲ့ အခြေစိုက် စခန်းကို ဖြိုပစ်ရှင်းပစ်ရမယ်လို့ အမိန့်ပေးလိုက်တယ်လို့ သိခဲ့ရတယ်"

"တပ်ရင်း - ၂၁၅ ကိုလား"

"အဲဒါ ကျုပ်မသိဘူး"

"ဆက်ပြောပါဦး"

"ကုလားကုန်းရွာနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ သစ်တောကြီးတွေအတွင်း မှာ ရန်သူကို အပြီးအပြတ်ချေမှုန်းဖို့ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးဟီရာစာပါ ကို တာ၀န်ပေးလိုက်တယ်လို့တော့ သိရတယ်။ ပြီးတော့ စစ်တပ်ရဲ့ ထိပ်ပိုင်း အရာရှိကြီးတွေကြားထဲမှာ အဲဒီစစ်ဆင်ရေးနဲ့ ပတ်သတ်ပြီး အချေအတင် အငြင်းအခုန်တွေ အများကြီးဖြစ်ခဲ့ကြရတယ်။ ရန်သူအားပေးရန်သူ သူလျှို ဖြစ်တဲ့ ကုလားကုန်းရွာသားတွေကို သုတ်သင်ပစ်ဖို့လို..မလို။ အထူးသဖြင့် ဗမာ့တပ်မတော်နဲ့ အနီးကပ်လက်တွဲခဲ့ဖူးတဲ့ အရာရှိကြီးတွေ တော်တော် များများက တရုတ်ပြည်မကြီးမှာ ကျင့်သုံးခဲ့တဲ့ စစ်ဗျူဟာတွေကို လက်ရှိ အခြေအနေမှာ မြန်မာလူထုတွေအပေါ် မကျင့်သုံးမိဖို့ ကန့်ကွက်တားဆီးခဲ့ ကြတယ်။ ဒါပေမဲ့ ရန်သူ့လေထီးတပ်ဖွဲ့တွေရဲ့ အန္တရာယ်ကို အစိုးရိမ်လွန်နေ ခဲ့ကြတဲ့အတွက် အဲဒီလို ကုလားကုန်းရွာဖြစ်စဉ်မျိုးဖြစ်လာခဲ့ရတာပဲ"

"ဒါပေမဲ့ အဲဒီကုလားကုန်းရွာက ရွာလူကြီးနဲ့ တစ်ခြားအရေးကြီးတဲ့ သက်သေတွေကို ဗိုလ်မှူးကြီးကိုယ်တိုင် စစ်ဆေးခဲ့တယ်၊ ပြီးတော့ ဂျပန် ကင်ပေအဖွဲ့က သတ်ပစ်ခဲ့ကြတယ်။ ဗိုလ်မှူးကြီးကိုယ်တိုင် တချို့ ပုဂ္ဂိုလ်

တွေကိုဓားနဲ့ခုတ်သတ်ခဲ့တယ်လို့မျက်မြင်သက်သေတချို့ကထွက်ဆိုထားကြတယ်"

"မဟုတ်ဘူး - ကျုပ်ကိုယ်ထိလက်ရောက် ဘယ်သူ့ကိုမှ မသတ်ခဲ့ဖူးဘူး"

"သက်သေတွေကတော့ လူမြင်ရင် မှတ်မိတယ်လို့ချည်း အခိုင်အမာ ပြောနေကြတာပဲ။ မကြာခင် လူတန်းစီပြဖို့ စီစဉ်ထားတယ်။ အဲဒီကျရင် အဖြေပေါ်မှာပဲ"

"မဖြစ်နိုင်ဘူး - ကျုပ်ဘယ်သူ့ကိုမှမသတ်ခဲ့ဘူး"

လူသတ်ဖို့အကြောင်းရင်း ဖစ်မြစ်လည်း မရှိ။

သူလိုကင်ပေးအကြီးအကဲတစ်ဦးအနေဖြင့်ကိုယ်တိုင်ဝင်၍ကာယကံမြောက်လုပ်စရာအကြောင်းမရှိ။ ရှေ့တန်းစစ်မြေပြင်အထိ လူတောသူတောထဲတိုးဝင်ပြီး ထိတွေ့စရာလည်းမရှိ။ သူ့အလုပ်လည်းမဟုတ်။

သူတွင်မက မည်သည့်စစ်ဦးစီးအရာရှိကြီးတွေမျှ စစ်ဆင်ရေးတာဝန်များကိုကိုယ်ထိလက်ရောက်ဝင်ပါဖို့မလို။ စစ်တပ်ဖွဲ့စည်းပုံအရတိကျသော စစ်ဆင်ရေးတာဝန်တွေ ကိုယ်စီရှိထားကြပြီးသား။

ဘာတွေလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲ။

သူတွေး၍မရ။

ဘယ်သူတွေက သူ့ကို အဆင်းဘီးတပ်လုပ်နေကြသလဲ။ ထောင်ချောက်ဆင်နေကြသလဲ။

ဘုရားသခင်မှပဲ အမှန်ကိုသိနိုင်ပေတော့မည်။

ကံ ဘာပဲဖြစ်ဖြစ် ကံပဲ။ သေရုံမှတစ်ပါး အခြားမရှိနိုင်ပြီ။

■

နေသည် ကျဲကျဲပူလျှက်ရှိ၏။ ဝင်းဝင်းတောက်လို့။ အကျဉ်းထောင်အုတ်တံတိုင်းမြင့်မြင့်မည်းမည်းကြီးများ ပတ်ပတ်လည် ကာရံထားသဖြင့် လေပူတွေကိုပိတ်လှောင်ထားသလိုဖြစ်နေလေရာမိုးကပြာကနဲ့ရှာချင်လှ

ရွာချလိုက်၊ နေက စူးစူးရဲရဲကြီး ပူချင်ပူလိုက်ဖြင့် အဆမတန် အိုက်ပြုတ်ပူလောင်လျှက်ရှိတော့သည်။

ရန်ကုန်ထောင်ကြီး၏ ပန်းခြံတစ်ခုအတွင်း၌ဖြစ်သည်။ ဗိုလ်မှူးကြီးယာမာဒါနှင့်အတူ လူတန်းစီပြသရန် စုစည်းထားသည့် ဂျပန်စစ်သုံ့ပန်း ၃၀၀ ခန့်ရှိသည်။

ကင်ပေပေါင်းတွေချည်းဖြစ်၏။

"ဒီလိုတန်းစီပြရတဲ့အလုပ်ဟာ အတော်ကိုစိတ်ဓာတ်ကျစရာကောင်းပါတယ်။ ကျွန်တော်တို့ စစ်သုံ့ပန်းတွေကို ဒီပန်းခြံကြီးထဲမှာ နေ့တိုင်းတန်းစီခိုင်းထားတာပဲ။ ပြီးတော့ အဲဒီဂျပန်စစ်သုံ့ပန်းလူတန်းကြီးရဲ့ရှေ့မှာ ကင်ပေအနှိပ်စက်ခံရဖူးတဲ့ မြန်မာလူမျိုးတွေဟာ တစ်စုပြီးတစ်စု ကျွန်တော်တို့ရဲ့မျက်နှာတွေကို သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ပြီးတော့ ဖြတ်သွားကြတယ်။ သူတို့မှတ်မိတဲ့ ကင်ပေကို တွေ့တာနဲ့ "ဒီလူပေါ့ ကျွန်တော့်ကို နှိပ်စက်တာ" ဆိုပြီး လက်ညှိုးထိုးပြတတ်ကြတယ်။ အဲဒါ နေ့တိုင်းပဲ"

မြစ်ကြီးနားဘက်တွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ဖူးသည့် ကင်ပေပေါင်း ဗိုလ်မှူးနရိရိနှင့် မမျှော်လင့်ပဲတွေ့သည်။ ဆံပင်၊ မုတ်ဆိတ်တွေဗရပွကျဲ၊ မျက်တွင်းလက်တစ်ဆုပ်နှင့်၊ ပိန်လှီချည့်နဲ့လွန်းလှသည့် ဖြူဖတ်ဖြူရော် ဝါကျင့်ကျင့်ညစ်မွဲမွဲ သူ့ရုပ်ကို မနည်းကြီး ပုံဖမ်းယူရသည်။ ငှက်ဖျားဒဏ်ကြောင့် ယဲ့ယဲ့ကလေးပဲ ကျန်တော့သည်။

စစ်ဝတ်စုံကလည်း အရှက်ဖုံးရုံ၊ သိက္ခာလုံးရုံမျှရှိတော့၏။ စုတ်ပြတ်ပြဲရွဲလွန်းလှပြီ။

နရိရိက သူတို့နေ့စဉ်ရင်ဆိုင်နေရသည့် ဒုက္ခကိုရင်ဖွင့်နေသည်။ သည်လိုပင် စစ်သုံ့ပန်းလူအုပ်ကြီး၊ လူတန်းရှည်ကြီးက တလှုပ်လှုပ်တရွရွ ကြွက်စီကြွက်စီ ဆူညံဆူညံဖြစ်နေ၏။ ထွက်လာနိုင်သမျှ အသံတိမ်ကလေးများဖြင့် သူတို့ရင်ထဲက အကြိတ်အခဲတွေကို ကြိတ်ချေပစ်နေကြပုံရသည်။

"နေ့တိုင်း နေ့တိုင်း ဘယ်သူကတော့ ငါ့ကိုမြင်ရင် မှတ်မိသွားပြီး လက်ညှိုးထိုးလိုက်လေမလဲ။ ယန်ကီးစစ်ပုလိပ်တွေက ခွေးသေကောင်လင်းတ

ဆွဲသလို ဆွဲထုတ်သွားပြီး အဂ္ဂိုတိုက်ထဲကို ပို့လိုက်လေမလဲ။ တွေးရင်း တွေးရင်းအသက်တောင် မရှူနိုင်ဘူး။ လန့်နေရတယ်။

"တန်းစီချိန်ကုန်သွားလို့ ကိုယ့်ကို မှတ်မိတဲ့ မြန်မာလူမျိုးသက်သေ တစ်ယောက်မှ မရှိခဲ့ဘူး။ မပေါ်ခဲ့ဘူးဆိုခဲ့ရင် အင်း ဒီတစ်နေ့တော့ လွတ်ပြန်ပဟဲ့လို့ ထရုန်မိမတက် ဝမ်းသာနေရတာပဲ ဗိုလ်မှူးကြီးရေ။ ဝင့်ပဲ – တကယ့် ဝင့်ကြွေးပဲ။

"တစ်နေ့တစ်နေ့ တန်းစီရတာကချည်း သုံးနာရီလောက်ကြာတတ် တော့ အဲဒီအချိန်တွေဟာ အချိန်မှန်၊ အချိန်ပိုင်းရောက်ရောက်လာတဲ့ နိစ္စဓူဝလောကငရဲပေါ့ခင်ဗျာ။ ကိုယ့်ရှေ့ကို ရောက်လာတဲ့လူက ကိုယ့်ကို သေသေချာချာ စေ့စေ့ကြည့်ပြီး "ဒီမာစတာပါပဲ" လို့ လက်ညှိုးထိုးလိုက်မှာလား ဟဲ့ဆိုတဲ့ သောကစိတ်အတွေးတွေနဲ့ တမျှင်းမျှင်းမြိုက်ဖြစ်သွားတဲ့ စစ်အရာရှိတွေ၊ ကင်ပေတွေ ၅၀ လောက်ရှိသွားပြီ။ သေဒဏ်ခံသွားရတဲ့ ဂျပန်စစ်သုံ့ပန်း ၃၅ ယောက်တောင်ရှိသွားပတဲ့။ တချို့ကို ကြိုးပေးသတ်လိုက်ကြ တယ်။ တချို့ကိုတော့ သေနတ်နဲ့ပစ်သတ်ပြီး ကွပ်မျက်လိုက်ကြတယ် တဲ့"

ကတုန်ကရင်ဖြစ်ချင်လာ၏။

ဟောင်းလောင်းဖြစ်နေသည့် အစာအိမ်က ဆာလောင်လွန်း၍ မီးတွေ ပင် တောက်နေပြီထင်သည်။ တစ်ရှိုတစ်ရှိုထိုး၍ အောင့်လာလိုက်သေး၏။ အူသိမ်နံရံတွေ၊ ခန္ဓာကိုယ်အသားစတွေကိုပဲ ဘာသာပြန်၍ ကိုက်စားဝါးမြို နေလေပြီလား။

"စူဂျီးနဲ့တွေ့သေးလား။ စူဂျီးဘယ်ရောက်နေသတဲ့လဲ။ ဒီမှာရှိနေ လား"

"ဒီမှာတော့ မရှိဘူး ဗိုလ်မှူးကြီး။ ဘန်ကောက်မြို့ထဲက "ဘန်ဝမ် ထောင်" ထဲမှာလို့ ပြောသံကြားတယ်။ ကင်ပေဟောင်းတွေရယ်၊ ထောက် လှမ်းရေးတပ်မှာ လုပ်ခဲ့ဖူးတဲ့လူတွေရယ်၊ စစ်ဆင်ရေးမှူးတွေရယ် – တစ် ယောက်မှ မလွတ်ဖူးတဲ့။ "မီနာမီ" အဖွဲ့တွေကိုလည်း ဂျပန်ကနေ လေယာဉ်

နဲ့ပြန်ခေါ်လာခဲ့ကြတယ်တဲ့။ ဆုရှကီးရယ်၊ "မီနာမီ"ရဲ့ ဒုတိယအကြိုးအကဲ ကာဝါရှိုးမားတို့နှစ်ယောက်စလုံးပဲ"

သေချာသည်။

စစ်ကြီးကို အောင်နိုင်စေဖို့ စွမ်းနိုင်ခဲ့ကြသူတို့က အောင်ပွဲ၏ အသီးအပွင့်၊ အောင်သေအောင်သားကို အားပါးတရ ငါးမျှစားသောက်ဖို့ စနစ်တကျ ပြင်ဆင်နေကြပြီ။

သူလည်း စစ်သား၊ ကိုယ်လည်းစစ်သား။ စစ်သားချင်းအတူတူ စစ်ပွဲကြီးအတွင်းမှာ ကိုယ်တစ်ကြိမ်တစ်ခါဖူးမျှ မတွေ့ဖူး၊ မမြင်ဖူးခဲ့သည့် ရန်သူစစ်သည်များကို သူသေကိုယ်သေ ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်ရင်း သတ်ခဲ့ကြသည်ချင်း အတူတူ စစ်ရှုံးသူက စစ်တရားခံ၊ စစ်ရာဇဝတ်ကောင်တဲ့လား။

"တစ်နေ့မှာတော့ မျက်မြင်သက်သေမြန်မာတွေထဲမှာ ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဆင်ဘိုရွာသူကြီး ဦးစန်းကို တွေ့လိုက်ရတယ်။ ကျွန်တော် မြစ်ကြီးနားကနေပြီး ထွက်လာတုန်းက လှေရှာပေး၊ လူရှာပေး၊ ကိုယ်တိုင်ကိုယ်ကျ လိုက်ကူညီတဲ့ မိတ်ဆွေကြီးပေါ့။ စစ်ဆေးတဲ့ ယန်းကီးတွေက ကျွန်တော်နဲ့ သူကြီးရင်းနှီးနေကြတာကို သိပ်အံ့သြနေကြတယ်။

"ကျွန်တော်က တွေ့တွေ့ချင်းပဲ "ကဲ - သူကြီးရေ - ခင်ဗျား ကျွန်တော့်ကို ဘယ်လိုအပြစ်မျိုးရစေချင်သလဲ" လို့ တည့်တည့်ပဲ မေးလိုက်တော့တယ်။ အဲဒီအခါ သူကြီးက "မာစတာကို အပြစ်ပေးချင်စိတ်မရှိပါဘူး။ သက်ဆိုင်ရာက ခေါ်လို့လိုက်လာရတာပါ" လို့ပြောတယ်။ သူကြီးရဲ့ထွက်ဆိုချက်တွေက အရမ်းကောင်းနေလို့ ကျွန်တော် ဒုက္ခမရောက်ခဲ့ရတာ။ သူကြီးရဲ့ ကျေးဇူးက ကြီးမားလှပါတယ်"

နုရှိရိုက ဆက်၍ပြောနေသေး၏။

သူ့စကားတွေကို မကြားမိတော့။ နားထဲက လေတွေတာဝီဝီထွက်လာနေသည်။ ဆက်၍ တင်းခံနိုင်ပါဦးတော့မလား။

နေကလည်း ပို၍ခြစ်ခြစ်တောက်လာ၏။

သူတို့၏လောကငရဲသည်လည်း...

"ငြိမ်ပါ - လူတန်းစီပြမယ်။ အားလုံးငြိမ်ပါ"

■

တစ်စက္ကန့် - ပြီးတော့ နောက်တစ်စက္ကန့်။

ကုန်ခဲလိုက်တာ။ ကာယိက ဒုက္ခနှင့်ခန္ဓာဝန်ကိုသာမက သောကဝန်ထုပ်ကိုပါ လွယ်ဖို့ထားရသဖြင့် အဆမတန် ပင်ပန်းဆင်းရဲလွန်းလှသည်။

သူတို့ဂျပန်စစ်သုံ့ပန်း ၃၀၀ ကျော်ကျော်ကို သက်သေအဖွဲ့တွေ တစ်သုတ်ပြီး တစ်သုတ် စေ့စေ့စပ်စပ်ကြည့်ရင်း သွားနေကြလေရာ တရွေ့ရွေ့ဖြင့် ကြာလွန်းလှတော့သည်။

မြန်မာပြည် ဒေသအသီးသီးမှ တကူးတကခေါ်ထားကြသည့် သက်သေတွေ။ မြန်မာ၊ တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ အင်းဒီးယန်းကပြားတွေ၊ တိုင်းရင်းသားလူမျိုးအနွယ်စုတွေ။ သူတို့ဆိုင်ရာဆိုင်ရာ အမှုကိစ္စများအလိုက် ပတ်သက်ဆက်နွယ်သူ စစ်ရာဇဝတ်ကောင်များအား လူတန်းစီပြ၍ ဖော်ထုတ်နေကြခြင်းဖြစ်၏။

"ဒီအမှုတွေကို ကျုပ်တစ်ခါမှ မကျူးလွန်ဖူးဘူး။ သက်သေအနိုင်အမာရှိရင် ပြောပါ။ ခေါ်ခဲ့ပါ။ ကျုပ်က ဘယ်သူနဲ့မဆို ရင်ဆိုင်ရဲတယ်။ ဒီအမှုတွေကို ကျုပ်မှ မကျူးလွန်ခဲ့တာ"

စစ်ရာဇဝတ်ခုံရုံးနှင့် စစ်ဆေးရေးမှူးများအား အထပ်ထပ်ပြောခဲ့ဖူးသည့် စကားတွေကိုသာ ဆီမန်းမန်းသလို နှုတ်ခမ်းစေ့လျက် ရွတ်နေမိ၏။ အသံမထွက်။ ရင်ထဲတွင်မူ ပွက်ပွက်ညံနေသည်။

"လာလေ လာခဲ့ကြလေ။ စစ်ပွဲမှာ လူမသတ်ဘူးတဲ့ စစ်သားဆိုတာ ကြားဖူးကြလို့လား။ တကယ့်စစ်ပွဲရဲ့ ပကတိအမှန်တရားဟာ စစ်မြေမှာရှိတတ်တာ။ ဗုန်းသံအမြောက်သံ ကျည်ပြေးသံ ပေါက်ကွဲသံတွေကမ္ဘာပျက်မတတ်ညံနေတတ်တဲ့၊ ကိုယ့်မျက်စေ့တစ်ကမ်းမှာတင် ခွေကနဲခေါက်ကနဲ လက်နက်ထိပြီး သေသွားကြတဲ့ အလောင်းကောင်တွေ ပုံထပ်နေတဲ့ အဲ

လူသတ်ကွင်းမှာပဲရှိတာ။ စစ်ပွဲပြီးသွားမှ အမုန်းတရားကို လိုက်ရှာနေလို့ တွေ့မှာတဲ့လား။ အမုန်းတရားက စစ်နဲ့အတူသေခဲ့ပြီပဲလေ"

တရွေ့ရွေ့တိုးကပ်လာနေသည့် သက်သေလူစုတွေကို အာရုံငင်လျှက် စောင့်ရင်းဒုံးပေကာတ်သတ်တွေးနေသည်။ နေကလည်းပူလိုက်တာ။ သည် နေအပူဒဏ်နှင့်တကြောင့်ကြကြစိတ်ညှင်းမှုဒဏ်များကိုစောင့်၍မှခံနိုင်ပါ တော့မလား။

"ယာမာဒါရေ- လူသားတွေရဲ့ ခံနိုင်ရည်ဟာ" တစ်ဦးနဲ့တစ်ဦး သိပ် တော့လည်း မကွာကြပါဘူး။ တင်းခံစောင့်ခံထားနိုင်ဖို့ပဲလိုတယ်။ နည်း နည်းကလေး နည်းနည်းကလေးပါ။ သူတစ်ပါးနဲ့မတူ၊ ကွဲပြားခြားနားသွားရုံ ကလေး နည်းနည်းပိုအားစိုက်ပြီး ဖွဲခတ်စောင့်ခံထားနိုင်ရင် ပြီးပြီ။ ကိုယ့် ရည်မှန်းချက်ကို ဘယ်တော့မှ မမေ့နဲ့။ အဲဒီရည်မှန်းချက်က စောင့်ထား နိုင်တဲ့ စိတ်အားသတ္တိတွေကို ပေးလိမ့်မယ်"



"သွေးနဲ့ခင်းတဲ့လမ်း"

ဆရာ့ကို ပြေးသတိရပြန်၏။ ကင်ပေသင်တန်းကျောင်း၏ ပင်ပန်းဆင်းရဲမှုများကိုလက်မြှောက်အရှုံးပေးလုနီးနီးအခြေအနေမှာသူ့ဆရာတပ်ကြပ်ကြီးက လှတ်ကနဲ ပြောချသွားခဲ့သည့်စကားတွေ။ သူ့ဘဝတွင် ဘယ်တော့မှမမေ့။ အခက်အခဲအကြပ်အတည်းကြုံရတိုင်း ရုတ်ချည်းစိတ်သတိတွင် လက်ကနဲ လင်းကနဲ ပေါ်လာတတ်စမြဲ။

"ကင်ပေသင်တန်းကျောင်းဆိုတာ တကယ့်ကို ရက်စက်ကြမ်းကြုတ်တဲ့နေရာပဲ။ ငရဲပြည်အငယ်စားတစ်ခုပဲ။ အေး - လခရှစ်ယန်းနဲ့ ဆင့်ရှစ်ဆယ်ပဲရနိုင်တဲ့ ရိုးရိုးသာမန်စစ်သားတစ်ယောက်ကိုယန်းတစ်ရာနဲ့လုပ်ပိုင်ခွင့်အာဏာတွေ အမြန်ဆုံးရအောင်လုပ်ပေးနိုင်တာကလည်း ဒီကျောင်းတစ်ကျောင်းပဲရှိတယ်။

"လောကကြီးထဲမှာရက်စက်တာ၊ကြမ်းကြုတ်တာ၊ကောက်ကျစ်တာ ပရိယာယ်မာယာများတာ၊ ခက်ခဲကြမ်းတမ်းတာတွေကတော့ နေရာအနှံ့ နေမှာပဲ။ ခုလို စစ်ကြီးအတွင်းမှာဆိုတော့ ပိုပြီးဆိုးသေးတယ်။ ဒါပေမဲ့ အဲ အန္တရာယ်တွေ စိန်ခေါ်မှုတွေကြားထဲကပဲ လုလုပပ၊ ကောင်းကောင်းမွန်မွန် ရှင်သန်ကျန်ရစ်အောင် နေထိုင်ရတဲ့ အတတ်ပညာမှသာ တကယ်ရေး မြောက်တဲ့ အနုပညာ၊ "Art of Living" ပဲ ယာမာဒါ။ ရှင်သန်ကျန်ရစ်ခ တွေကသာ အစစ်အမှန်အင်အားကြီးတာကွ။ အင်အားကြီးတဲ့အရာတိုင်း ရှင်သန်ကျန်ခဲ့တတ်တာမဟုတ်ဘူး"

သင်တန်းမှူးဗိုလ်ကြီးတိုရှိအိုဟာမရှိအမြဲတမ်းပါးစပ်ကမချတမ်းပြော သွားခဲ့သည့်စကား။

ကဲ - တောင့်ထားစမ်း။ ဖွဲ့ခတ်ပြီး - အားတင်းထားစမ်း။

တဖြည်းဖြည်း ထွားလာနေသည့် ခြေရှေ့သံတွေက နီး၍လာသည်။ ထိ သက်ထွက်သက်ကိုပင် မခိုက်မငင်ရဲပဲ ကြောင့်ကြသောကကြီးစွာ အငြိ ကြီးငြိမ်၊ အတိတ်ကြီးတိတ်နေလေရာ သက်သေလူအုပ်ကြီး၏ လှုပ်ရှား များမှတစ်ပါး ဝန်းကျင်သည် ရပ်လျှက်သေနေသည်သို့ဖြစ်၏။

"ဟော - ဟောဒီ - မာစတာထင်တယ်"

"ဟင်"

"သေချာကြည့်ပါဦး"

ရုတ်တရက်ကြီး တိတ်သွားသည်။ ပြဿနာက စပြီ။

"သေချာပါတယ် - သူပါပဲ"

"သူဆိုတာ တကယ်သေချာတယ်နော်"

"သေချာပါတယ်ဗိုလ်ကြီး - မြစ်ကြီးနား - မိုးညှင်း - မိုးကောင်းတစ်ကြောလုံးမှာ သူနဲ့သူ့စကားပြန် မြဒင်ရဲ့ ဒဏ်ကို မခံခဲ့ရဘူးတဲ့၊ သူမရှိသလောက်ပါပဲ။ သူကိုယ်တိုင် သတ်လို့သေတဲ့ လူ၊ သူ့ပယောဂကြောင့် သေခဲ့ရတဲ့ သူတွေ နည်းမှမနည်းတော့တာ။ သူ့ကိုကျုပ်တို့က "သမီးကျီ" တင်ပေတိုင်လို့ သိထားခဲ့ကြတယ်"

"ကိုင်း - ဆာဂျင်"



"မရဏာတာ့မန်ချေျာတပ်စခန်းမှာ"

"ရက်စ် - ဆား"

"မဟုတ်ဘူး - မဟုတ်ဘူး - မဟုတ်ဘူး - ကျုပ်မဟုတ်ဘူး - နေပါဦး။ ကျုပ်ရှင်းပြပါရစေဦး"

"ကဲ - နောက်မှပဲ။ ဆွဲခေါ်သွားကြ"

"မှားနေပြီ - ခင်ဗျားတို့ လူကမှားနေတာ"

အော်သံတွေကို ကြားရ၏။ "ဟင် - ဒါ၊ နရှိရှိရဲ့အသံပဲ။ ဘုရား - ဘုရား။ နရှိရှိတစ်ယောက်ဖြင့် ကံဆိုးမိုးမှောင်ကျပြီထင်သည်။ စောစောကလေးက ပင် သူနှင့်တီးတိုးစကားတွေ လာပြောနေခဲ့သေးသည်။ ယခုမူ ယန်းကီးစင် ပုလိပ်တို့၏ ခွေးဆွဲသလို ဆွဲရာနောက်သို့ ဒယန့်တိုက်ပါသွားရှာလေပြီ။ မကြာမီ သူ့ရှေ့ကသွားနှင့်လေသူ ကြမ္မာဆိုးငင်သူများနောက်သို့။

လူတန်းကြီးက ငြိမ်သည်ထက်ငြိမ်။

တုတ်တုတ်မျှမလှုပ်။

ခွေးအတွေ၊ သားရဲတွေပိုင်းထားခြင်းခံရသည့် သားသမင်တစ်အုပ် နယ် - တိတ်လို့။

ခြေသံတွေက သူ့ရှေ့၌ လာရပ်သည်။

အလို - ဘုရား။ "ဒီမျက်နှာကို မြင်ဖူးခဲ့သလို ပါလား" နှလုံးခုန်မြန်လာ သည်။ တုန်တုန်လှုပ်လှုပ်ဖြစ်လာသည်။ အသက်ရှူပင်ရပ်သွားသည်ထင် ထင်သည်။ သူ့မျက်နှာကို စေ့စေ့စပ်စပ်စူးစူးရဲရဲကြည့်နေသည့် အရပ်မြင့် ရှည်၊ ပိန်ပိန်ပါးပါး အဘိုးအိုကို မျက်လုံးချင်းဆိုင်၍ ကြည့်ရန်ပင် မဝံ့ရဲ။

အသားအရေက ကြေးညိုရောင်သန်းနေ၏။ ခေါင်းထက်၌ ဆံပင် ထွေးလိုက်ရှိနေသေးသည့်တိုင် ဆွတ်ဆွတ်ဖြူနေပြီ။ တချို့ နီကျင့်ကျင့် မျက်ခုံးမွေးထူထူ တစ်စုံမှာ မည်းနက်နေသည်။ ထိုမျက်ခုံးမွေးထူထူများ အဘိုးအို၏ ပြာမွဲမွဲမျက်ဝန်းများကို ပို၍ အရောင်တောက်လက်လာ အောင် အားဖြည့်ပေးထားသလိုဖြစ်၏။

အိုမင်းလှုပြီဖြစ်သည့်သူ့လိုအသက်အရွယ်မှာပင်အဘိုးအို၏မျက်ဝန်း အိမ်နက်နက်တို့က မီးလျှံလို တောက်လက်နေနိုင်သေးသည်မှာ အံ့ဩစရာ ကောင်းလွန်းလှသည်။

အဘိုးအို၏ နာခေါင်းက လင်းယုန်နှုတ်သီးလို ကောက်နေ၏။ ပိပိရိရိ နှုတ်ခမ်းကိုမူ တင်းတင်းစေ့ထားသည်။ မရယ်မပြုံးမျက်နှာသေဖြင့် စေ့စေ့ ကြည့်နေဆဲ။

တဖြည်းဖြည်း နီးကပ်လာနေသည့် အဘိုးအို၏ မျက်နှာရိပ်၌ သူ့ကို ဂရုတစိုက်အကဲခတ်နေသည့် သွင်ပြင်မှာ ပို၍ထင်ရှားလာသည်။ သူ့ကိုယ် သူ၊ သူ့ဆေးပညာမှုကိုသူ အထင်ကြီးနေသည့် သဏ္ဍာန်က အဘိုးအို၏မျက်နှာ ပြင်၌ ပေါ်တစစနေရာယူလာနေသည်။ သွေးရောင်တွေပင် လျှမ်းတက်လာ သယောင်။

"သူပဲ"

စကားတစ်လုံးတည်းကို ယတိပြတ်ပြောချလိုက်သည့် အဘိုးအို၏ အသံက သူ့အား ငယ်ထိပ်မြွေပေါက်ခံလိုက်ရဘိသို့ပြာကနဲ မှုးမိုက်သွားစေ၏။ မီးပွင့်သွားသည်။ "မဟုတ်ဘူး - မဟုတ်ဘူး - ကျုပ်စစ်အတွင်းမှာ ဘယ် လိုရာဇဝတ်မှုမှ မကျူးလွန်ခဲ့ဖူးဘူး" ဟိုးရင်အတွင်းပိုင်းဆီက ဖွတ်အတင်း ခုခံငြင်းဆန်သံတွေသည် လည်ချောင်းဝဆီ စုပြုံဆန်တက်လာနေ၏။

စကားသံကား မထွက်။ တစ်ဆို့ကြီးဖြစ်နေသည်။

"သူပဲ မေဂျာစမစ် - သူပဲ။ ဇလီဖားတုံးတစ်တုံးစီတိုင်းမှာ မြန်မာတစ် ယောက်စီ သေခဲ့ကြရတယ်လို့ သတင်းကြီးနေတဲ့ သံဖြူဇရပ် ယိုးဒယား - မြန်မာ မီးရထားလမ်းအတွက် ချွေးတပ်သားပေါင်း ခုနစ်သောင်းနီးပါးကို အမှူးစုဆောင်းခဲ့ရာမှာ သူ့ရဲ့ကင်ပေ (စစ်ပုလိပ်)အဖွဲ့တွေနဲ့ အလွန်မတန် ရက်စက်ကြမ်းကြုတ်စွာ ဆောင်ရွက်ခဲ့တဲ့သူ၊ ချွေးတပ်စခန်းက ထွက်ပြေး တဲ့မြန်မာချွေးတပ်သား ထောင်ပေါင်းများစွာကိုလည်း မရမက လိုက်လံရှာ ဖွေပြီး သတ်ပစ်ဖို့ ညွှန်ကြားခဲ့တဲ့သူ - တစ်ခါတစ်ခါမှာ ချွေးတပ်စခန်းက ထွက်ပြေးတဲ့သူတွေ၊ မဟာမိတ်စစ်သုံ့ပန်းတွေကိုစခန်းရှေ့ကွင်းပြင်မှာတွင်

ခဲလုံစွပ်နဲ့ထိုးပြီးသတ်ပြတတ်တဲ့သူ၊ ကိုယ်တိုင်လည်း မြန်မာရွေးတပ်သား ခေါင်းပြောက်များစွာကို လက်တွေ့သတ်ပစ်ခဲ့တဲ့သူ။ သူမှသူအစစ်ပဲ။

သွားပြီ။ အမှတ်-၂ ကင်ပေတပ်ဖွဲ့မှ ဗိုလ်မှူးအီချီကာဝါ (Maj.jchi kawa)၊ ဗိုလ်မှူးမိယာမိုတို ( Maj.Miyamoto )၊ သူတို့နှစ်ယောက် အနက် တစ်ယောက်ယောက်နှင့် သူ့ကို အမှတ်မှားနေပြီမှန်း ချက်ချင်းသိ လိုက်သည်။ ဖြစ်မှဖြစ်ရပလေ။ ခေသည့်ကံကိုသာ ပုံချချင်မိတော့သည်။

"သေရာပါတယ်နော် မစွတာအိုလီဗာ"

"မှားစရာ ဘာအကြောင်းမှ မရှိပါဘူး မေရှာ။ ယိုးဒယားပြည် နောင်ပ လာဒေါက်ကနေ မြန်မာပြည် သံဖြူဇရပ်အထိ ကီလိုမီတာ ၄၁၅ ရှည်တဲ့ အဲဒီ သေမင်းတမန် မရဏမီးရထားလမ်းကြီးကို ၁၉၄၂ ဒီဇင်ဘာလကုန်က နေ ၁၉၄၃ အောက်တိုဘာလအထိ ဖောက်ခဲ့ကြတာပဲ။ အဲဒီကာလတစ် လျှောက်လုံး ကျုပ်က ဇန်ကောက်မှာရှိနေခဲ့တယ်။ ဇန်ကောက်က မြန်မာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ဗုဒ္ဓဘာသာရဟန်းတစ်ပါးအဖြစ် ခံယူထားခဲ့တယ်။ ပြီးတော့ အဲဒီသေမင်းတမန်လမ်းမကြီးမှာ ငရဲခံနေကြရ တဲ့ ယိုးဒယား၊ မြန်မာနဲ့ မဟာမိတ်စစ်သုံ့ပန်းတွေကို လျှို့ဝှက်ကယ်ထုတ်နေ တဲ့ ဒေသခံဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့အစည်းတစ်ခုမှာ ပါဝင်ဆောင်ရွက် နေခဲ့တယ်လေ။ အော် - ပြောရဦးမယ်၊ ကျုပ်က "True" မဂ္ဂဇင်းရဲ့ပင်တိုင် ဆောင်းပါးရှင်တစ်ဦးပဲ။ စစ်အတွေ့အကြုံဝတ္ထုတွေကို ကိုယ်တွေ့မျက်မြင် လေ့လာပြီး ရေးချင်လွန်းလို့ အရှေ့တောင်အာရှဘက်ကို ခရီးထွက်လာခဲ့ တာ။ ဒီမှာ အဲဒီသေမင်းတမန်လမ်းကြီးနဲ့မှ တည့်တည့်တိုးပြီး ကျုပ်ဘယ်လို မှ ရုန်းမထွက်နိုင်ဘဲ အညှို့ခံထားသလို ဖြစ်ခဲ့ရတာ။ အဲဒီအကြောင်း "The Call of Death" ဆိုပြီး ကျုပ်စာတစ်အုပ်ရေးထားတယ်။ ကျုပ်ဆီမှာ အဲ ဒီ မရဏမီးရထားလမ်းမကြီးရဲ့ အနိဋ္ဌာရုံတွေကို ခိုးခိုးပြီး ရိုက်ထားတဲ့ ဓာတ် ပုံအယ်လ်ဘမ် လေး၊ ငါးအုပ်ရှိတယ်။ သူ့ဓာတ်ပုံတွေ တော်တော်များများ ပါတယ်။

"ဩ"

အဘိုးအိုက သေချာလွန်းနေသည်။

စစ်ရာဇဝတ်ခုံရုံး၏ မဟာမိတ်စစ်အရာရှိ တစ်ရုသည် တစ်ဦးမျက်နှာကိုတစ်ဦးကြည့်လျက်ရှိကြ၏။ အမေရိကန်ဗိုလ်မှူးကြီးသည် ခေါင်းကိုမသိမသာ ညိတ်၍ သူ့ကိုကြည့်နေသည်။ တိုယန်ကီးကြီး၏ မျက်နှာပြင်ပေါ်မှ အကြောမျှင်ကလေးတွေ တဆတ်ဆတ်ခုန်နေတုန်နေပုံမှာ မုဆိုးထောင်ချောက်၌ သံညှပ်မိနေသည့် ကျားရဲကို ရုတ်တရက်မြင်လိုက်ရသည့် တောလိုက်သမားမျက်နှာနေမျိုး။ မယုံနိုင်အောင် အံ့သြ၊ ဝမ်းသာ၊ ထိတ်လန့်၊ ဘာလုပ်ရမည်မသိ ခြေမကိုင်မိ လက်မကိုင်မိ၊ တုန်လှုပ်၊ ပြီးလျှင် ကျေနပ်ပီတိ။

"ကဲ ဗိုလ်မှူးကြီး ယာမာဒါ- လူကြီးမင်း ဘက်က ဘာပြောချင်ပါသေးသလဲ"

"ကျုပ် လူမသတ်ခဲ့ဖူးဘူး"

"ခင်ဗျားရဲ့ စစ်ဘက်ရာထူးအဆင့်၊ တာဝန်ယူခဲ့ရတဲ့ စစ်ရေးတာဝန်တွေမျိုးကို ထမ်းဆောင်ခဲ့ရတဲ့ စစ်သားတစ်ယောက်ရဲ့ အနေအထားမှာကိုလေ - ဟုတ်စ၊ ဗိုလ်မှူးကြီး"

"ယုံချင်ယုံ၊ မယုံချင်နေ။ ကျုပ်လူမသတ်ခဲ့တာတော့ အမှန်ပဲ။ စစ်ရေးတာဝန်အရ ရန်သူတပ်ဖွဲ့တွေ၊ သူလျှိုတွေ၊ ရန်သူသတင်းပေးတွေ၊ သစ္စာဖောက်တွေကို သုတ်သင်ခဲ့ရတာတော့ မရေမတွက်နိုင်ဘူး။ အဲဒါက စစ်သားတစ်ယောက်ရဲ့ အဓိကအလုပ်ပဲ။ ဒါပေမဲ့ စစ်ရေးနဲ့မဆိုင်တဲ့ ဘယ်လိုအရပ်သားလူထုတစ်ယောက်ကိုမှ ကျုပ်မသတ်ခဲ့ဖူးဘူး"

"ခင်ဗျားလိမ်မနေနဲ့။ ခင်ဗျားအရပ်သားတွေကို သတ်ပစ်တာကို ကျုပ်မျက်စေ့နဲ့မြင်ခဲ့ရတာ။ ခေတ်ပုံမှတ်တမ်းတွေရှိတယ်။

မြောင်လိမ်ကြောင်စားမုံလာဥလုပ်မနေနဲ့။ ခွေးမသားဂျပန်ကောင် - လူလိမ်"

အဘိုးအိုက ဒေါသအမျက်ခြောင်းခြောင်းဖြင့် သံကုန်ဟစ်သည်။ စစ်သုံ့ပန်းလူအုပ်သည်လည်း ယခုမှပင် အသက်ဝင်လာကြတော့သလို လှုပ်လှုပ်ရှားရှားဖြစ်လာကြ၏။ သဲသဲရုတ်ရုတ်ညံလာသည်။

"မတရားမလုပ်နဲ့"

"ဒါ လူမှားတာပဲ – လူမှားတာ။ သူ့အဆင့်က ရှေ့တန်းအထိရောက်ပြီး လူတော်သူတော်ထဲမှာ ကိုယ်တိုင်လုပ်ရှားစရာအကြောင်းမရှိဘူး"

"သူကိုယ်တိုင် ကာယကံမြောက် လူသတ်စရာမှအကြောင်းမရှိတာ"

"လူမှားတာ ဒါမှမဟုတ် – တမင်ထောင်ဖမ်းတာ"

"သူ့ရာထူးက အကြီးကြီးပဲ။ ကင်ပေအကြီးအကဲဆိုတာ ကြည်းတပ်ဗိုလ်ချုပ်တစ်ဦးနီးနီးလောက် ပါဝါအာဏာရှိတာ။ သူလူသတ်တာကို မပြောနဲ့ သူ့မျက်နှာကိုမြင်ဖူးတဲ့ ဒေသခံဆိုတာကိုပဲ မရှိသလောက်ပဲ။

"ဟော့ – စစ်သုံ့ပန်းဘဝမို့ မတရားမလုပ်ကြနဲ့"

သူ့နောက်မှ ဂျပန်စစ်သုံ့ပန်းတို့၏အသံအုပ်ကြီးက ဟိန်းညံလာသည်။ ချည့်နဲ့ယိမ်းယိုင်နွမ်းယဲ့နေကြသည့် ဒုက္ခိတသာသာ ပိန်လိန်စုတ်ပြတ်နေကြသူများဖြစ်သည့်တိုင် သူတို့သည် ဂျပန်လူမျိုးဖြစ်၏။ နေနတ်မျိုးနွယ်များဖြစ်ကြ၏။ မြင့်မြတ်သော တင်နော်ဟေကာ၏ သစ္စာခံများဖြစ်ကြ၏။

သူတို့၏ ဇာတိပုညဂုဏ်မာနကို မည်သူကမျှ ဘာကမျှ မတားနိုင် မတန့်နိုင်။

"ဘယ်လိုလုပ်မလဲ ကာနယ်ကြီး"

မေဂျာရော်ဘင်ဆင်သည်ဗိုလ်မှူးကြီးကားလ်ဆင်းဘတ်အားမျက်တလူးဆန်ပြာမေး၏။ စစ်ရာဇဝတ်ခုံရုံးအဖွဲ့ကိုယ်စားလှယ်၊ စစ်သုံ့ပန်းများအား လူတန်းစီစစ်ဆေးခြင်းကို တာဝန်ယူဆောင်ရွက်ရသည့် ပြင်သစ်ရေတပ်ဗိုလ်မှူးမေဂျာဖရန်ဆွာ ပရေဗိုသည်လည်း ရန်ကုန်ထောင်ကြီး၏ ဂျပန်စစ်သုံ့ပန်းများဆိုင်ရာအထူးအရာရှိဗိုလ်မှူးကြီးကားလ်ဆင်းဘတ်ကိုပင်အတဲကြည့်နေသည်။

"တန်းဖြတ်လိုက်တော့။ ဆူဆူညံညံရုတ်ရုတ်သဲသဲလုပ်တဲ့အတွက် ပြစ်ဒဏ်အနေနဲ့ သူတို့ကိုမနက်ပိုင်းရိက္ခာဖြတ်လိုက်။ အခန်းအလိုက်မိလ္လာချတဲ့စနစ်ကို နောက်ထပ်အမိန့်မရမချင်း ရပ်ထားလိုက်။ ဦးဆောင်ဆူပူတဲ့ သူတွေကို ဖော်ထုတ်ပြီး ပြစ်ဒဏ်တိုက်တွေထဲ ခွဲထည့်ထားလိုက်"

စစ်ပုလိပ်တို့၏ ဆွဲသံလွဲသံ ထုသံရိုက်သံတွေ၊ ဝီစီသံ ထောင်လှန့်သံ ချောင်းမြှေသံတွေ၊ ဂါတ်မကြီးပေါ်မှ ခွေးညသြကြီး မြှေသံတွေကိုကြားနေရသည်။

သူကမူ - နေပူကျဲကျဲကြီးအောက်၌လက်ခြေမနိုင်၊ပျော့ခွေပြီးကျသွားတော့၏။ မှောင်ကြီးမည်းမည်းထဲ နစ်ကျသွားပြန်ပြီ။

၅

"ကြံကြီးစည်ရာ"

"ဟိတ်"

"မ - မလုပ်နဲ့"

"ဗုန်း"

"အင့်"

"ပါးစပ်ကိုပိတ်ထားလိုက်စမ်း။ အသံမထွက်စေနဲ့။ လာခဲ့ - လာ-ကြိုးစင်နောက်ဖက်ချောင်ထဲကို ဆွဲခေါ်လာခဲ့ကြ"

"ဖောင်း"

"ဗုန်း"

"ကဲ-ကဲကွာ -ဖြိုဟ်ကောင်တွေ။ မင်းတို့ဖြိုဟ်မှုလို့ စစ်ကြီးဖြစ်ရတာ။ မင်းတို့ကြောင့် ငါတို့တစ်တွေ ဒီလိုဘဝဆိုးမျိုးရောက်ခဲ့ကြရတာ။ မင်းတို့ကြောင့် နေ့သေမလား ညသေမလား ကျိုးလန့်စားစား၊ လူ့တိရစ္ဆာန်ဘဝနဲ့ နေနေရတာ။ ကဲ-ကဲကွာ"

"ဗုန်း"

"ဖောင်း"

"ဖောင်း"

"ဖျန်း"

"အု-အင့်-အား"

"သေကွာ-သေကွာ။ ဧစ်ထဲမှာလည်း စစ်ထဲမှာမို့ မင်းတို့က လုံရာခြုံရာအရပ်မှာ ဖိမ်နဲ့နေ။ တို့ကို အသေခံပြီးတိုက်ခိုင်း။ နိုင်ရင် မင်းတို့က ပြုလိုပြစား လက်မထောင်။ ရှုံးခဲ့ရင်တော့ တို့တစ်တွေကပဲ ခွေးတွေ ဝက်တွေ ကျွဲတွေနွားတွေလိုစားစာခံဖြစ်ကြရ။မင်းတို့ကြောင့်-မင်းတို့ကြောင့်။ကိုင်းဟာ-ကိုင်းဟာ"

"ဖောင်း"

"ဖောင်း"

"အား"

"ဘာ ကင်ပေလဲ-ဘာမိုလ်မှူးကြီးလဲ-ခုလိုစစ်ရှုံးတဲ့ စစ်သုံ့ပန်းဘဝခွေးလောက်မှ အဆင့်မရှိတဲ့ဘဝမှာ မင်းလည်းဘာကောင်မှမဟုတ်ဘူး။ ငါတို့လည်းဘာကောင်မှမဟုတ်ဘူး။ဒါနဲ့တောင် မင်းတို့ကမျက်နှာကြောကြီးတွေတင်း၊ မျက်နှာမာကြီးတွေလုပ်လို့။ အခုထိ ကိုယ့်ဘဝကိုယ်နားမလည်သေးတဲ့အကောင်-ကဲ၊ မှတ်ထား-မှတ်ထား"

"ဗုန်း"

"ဗုန်း"

"အား-အား-အီး"

"ဟေ့ -တော်လောက်ပြီ- ဟေ့ တစ်ခါတည်းအသက်ထွက်ပြီး သေသွားဦးမယ်။ ကဲ ဝိုင်းမပြီး ကြိုးစင်အောက်က အုတ်လှိုင်ခေါင်းထဲကို သွင်းထားခဲ့ကြရအောင်-မကြ"

ခြေသံတဖျပ်ဖျပ်တွေက တရွေ့ရွေ့ပျောက်ကွယ်သွားကြ၏။ အသက်နှင့်ခန္ဓာမြဲနေသေးသည်။ သတိလည်း မလွတ်။ သို့နှင့်တိုင် အဝတ်စုတ်တစ်စကိုလွှင့်ပစ်ခြင်းခံထားရသလိုရွှံ့နှစ်တွေဖြင့်ညစ်ကျုံးစိုရွှဲနေသည့်အင်္ဂတေကြမ်းခင်းပြင်ပေါ်၌ ခွေခွေပုံ့ပုံ့ကလေး တစောင်းကြီးလဲကျနေတော့၏။

နာလိုက်တာ။ အရိုးတွေကျိုးကျေကုန်ပြီထင်သည်။ ခြေလည်းမလှုပ်ချင်၊ လက်လည်းမမြှောက်ချင်။ အသည်းခိုက်မတက် နင့်သည်းနာကျင်လွန်းလှသည့်ဝေဒနာကြောင့်ဝင်သက်ထွက်သက်လေတစ်မျှင်းတစ်စရှိက်သွင်းရှူထုတ်နေရသည်ပင်လျှင် မသက်သာ။ မနည်းကြီး အားတင်းတောင့်ခံထားရ၏။

လေးငါးခြောက်ယောက်ခန့် ဝိုင်း၍ စိတ်ရှိလက်ရှိ ဝုန်းဒိုင်းကျဲကာန်ကျော်က်ထိုးကြိတ်ခဲ့ကြခြင်းဖြစ်လေရာ နှစ်လစီ၍ အာဟာရချို့တဲ့နေသည့်ခန္ဓာ၊ ကာလတာရှည်စွဲကပ်ခဲ့သည့် ငှက်ဖျားဒဏ်၊ စိတ်ဒဏ်ရာအက်ကြောင်းတွေ၏ ဖိစီးမှုအခံတို့က ရှိရင်းစွဲဖြစ်နေပြန်သဖြင့် မခေသရုံတစ်မယ်သာ ယဲ့ယဲ့ကျန်တော့သည်။

ကြားတော့ကြားခဲ့မိ၏။

သိလည်းကြိုသိထားခဲ့သည်။

ရန်ကုန်ထောင်ကြီးအတွင်းက ဂျပန်စစ်သုံ့ပန်းများအတွင်းမှာ စစ်ပိုလ်ဆန့်ကျင်ရေး၊ စစ်ပိုလ်လက်စားချေရေး လှုပ်ရှားမှုတွေ ပေါ်ပေါက်ပျံ့နှံ့နေပြီတဲ့။

"ပြဿနာတော့ တက်နေပြီ ဗိုလ်မှူးကြီး။ ထောင်ထဲက စစ်ကြောရေးလုပ်ဖို့ စုထားတဲ့ ဂျပန်စစ်သုံ့ပန်းတွေအကြားမှာ ကာင်ပေတိုင်နဲ့ စစ်ပိုလ်ဆန့်ကျင်ရေးဝါဒတွေ ခေတ်စားနေပြီ။ စစ်ထဲမှာနေခဲ့ရတဲ့ကာလတစ်လျှောက်လုံး ကိုယ့်အထက်စစ်ပိုလ်တွေအပေါ် မကျေနပ်တဲ့စိတ်နဲ့ ဒေါသတွေ ခိုနေအောင်းနေတာတစ်မြဲမဟုတ်လား။ အခုတော့ ဒီမှာ စစ်ပိုလ်ရော၊ စစ်သားရော မခွဲခြားပဲ အတူတူ တစ်သားတည်း သုံ့ပန်းဖြစ်နေရတဲ့အချိန်မှာ လက်စားချေဖို့ အခွင့်ကောင်းကြီးအလိုလို လာကြုံရသလို ဖြစ်နေတော့တာကိုး။ စစ်ထဲတုန်းက ဒေါသတွေ၊ မကျေနပ်ချက်တွေက ဒီမှာလာပြီးပေါက်ကွဲကြတော့တာပဲ။

"လက်စားချေနည်းတွေကလည်း မျိုးစုံတယ်။ စစ်ပိုလ်သုံ့ပန်းတွေကိုတစ်ယောက်စီတစ်ယောက်စီ ရွေးရွေးထုတ်။ အိမ်သာလိုလူမမြင်သူမမြင်

လူမကြား သူမကြား နေရာအကြိုအကြားတွေထဲကို အတင်းအဓမ္မဖမ်းခေါ် သွား။ စစ်သားဟောင်း သုံ့ပန်းတွေ တစ်ပြုံတစ်မကြီးက သူ့ထက်ငါ အလု အယက်ဝိုင်းထိုး၊ ဝိုင်းရိုက်၊ ပိတ်ကန်။ ကြိုက်သလို ရေရေလည်လည် ဝိုင်း တွယ်နှိပ်စက်ကြတာက တစ်မျိုး။

"ထောင်ထဲမှာ မကြာခဏ မီးပျက်တတ်တယ်လေ။ အဲဒီလို မီးပျက်ချိန် ကို တမင်တကာ စောင့်ပြီး "ဖျပ်ကနဲ" မီးပျက်လို့ မှောင်ကြီးမည်းကြီးလည်း ကျသွားရော ကိုယ့်အနားနီးရာနီးရာမှာရှိနေတဲ့ စစ်ဗိုလ်ဟောင်းသုံ့ပန်းတွေ ကို မီးမှောင်ကြီးထဲမှာ ဝိုင်းတွယ်ကြ၊ ဆွမ်းကြီးလောင်းကြသတဲ့။ တချို့ဆို သေလုနီးပါးခံခဲ့ကြရတဲ့ သူတွေတောင်ရှိတယ်ဆိုပဲ။

"အဲ - နောက်တစ်နည်းကတော့ ထောင်ဝန်ထမ်းတွေ၊ ယန်ကီးစစ်ပု လိပ်တွေ အလစ်မှာ သူတို့ရဲ့သားကောင် စစ်ဗိုလ်ဟောင်း သုံ့ပန်းကို ဝိုင်းဖမ်း ဝိုင်းချုပ်။ သူတို့ဘာသာ စွဲချက်တင်ကြ၊ စီရင်ချက်ချကြ၊ အပြစ်ပေးကြ၊ ပေါက်တတ်ကရနည်းလမ်းမျိုးစုံတွေနဲ့ နှိပ်စက်ကြ။ တကယ်ကြုံတောင့်ကြုံ ခဲပွဲတော်ကြီးလို ဖြစ်နေတော့တာပဲ။ အာဏာလက်လွတ်ငုက်တောင်ကျွတ် ဖြစ်နေကြရတဲ့ စစ်ဗိုလ်ဟောင်း သုံ့ပန်းတွေခမျာမလည်း လူဦးရေကနည်း ပြန်ပြီး ခုခံဖို့ကလည်း အားအင်မရှိတော့ ဘာမှကို မတတ်နိုင်ကြဘူး။ ဝိုင်း ဝိုင်း "သယ်" လေသမျှ ငုံ့ခံနေကြရတော့တယ်။ ဒဏ်ရာမျိုးစုံရထားတဲ့ စစ် ဗိုလ်ဟောင်း၊ ကင်ပေဟောင်း သုံ့ပန်းတွေကို အရေးပေါ်လူနာတင်ကားတွေ နဲ့ ခေါ်သွားပြီး ဆေးရုံကိုပို့ရတာတွေလည်း မနည်းဘူး။

"အဆိုးဆုံးကတော့ အောက်ခြေအဆင့်အကြပ်တွေ၊ စစ်သားသုံ့ပန်း တွေက သူတို့ရဲ့စစ်ရေးသတင်းတွေကို အချင်းချင်းဖလှယ်ပြီး အထက်အရာ ရှိတွေကို အပြစ်မကျကျအောင် ချောက်ချတာ၊ ချောက်တွန်းနေကြတာပဲ။ နဂိုကမှ ဂျပန်ကင်ပေ၊ ဂျပန်စစ်အရာရှိတွေအပေါ်ကို မကြည်သာကြတဲ့ အင်္ဂလိပ်၊ အမေရိကန်စစ်ရာဇဝတ်ရုံးအရာရှိနဲ့ စစ်ဆေးရေးမှူးတွေဟာ အဲ ဒီလို ဖော်ကောင်လုပ်မဲ့ စစ်သုံ့ပန်းတွေကို အထူးအခွင့်အရေးတွေ နင်းကန်

ပေးပြီး စည်းရုံးသိမ်းသွင်းနေကြလေရဲ့။ သူတို့ကို တမင်လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားတော့တာပေါ့ခင်ဗျာ။

နရိုရိုက ပြောပြခဲ့ဖူးသည်။

ယခုဖြင့် နရိုရိုတစ်ယောက်ခမျာလည်း ကြိုးပေးကွပ်မျက်ခံရမည့်ရက်ကို စောင့်နေရရှာပြီတဲ့။ နေ့လား ညလား၊ နက်ဖြန်လား၊ သန်ဘက်ခါလား။

သူ့ကိုမူ သံဖြူဇရပ်နှင့်ယိုးဒယားမှ မျက်မြင်သက်သေတွေ မစုံလင်သေးသဖြင့် စစ်ဆေးမှုအစီအစဉ်တွေ ခဏရပ်နားထားသည်။

"သူတို့လိုသလို သူတို့အလိုကျ ထွက်ချက်မပေးတဲ့ ဂျပန်စစ်သုံ့ပန်းဆိုရင် သေရွာနေပြီ။ မိလ္လာသိမ်းတဲ့အလုပ်။ အမှိုက်လှည်း၊ အညစ်အကြေးစွန့်ရတဲ့အလုပ်။ နေ့တိုင်း နေ့တိုင်း စစ်သုံ့ပန်းနစ်ထောင်ကျော်ရဲ့မစင်နဲ့ အညစ်အကြေးသိမ်းရ၊ စွန့်ရတာကို တွက်သာကြည့်ပါတော့ ဗိုလ်မှူးကြီးရယ်။ နေ့တိုင်း နေ့တိုင်း လုပ်နေရတဲ့ အလုပ်လေ။ ပြီးတော့ မဟာမိတ်အရာရှိတွေ ရေချိုးဖို့ ရေဖြည့်ရတယ်။ ရေခပ်ရတယ်။ သူတို့စွန့်တဲ့ မစင်ကို သိမ်းကြရတယ်။ ခပ်ဆိုးဆိုးစစ်ပုလိပ်တို့ထောင်ဝန်ထမ်းတို့နဲ့တိုးရင် "ဟေ့ခွေးမသား ဂျပန်ကောင်၊ မြန်မြန်လုပ်ကွ" ဆိုပြီး အရိုက်အကန်ခံချင်ခံကြရသေးတာ။

"အဲ - သူတို့နဲ့ ပလဲနံပသင့်တဲ့ ဂျပန်စစ်သုံ့ပန်းတွေကတော့ သက်တောင့်သက်သာ ပေါ့ပေါ့ပါးပါးအလုပ်တွေလုပ်ရတယ်။ စိုက်ခင်းမျိုးခင်းမှာ ဟင်းသီးဟင်းရွက်စိုက်ရတာတို့၊ အဝတ်လျှော် မီးပူတိုက်၊ စားဖိုဆောင်တို့ လိုဟာမျိုးတွေပေါ့။

"ကုလားကုန်းရွာ လူသတ်မှုမှာ ကိုယ်တိုင်ဖြောင့်ချက်ပေးဝန်ခံခဲ့တဲ့ တပ်ကြပ်ကလေး အာခိယာစုအီရာကို ဆိုရင် ဘာလုပ်နေရတယ်မှတ်သလဲ။ ယင်ကောင်မောင်းတဲ့ အလုပ်တဲ့လေ။ သူတို့နေတဲ့အခန်းတွေ၊ ရုံးတွေ၊ ထမင်းချက်ဖို့၊ စားရိပ်သာတွေမှာ ယင်ကောင်တွေမလာအောင် မှုတ်ဆေးနဲ့ မှုတ်ရတာတဲ့။ ကောင်းလွန်းလှတဲ့ အလုပ်မျိုးမဟုတ်ပေမဲ့လည်း နေပူစပ်ခါးထဲမှာ တပင်တပန်းလုပ်ရတာမျိုး၊ မစင်ကျုံးရတာမျိုးနဲ့စာရင်တော့ အတော်ဟန်ကျတဲ့အလုပ်ပဲပေါ့လေ။

"အဲဒီထက်ပိုအဆင်ပြေတဲ့ ဖိုးကံကောင်းတွေရဲ့ အလုပ်ရှိသေးတယ်။ သားသတ်ရုံမှာလုပ်ရတာလေ။ တပ်ကြပ်ကြီးယာဒိုးတို့၊ နာကာမူရာတို့၊ ကီယိုရှိအိနာဘားတို့ လုပ်နေကြတဲ့ အလုပ်မျိုးလေ။ တစ်နေ့တစ်နေ့ကို နွားဆိတ်၊ သိုးစသည်ဖြင့် မျိုးစုံအောင် သတ်နေကြရတာပဲ။ သွေးသံတရဲရဲသွေးညှီနံ့တွေနဲ့ပေမဲ့ အလုပ်အပြန်ကျရင် ဟန်းကောရှင့်တစ်လုံးစာ အသားတွေရလာတတ်တယ်လေ။ သူတို့များဆိုရင် ကျန်တဲ့လူတွေက အရူးယားဖားယား "ရွှေပေါ်မြတင်" အရေးတယူကို ပေါင်းနေကြရတာ"

အား - ကျွတ် - ကျွတ် - ကျွတ်။ မရိုမဆန့်ညည်းညူသံထွက်လာ၏။

ကိုယ်နေကို ပြောင်းရွှေ့ကြည့်သည်။ မရ။ ညာလက်က သူ့ကိုယ်လက်တစ်ခုလုံးပိပြားနာကျင်နေသည်။ သွေးပင်လျှောက်တော့သည်မထင်။ တစ်လျှောက်လုံးတရစပ်ဆောင့်အကန်ခံထားရသည့်ရင်ညွန့်၊ ဝမ်းဗိုက်၊ ခေါင်းနံတွေက နာလှအောင့်လှသည်။ "သေတော့မှာပဲ၊ တစ်ခါတည်း သေသွားလိုက်ရတာကမှ ကောင်းသေးကွာ - ဟင်း"

မထင်မိခဲ့။

မည်သို့မျှ မျှော်လင့် ဥပါဒ်ထားခဲ့ခြင်းလည်းမရှိခဲ့။

ဂျပန်စစ်သုံ့ပန်းအုပ်စုတွေအတွင်းမှာ ကင်ပေဆန့်ကျင်ရေး၊ စစ်ပိုလ်ဆန့်ကျင်ရေးတွင် ပြင်းထန်လာနေပြီဆိုသည့် သတင်းကို နားမဆန့်အောင်အကြားရိုးနေခဲ့လည်း သူ့အပေါ်ကိုမူ ဤမျှမြန်ဆန်လွန်းလှစွာ အလှိုင်းတကြီး အန္တရာယ်ပေးလာလိမ့်မည်ဟု စိတ်မျှ မကွက်မိခဲ့။

ယခုတစ်လော သူလုပ်နေခဲ့ရသည့် လုပ်သစ်၏ ဖမ်းစားမှုကြောင့် သူ သတိလစ်ပေါ့ဆခဲ့မိရသည်လည်း ဖြစ်မည်။

ကြိုးစင်သန့်ရှင်းရေး - တဲ့။

သူ့စိတ်အထင် ခြောက်ပေပတ်လည်သာသာကြိုးစင်မှာ သစ်သားစင်မြင့်၊ သစ်သားထောက်တိုင်၊ သံအံဖုံးတံခါးစသည်ဖြင့် တည်ဆောက်ထားသည်။ မြေပြင်အထက် ငါးပေးခန့်မြင့်ပေလိမ့်မည်။ အောက်မှာ ကွန်ကရစ်ဖြင့် အခိုင်အခန့်တည်ဆောက်ထားသော သုံးပေအနက်ရှိ လှိုဏ်တွင်းရှိ

သည်။ ကြိုးပေးခံရသည့် သက်မဲ့အလောင်းကောင်ကြီးအား ကြမ်းခင်းပြင်နှင့် မထိစေပဲ တွဲလောင်းကြီးဖြစ်နေစေရန် တည်ဆောက်ထားခြင်းဖြစ်ပုံရ၏။

သူလုပ်ရသည့်အလုပ်က အဝတ်ကို ရေဆွတ်လျက် ကြိုးစင်တစ်ခုလုံးနှင့် ကြမ်းပြင်ကိုပါ ပြောင်စင်နေအောင် ရေဝတ်နှင့်သုတ်၊ သံထည်များအား ဒီဇယ်ဆွတ်ယ်အဝတ်ပါးဖြင့် အထပ်ထပ်သုတ်။ ဒေါက်နှင့်မူလီတွေ၊ နပ်တိုင်တွေကို အမဲဆီထည့်။ တစ်ချိန်က မြန်မာပြည်စစ်မြေပြင်မှာ လျှမ်းလျှမ်းတောက်တန်ခိုးထွားခဲ့သည့် ကင်ပေ (စစ်ပုလိပ်)အကြီးအကဲဟောင်း ယာမာဒါ၏ လက်ရှိ နိစ္စဓူဝတန်ခိုးထွားအလုပ်တဲ့လေ။ ရယ်စရာ မကောင်းလွန်းပေဘူးလား။

ပဲခူးရိုးမကို ဖြတ်ခဲ့ကြစဉ်တုန်းက ရန်သူလေယာဉ်ပျံပေါ်မှ ကြဲချခဲ့သည့် စာရွက်ကလေးများကို သူတို့ဂျပန်တပ်တွေ၊ စစ်သည်တွေ ကောက်ရခဲ့ကြဖူးသည်။ မဟာမိတ်တပ်များက ကြဲချခဲ့သည့် စာရွက်များ။

"အိုင်ဆရင်ဒါ" လို့ အော်ပြီးထွက်လာရင် သင့်ကို မသတ်ပါ" တဲ့။

ဩော် - ယခုဖြင့် သူတို့လက်ချပ်တွင်းကရှေနယ် စစ်သုံ့ပန်းဘဝရောက်နေသူများကို တတိတိ အမှည့်ခြွေ၊ ခြွေနေကြပြီပါကောလား။

ရင်ထဲ၌ ကျင်၍ စိမ့်တက်လာ၏။

ခံပြင်းမှု - ဒေါသ၊ ပြီးလျှင် အလျှံပြီးပြီး စက်ဆုပ်မုန်းတီးမှု။ နေနတ်မျိုးနွယ် နိပ္ပွန်တို့၏ စစ်သွေးစစ်မာန်။

စိတ်ကိုဖွတ်တင်းပြီး ကိုယ်ကို တစ်ပတ်လှိမ့်ပစ်လိုက်၏။

အား ။ အသဲခိုက်၍ တုန်သွားသည်။ နာလွန်းလှချည့်။ သို့သော်လည်း ပက်လက်အနေအထားဖြစ်သွားသဖြင့် အနည်းငယ်နေရချောင်သွားသည်။ နာကျင်မှုတွေ ပြင်းထန်နေဆဲဖြစ်သည့်တိုင် အသက်ကလေးဝဝရှူရှိုက်ခွင့်ရလိုက်၍ အမောပြေရ၏။

ဘယ်ညာလက်တွေကိုလှုပ်ကြည့်၊ လက်ချောင်းကလေးတွေကို ဆုပ်ချည်ဖြည့်ချည်ပြုကြည့်သည်။ အနည်းငယ်နေသာလာ၏။

"ဟင် - အိတ်ထဲက - ဘာပါလိမ့်"

စာရွက်ကလေးတစ်ရွက်ပေပဲ။

မြန်မာသတင်းစာ အပိုင်းအစကလေးတစ်ခုဖြစ်နေသည်။ ဖူးဆန်းသည်။ သည်သတင်းစာအပိုင်းကလေးက ဘယ်လိုဘယ်ပုံ သူ့အိတ်ကပ်ထဲ ရောက်လာနေပါလိမ့်။

"ထောင်ဖောက်ပြေးကြဖို့ အစီအစဉ်ရှိသည်။ အသင့်ရှိနေပါ။ ထပ်မံဆက်သွယ်မည်"

အလို - ဘုရားသခင်။

မိုးကြိုးမုန်တိုင်းတစ်စင်းက သူ့ရင်ကို ဖောက်ထွင်းလျက် ခွင်းသွားသလို။ လင်းကနဲ ဝင်းကနဲ ဖြတ်စီးသွား၏။ လောင်မီးမကျ မိုးကြိုးမစ။

"ရောင်ခြည်ပဲ - ဒါ မျှော်လင့်ချက်ပဲ။ သင်းတို့လက်ထဲမှာ သွန်လိုသွန်မှောက်လိုမှောက် ရုပ်ပျက်ဆင်းပျက်သေရမယ့်အစား၊ အသေခံမယ့်အစား တိုက်ပွဲဝင်ရင်း သေမယ်။ ဒါကမှ တကယ် ဘူရှိဒို စိတ်ဓာတ်၊ နီပွန်စိတ်ဓာတ် စစ်စစ်ပဲ"

သွေးတွေရှတ်ချည်းနွေးလာ၏။

စောစောက နာကျင်မှုတွေနှင့် သူသည် တစ်သီးတစ်ခြားစီ။ အဲ နကျင်ပြင်းပြနေသည့်တိုင် သူ့စိတ်တစ်ကူးက ပေါ့ပါးလွတ်လပ်။

"ထောင်ဖောက်ထွက်ပြေးကြမလို့တဲ့"

ကြိုးစင်ကို လှမ်းမြင်နေရသည်။

ကြိုးစင်နှင့် မားလွယ်ခုတ်လှမ်းမြင်နေရသည့် သည်အခန်းကလေးသို့ သူရောက်ရှိနေခဲ့သည်မှာ ရက်သတ္တပတ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်၏။ အကျဉ်းထောင် အာဏာပိုင်တို့က တမင်ပြောင်းရွှေ့ပေးထားခဲ့ခြင်းဖြစ်သည်။

သူ့အပေါ် စစ်ရာဇဝတ်ခုံရုံးက လူသတ်မှုတွေ တစ်သီကြီးဖြင့် စွဲချက်တင်ထားသည်။ တစ်ချက်မပြီတစ်ချက်ပြီ။ သူတို့စွပ်စွဲထားသည့်အတိုင်း ပြစ်ချက်တွေကို ရှန်းမထွက်နိုင်ခဲ့လျှင်။

သူ့ရှေ့ရှေ့က သူ၏ရဲဘော်ရဲဘက်များ လျှောက်ခဲ့သည့်လမ်းအတိုင်း လှမ်းမြင်နေရသည့်ကြိုးစင်ထက်မှာ နိဂုံးချုပ်ဖို့ကဖြင့် သေချာနေတော့သည်။

"ကဲ – ရဲဘော်ကြီးရေ – သွားနှင့်တော့မယ်ဗျာ။အဘက်ဘက်ကကူညီခဲ့တဲ့အတွက်တော့ ကျေးဇူးပဲ"

"သွားနှင့်ပေဦးတော့ဗျို့ ကျုပ်အတွက်လည်း နေရာကောင်းကောင်း ယူထားနှင့်။ ကျုပ်လည်း မကြာခင်လိုက်လာခဲ့မယ်"

သည်ရက်ပိုင်းကလေးအတွင်းမှာပင် သည်ထောင်အခန်းထဲမှ ကြားခဲ့ရသည့်အသံတွေ။ မြစ်ကြီးနားဘက်က နာမည်ကြီး ကင်ပေအရာရှိ နရိုရိုလည်း သွားရှာပြီ။ ကုလားကုန်းရွာ လူသတ်မှု၌ တာဝန်ရှိသည်ဟု အမိန့်ချခံခဲ့ရသူ စစ်တရားခံတွေလည်း သည်ကြိုးစင်ထက်မှာပင် သေခဲ့ကြရပြီ။ မြောင်းမြထောင်မှ နိုင်ငံရေးသမား (၄၁)ဦး သတ်မှု၏တရားခံ ဆူးဇုကီး၊ ယာမာဆာကီး၊ အဒါချီးတို့အဖွဲ့တွေလည်း သုတ်သင်ခံခဲ့ရပြီးပြီ။

ကြိုးဒဏ်ကျတရားခံကို လက်နောက်ပြန်ကြိုးတုတ်လျှက် ကြိုးစင်ပေါ် ဆွဲတင်လာပုံ၊ ကြိုးစင်အလည်တည့်တည့်၌ ရပ်ခိုင်းထားပြီး လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ပုံ၊ "ဒိုင်း"ကနဲ ဒေါက်ကိုဖြုတ်ချလိုက်သည့်အခါ ကြိုးသမား၏ ခြေဖဝါးအောက်မှ လက်ယှက်သံပြားကြီးနှစ်ချပ်က "ဖြန်း"ဆို ပြုတ်၍ကျသွားပုံ၊လည်ပင်းမှာကြိုးကွင်းတန်းလန်းနှင့်သေဒဏ်ကြိုးသမားသည် ကြိုးစင်အောက် လှိုဏ်ပေါက်ထဲသို့ စုပ်ကနဲ ဒုတ်ဒုတ်ထိထိုးစိုက်ကျသွားပုံ၊ တင်းကနဲ တောင့်ကနဲ လှုပ်လှုပ်ခတ်ခတ် တစ်ချက်နှစ်ချက်လွန့်သည်ဆိုရုံသာ လွန့်၍ ဇီဝိန်ချုပ်ငြိမ်ကျသွားပုံ။

မမြင်မတွေ့ချင်။ သို့နှင့်တိုင် ထိုမြင်ကွင်းများကို မျက်နှာလွှဲ၍ မရနိုင်ခဲ့၊ သူ့အခန်းကလေးထဲမှ အတိုင်းတိုင်းမြင်နေရသည်ပင်။

သောကြာနေ့။

တုတ်သည်။ သောကြာနေ့တိုင်း ကြိုးဒဏ်စီရင်ခြင်း၊ ကွပ်မျက်ခြင်းများကို လုပ်လေ့ရှိစမြဲ။

သီလည်းသီသာလှသည်။

လူတစ်ယောက်၊ စစ်သုံ့ပန်းတစ်ယောက်ကို ကြိုးပေးတော့မည်ဆိုလျှင်၊ မသတ်ခင် အကြိုညမှာ အရက်သောက်တက်သူဖြစ်လျှင် အရက်တိုက်တတ်၏။

သံစဉ်စည်းဝါးမညီ၊ စာသားမပီမသ သွေးရူးသွေးတမ်း အသံနက်ကြီးတွေဖြင့် စိတ်ထင်ရာ သီချင်းအော်ဆိုနေသံတွေ ကြိုးတိုက်ခန်းဘက်ဆီမှ ထွက်လာပြီဆိုလျှင် နောက်တစ်နေ့နံနက်စောမှာ ကြိုးပေးစီရင်ပေတော့မည်။ အသိသာကြီး။

သားသတ်ရုံမှ လည်လှီးခံရသည့် နွားတွေ၊ ဆိတ်တွေ နာနာကျင်ကျင် အော်မြည်နေသလို သေခါနီး ကြိုးသမား၏ မပီမသ သီချင်းဆိုသံတွေက ညကိုကိုင်လှုပ်နေသလိုပင်။ "ရှင်ဒဲ့နိကာရှိ (မွေးရပ်ဌာနေ)" တဲ့။ အကြားရဆုံးသီချင်း။ ဂျပန်စစ်တရားခံ သေဒဏ်ကြိုးသမားတို့၏ နှုတ်ဆက်သီချင်း၊ နလုံးကွဲကြေလျှက် သွေးမျက်ရည်ဖြိုင်ဖြိုင်စီးစွာ မရှိတင်ကဲ နောက်ဆုံးမြည်တမ်းခဲ့ကြသည့်သီချင်း။

စတင်ကြားရကာစကမူ တုန်လှုပ်လိုက်သည်ဖြစ်ခြင်း။

"ဘုရား - ဘုရား။ တစ်နေ့ကျရင် ဒီကြိုးစင်ပေါ်မှာ ငါလည်း ဒီလိုပုံစံမျိုးနဲ့ သေရမှာပဲထင်တယ်။ ငါ့အလှည့်က ဘယ်နေ့မှာ ရောက်လာမှာလဲ။ နက်ဖြန်လား - သန်ဘက်ခါလား။ လာမည့်သောကြာလား။" ထိုသီချင်းသံကြီးများက လှိုက်သံကြီးတွေပေါက်လျှက် သူ့အား ညှိုးငင်နွမ်းရစ်ပတ်လိမ့်လာနေကြသလိုလို။

"ဘဝဟောင်းက ဝဋ်ကြွေးသံသရာကို ဒီမြေပေါ်မှာပဲ ကြေအောင် ဆပ်ရတော့မယ်နဲ့တူပါရဲ့" ။ အတွေးတွေဖြင့် တုန်တုန်လှုပ်လှုပ်။

"ဒေါက်"

"ဒေါက် - ဒေါက်"

"ဒေါက်"

"ဒေါက် - ဒေါက်"

"ဒေါက် - ဒေါက် - ဒေါက်"

ဟော။ သူမျှော်နေသည့်အသံ။

ထောင်အုတ်နံရံထုကြီးကို ခပ်ဆဆ ခေါက်၍အချက်ပြဆက်သွယ်နေသည့်အသံ။ သည်ရက်သတ္တပတ်အတွင်း သူနှင့်ရင်းနှီးအထာကျနေသည့် အသံ။ ပြီးတော့ သူ့ရင်ထဲမှ တိတ်တခိုးကြိတ်၍အမြဲမျှော်နေသည့်အသံ။

အသံရှင်ကို သူမသိ။ မြင်ဖူးတွေ့ဖူးခဲ့ခြင်းလည်းမရှိ။ အုတ်နံရံကိုခေါက်၍ အချက်ပေးသံတချို့မှ တစ်ပါး သူ့စကားသံတစ်လုံးတစ်ပါဒမျှကိုလည်း ကြားခွင့်မကြုံခဲ့စဖူး။

သို့သော် ထိုတစ်နေ့က သူ့အား စာဖြင့်ဆက်သွယ်ခဲ့သူပင်ဖြစ်တန်ရာ သည်။ ထောင်ဖောက်ထွက်ပြေးဖို့ အသိပေးစည်းရုံးခဲ့သူပင်ဖြစ်နိုင်သည်။ ရဲဘော် "ကော" ဟု လျှို့ဝှက်အမည်ပေးထားသူပင်ဖြစ်၏။

"ဒေါက်"

"ဒေါက်"

"ဒေါက် - ဒေါက် - ဒေါက်"

သူတို့သိထားနှင့်ကြပြီး အချက်ပြသင်္ကေတအတိုင်း အုတ်နံရံကို ဖွဖွ ခေါက်သည်။

"အခြေအနေထူးပြီထင်တယ်။" ရင်ထဲ၌လည်း မတုန်လှုပ်စဖူး ထူးထူး ကဲကဲ တုန်လှုပ်ချောက်ချားနေ၏။ စစ်မြေ၌သာစီမြဲ စစ်သွေးတို့ ဆူဝေလျှံ တက်လာသည်။

"ဒေါက်"

"ဒေါက်"

"ဒေါက် - ဒေါက်"

ဟုတ်ပြီ။ ရဲဘော် "ကော" ပဲ။ သေချာပြီ။

အသက်ကိုတစ်ဝကြီးရှူသွင်းလိုက်ပြီးမှ ထောင်နံရံကြီးကို ပုဏ္ဏားဝိုင်းမြှလျှက် သူတို့အပြန်အလှန်သတင်းတွေ ဖလှယ်မိကြသည်။

"အခြေအနေဘယ်လိုလဲ"

"မကောင်းဘူး"

"ဘယ်လိုကြောင့်လဲ"

"လက်ကျန်အဖွဲ့ဝင် ခြောက်ယောက်ထဲက သုံးယောက်ပဲသွားခဲ့ပြန်ပြီ။ ယန်ကီးတွေကပြစ်ဒဏ်လျှော့ပေါ့ပေးပြီး ဂျပန်ပြည်ကိုပြန်ပို့ပေးမယ်ဆိုတဲ့ သွားရေကျချင်စရာ မြှူထဲမှာ မိသွားကြပြန်ပြီ"

"အိုး"

"သေသင့်တဲ့ကောင်တွေ။ ဂျပန်မပီသလိုက်တာ" မြည်နေသည့် ဒေါသတို့ တလိပ်လိပ် နိုးထအုံကြွလာ၏။

ရန်ကုန်ထောင်ကို ဖောက်၍အုတ်နံရံကို ကျော်ပြီး ထွက်ပြေးရန် စတင်ကြံစည်ခဲ့စဉ်က တစ်ကျိပ်တည်းတစ်ညာဏ်တည်းဘဝတူစစ်သုံ့ပန်း(၁၈)ဦးကို စုစည်းနိုင်ခဲ့ကြသည်။

ရန်ကုန်ထောင်ကြီး၏ အိပ်ဆောင်များ၊ တိုင်းခန်းများအတွင်း အိပ်ဆောင်ဝင်းနံရံတံတိုင်းများ၊ အုတ်ချုပ်မှုရုံးခန်းများတည်နေပုံတွေကို အသေးစိတ်စေ့စေ့စပ်စပ်မှတ်သားစေ့ငုကြ။ ထောင်ဝန်ထမ်းများနှင့် မဟာမိတ်စစ်တပ်မှ တွဲဖက်ချထားသည့် စစ်ပုလိပ်များ၏ တာဝန်ဝင်ရောက်ပုံ၊ ကင်းလဲလှယ်ပုံ၊ တာဝန်ထမ်းဆောင်ပုံ၊ အိပ်ဆောင်နှင့်တိုက်ခန်းသော့များ ထိန်းသိမ်းထားရှိပုံစသည် "ပြေးလမ်း"အတွက် အသုံးဝင်နိုးရာရာ၊ အခွင့်အရေးကောင်း တွေ့နိုးရာရာများကို ကိုယ်စီတာဝန်ခွဲလျှက် စူးစမ်းလေ့လာကြ။ ရှာဖွေကြ။ ရရှိလာသည့်သတင်းများကို ဖလှယ်ကြ။ ထွက်ပြေးဖို့ အစီအစဉ်ကို သေသေချာချာရေးဆွဲကြ။

သည်တွင်မှ ဝါးအစည်းပြေသလို ပြေလျှက် ထွက်ပြေးမည့်အဖွဲ့ဝင်(၁၂)ယောက်က အဖွဲ့မှ ထွက်ခွာဖို့ကြံလာကြသည်။

"ငါတို့မှာ ဘာအပြစ်မှမရှိကြတာပဲ။ စစ်ကြီးလည်းပြီးပြီ။ စစ်ရာဇဝတ်ခုံရုံးဆိုတာကလည်း ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုပဲ။ ပြီးတော့လည်းပြီးသွားမှာပေါ့။ "ဟစ်တလာ"နဲ့ သူ့ရဲ့နာဇီတွေလို ရက်စက်တဲ့အလုပ်မျိုးကို သူတို့မဟာမိတ်တပ်ဖွဲ့တွေက မလုပ်လောက်ဖူးလို့ထင်တယ်။ မကြာခင်တစ်ခုခုတော့ အခွင့်အရေးရလာမှာ။ ထွက်မပြေးလည်း လွတ်မှာပဲ။ ထွက်ပြေးဖို့က တော်တော်ခက်တယ်။ လွတ်ဖို့လမ်း သိပ်မမြင်ဘူး။ ထောင်ကြီးကိုကျော်ပြီး ပြေးနိုင်ခဲ့လည်း ဘာဆက်လုပ်ကြရမှာလဲ"

သူတို့က လေသံတစ်သံတည်းထွက်လာသည်။

သည်ရက်ပိုင်းမှာ သူတို့အဖွဲ့တွေသည် သားသတ်ရုံ၊ စားဖိုကြီးနှင့် ထမင်းစားဆောင်တွေ၌သာ တာဝန်ပေးခြင်းခံနေရပြီး ယန်းကီးစစ်ဗိုလ်အချို့ထောင်အရာရှိတချို့နှင့်လုံးထွေးလုံးထွေးလေပေးဖြောင့်နေကြသည်ကို သိထားနှင့်ပြီးဖြစ်၍လည်း သိပ်တော့မဆန်း။ အသက်ရှင်သန်ကြွင်းရစ်ဖို့ တစ်ခုတည်းသာ အဓိက မျှော်လင့်ချက်ဖြစ်နေသည့် သည်အခြေအနေသည်ထောင်ကြီးထဲမှာ သူတို့ကိုအပြစ်တင်၍မဖြစ်။ "လူပဲလေ။ သူ့အသက်ရှင်ဖို့လမ်းကို သူ့စိတ်အလိုရှာ သူ့ဘာသာရွေးမှာပေါ့"

"တစ်ခုတော့ ကျုပ်တို့ သေသေချာချာ ကတိပေးပါတယ်ဗျာ။ ခင်ဗျားတို့တစ်တွေရဲ့ ထောင်ကထွက်ပြေးဖို့အစီအစဉ်ကို ကျုပ်တို့ပါးစပ်က သေတောင်ဖွင့်မပြောပါဘူး။ ဆက်လုပ်ဖြစ်မယ်ဆိုရင်လည်း ဆက်လုပ်ကြပါ။ အသက်ရှင်နေကြဦးမယ်ဆိုရင်တော့ တစ်နေ့နေ့တစ်ချိန်ချိန် ဂျပန်မှာ ပြန်ဆုံကြသေးတာပေါ့"

သည်လိုနှင့်။

သူတို့ အစုကလေးက ခြောက်ယောက်ပဲကျန်ရစ်တော့သည်။ ကဲ-ယခုကော၊ ဘာဖြစ်ရပြန်ပြီနည်း။

"ဘယ်လိုဖြစ်ရတာလဲ"

"တပ်ကြပ်ကြီး "အေ"ရယ်၊ ဗိုလ်မှူး "အက်စ်"ရယ်၊ ကင်ပေဗိုလ်ကြီး "ဇက်"ရယ်က မပါချင်ကြတော့ဘူးတဲ့"

"ဟင် - ဘာဖြစ်လို့"

"ဖြောင့်ချက်ပဲပေးလိုက်တော့မယ်တဲ့။ ဖြောင့်ချက်ပေးရင် စစ်ဆင်ရေးတာဝန်အဖြစ် သတ်မှတ်ပြီး ပြစ်ဒဏ်လျှော့ပေးမယ်တဲ့။ မကြာမီ ဂျပန်ကိုပြန်ပို့မယ့် ပထမအသုတ်စစ်သုံ့ပန်းစာရင်းမှာ ထည့်ပေးမှာတဲ့"

"တောက် - ခွေးမသား သစ္စာဖောက်တွေ"

"အခုတော့ ငါတို့သုံးယောက်ပဲကျန်တော့တယ်"

"ဟိုကောင် - ဗိုလ်မှူး "ဝိုင်" ကရော စိတ်ချရရဲ့လား"

"စိတ်ချရပါတယ် - သူလည်းမန္တလေးဘက်ကလူသတ်မှုတွေအတွက်နဲ့ ကြိုးပေးခံရဖို့ သေချာနေတဲ့သူပဲ။ မပြေးလည်း သေ ပြေးလည်းသေမှာ ဒီတော့ တို့လိုပဲ ပြေးရင်းလွှားရင်း တိုက်ရင်း သေရမယ့်လမ်းကို ရွေးထားတာတဲ့"

"ကောင်းတယ် - ပြီးခဲ့တဲ့ သောကြာနေ့က မြောင်းမြလူသတ်မှုရဲ့ တရားခံအချိုဒါးတို့ သုံးယောက်တော့ သွားနှင့်ကြရှာပြီ သိလား"

"သိတယ် လာမယ့်သောကြာနေ့ကလည်း တို့အလှည့်ဖြစ်လာနိုင်သေးတယ်။ မနက်ဖြန် သဘက်မှာ စစ်ခုံရုံးက သေဒဏ်ချမယ့်တရားခံတွေရှိတယ်တဲ့။ ညက ထောင်ပိတ်လာရင်း ကုလားထောင်မှူး မစ္စတာဘာဂဝမ်ဆင်တို့တစ်တွေ ပြောနေသံကြားလိုက်ရတယ်"

"သေချာပြီ - အဲဒါ - တို့အလှည့်ဖြစ်မှာပဲ။ ဒါဆိုရင်"

ရုတ်ချည်းငြိမ်ကျသွား၏။

နံရံတစ်ဖက်မှ ရဲဘော် "အေ" ၏ အသက်ရှူသံ၊ နလုံးခုန်သံကိုပင် ပြက်ပြက်ထင်ထင်ကြားနေရသလိုလို။

"လုပ်ငန်းစကြမှပဲ"

"ကောင်းတယ် - မြန်လေကောင်းလေပဲ"

"အဲဒီတော့"

တစ်ဖက်မှ အသံက ပိတ်ပိတ်သားငြိမ်နေပြန်သည်။

"ဒီကနေ့ည"

"ဘာ - ဘယ်လို"

"ဒီကနေ့ညမှာသတိနဲ့နေပါ။အခြေအနေပေးခဲ့ရင်ဒီကနေ့ညမှာပဲလှုပ်ရှားတော့မယ်။ အသေးစိတ်အစီအစဉ်တွေကို အားလုံးကြိုတင်စီမံထားပြီးပြီ။ လုံခြုံရေးအခြေအနေကောင်းခဲ့ရင်"

"ဒီကနေ့ညနော် - ဟုတ်လား"

"ဟုတ်တယ် - ဒီကနေ့ည - အဲ မနက်ဖြန် မနက်လင်းအားကြီးလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ အဖြစ်နိုင်ဆုံးက သန်းခေါင်နဲ့နှစ်ချက်တီးအကြား"

"ဘာလုပ်ထားဖို့လိုသေးသလဲ"

"မလိုဘူး။ စည်းရုံးထားတဲ့ထောင်ဝန်ထမ်းကုလားစန္ဒရီက တံခါးသော့ဖွင့်ပေးလိုက်ရင် အရင်စည်းဝါးကိုက်ထားတဲ့ ထောင်ကြီးရဲ့အရှေ့ ခြမ်းကတ္တရာလမ်းဖက်ကိုသာ အမြန်ဆုံးလာခဲ့ပေတော့။ ရေစက်ရုံကလေးရဲ့နောက်ဖေးအမှောင်ရိပ်ဟာတို့ရဲ့ဆုံရပ်ပဲ။ အဲဒီနေရာကမျှော့စင်နဲ့ဇဟိုကင်းတွေပေါ်က မီးမောင်းကြီးတွေနဲ့ ကောင်းကောင်းလွတ်နေတဲ့နေရာ။ အဲဒီမှာ ဆုံကြမယ်"

"ဘယ်အချိန်အထိလဲ"

"မပူပါနဲ့ - ငါတို့က ကြိုပြီးရောက်နှင့်နေမှာပါ"

"Ok"

"Good Luck"

သူ၏အသက်ရှင်ခြင်းသည် ယခုဖြစ်ပို၍အဓိပ္ပာယ်ရှိခဲ့ပြန်လေပြီ။

## "ဆာယိုနာရား . . ဆာယိုးနာရား"

ဝင်းခနဲပြက်လိုက်သည့် ကင်းမျှော်စင်ပေါ်မှ မီးမောင်းလျှပ်ရောင်သည် သူ့ကိုယ်ပေါ်မှဝဲ၍ ဖွေးဖွေးထိန်ထိန်ဖြတ်ပြေးသွား၏။ တစ်စက္ကန့်၊ နှစ်စက္ကန့် - သုံးစက္ကန့် - စက္ကန့်သုံးဆယ်။ နောက်ထပ်အလင်းတန်းကြီးတစ်ခုက တန်းကနဲထိုးစိုက်၍ ဆင်းလာပြန်သည်။ စက္ကန့်သုံးဆယ်ခန့်မျှသာပဲ။ မီးရောင်အလင်းတန်းနှစ်ခု ကြက်ခြေခတ် လက်ယှက်ထိုးလျှက် သူ့ရှေ့မှ ကြိုးစင်နှင့် ကြိုးတိုင်ဝန်းကျင်ပတ်ခြာလည်ကိုအချိန်အတန်ကြာ စီးမိုးဖြန့်ကျက်ကာ ဟိုမှသည် သည်မှဟို ဖြာဆင်းနေလိုက်သေး၏။

ပြီးလျှင်။

မီးမောင်းကြီးနှစ်ခုစလုံးတိကနဲ တစ်ပြိုင်နက် ရပ်သွားတော့သည်။ နဝပ်အား မီးရောင်မှုန်သဲ့သဲ့ဖျားမှ တစ်ပါး ပကတိအမှောင်။

"ဟုတ်ပြီ - ကဲ - ထ၊ သုတ်ခြေတင်ပြေးပေတော့။ ဒီတစ်ချီတည်းနဲ့ ကြိုးစင်နောက် လှိုက်ပေါက်ဝက မီးမောင်းလွတ်ရာအမှောင်ရိပ်ဆီကို တစ်ချိုးတည်းအရောက်လစ်ပေတော့။" ဘာသာအားသစ်လျှက်ရှိသမျှခွန်နှင့်အားကိုညှစ်ရုန်း၍ ထပြေးသည်။

လေးညှိုးမှ လွတ်လိုက်သည့်မြားတစ်စင်းပမာ။

တစ်လှမ်း - နှစ်လှမ်း - သုံးလှမ်း။ တစ်ရွေ့ နှစ်ရွေ့၊ သုံးရွေ့။ စိတ်အလိုသို့ ကိုယ်က မလိုက်နိုင်။ ချည့်နဲ့ပိန်လှီလှပြီဖြစ်သည့် အရိုးစု ကမ္ဗဏ္ဍာန်ကောင်သာသာ သူ့ကိုယ်ကောင်သည် အလဲလဲအပြိုပြို။ တုန့်ဆိုင်းလေးတွဲ့နေသည့် အကြောအချင်များကလည်း ဖဝါးတစ်ရွေ့ခြေတစ်လှမ်းအနှုတ်အသိမ်းမျှကိုပင်သယ်နိုင်ဟန်မပြ။ လျှပ်လက်သကဲ့သို့ပေါ့ပါးလျှင်မြန်လွန်းသည့် ဇောစိတ်က တစ်ခြား။ ယိုယွင်းယိမ်းယိုင်နေပြီဖြစ်သည့် သူ့ခန္ဓာဝန်အစုအဝေးက သူ့ဘာသာ တစ်သီးတစ်ခြား။ အချင်းချင်း တွန်းထိုးဆန့်ကျင်ရုန်းကန်နေလျှက်။

"တောက် - ချီးတဲ့မှကွာ။ တကယ့်အရေးကြီးလည်းမှာမှ။ ဒီသောက် ခြေတွေ လက်တွေက နေးကွေးလေးလံလွန်းလိုက်တာ။ ရန်သူတပ်တွေ ကြာထဲမှာ ဖိန့်ဖိန့်တုန်ခဲ့ဖူးတဲ့ "အာဋ္ဌာဝက ယာမာဒါကြီး" များဟုတ်မှ ဟုတ် သေးရဲ့လားကွာ။ ကြည့်ပါဦး - ခွေးဝဲစားတစ်ကောင်ကတောင်မှ ဒီထက်မြန် အောင်ပြေးနိုင်လိမ့်ဦးမယ်။ ပြေး - ပြေး - ပြေးပါဟ၊ ပြေးလိုက်စမ်းပါဟ၊ ဒီ ခြေထောက်တွေနယ်။ နင့်အမေလင်တွေရဲ့မီးမောင်းကြီးက တစ်ပတ်ကြွေး လာဦးတော့မှာ။ ပြီးရင် ပတ္တာရောင်အဖွဲ့နဲ့ စစ်ခွေးအဖွဲ့တွေ တစ်သီတစ်တန်း ကြီး ကင်းလှည့်လာကြဦးမှာ။ ပြေးမှ - ပြေးမှ။ ရဲဘော် "ကေ" တို့ရောက်နေ နင့်ကြရော့မယ်။ ဟိုးဟိုးမှာ ကြိုးစင် - ပြေးထား - ပြေးထား"

ခြေလေး ငါးလှမ်းအရှေ့ကတည်းက လိုက်၍လိုက်၍ ဟိုက်တက်လာ သည့် အမောလုံးကြီးသည် ရင်ဝကို တဒုန်းဒုန်းဆောင့်တိုးလျှက်ရှိ၏။ သူ့ ပါးစပ်နှင့်နှာခေါင်းမှလည်း ဖားဖိုကြီးထိုးသလို တရှူးရှူးတရှဲရှဲ မောသံကြီး ဆွဲလျက်ရှိသည်။ နလုံးခုန်မမှန်။ အူအသည်းကလီစာတွေ တစ်ပြုံလုံး ပြုတ် ထွက်လျှက် လည်ချောင်းဝ၌ ဆို့ပိတ်နေသည်သို့ဖြစ်၏။ ခြေကုန်နွားတစ် ကောင်နယ် တွဲ့တွဲ့ဝဲ့ဆိုင်း။

"အံမယ်လေး - လေး။ မောလိုက်တာ၊ ရေ - ရေ - ရေ ရေငတ်လိုက်တာ ဟာ။ အား - အသက်ရှူရခက်လှချည့်။ မောလိုက်တာ - မောလိုက်တာကွာ၊ သေတော့မှာပဲ"

မခံမရပ်နိုင်။

လှမ်းဆဲခြေတို့သည် ရှေ့သို့ မရွေ့ဘဲ ဟပ်ထိုးဟပ်ထိုးနှင့်မှောက်လျက် လဲကျသွားတော့သည်။ "ဟောဟဲ - ဟောဟဲ - ဟောဟဲ။" တော်သေးရဲ့ မီးမောင်းရောင်ကြီးက ဖွေးကနဲ လင်းထိန်လာပြန်လျှက် သူ့အနီးတစ်ဝိုက် ဝီးကျလာနေပြန်တော့၏။

"စန္ဒရီ - ဘာရာ - အော်လီဆေး"

"အော် - လီ - ဆေး"

"အော်လီဆေး"

အကျဉ်းထောင်အိပ်ဆောင်များ၊ တိုက်ခန်းများဘက်ဆီမှ ညကင်းအဖွဲ့တို့၏ သတင်းပို့သံများက လှိုင်းလုံးကြီးတွေရိုက်ခတ်လာသလို ဟိန်းဟိန်းညံ့နေသည်။

အကျဉ်းထောင်အုတ်ရိုးကြီးပေါ်ရှိ ကင်းစင်များ၊ ဗဟိုကင်းကြီးပေါ်မှ ကင်းအဖွဲ့များ၏ လျှပ်စစ်ဆလိုက်မီးမောင်းကြီးများက တစ်ပြိုင်နက်တည်း ဝင်းကနဲ လင်းကနဲ ဖွေးဖွေးထိန်ထိန်ပေါ်လာလိုက် ပျောက်သွားလိုက်ဖြင့် တစ်ထောင်လုံးအနှံ့ပိုက်စိုက်တိုက်လျှက်သတိမလပ်စောင့်ကြပ်နေကြပြန်သည်။

သူသည်ဘေးတိုက်တစောင်းဆွဲကြီးလဲကျနေရာတောင်ယာခင်းကန်စွန်းနွယ်အုပ်အုပ်စုစုကလေးအတွင်းသို့ မျက်နှာဝှက်လျှက် အသက်မျှ မရှူနိုင်ဘဲ ပြားပြားဝပ်နေလိုက်သည်။ "တစ် - နှစ် - သုံး - လေး - ငါး။ ဟာ ဒီမီးမောင်းကြီးတွေကလည်း ရပ်ပါတော့ဟာ။ ရိုးတဲ့မှပဲ။ အခုမှလာပြီး ဝီရိယကောင်းနေလိုက်ကြတာ။မပြောလိုက်ချင်ဘူး။" စိတ်မောလူမောအာရုံစောနေ၏။

သူအဖွဲ့တွေရောက်နှင့်ကြရော့မည်။

ကြိုးစင်၊ ကြိုးတိုက်ဘက်အခြမ်းက သစ်ကြီးဝါးရိပ်တွေမြှင့်သည်။ အမှောင်သိပ်သည်းသည်။ ထောင်နံရံကြီး၏ အခြားတစ်ဖက်၌ မော်တော်ကားလမ်းရှိနေပုံရ၏။ မော်တော်ကား စက်သံတွေကို အဆက်မပြတ်ကြားနေရသည်။ တစ်ချီတစ်ချီပေါ်၊ ပေါ်လာသည့် ကုန်တင်လော်ရီကားကြီးများ၏ တအီအီ တအုန်းအုန်းရန်းကန်မောင်းနှင်သံက လေးလေးတွဲ့တွဲ့ဖြင့် သူ့ကိုညို့ငင်နေသယောင်။

ဟော။ မီးတွေမှောင်သွားကြပြန်ပြီ။

အမှောင်နှင့်အတူ ထောင်ဝင်းကြီးတစ်ခုလုံး ငြိမ်တိတ်သွားပြန်တော့ရာ ညတစ္ဆေကြီးက သူ့လျှာမည်းကြီးကိုဖြန့်ခင်းထားသလို ဖြစ်၏။

သူသည် ခြေတွေလက်တွေ တဆတ်ဆတ်တုန်ရီနေသည့်တိုင် ဖွတ်ဖွဲခတ်အားတင်း၍ ကုန်းကြုံးထလိုက်၏။ "အချိန်မရှိတော့ဘူး။ ဆုံရပ်ကို အမြန်ပြေးမှ။ မကြာခင် လှည့်ကင်းအဖွဲ့ဖွဲ့တွေ သိသွားခဲ့ရင်"

မရ။

တဆတ်ဆတ်တုန်ပြီး ခွေကနဲလဲကျပြန်သည်။

ဒူးတွေကအဆံချောင်နေပြီ။ ရိုးတွင်းခြင်ဆီတွေခန်းနေပုံရသည်။ အရိုးအကြောအရေထူအရေးပါတွေချည်းသာကျန်တော့သည့် သူ့ကိုယ်ကောင်ကြီး၌ အသားအသွေး အားအင်တွေကုန်ပြီ။ ခန်းခြောက်နေခဲ့ပြီ။

တံတွေးတွေ ခါး၍ ချဉ်စုတ်စုတ်ဖြစ်နေ၏။ ပေါ်ပေါ်များများပင် မထွက်နိုင်တော့။ စေ့ကပ်ပျစ်ချွဲလျက်။

သူ့အဆုပ်ထဲမှ ပါးပါးလွှာလွှာ မီးခိုးငွေ့ သက်ပြန်လေများပင် ဟောဟဲလိုက်ထွက်လာနေတော့၏။ "ဒုက္ခပဲ။ အကုန်လွဲချော်ကုန်တော့မှာပဲ။ ဒီအချိန်ကလေးမှာမှ မလှုပ်မရှားနိုင်ခဲ့ရင်"

ဆက်မတွေးဖြစ်တော့။

"ယာမာဒါရယ်။ သေတာထက်ဆိုးတဲ့ဘဝ၊ သေခြင်းထက်ပြင်းတဲ့ဒုက္ခရှိဦးမတဲ့လားကွာ။ မသေချင်ရင် အသက်ရှင်နေချင်သေးရင် ထစမ်း။ နမနေနဲ့ - နွဲ့မနေနဲ့။ သေသေကြေကြေရင်ဆိုင်စမ်း။ ဖီးနစ်ငှက်တောင်မှပဲ မီးပုံထဲခုန်ဆင်းပြီးကာမှ တစ်ဖန်ရှင်ပြန်ထ မြောက်ရတာပဲမဟုတ်လား။ ကိုင်းဟေ့ - ယောကျ်ားဘသား - ကျားဘသား"

သူ့အရိုးစုဂေါင်ဂင်ကို စိတ်ခွန်အားဖြင့် တင်းတင်းပတ်ချည်လျက် ကျုံ့ထသည်။ တစ်လှမ်း - နှစ်လှမ်း - သုံးလှမ်း။ ပြေး - ပြေး - ပြေး - အားကုန်ပြေးစမ်း။ ဟိုမှာမြင်နေရပြီ။ ကြိုးစင်၊ ကြိုးတိုက်၊ ပြီးလျှင်အုတ်ခင်းစီလမ်းကလေး၊ သစ်ရိပ်မြိုင်မြိုင်။ ထောင်နံရံတံတိုင်းမည်းမည်းကြီး။ မြင်နေရသည်။ မြင်နေရသည်။ တစ်လှမ်းချင်းတစ်ရွေ့ခြင်း သူ့ဆီတိုးဝင်လာနေပြီ။

"ရဲဘော်ကေနဲ့ ဗိုလ်မှူး "ဗိုင်" တို့ ရောက်နှင့်လောက်ပြီ။ အုတ်တံတိုင်းကို တွယ်တက်ဖို့ စောင်နဲ့ကြိုးကျစ်ပြီးပြီ။ သံချိတ်ကိုလည်း ထောင်ကြပ်ဘဂံ

ဝမ်ဆင်းက သွင်းပေးထားခဲ့ပြီးပြီ။ နရန်းဆင်အဘိုးကြီးက သူတို့အဆက်အသွယ်တွေက တစ်ဆင့် ထောင်တံတိုင်းအပြင်မှာ သူတို့ကို ခေါ်တင်ပြေးဖို့ ဂျစ်ကားတစ်စီးစီစဉ်ခဲ့ပြီးပြီ။ သူတို့တိုက်ခန်းတွေကိုတောင် သော့တခုနဲ့ဖွင့်ပေးနိုင်ခဲ့ပြီပဲ။ ကျန်တဲ့အပိုင်းတွေလည်းအဆင်ပြေမှာပါ။ အရေးကြီးတာက "ဆုံရပ်"ကို သူ အချိန်မီရောက်ဖို့ကဲ– ပြေး–ပြေးစမ်း"

စိတ်ဆောင်၍ထင့်။

ခြေလှမ်းတွေ သွက်လာသည်။ ရစ်စိတ်စစ်သွေးတွေ ဆူပွက်လာသည်။ ပို၍တက်ကြွရဲရင့်လာ၏။ ပြေး–ပြေးဟေ့–ပြေး။ အာဠာဝကကြီးအသက်ဝင်လာခဲ့ပြီလေ။ ပြေးစမ်း၊ ပြေးစမ်း။

"ဒေါင်"

"ဒေါင်"

"ဒေါင်"

"ဒေါင်"

"တွီ–တွီ–တွီ–တွီ"

"ဒေါင်"

"ဒေါင်"

"ဒေါင်"

"တွီ–တွီ–တွီ–တွီ"

အလိုမြတ်စွာဘုရား။ ဘာတွေဖြစ်ကုန်ပြီလဲ။

ထောင်အုတ်ရိုးပတ်ပတ်လည် ကင်းစင်တွေအားလုံးဆီမှ ရုတ်ချည်းမှာပင် သံချောင်းသံတွေ "ဒေါင် ဒေါင် ဒင် ဒင်" ပွက်လောရိုက်လာသည်။

ခွေးဥသြသံကြီးက ကျည်လောင်မြည်ဟိန်းစွာ အဆက်မပြတ်အော်ဟစ်နေ၏။ ထောင်အရာရှိ၊ ထောင်ဝန်ထမ်းတွေ၊ ယန်ကီးစစ်ပုလိပ်တွေ ယောက်ယက်ခတ်။ ဝီစီသံတွေ တဝီဝီ။ မီးမောင်းကြီးတွေ၊ ဆလိုက်မီးရောင်တွေသည်လည်း အလင်းပိုက်ကွန်ကြီး အုပ်လိုက်သချလို ကောင်းကင်မှထိုးကျ။

" Escape . . Escape "

" Inside Escape "

" Two prisoners had gone . . "

ပန်ချာပီထောင်ကြပ်တွေ အုပ်လိုက်ကြီးဝင်လာနေကြသည်။

" Go to death-house and gallows . . . "

" Hurry up. . hurry up "

" What the hell. . "

" Bull. . Shit! "

ဟိုက်၊ ဒုက္ခတော့ရောက်ကြပြီ။

ရင်တွေတဒိုင်းဒိုင်းခုန်သည်။ ခြေတွေလက်တွေ တုန်ယင်ချည့်နဲ့ယိုင်လဲ။ သူတို့ထွက်ပြေးသည်ကို အကျဉ်းထောင်အရာရှိများ၊ စစ်ပုလိပ်များ သိသွားခဲ့ကြပြီ။ သေရှာသည်။ သည်ပုံဆို ရဲဘော် "ကော" နှင့် ဗိုလ်မှူး "ဗိုင်" တို့တွေလည်း သူတို့တိုက်ခန်းများထဲမှ ထွက်လာနိုင်ခဲ့ကြပုံရသည်။ "ဘုရား ဘုရား၊ ဘေးမသီရန်မခကြပါစေနဲ့။"

ရဲဘော် "ကော" ဆိုသည်မှာ ဘယ်သူလဲ။

ဗိုလ်မှူး "ဗိုင်" ဆိုသည်ကကော မည်သူတဲ့လဲ။ သူမသိ။ သိဖို့လည်းမလို။

သူတို့၏ "ထွက်ပြေးမှုစီမံချက်" လုံခြုံစိတ်ချဖို့ လျှို့ဝှက်သိပ်သည်းခြင်းသည်သာ "အသက်" ဖြစ်နေမှန်း သူတို့အားလုံးသိသည်။ ရန်ကုန်ထောင်ကြီးထဲမှ ဂျပန်စစ်သုံ့ပန်းများအတွင်းတွင် ဘာမဆိုဖြစ်လာနိုင်မှန်း၊ သူတို့အတွက် ဘေးအန္တရာယ်ကြီးတွေအချိန်မရွေး ဝုန်းကနဲဒိုင်းကနဲ ကျလာနိုင်မှန်းသိသည်။

သည်တော့လည်း "ကော" က "ကော" ပေါ့။ "ဗိုင်" ဆိုလျှင်လည်း "ဗိုင်" ပဲပေါ့။ ဘယ်သူဖြစ်ဖြစ်။ ဘယ်အဆင့်ဖြစ်ဖြစ်။ ဘယ်တပ်ကပဲဖြစ်ဖြစ်။ တစ်ဝိတ်ဝမ်းတစ်လက်ညီဖြစ်ကြဖို့သာ လိုရင်းမဟုတ်လား။

"ဝုန်း"

"ဝုန်း"

"ဝုတ်-ဝုတ်-ဝုတ်"

"ဝုတ်-ဝုတ်"

"ဝုန်း"

"ဝုန်း"

"အလိုလေး။ စစ်ခွေး-စစ်ခွေးအုပ်အသံတွေပါသလား" မြည်သံဟိန်းသံကြီးတွေကပင်လျှင် ကြောက်စမန်းလိလိ။ ကြက်သီးမွေးညင်းများပင် ထောင်ထလာလျက် ခေါင်းနားပန်းတွေကြီး၊ မျက်လုံးတို့ ပြာပြာဝေ။ "သေတော့မှာပဲ-ဒီစစ်ခွေးအုပ်နဲ့သာ တိုးလိုက်ရင်တော့ အရိုးတစ်ခြား၊ အသားတစ်ခြား-တစ်စစီဖြစ်သွားမှာပဲ။ အသက်တောင် ဘယ်က ဘယ်လိုထွက်သွားမှန်းသိလိုက်ရမှာ မဟုတ်ဘူး။ ဘုရာ-ဘုရား"

"Here... Here"

"I saw it, Here's his foot-prints"

"OH! Really"

"Here, Here...-This way. . This way"

"He can hide here and there"

"ဝုန်း"

"ဝုန်း"

"ဝုတ်-ဝုတ်-ဝုတ်"

"ဝုန်း-ဝုန်း"

ဟိန်းဟိန်းပွက်ညံအသံဆိုးကြီးများနှင့်အတူ ဆယ့်လေး၊ ငါး၊ ခြောက်ကောင် ခွေးအုပ်ကြီးက ရုတ်တရက်ဘွားကနဲ ပေါ်လာသည်။ သံကြိုးကြီးတွေတန်းလန်း၊ ခွေးထိန်းစစ်ပုလိပ်တွေ ဒရွတ်သီထိုးပါလာနေသည့်တိုင် တဝုန်းဝုန်းပြောင်းဆန်နေသည့် ဗရာမစစ်ခွေးကြီးတွေ။ "အားပါး ပါး-နည်းတဲ့ကောင်ကြီးတွေမဟုတ်ပါလား" ဗရာမဒိုဗာမင်သိုးထိန်းခွေးကြီးတွေ။ နွားပေါက်သာသာအကောင်ကြီးတွေ။ လျှာရည်တဖြားဖြား၊ သွားကြီးတွေ ဖြ

လျက်။ မွတ်သိပ်ဆာလောင်မျက်ဝန်းရဲရဲရူးရူးကြီးတွေနှင့်။ ထိန်းမနိုင်သိမ်းမရ ဆူညံနေကြတော့သည်။

အခြေအနေကို သိပ်လေ့လာရန် မလိုတော့။

သူနှင့်ကိုက်သုံးဆယ်ဝန်းကျင်အတွင်းမှာ သူတို့တွေ၊ စစ်ခွေးအုပ်တွေ သူ့ကိုဝိုင်းမိသွားကြပြီ။

လင်းထိန်ဖွေးဖြူနေသည့် အလင်းစည်းဝိုင်းကြီးထဲမှာ သူ့ထဲတရွေ့ရွေ့ တိုးကပ်လာနေကြပြီ။

သူ့ကိုမြင်နေကြပြီလား။ မမြင်မတွေ့ကြသေးဘူးလား။ မသိ၊ မသိ၊ သူ မသိ။

သို့နှင့်တိုင်၊ တဝုန်းဝုန်း မာန်ဖီဆူညံနေကြသည့် စစ်ခွေးအုပ်ကမှ အနံ့ ခံမိနေကြပြီထင်သည်။ ခွေးထိန်းတွေက ဆောင့်ကန်ထိန်းဆွဲထားသည့် ကြားမှပင် ပါးစပ်ကြီးတွေဖြဲလျက်သွားရဲမင်းရဲစီးကာ ပြေးဝင်ကိုက်ခဲဖို့ ဂမူး ရှူးထိုးဖြစ်နေကြ၏။

" I saw him.. I saw him "

" There.. There.. among the sweet potato plant field "

" Hey! Hey.. we found him, here, here "

မရဏတရား၏ အော်သံတွေ။ တဟီးဟီး ..တဟဲဟဲ။

သူရှိရာနေရာတစ်ဝိုက်၌ မီးမောင်းကြီးတွေ စုပြုံစိုက်ဆင်းလာကြ။ ခြေ သံတွေ ..ခြေသံတွေ တစ်စုတစ်အုံကြီး ပြိုကျလာကြ။ စစ်ခွေးများ၏ဟောင် သံ၊ ဟိန်းသံ၊ မာန်ဖီသံတွေ နီးကပ်လာကြ။

"သွားပြီ။ ဒီပွဲမှာငါရှုံးသွားပြီ။ သေခြင်းကိုတိတ်တိတ်ကလေးစောင့်နေ ခြင်းမှတစ်ပါး ဘာမှလုပ်စရာမလိုတော့ဘူး" စိတ်က တုံးတုံးကျသွားသည်။ သည့်တော့မှပင်၊ လူတစ်ကောင်လုံး အဝတ်စုတ်တစ်စလို။

ဦးထုပ်ဖြူဖြူဆောင်း အပြာရင့်ရောင်ယူနီဖောင်းဝတ်ထားသည့် ယန်း ကီးပြည်ထောင်စု စစ်ရဲနှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု အစုကလေး

များကို ခြောက်လုံးပြူးကိုယ်စီ ဆန့်တန်းချိန်ရွယ်လျက် သူ့ထံတရွေ့ရွေ့တိုး ကပ်လာနေကြသည်ကို တွေ့သည်။

စစ်ပုလိပ်တွေ နောက်မှာ တုတ်စွဲ ထောင်ဝါဒါ ကုလားအုပ်စုတွေ။ သူ တို့နှင့်အပြိုင် မာန်စွယ်ဖွေးဖွေး စစ်ခွေးအုပ်ကြီး။

ဆံပင်တွေ ဖရိုဖရဲနှင့် ထောင်ပိုင်၊ ထောင်မှူးကြီး၊ ပြီးလျှင် ဂျပန်စစ်သုံ ပန်းများဆိုင်ရာ တာဝန်ခံ ကာနယ်ကားလ်ဆင်းဘတ်။

သူတို့ရှေ့တိုးလာနေကြသည်။

သူက တစောင်းလဲလျက် ကိုယ့်အနေကို မပြင်ပဲ တရွေ့ရွေ့နီးကပ်လာ နေသည့် လူအုပ်စုကြီးကို သာ မမိုတ်မသုန်စိုက်ကြည့်နေလိုက်သည်။ "ဘာ လို့မကြည့်ရဲရမှာလဲ။ ဒါဟာ နိပ္ပွန်တပ်မတော်ရဲ့ကင်ပေအကြီးအကဲပေဟာင်း ယာမာဒါလေ။ သေခြင်းကို စိန်ခေါ်ရမှုဖြင့် ဘာကို ကြောက်နေရဦးမှာလဲ။"

သေခြင်းသူ့ဆီရောက်အလာကို ရာဇ္ဇြေကြီးစွာ ရင်ဆိုင်ဖို့ သူ့စိတ်က အသင့်ဖြစ်နေပြီ။ "လာကြ - လာကြ - ကြိုက်သလိုသတ်လှည့်ကြတော့" မောဟိုက်နွမ်းရိတုန်ယင်နေသည့်ကြားမှပင် မျက်နှာနေကို တည်နေ အောင် တင်းထားမိ၏။ "စစ်သားတစ်ယောက်ရဲ့ သွေးထဲကို ခွန်အားတွေ သတ္တိတွေ စိုက်ပျိုးပေးနိုင်တဲ့ စိတ်တန်ခိုးဆိုတဲ့ စစ်ရဲ့အဲ့ဖွယ်စွမ်းအင်ကို မင်း တို့ လက်တွေ့မြင်ကြရစေ့မယ်။ လာလှည့်ကြ"

ခြေသံတွေ - အော်သံတွေ - မာန်ဖီသံတွေ - ဟိန်းသံတွေ - ဖောင်သံ တွေ။

"ဟင်"

မကြုံစဖူးထူးကဲသည့် အမြင်အာရုံစီးကြောင်းကြီးက သူ့ကိုဖြတ်ရိုက် ပစ်လိုက်သည်။

"နရိရိ"

ထောင်ပိုင်မေဂျာရော်ဘင်ဆင်နှင့် ကာနယ်ကားလ်ဆင်းဘတ်တို့ နှစ်ဦးအကြား၌ သူ့လက်အောက်ကင်ပေအရာရှိဆိုး "ဗိုလ်မှူးနရိရိ"။ "သူ

သူ–သူ မသေသေးပါကလား။ ကြိုးပေးသတ်တာခံလိုက်ရပြီဆိုတဲ့ နုရိုရို မသေပကလား"

သေချာပြီ။

"နုရိုရို" မှ မသေခဲ့လျှင် "သစ္စာတရား"သည် သေခဲ့ရပြီ။ "ဩော်–ဝိုလ်မှူး "ဝိုင်" ဆိုတာ သင်းကိုး"

ကျားထောင်ချောက်ကိုမှ တည့်တည့်တိုးဝင်မိသည့် မိမိအဖြစ်။ "ဒီထွက်ပြေးတဲ့ အကြံအစည်ကြီးတစ်ခုလုံးကိုက ‌တမင်အကွက်ဆင်ထားတဲ့ သေမင်းထောင်ချောက်ကြီးသက်သက်ကိုး" စိတ်ထဲမှာ တင်းကနဲ ဖျင်းကနဲ ပူကနဲ ရှိန်းကနဲ။ သို့နှင့်တိုင်။

"ဒိုင်း"

"ဒိုင်း"

"အား"

ခပ်လှမ်းလှမ်းကြိုးစင်အမှောင်ရိပ်ဘက်ခြမ်းဆီမှ သေနတ်သံနှစ်ချက်ဆင့်၍ကြားရ၏။ အာခေါင်ခြစ်၍ နင့်နင့်သည်းသည်း ဟစ်သံအော်သံကြီး ကပ်ပါလာသည်။

"ဟာ–ရဲဘော်"ကော"ပဲ–သွားရှာပြီ"

ရင်ထဲမှာ နင့်သွား၏။ "ဆာယိုးနာရား ရဲဘော်ရေ–သွားနှင့်ပေတော့"

"ခွေးမသား–သစ္စာဖောက်"

ဆလိုက်မီးကြီးတွေ ဖြန်းကနဲ ပျောက်သွားပြီ။ ခွေးညသြသံ၊ သံခေါင်းမွှေသံ၊ စီစီသံ၊ လူသံ သူသံတွေ ထိတ်ကနဲရပ်သွားသည်။

အမှောင်နှင့် ပိတ်ပိတ်သားငြိမ်ဆိတ်ခြင်း။

တခဏအတွင်းမှာပင်..။

"ဝုန်းကနဲ" မာန်ဖီပြေးဝင်လာသည့် ခွေးဟိန်းသံတွေ၊ ခွေးအုပ်ကြီး အလောတကြီး ခုန်အုပ်သံတွေ၊ သေမင်း၏ရယ်မြူးသံ ဟီသံကြီးတွေ။

"အား"

"အား"

"အား"

တိုက်ခန်းလျှောင်အိမ်အတွင်းအမြဲထာဝရဆာလောင်မွတ်သိပ်နေစေအောင် ပိတ်လှောင်ထားခဲ့စဉ်၊ အယ်လ်ကိုပောာရာရှင် အပြည့်တိုက်ကျွေးထားသဖြင့် မူးယစ်နေသည့် စစ်ခွေးအုပ်ကြီး၏ သူ့ထက်ငါ အလုအယက်ကိုက်ဖဲ့ဝါးမျိုစားသောက်နေသံများသည်သာ ညကိုပွက်ပွက်ညံကြီးခိုးထားတော့သည်။

"ထွက်ပြေးတဲ့ ဂျပန်စစ်သုံ့ပန်း အကျဉ်းသားနှစ်ယောက်အနက် တစ်ယောက်ကို ပစ်ခတ်ဖမ်းဆီးလို့ အသေမိ၊ တစ်ယောက်ကို စစ်ခွေးတပ်ဖွဲ့က စစ်ခွေးအုပ်တွေဝိုင်းကိုက်ဖမ်းဆီးလိုက်လို့ အသေမိ–လို့ပဲ ရီပို့(တ်) တင်လိုက်ပါမေဂျာ"

"ရက်(စ်)..ကာနယ်"

ခြေသံပြင်းပြင်းတွေသည် ညထဲသို့ပြန်၍ နစ်မြုပ်ကွယ်ဝင်သွားကြပြန်

(မတ်လ (၂၇) "ဖက်ဆစ်တော်လှန်ရေး" သို့ ဂါရဝဖြင့်ရေးဖွဲ့ပူဇော်ပါသည်။)

## စာမူများပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/စ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



သည်းထိတ်ရင်ဖို
ပြောင့်ချက်
အောင်သာမိုး
၇၇

နှစ်ပေါင်းဘယ်လောက်ကြာကြာ၊ ပုံသဏ္ဌာန်တွေဘယ်လိုပြောင်းပြောင်း
တွယ်ငြိတတ်သောသံယောဇဉ်သည် ဖြတ်ရခက်ပုံကို
ပြုံးထေ့ထေ့ဖြစ်အောင် စာရေးသူကဆွဲခေါ်သွားမည့်...

---

**ကျုပ်** ကြောက်လည်း ကြောက်တယ်။ ရှက်လည်း ရှက်တယ်။ ဒီနေရာကို မလာချင်ဘူး။ ကြည့်ပါဦးဗျာ၊ အသက် ၆၀ ပဲ တင်းတင်းပြည့်တော့မယ်။ အို...ငယ်ရွယ်စဉ်တုန်းကတောင်မှ အနားကိုမသီခဲ့ဖူးတဲ့နေရာ။ တစ်နေ့ရောက်ရလိမ့်မယ်လို့ စိတ်ကူးထဲမှာတောင် ထည့်မစဉ်းစားတဲ့နေရာ။

"တရားရုံး" တဲ့ဗျာ။

ကျုပ်က တရားခံအဖြစ် အစစ်ဆေးခံရမှာ။ အံမယ် - ဒါတောင်မှ ရဲအရေးမပိုင်တဲ့ အမှုမို့လို့။ နို့မို့ဆို ကျုပ် - အချုပ်ခန်းထဲ တန်းဝင်သွားရပြီပေါ့။

သူကမြို့နယ်တရားရုံးမှာဦးတိုက်လျှောက်လို့ခု - ကျုပ်တရားစီရင်ရေးအဖွဲ့ရှေ့မှောက်မှာ အစစ်ဆေးခံနေရပြီ။ ရုံးတော်က စစ်ဆေးလို့ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိစီရင်ခြင်းခံရရင် ကျုပ်ကတော့ သေဒဏ်ပဲ ကျခံလိုက်ချင်တယ်။ ဟုတ်တယ်။ မိငြိမ်းဒုတ်နဲ့ ပတ်သက်လို့ကတော့ ကျုပ်သေဒဏ်ဆိုလည်း မကြောက်ပါဘူး။ ဟုတ်တယ်လေ - ကျုပ်ငယ်ငယ် ဘုန်းကြီးကျောင်းမှာဖတ်ခဲ့ရဖူးတဲ့ ဦးပုညရဲ့ စာတစ်ကြောင်း မှတ်မိနေသေးတယ်။ "မိန်းမဆိုး အမုန်း၊ သေခါမှတုံးပေလိမ့်" ဆိုသလားပဲ။

ကျုပ်ကို တရားစွဲတာက မိငြိမ်းဒုတ်လေ။

သူနှာမည်က ငြိမ်းတုတ်ပါ။ ကျုပ်တို့ရွာအခေါ်ကျတော့ ငြိမ်းဒုတ် ဖြစ်သွားရော။

ငယ်ငယ်တုန်းက ချစ်စရာ ဝဝတုတ်တုတ်ကလေး။ တဖြည်းဖြည်းကြီးလာလေလေ ပိုပြီး ပိုပြီး ဝလာလေလေ၊ တုတ်လာလေလေ။ အရ အသက် ၆ဝ နားနီးလာတဲ့အခါကျတော့ သူ့ခန္ဓာကိုယ်ဟာ ဝတုတ်၊ အိပြုပြီးသရဲမကြီးလိုလို၊ ပြိတ္တာမကြီးယောင်ယောင်နဲ့အတော့်ကို အကြည့်ရဆိုးသဗျာ။ ဒါကြီးက လမ်းလျှောက်သွားရင် ဆင်မယဉ်သာလှမ်းသလို တစ်လှမ်းချင်းတစ်လှမ်းချင်းစမ်းနင်းသွားနေရတဲ့ ပုံစံမျိုး။ တစ်ခါတစ်ခါ သူနဲ့လမ်းမှာကြုံလို့စကားပြောရင်း အတူလျှောက်လာခဲ့မိပြီလားဆိုရင် အဲဒီဟာမကြီးက အိပဲ့ အိပဲ့နဲ့ မလှမ်းချင် လှမ်းချင်၊ မရွေ့ချင် ရွေ့ချင်။ အဲဒီဟာကြီးကို ကျုပ်စိတ်မရှည်ခဲ့တာကြာပြီ။

ဒီ ငြိမ်းဒုတ်ဆိုတာဟာ ကျုပ်နဲ့ဆို ငယ်သူငယ်ချင်းအရင်းကြီးတွေ။ ဆော့ဖော်ဆော့ဖက်၊ ကစားဖော် ကစားဖက်၊ ကျွဲကျောင်းဖော် နွားကျောင်းဖက်တွေပေါ့ဗျာ။ တကယ်တော့ သူက ကျွဲကျောင်းနွားကျောင်းလိုက်ရတာ မဟုတ်ပါဘူး။ သူက လယ်ပိုင် ကျွဲပိုင် နွားပိုင် သမီးပါ။ ကျုပ်တို့နဲ့ ဆော့ချင်လို့ တမင် ကျုပ်တို့ဆီလာရောတာပါ။ အဲဒီတုန်းကတည်းက သူက "ဒုတ်တ"။

မိန်းမက ဂျစ်ကန်ကန်၊ လက်မြန်ခြေမြန်ရှိလိုက်တာလည်း လွန်ရော။ အပြောအဆိုကလည်း မာသလား မမေးနဲ့။ သူက လယ်ရှင်သမီးပေကိုး။ ခက်တာက လယ်ရှင်သမီးမာနကြီးချင်ကြီး၊ ဘဝင်မြင့်လို့ကတော့ နတ်ပြည်ခြောက်ထပ် အထက်ဆုံးဘုံအထိတက်ပေါ့ဗျာ။ ကျုပ်ပြောစရာ ဘာမှမရှိဘူး။ ဒါပေမဲ့ မိန်းကလေးဟာ မိန်းကလေးပီပီတော့ ရှိစေချင်တယ်။ ခုတော့ မဟုတ်ပေါင်ဗျာ၊ ဆော့ချင်လာပြီဆိုရင် ကျုပ်တို့ ယောကျ်ားလေးအုပ်စုထဲ သူရောက်လာပြီ။ အဲ . . . ဆော့ကြပြန်တော့လည်း သူက ကျုပ်ကိုအမြဲအနိုင်ကျင့်သဗျ။ ကျင့်ပုံက တစ်ခါ တစ်ခါနွှဲဆိုး။ တစ်ခါတလေကျတော့ ကြမ်းဆိုးရမ်းဆိုး။

ဘယ်လို အဆိုးမျိုးကိုပဲ ဖြစ်ဖြစ် "ဒုံး" ခံပြီးရင်ဆိုင်ရတာကျုပ်။ မိငြိမ်းဒုတ်က ကျုပ်ထက်အသက် သုံးနှစ်လောက်ငယ်တော့ နှမလေးတင် ယောက်လိုငုံညှာထောက်ထားရတာကတစ်ကြောင်း၊နောက်တစ်ကြောင်း ကတော့ သူ့အဖေကြီးပါပဲ။ ကျုပ်တို့ရွာမှာ ဦးသာဘွားဆိုတာ ကျုပ်တို့ရွာသားတွေ မပြောနဲ့၊ ဘုန်းကြီးကတောင် ခပ်လန့်လန့်။ ဘုရားကျောင်း ဒါယကာကြီး လယ်ပိုင်ရှင်ကြီး။ ကျုပ်က သူ့ကျွဲတွေကို ကျောင်းရတဲ့ ကျွဲကျောင်းသား။ အဖေမရှိတော့ဘူး။ အမေအိုကြီးကို လုပ်ကျွေးနေရတာ။ ကျုပ်တင် နှစ်ကျွဲကျောင်းလို့ရတာက စပါးသုံးတင်းခွဲရယ်။ အမေက တောဟင်းတော ကျွေးလေးတွေ ရှူး၊ အိမ်နားမှာ ချဉ်ပေါင်ပင်လေး၊ ခရမ်းပင်လေးစိုက်နဲ့ ထမင်းနပ်မှန်အောင် ကြံဖန်စားနေကြရတာ။ ရွာထဲမှာ လူ့အောက်အကျ ဆုံး၊ မျက်နှာအငယ်ဆုံး သားအမိပေါ့ဗျာ။ ဒီတော့ ဒီရွာမှာ ဦးသာဘွားကို ကျုပ်ထက်ကြောက်ရတဲ့လူ ဘယ်သူရှိပါဦးမလဲ။ ဒါကြောင့် ကျုပ် ငြိမ်းဒုတ် ကို အနွံအတာခံနေရတာပေါ့။ နို့မို့ဆိုလို့ကတော့ ကျုပ်ဘယ်ခံလိမ့်မလဲ။ ပြောပါကောလား။ "ဒုတ်တာမ" လို့...။

တစ်နေ့ ကျုပ် ကျွဲကျောင်းနေတုန်း ဒုတ်စာ-ငြိမ်းဒုတ်ရောက်လာ တယ်။

"ဟို...သပြေပင်မှာ သပြေသီးတွေ မှည့်နေပြီ" တဲ့။ သူကပြောတယ်။

ရာသီက နွေဦးပေါက်။ ဟိုအဝေးတောညိုရိပ်မှာ မြူတွေမှိုင်းရီနေတဲ့ အချိန် ဥဩတောင်တွန်နေပြီ။ လယ်ထဲမှာ စပါးတွေမှည့်နေကြပြီ။ ရိတ်တဲ့ လယ်တွေလည်း ရိတ်ကြပြီ။

"သပြေသီးမှည့်တော့ ဘာဖြစ်သတုံး"

"နင်အပင်ပေါ်တက်ပြီး ခူးပေးဟာ"

ကျုပ်ဘာပြောစရာ ရှိတော့လို့လဲ။ ဝတ်ထားတဲ့ ပုဆိုးကို ခါးတောင်း ကျိုက်ပြီး သပြေပင်ပေါ်တက်လိုက်ရတာပေါ့။

ဒီနေရာမှာ စကားစပ်လို့ပြောပါရစေ။ ဒီနေ့ခေတ်ကလေးတွေဆိုရှုတ် နေတာ ကြားရတာကတော့-

"ဝါဆိုဝါခေါင်ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်" တဲ့။

အဲဒါ ကျုပ်တို့အရပ်မှာ မဟုတ်ဘူး။ ကျုပ်တို့အရပ်က သပြေကတော့ နွေမှ မှည့်တာ။ မြစ်ထဲလည်း ကြွေမကျဘူး။ ရေထဲလည်း လိုက်မကောက်ရပါဘူး။

သပြေသီးအကြောင်းပြောတာနဲ့ ကျုပ်စကားလည်း ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။ အဲ - သပြေပင်ပေါ်တက်ပြီးသပြေသီးဆွတ်

ကျုပ် - ကျွဲအုပ်ထဲ
ပြေးဝင်ပြီး
ဦးမှာအမြဲထိုးထားတဲ့
ကျွဲရိုက်ကြိမ်ဖုတ်နဲ့
ရိုက်ရိုက်ထုတ်တော့မှ
ကျွဲတွေ သူတို့စားကျက်
ဖြတ်တုန်းသတ်ကို
ထွက်ပြေးသွားကြတယ်။



နေလိုက်တာ ကျုပ်ကျွဲတွေကို မျက်ခြည်ပြတ်သွားတယ်။ သူတစ်ပါးလယ်ထဲဝင်ပြီး မှည့်ဝင်းစ စပါးတွေစားနေပြီဆိုရင်တော့ ကျုပ်ဒုက္ခနဲ့ကြုံရမှာလေ။ ကျုပ်လည်းသတိရတာနဲ့ သပြေပင်ပေါ်က အမြေးအလျှားဆင်း ဆွတ်ထားပြီးသမျှ သပြေသီးတွေကို ခါးပိုက်ထဲက နှိုက်ပြီး ငြိမ်းဒုတ်ကို ပစ်ပေးလိုက်တယ်။ ဒါကို သူကကျေနပ်ပုံမရဘူး။

"ဟဲ့ - မသာကောင်၊ ဒါက ဘယ်လိုလုပ်တာလဲ" တဲ့။

ကျုပ်လည်း စိတ်က မရှည်နိုင်တော့ဘူး။

"ငါ့ကျွဲတွေပျောက်သွားပြီဟ။ လိုက်ရှာရဦးမယ်"

ကျုပ် သပြေပင်အောက်မှာ သူ့ကိုတစ်ယောက်တည်းထားခဲ့ပြီး လယ်ကွင်းတွေဘက်ကို ပြေးထွက်လာခဲ့တယ်။

အလာကောင်းပေမဲ့ အခါကနှောင်းသွားပြီလေ။ ကျုပ်ကျွဲတွေဟာ ဦးကြီးမောင်တင့်ရဲ့ လယ်ထဲမှာ ပွဲတော်ကြီးတည်နေလိုက်ကြတာ မညှာမတာ ကိုလူ့ပ်ရော။

ဦးကြီးမောင်တင့်တစ်ယောက် ကွင်းတစ်ဖက်ကနေ အော်ကြီးဟစ်ကျယ်နဲ့ ပြေးလိုက်လာနေတာမြင်ရတယ်။ ကျုပ်-ကျွဲအုပ်ထဲပြေးဝင်ပြီး ခါးမှာအမြဲထိုးထားတဲ့ ကျွဲရိုက်ကြိမ်တုတ်နဲ့ ရိုက်ရိုက်ထုတ်တော့မှ ကျွဲတွေ သူတို့စားကျက် မြက်ကုန်းဘက်ကိုထွက်ပြေးသွားကြတယ်။

အဲဒီကိစ္စဟာ ညနေဘက် ကျုပ်ကျွဲတွေပြန်သွင်းရင်၊ ရင်ဆိုင်ဖြေရှင်းရတော့မယ်။ ဦးသာဘွားကြီးကို ကျုပ်က အလိုလိုနေရင်းကြောက်နေတာ။ လူကြီးက မည်းမည်းတုတ်တုတ်၊ ထောင်ထောင်မောင်းမောင်းကြီး။ ပါးစုန့်ကြီးနှစ်ဖက်က ဖောင်းဖောင်း။ ကွမ်းဝါးထားတဲ့ နှုတ်ခမ်းထူထူထော်လော်လန်ကြီးတွေကလည်း တွတ်တွတ်ရဲလို့၊ ဗိုက်ရွှဲကြီးကလည်း ကျုပ်အမေ ရေထည့်သုံးနေတဲ့ စဉ့်အိုးလောက်ရှိရဲ့။ ဘုန်းကြီးကျောင်းနားက ဇရပ်နံမှာဆွဲထားတဲ့ ပန်းချီကားထဲက ရေသားကြီးနဲ့တကယ်တူတယ်။ ဒီလူကြီးနဲ့ ရင်ဆိုင်ရမှာကို ကျုပ် ရင်ထိတ်နေတယ်။

တကယ်တမ်းရင်ဆိုင်လိုက်ရတဲ့အခါ ကျုပ်၊ ခြေဖျား လက်ဖျားတွေ အေးစက်ပြီး သတိလစ်ချင်သလိုလိုတောင် ဖြစ်သွားတယ်။ အဘိုးကြီး လက်နှစ်ဖက်ကို ခါးမှာစုံထောက်ပြီး မျက်လုံးကြီးတွေ အပြူးသားနဲ့ကြည့် နေတယ်။ ဖြစ်နိုင်ရင် ကျုပ်ငှက်ကလေးတစ်ကောင် ဖြစ်ပြီးသုတ်ခနဲ ထပ် ပြေးသွားလိုက်ချင်စမ်းပါရဲ့။

"မောင်တင့်ရဲ့လယ်ထဲကို ကျွဲဝင်စားလို့ လယ်တစ်ကွက်လုံးကုန်ပြီ ဆိုပါလား ပြောစမ်း"

"ဟို...ဟို...ကျွန်...ကျွန်တော်...မိ...မိ...အဲ"

စိတ်ကူးတုန်းကတော့ "ကျွန်တော် မိငြိမ်းတုတ် အတွက် သပြေသီး တက်ခူးပေးနေတုန်း ကျွဲတွေအလစ်မှာ ဝင်စားကြတာပါ" လို့ ပြောမလို့ပါ ပဲ။ ဒါပေမဲ့ - မိငြိမ်းတုတ်က သူ့အဖေရဲ့နောက်ကနေပြီး မျက်စိမှိတ်ပြ လက် ကာပြလုပ်နေလို့ဘာဆက်ပြောရမှန်းမသိဘူးဖြစ်သွားတယ်။ အဘိုးကြီးက သူ့အယူအဆနဲ့သူ ဆက်ပြောနေတယ်။

"အေ - မိတယ်၊ မိတယ်။ မောင်တင့်ကိုယ်တိုင်မိတာ။ ကျွဲအုပ်ထဲမှာ မင်းကိုလည်း မြင်လိုက်ရတယ်တဲ့။ သူ့လယ်ကွက်ထဲ တမင်လွှတ်ကျောင်း တယ်လို့ မောင်တင့်လာစိုင်သွားတယ်။ ငါ ဒီလူနဲ့ ပြဿနာမတက်ချင်ဘူး။ စပါးတစ်ခွဲအလျော်ပေးမယ်လို့ မောင်တင့်ကိုပြောလိုက်တော့ မောင်တင့် ကျေနပ်သွားတယ်။ အဲဒီ စပါးတစ်ခွဲကို မင်းရဲ့လုပ်ခထဲက ဖြတ်မယ်၊ ဒါပဲ"

ကျုပ်မှာ ဘာမျှတုံ့ပြန်ပြောခွင့်မရှိ။ ပြောနိုင်စွမ်းလည်း မရှိတော့ပါဘူး။

ဒီအကြောင်း အမေသိသွားတော့ အမေက မျက်ရည်စမ်းစမ်းနဲ့ပြော တယ်။

"သားရယ် . . . အဲဒီ မိငြိမ်းဒုတ်ကို သိပ်အရောတဝင် မလုပ်နဲ့နော်။ သူ နဲ့ပတ်သက်လို့ တစ်ခုခုဖြစ်လာရင် သားပဲနစ်နာမှာ၊ အမေတို့ သားတို့က ဒီ ရွာမှာ ဘာဂုဏ်မျှရှိတာမဟုတ်ဘူး။ လျော်စရာမရှိရင် ဓားနဲ့ခုတ်ကြမှာ။ အမေသတိပေးရတာက ခုဆို သားရော မိငြိမ်းဒုတ်ပါအရွယ်ရောက်လာကြ ပြီ။ အမေက သားအန္တရာယ်ဖြစ်မှာ စိုးရိမ်လို့ပြောတာ"

ခုတော့မှ ခက်ကရော။

အမေ သတိပေးလိုက်တာက "ဆင်အိပ်ရာ ဆိတ်နှိုး" ဆိုသလို ဖြစ် သွားတယ်။ ဟုတ်တယ်။ ကျုပ်တို့ မိငြိမ်းတုတ်တို့ဟာ အပျိုပေါက် လူပျို ပေါက်အရွယ်တွေ ရောက်လာကြပြီ။ ထွေလီကာလီတွေးတတ်၊ စိတ်ကစား တတ်တဲ့ အရွယ်တွေဆိုတော့။

အမေစိုးရိမ်တဲ့အတိုင်း တည့်တည့်ကြီးကို တိုးတာ။ အတိုချုပ်ပဲ ပြော ပါတော့မယ်။

ကျုပ်နဲ့ မိငြိမ်းတုတ် သမီးရည်းစားဖြစ်သွားကြတယ်။

ငြိမ်းတုတ်က လာခိုးလှည့်ပါလို့ ချိန်းတဲ့ည။ ကျုပ်အရဲစွန့်ရတော့တာပေါ့။ လူခြေတိတ်ချိန်မှာ လှေကလေးတစ်စင်းနဲ့ ငြိမ်းတုတ်အိမ်နောက်ဖေးက စောင့်နေတယ်။ ငြိမ်းတုတ်ကို လှေပေါ်တင်ပြီး ငါးမိုင်လောက်ဝေးတဲ့ ကျုပ်ထွေးလေးတို့ရွာကိုပြေးမယ်ပေါ့။ အချိန်တန်တော့မိငြိမ်းတုတ်ရောက်လာပါတယ်။ သူကလှေပေါ်အရောက် ကျုပ်ကလည်း လှေကိုတွန်းအထွက် လှေဝမ်းထဲမှာ ရေညှိကလည်းချောနေတော့ မိငြိမ်းတုတ် ဗိုင်းခနဲပစ်လဲပါလေရော။ "အမယ်လေးတော့" လို့အော်ပြီး သူ့ကိုယ်လုံးကြီး လိမ့်ပစ်လိုက်တာ၊ လှေတစ်ဖက်စောင်း ရေဝင်ပြီးနစ်ပါလေရော။ ဒီအချိန်မှာပဲ ကမ်းပေါ်က လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းနဲ့ လူသံတွေကြားရတယ်။ ကျုပ် မိငြိမ်းတုတ်ကို လှည့်မကြည့်အားတော့ပါဘူးဗျာ။ ရေငုပ်ပြီး ပြေးခဲ့တာရွာကိုလွန်တော့မှပဲ ခေါင်းဖော်ရဲတော့တယ်။

သည်ကတည်းက သူနဲ့ကျုပ်ဝေးခဲ့ကြတာ။ ကျုပ်က ထွေးလေးတို့ရွာမှာပဲ ကျွဲကျောင်းအငှားဝင်လုပ်ပြီးအမေ့ကိုပါခေါ်ယူလိုက်တယ်။ ခုတော့ ကျုပ်အမေရော၊သူ့အဖေကြီးပါမရှိကြတော့ပါဘူး။နှစ်ပေါင်းပဲငှဝကျော်ခဲ့ပြီဟာကိုး။ ကျုပ်ရွာပြန်လာခဲ့တယ်။ အမေ့အိမ်ကလေးနေရာမှာပဲ တဲကလေးထိုးပြီးနေပါတယ်။ ကျုပ်လား . . . အိမ်ထောင်မကျခဲ့ပါဘူး။ မိငြိမ်းတုတ်လည်း အိမ်ထောင်မကျသေးပါဘူး။ ဒီလောက်ဝတုတ်ပြဲမကြီးဖြစ်နေမှတော့ စိတ်လည်း မဝင်စားတော့ပါဘူး။

ကျုပ်ဘယ်လောက် အသက်ကြီးကြီး ကျွဲကျောင်းတဲ့အလုပ်ပဲ လုပ်တယ်။ ဒါက ကျုပ်ရဲ့ဝါသနာ။ ကျွဲကျောင်းရင်း ပလွေမှုတ်ရတာများ တယ်ဇိမ်ရှိ။ ခုလည်း ရွာထဲက မောင်ဖိုးထွားရဲ့ ကျွဲတွေကို ကျောင်းပေးနေပါတယ်။

တစ်နေ့ . . .။ အဲဒီတစ်နေ့ကပေါ့ဗျာ။ အချိန်က နံနက်ခင်း ကျုပ်ကျွဲတွေကို ချည်တိုင်က လွှတ်ပေးလိုက်ချိန်ပေါ့။ တစ်ညလုံး ကြိုးချည်နေခဲ့တဲ့ ကျွဲတွေလေ။ စားကျက်ဆီပြေးတော့တာပေါ့။ ရွာမှာ ကျွဲလမ်းဆိုတာရှိတယ်။ အိမ်နှစ်အိမ်ကြားက ပေးထားတာပါ။ ရွာခလေ့ပါပဲ။ အကြောင်းထူ

မရှိဘဲနဲ့တော့ ဘယ်သူမျှ ကွဲလမ်းကိုမလျှောက်ကြပါဘူး။ ခုလို မိုးရာသီဆို ပိုမလျှောက်သေးတယ်။ ဗွက်ရှန်းရတာကိုးဗျ။ အဲဒီနေ့က ကျုပ်ကွဲတွေ ဝရန်းသုန်းကားနဲ့ ကွဲလမ်းအတိုင်း စွတ်ပြေးသွားတော့ ကျုပ်ဆေးတံမီးညှိ နေတုန်းမို့လို့ နည်းနည်းနောက်ကျတယ်။ ကွဲတွေက ပြေးပြီ။ စားကျက်မ ရောက်ခင် ပျိုးခင်းတွေရှိတယ်။ ဝင်စားမှဖြင့် ဒုက္ခ...ကျုပ် ကသောကမျော ပြေးလိုက်ခဲ့တယ်။ ကွဲလမ်းအလယ်မှာဗျာ -ငြိမ်းတုတ် လှုပ်တုတ် လှုပ် တုတ်နဲ့ ဗွက်ထဲရှန်းနေတယ်။ ခြေထောက်တစ်ဖက်နတ်လိုက် နောက်ခြေ ထောက်တစ်ဖက်က ဗွက်ထဲမှာကျန်။ ဒီပုံစံနဲ့ဆို ကျုပ် ကွဲတွေလယ်နစ်ခင်း လောက်စားပြီးမှ ကျုပ်ကွဲလမ်းတစ်ဖက်ကိုရောက်နိုင်စရာရှိတယ်။

ကျုပ်စိတ်ထိန်းပြီး စောင့်ကြည့်နေပါတယ်။ ဟူး-မလွယ်ဘူး။ ကျုပ် ဟာ ရှေ့မှာ အိပုံ့ အိပုံ့နဲ့ ဗွက်ရှန်းနေတဲ့ မငြိမ်းတုတ်ကိုကြည့်ရင်း သတိတစ် ချက်လွှတ်သွားပါတယ်။ သုတ်ခနဲ ပြေးသွားပြီး မိငြိမ်းတုတ်ရဲ့တင်ပါးကြီးကို ကွဲရိုက်တဲ့ ကြိမ်တုတ်နဲ့ သုံးချက်ဆင့်ရိုက်မိတာပါပဲ ခင်ဗျာ။

❑

အဖွဲ့ဖြင့် တရားစီရင်သော ခေတ်ကာဖြစ်သည်။

တရားလို ဒေါ်ငြိမ်းတုတ် ဦးတိုက်လျှောက်ထားသောအမှုကို တရားစီ ရင်ရေးအဖွဲ့က စစ်ဆေးပြီးလျှောက်ထားခံရသူ (တရားခံ) ဦးငမဲဦးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ ကို ကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိရသဖြင့် ဒဏ်ငွေ ကျပ် ၁၀၀ (ကျပ်တစ်ရာတိတိ)ပေးဆောင်စေရန် အမိန့်ချမှတ် လိုက်သည်။ ဒဏ်ငွေမဆောင်နိုင်က အလုပ်ဖြင့်ထောင်တစ်လ ကျခံစေရ မည်။

ဦးငမဲဦး ငိုင်ကျသွားသည်။

အတန်ကြာတော့မှ အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး ပလတ်စတစ် အိတ်တစ်လုံးကိုဆွဲထုတ်ယူလိုက်၏။

အိတ်မှာ ခပ်ဖောင်းဖောင်း။ သို့သော် အထဲမှာ ဆေးတံတွင် ထည့်သောက်ရန် ဓားဖြင့်လှီးထားသည့် ဆေးရွက်ကြီးအမှုန့်တွေပဲရှိသည်။ ထိုဆေးရွက်ကြီးမှုန့်တွေကြားထဲက လေးထောင့်ကျကျ ခေါက်ထားသော ငွေစက္ကူတစ်ရွက်ထွက်လာသည်။ ကျပ်တစ်ဆယ်တန်။

"ဒီညနေ ထမင်းဖိုး ငါးကျပ် မနက်ရှာပြန်ဖို့ မော်တော်ဘုတ်ခ ငါးကျပ်။ ကျုပ်မှာဒီငွေတစ်ဆယ်ပဲရှိတော့တယ်။ အင်း - မထူးတော့ပါဘူးလေ"

ဦးငမဲဦးသည် ရီဝေဝေ မျက်လုံးများဖြင့် တရားသူကြီးကို ငေးကြည့်နေသည်။

ထိုစဉ် ငွေစက္ကူတစ်ဆယ်တန် ဆယ်ရွက်တစ်ထပ်သည် ဦးငမဲဦးရှေ့သို့ ဘုတ်ခနဲကျရောက်လာ၏။ သူမော့ကြည့်သည်။ မိငြိမ်းတုတ်. . .

"သေနာကောင်၊ အဲဒီပိုက်ဆံယူပြီး ဒဏ်ငွေသွားဆောင်လိုက်"

ဒေါ်ငြိမ်းတုတ်သည် လှုပ်တုတ်လှုပ်တုတ်ဖြင့် ရုံးတံခါးဆီသို့သွားနေလေ၏။

⇨ အောင်ထာမိုး

## စာမူများပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



လ မိုင်း တောင် လ မိုင်း

တောနက်ထဲတွင် တောလိုက်ရာမှ ရေမြွေကြီးနှင့်
မိုပွင့်ကြီးများကိုတွေ့ဆုံရပြီး
မြောင်များအားသည်းထိပ်ရင်ဖိုဖွယ်ပစ်ခတ်ရပုံကိုဖတ်ရှုရမည့်...

**မုဆိုး** များနှင့် တောလမိုင်း တောင်လမိုင်း တို့ဆိုသည်က ပြောပြရလျှင် ယုံကြည်ဖွယ်ရာပင်မရှိ။ အခြားသော မုဆိုးများအတွက်တော့ဖြင့် သူတို့အ ယူအဆနှင့် သူတို့ရှိမည်ဖြစ်သော်လည်း ကျွန်တော်တို့ မုဆိုးအတွက်က အမှန်တကယ် တွေ့ကြုံရင်ဆိုင်ခဲ့ကြရသည့် အဖြစ်သနစ်တို့က အခါခါ ကြုံကြိုက်နေကြသည်မို့ အရိုးစွဲအောင်ယုံကြည်နေကြသည်က အမှန်ပင် ဖြစ်ပေသည်။

ထိုသို့ ယုံကြည်ကြသည်ကလည်း တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်တွေက၊ ပြောပြလျှင် ယုံကြည်နိုင်စရာပင်မရှိ၊ ဖြစ်ပုံတွေကိုကြည့်ဦးလေ...။

ကျွန်တော်တို့အဖွဲ့ အမဲပစ်ထွက်ကြလေတိုင်း လမ်းတွင် မြွေနှင့်တွေ့ကြုံခဲ့ရလျှင် ထိုအမဲပစ်ခရီးက အကြောင်းအမျိုးမျိုးကြောင့် သားကောင်တို့ကို အလွယ်တကူပစ်ခတ်လို့မရ၊ ခရီးကရှည်သလို အသက်အန္တရာယ်တစ်ခုခုဖြင့် ရင်ဆိုင်တတ်ကြရသည့်အကြိမ်ပေါင်းကမနည်း။ ပြောရလျှင် သေနတ်ဒဏ်ရာကြောင့် သေးတိုက်လဲကျသေဆုံးပြီဟု ယူဆထားသော သားကောင်ပင်လျှင် အမှတ်မထင်ထပြေးပြီး လိုက်လံရှာဖွေလို့မရတော့ သဖြင့် လက်လွှတ်ဆုံးရှုံးလိုက်ကြရသည်က အများအပြား။

ထိုကဲ့သို့ အမဲပစ်ထွက်ခဲ့ကြသည့်အချိန်၊ အကြောင်းအမျိုးမျိုးကြောင့် လှုသေအလောင်းတို့ကို တွေ့ကြရလျှင်၊ ထိုနေ့အဖို့ အမဲသားကောင်တို့ကို အများအပြား ပစ်ခတ်လို့ရရှိကြသဖြင့်(လာဘ်)ကောင်းသည်ဟု အယူအဆ ရှိကြသည်။ ထို့အပြင် အမဲလည်ကြ(တောမောင်းခြင်း၊ တောခြောက်ခြင်း) ခြင်းလုပ်ကိုင်ကြရင်း သေနတ်ကိုလိပ်ပြာလာရောက်နားလျှင်သော်လည်းကောင်း၊ ပုစဉ်းများ လာရောက်နားလျှင်သော်လည်းကောင်း ထိုကဲ့သို့လာ ရောက်အနားခံလိုက်သည့်သေနတ်သည် သားကောင်အများဆုံး ပစ်ခတ်ရ သော သေနတ်ဖြစ်ခြင်း။

အကြောင်းအမျိုးမျိုးကြောင့် မိမိကိုအန္တရာယ်ပေးလာသဖြင့် မြွေကို ပစ်ခတ်သတ်ဖြတ်လိုက်သည့် ထိုသေနတ်သည် မည်ကဲ့သို့မျှ သားကောင်ကိုပစ်ခတ်လို့မရ၊ နောက်တစ်ကြိမ်တောလမိုင်း တင်မြှောက်လိုက်ပါမှ ထိုသေနတ်ပစ်ခတ်လို့ရသည့်အနေအထား။

သို့အတွက် မြွေကိုတွေ့လည်း မတွေ့ချင်၊ ကိုယ့်ကိုအန္တရာယ်ပေးလျှင်တောင်မပစ်ခတ်ချင်ကြ။ မဖြစ်မနေကိုယ့်ကို အန္တရာယ်ပေးလာသောအခါ အသက်ဘေးကို ကာကွယ်လိုက်သည့်အနေမျိုးကြုံမှသာ. ပစ်ခတ်သတ်ဖြတ်ကြပေသည်။ သို့ကလို ကိုယ့်ဘက်က ရှောင်တိမ်းပါသော်လည်း ကျွန်တော်နှင့်မှ ထိပ်တိုက်ရင်ဆိုင်တိုးကာ သတ်ဖြတ်လိုက်ရသည့် အဖြစ်ကိုလည်းကြည့်ဦး...။

ယခုတစ်ခေါက် အမဲပစ်ခရီးကို တိုက်ကြီးဟိုဘက် ဇောင်းထူ ကိုကျော်ဖြတ်ပြီး ရွာခံမှဆိုး နေထိုင်သည့် ဗိန်းအိုင်ရွာ ဆီရောက်တော့ ညနေပင်စောင်းပေတော့မည်။ ကောင်းကင်တွင် မိုးကရွာတော့မည်မို့မည်းနေသည်။ ဖြတ်သန်းသွားရမည့် ခရီးစဉ်ကလည်း ဘုန်းနိုင်၊ စလူချောင်း၊ သဃ်န်းမြောင်၊ သန္တတ်အိုင်နှင့် သပြူကလော့ဆိုသည့်ရွာစဉ်ကိုဖြတ်ကျော်သွားပါမှရောက်မည့်အနေအထား။ ထိုရွာတွင် ညစာစားပြီး လျှောက်မည်ဆိုလျှင် နောက်နေ့နံနက် (၇)နာရီလောက်မှ အထိုင်ချပစ်ခတ်မည့်နေရာဆီသို့ ရောက်မည့်ခရီး။

အခြေအနေက မိုးဦးကာလမို့ ကားလမ်း၊လှည်းလမ်းမရှိတော့ တောလမ်းအတိုင်း မနက်ပိုင်းမှ ကိုယ့်ကျောပိုးအိတ်နှင့် သေနတ်တို့ကို လွယ်ကာ လျှောက်လှမ်းခဲ့ကြရပေတော့သည်။ ရိုးမကြီးအတွင်းပိုင်းဖြစ်သလို သွားကြရသည့်လမ်းက စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးအပြင် ကျောက်တောင်၊ ကျောက်မောင်း၊ ကျောက်ထရံ၊ သစ်တော၊ ဝါးတော၊ ချုံနွယ်တောကြီးများ၊ တောင်ကျချောင်းတို့ကို ဖြတ်ကျော်ကာ အလာလမ်းခရီးအား ကြမ်းလွန်းလှသည်မို့ အသက်အရွယ်ကလေးရလာသော ကျွန်တော့်အဖို့တော့ဖြင့် မသက်သာလှသလို၊ ကိုယ်ထက်အသက်ကြီးသော အဘကောင်းနှင့် အစ်ကိုကြီးသိန်းလွင်တို့နှစ်ယောက်အတွက်မူ ပြောဖွယ်ရာပင်မရှိတော့။ အိမ်ကထွက်လာခဲ့ကြစဉ်က ဖောကပ်နေသဖြင့် အကောင်းသား။ ယခုစခန်း (အထိုင်)ချရာဆီသို့ တောလမ်းအတိုင်း ခက်ခက်ခဲခဲတစ်နေကုန်မနားတမ်း၊ လမ်းလျှောက်လှမ်းခဲ့ကြရာ မိုးစုန်စုန်ချုပ်ခါမှပင် ရောက်ရှိလာခဲ့ကြရသည်။ ညပိုင်းက သဲကြီး မဲကြီးရွာချထားသော မိုးကြောင့် လမ်းများ ပျက်စီးကာ ရွှံ့နွံများကို ဖြတ်ကျော်ရသည့်ဒဏ်က အတော်ခံလိုက်ရသည့်အဖြစ်၊ သုံးဦးစလုံး ကိုယ်လက်များ ကိုက်ခဲလာပြီး၊ အလစ်ကို စောင့်နေသည့် ငှက်ဖျားပိုးက ထိုးဝင်လာချင်သည်။ သို့အတွက် သုံးဦးသား အရက်ကို သောက်လိုက်ကြပြီး၊စောင်ကိုခြုံကာကွေးလိုက်ကြရင်းထိုညအဖို့မှေးစက်နားနေလိုက်ကြသည်။

နံနက်မိုးစင်စင်လင်းသောအခါ အစ်ကိုကြီး ဦးသိန်းလွင် တစ်ယောက်သာ အကိုက်အခဲပျောက်သက်သာသွားသော်လည်း ကျွန်တော်နှင့် အဘကောင်းတို့က မသက်သာသဖြင့် အနားယူနေလိုက်ကြရင်း စောင်ခြုံကာဆေးသောက်ပြီး ကွေးနေကြစဉ် ရွာခံမုဆိုးနှင့် လူငယ်အဖွဲ့တို့က ပြောင်ခြေရာ ကောက်ရန်နှင့် ဟင်းစားရှာရန် ထွက်ခွာသွားခဲ့ကြပေသည်။

ငှက်ဖျားဆေးကို သောက်လိုက်ပြီး၊ စောင်ခြုံကွေးကာနှစ်မြိုက်စွာ မှေးစက်လိုက်၍လားတော့ဖြင့်မသိ၊နံနက် (၁၁)နာရီလောက်ရောက်တော့ ချွေးများထွက်လာပြီး နှစ်ယောက်စလုံး ကိုယ်လက်ပေါ့ပါးလန်းဆန်းလာ

ကြပေသည်။ ချွေးများကိုသုတ်၊ အဝတ်အစားတို့လဲဝတ်နေကြစဉ်တဲရှေ့သို့ ပျာယီးပျာယာ၊ မောကြီးပန်းကြီးနှင့် အောင်သူ တစ်ယောက် ပလိုင်းကို လွယ်လျက်ရောက်လာသည်။ ထိုလူငယ်က ရွာခံမုဆိုး "ခြောက်ပေနှင့်ပုတိုမ" တို့၏ သားတစ်ယောက်ပင်ဖြစ်ပေသည်။

ရွာခံမုဆိုး "ခြောက်ပေ" ဆိုသည်ကား ထူးထူးခြားခြားသူ၏ အရပ်အမောင်းက ရှည်လွန်းသူတစ်ယောက်မို့ သူ၏အမည်ကို "ခြောက်ပေ" ဟု ခေါ်ကြဟန်ဖြစ်သလိုသူ၏ဇနီးသည် "ပုတိုမ" ဆိုသည်ကလည်းအရပ်အမောင်းက လေးပေပင်မပြည့်တတ်။ ထို့အတွက် သူမကိုလည်း "ပုတိုမ" ဟု ခေါ်ကြဟန်ထင့်။ ယခုရောက်ရှိလာသည့် အောင်သူ ဆိုသူကလေးက သူတို့ဇနီးမောင်နှံ၏ရင်နစ်သည်းချာ သားရတနာလေးပင်။

"အောင်သူ မင်းကြည့်ရတာ ပြူးတူးပြဲတဲနဲ့ ဘာဖြစ်လာတာလဲကွ"

အဘကောင်းက လှမ်းမေးလိုက်သည့်အတွက် သူပြန်ဖြေလိုက်သည်က...

"မှိုသွားနတ်တာ အဘကောင်းရဲ့။ လမ်းမှာ မှိုပွင့်ကြီးတစ်ပွင့်က ကြီးလိုက်တာအဘရယ်၊ ဆန်ကောကြီးတစ်ချပ်ထက်သာမယ်ဗျ။ တစ်ခါမှ မတွေ့ဖူးဘူး၊ အခြားမှိုကိုမနတ်ဘဲ ဒီမှိုပွင့်ကို နတ်မယ်ဆိုပြီး သွားတော့ ငန်းမြွေကြီးတစ်ကောင် ထွက်လိုက်လို့ အသက်လုပြေးလာခဲ့ရတယ်။ ကံကောင်းလို့ ဒီကိုပြန်ရောက်လာတာ အဘကောင်းရဲ့"

အောင်သူပြောသည့်စကားကြောင့် တအံ့တသြနှင့် ပြန်မေးလိုက်မိသည်က

"ဟကောင် - အောင်သူရဲ့၊ နင့်ဟာက နည်းနည်းလောက်လျှော့စမ်းပါဦးကွ၊ ငါဒီအသက်အရွယ်ရောက်နေပြီ၊ ခုမင်းပြောတဲ့ဆန်ကောထက်ကြီးတဲ့မှိုမျိုး တွေ့လည်းမတွေ့ဖူးဘူး။ ကြားလည်းမကြားမိပါဘူးကွာ၊ လျှော့စမ်းပါဦး၊ မြွေကလည်း ဘယ်လောက်ကြီးသလဲကွ - ဟော"

"ငန်းမြွေကြီးပါးပျဉ်းက ဆန်ကောလောက်ကြီးပြီး ရှည်ရှည်ဝိုင်းဝိုင်းကြီးပဲဗျ၊ အလုံးကတော့ ကျွန်တော့်ပေါင်လုံးလောက်ရှိမယ်။ ပါးပျဉ်းထောင်

ဦး ကျွန်တော့်ကို ကြည့်တာ အမြင့်ကြီးကဗျ၊ ကျွန်တော့်ကို လိုက်တာများ ပြောရင်းတောင်ကြောက်လာမိပါရဲ့ စောင်းစောင်းကြီးနဲ့ ခေါင်းထောင်ကြည့်လိုက်၊ ဆက်ပြီးလိုက်နေတာမို့ မနည်းကွေ့ပတ်ပြေးရင်းက ဒီကိုရောက်လာတာလေ"

ကျွန်တော်က ဘာမှတော့ ပြန်မပြောလိုက်မိတော့။ သူမှိုသွားနတ်သည်ဟူသော အသိကြောင့် မှိုအကြောင်းကို ဆက်လက်စဉ်းစားနေမိသည်။ ယခုလိုမိုးရာသီအစပိုင်းတွင် ရိုးမတောကြီးအတွင်းမှိုများထွက်သည့်ကာလမျိုးဖြစ်ပေသည်။ သည်ရိုးမတောကြီးအတွင်းပိုင်းဆီတွင် ယခုလို မိုးဦးပိုင်းတွင် ငှက်စို့မှို၊ တောင်ပို့မှို ထွက်ကြပြီး မိုးလယ်ပိုင်း ကာလလောက်ရောက်သောအခါ ဝါးရုံမှို၊ ကျီမှို၊ မှိုအဂ္ဂ၊ မှိုဥ၊ နွားချေးမှိုတို့ ထွက်ကြသလိုအခြားသော စားလို့မကောင်းသည့်(လူကိုအဆိပ်အတောက်ဖြစ်စေသောပုံစံအမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးနှင့်အရွယ်အစားမှ)အမျိုးမျိုးတို့ပေါက်သည်ဖြစ်ရာ တောနှင့်သိပ်မစိမ်းသူ ကျွန်တော့်အသိပင်။ ယခု ပြောပြသည့်မှိုက "ဆန်ကောပိုင်းကြီးထက်ပင်ကြီးသေးသည်ဆိုသည့် မှိုမျိုးကိုတော့ မတွေ့ဘူးတာအမှန်ပင်ဖြစ်သည့်အတွက် တောအတွေ့အကြုံရှင်သည့် အဘကောင်းတစ်ယောက် ဘယ်လိုသဘောထားမည်ကို ငံ့လင့်စောင့်စားနေလိုက်စဉ်-

"အောင်သူ - ခုမင်း တွေ့ခဲ့ရတဲ့မှိုက ဘာအရောင်လဲကွ - မှတ်မိလား"

"အပေါ်က ခပ်မည်းမည်း၊ အောက်ပိုင်းကတော့ အဖြူ အဘရဲ့မှိုသားအထုက တစ်မိုက်သာသာလောက်ထူတယ်။ပင်စည်လုံးအမြင့်ကတစ်တောင်သာသာပဲ၊လုံးပတ်က ဝါးပိုးဝါးကြီး တစ်လုံးစာလောက်ရှိမယ်နှစ်ပွင့်ပဲအဘရဲ့ တစ်ပွင့်က ထမင်းစားပန်းကန်ပြားလောက်"

"မင်း ဘယ်မှာတွေ့ခဲ့တာလဲ"

"တောထဲမှာလေ - အဘကောင်းရဲ့"

"တောထဲမှာဆိုတာငါသိပါတယ်ကွာ၊ငါမေးနေတာကဘယ်လိုနေရာမျိုးမှာလဲဆိုတာကိုမေးနေတာ"

"အော် - ဒီလိုအဘရဲ့ လူသွားလမ်းဘေး သစ်ပင်အုပ်ကြီး အောက်ကွက် လပ်မြေပြင်မှာ ထီးထီးကြီးပေါက်နေတာမြင်လိုက်ရတော့၊ အားပါးတရ ခူးဖို့အသွား ပင်စည်လုံးဘေးမှာ ခွေနေတဲ့ မြွေကြီးက ရှူးခနဲမာန်ဖီ၊ ပါးပျဉ်း ကိုထောင်တော့ ကြောက်ကြောက်နဲ့ နောက်ဆုတ်အပြေး သူထိုးလိုက်လို့ မနည်းပြေးခဲ့ရတာ၊ အဲတော်လိုက်သေးတယ်အဘရဲ့ ကွေ့ပတ်ပြေးနိုင် လွန်းလို့သာ"

သူပြောပြသည့်စကားကို အဘကောင်းက နားထောင်ရင်း ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျွန်တော့်ကိုကြည့်ကာ ပြောလိုက်သည်က -

"သူ့အချိန်တော့မဟုတ်ဘူးကွ၊ ရှားရှားပါးပါး စောပြီးထွက်တဲ့ မှိုအုန်းနက်တဲ့ကွ၊ တန်ဖိုးကြီးတယ်၊ လူတွေအရင် မြွေကအရင်ဦးအောင်စားပစ်တော့ ရှားတာပေါ့ကွ၊ မြွေမစားသေးဘဲ အချိန်ကိုစောင့်နေတုန်း မင်းရောက်သွားတော့ သူ့အစာကိုလာလုတယ်အထင်နဲ့ ပွတ်လိုက်တာပေါ့ကွာ၊ အစားမာန်ရစ်တာပေါ့"

"ဘယ်လို အဘ၊ မှိုအုန်းနက်တဲ့လား၊ သူပြောသလောက်ကောကြီးလို့လားဟင်"

"ကြီးတာပေါ့ကွ၊ များသောအားဖြင့် မှိုသားအပေါ်ယံမည်းနက်တဲ့အချိန်ကို စောင့်ပြီး မစားသေးဘဲစောင့်နေတာနဲ့တူတယ်၊ အပေါ်မှာ ခပ်မည်းမည်းလို့ သူပြောတော့ မနက်သေးတဲ့သဘော၊ အပေါ်ယံနက်အောင် စောင့်နေတာကွ"

"ခုနေ သူ့ ဒီမှိုကိုစားတော့ ဘာဖြစ်မလဲအဘရဲ့"

"အပေါ်ကျောနက်တော့စားမှ ပိုကောင်းလို့နေမှာပေါ့ကွာ။ များသောအားဖြင့် မိုးလယ်လောက်မှာ ထွက်ကြတဲ့မှိုမျိုးကွ၊ သူက နေရာအနှံ့မပေါက်ဘူး။ သစ်တော်ကြီးတွေရဲ့သစ်ပင်ရိပ်အောက်မှာသာ ပေါက်တတ်ကြတယ်၊ မှိုသားက မာကျောသလို သူ့ကိုစားရင် အသားတုံးကို စားရသလို စီးစီးပိုင်

ပိုင်ရှိပြီး ရှားလည်းရှား၊ အဖိုးလည်းတန်တယ်ကွ၊ (နီညို၊ အနီ၊ နီဝါ၊ အညို အနက်) အရောင် အမျိုးမျိုးတွေ့ရပေမဲ့ အရသာကတော့ အတူတူချည်းပဲ ကွ၊ သွားကြမလား၊ မြွေထွက်လိုက်ရင်တော့ ရှင်းသင့်ရင်ရှင်းရမယ်၊ ဘယ် လိုသဘောရလဲ"

အဘကောင်းက ကျွန်တော့်သဘောကိုမေးလိုက်သည်။ အမှန် အတိုင်း ပြောရလျှင် ကိုယ်မတွေ့ဘူးသော မှိုအုန်းနက်ဆိုသည့်ကိုတော့ မြင်တွေ့ချင်စိတ်ရှိသော်လည်း မြွေနှင့် ဆိုင်တိုက်တိုးရမှာကိုတော့ ရွံ့တွန့် တွန့်၊ သို့အတွက် သူ့သဘောထားကို စောင့်ကြည့်နေလိုက်တော့...။

"အောင်သူ နေရာကိုမှတ်မိတယ်မို့လား၊ သွားလိုက်ကြရအောင်တော့"

အဘကောင်းနှင့် ကျွန်တော်တို့နှစ်ယောက်က ဝတ်လည်ဝတ်စုံ ကိုဝတ်ဆင်ပြီး မုဆိုးအသုံးအဆောင်နှင့် ဘေးလွယ်အိတ်ကိုလွယ်ကာ သေနတ်တို့ကို ကိုင်လိုက်သလို၊ အောင်သူကဓားတစ်လက်ကိုကိုင် ဆောင်ကာ ထွက်ခဲ့ကြလေတော့သည်။ တောလမ်းအတိုင်းလျှောက်လှမ်း ခဲ့ကြရာတဲ၏နောက်ကျောဘက်မှထွက်ခဲ့ကြပြီးမြောက်ဘက်မှကုန်းကြော အတိုင်းဖဲ့ဆင်းလာခဲ့ကြသည်။ အောင်သူပြောစကားအရဆိုလျှင်(၅)မိုင် ခန့် အတွင်းကို ထိုးဝင်လိုက်ပြီး သစ်တောကြီးနှင့်ယှဉ်လျက် ချုံတောကြီး ဘေးတွင်မှိုအုန်းနက်ရှိရာဖြစ်သည်ဟုပြောသည့်မှိုထိုနေရာဆီကိုဦးတည် လိုက်ခြင်းပင်။

❑

ကုန်းကြောအတိုင်းလျှောက်လှမ်းခဲ့ကြရင်း သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေး ဖုတ်သမားများသွားရာ ကွေ့ကွေ့ကောက်ကောက်မြေလမ်းလေးအတိုင်း လျှောက်လှမ်းခဲ့ကြရင်း နဘူးချုံ၊ မိုးနံ့ချုံ၊ ရေငန်းနှင့် ကြိမ်နွယ်တို့ရောထွေး ပေါက်ရောက်နေကြသည့်တောအတွင်းမှ ဖြတ်ဆင်းလာခဲ့ကြသည်။ လမ်း တစ်ကျောတွင် ဖရစ်ရိုး၊ ဖလံတောင်ဝှေး၊ ဂုံမင်း၊ တောက်တာ၊ ဂုံခါး ပင်တို့ က ထိုးထိုးထောင်ထောင်နှင့်။

"အောင်သူ - မင်းလွယ်အိတ်ထဲက ဘာထည့်လာခဲ့တာလဲကွ"

"လောက်လေးခွနဲ့ လောက်စာလုံးလေ၊ ပစ်လို့ရတာပေါ့"

တောကအမြဲစိမ်းတော .. လမ်းတစ်ကြောတွင် ရွက်ကြွေများ ရှိကြရာ ဟိုတစ်နေ့က ရွာလိုက်သည့်မိုးကြောင့် ရေများစိုနေသည်မို့ ခြေသံက လုံနေသလိုပင်၊ အပေါ်တွင် စိမ်းစိမ်းစိုစိုနှင့် အလုအယက်တက်ကာ ထိုးထိုးထောင်ထောင်ထွက်နေသော အပင်ကြီးများရှိသလို အောက်ခြေတွင်လည်း ရွက်ခြောက်တို့က ရေစိုနေသောကြောင့် ခြေသံကိုလုံဖို့ သတိထားနေစရာပင်မလို။ သို့တိုင်အောင် သစ်ရွက်စိုတို့ထက်မှ လူကိုတွေ့သဖြင့် ဝေးရာသို့ ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းကြသည့် ပုတတ်ကောင်ကလေးတို့၏ အသံကိုတော့ တရွှတ်ရွှတ်တရှဲရှဲကြားနေကြရသည်။

"ဗျော - ဗျော"

ကိုက်ငါးဆယ်လောက်ဆီမှ လမ်းကိုဖြတ်ကာပြေးလွှားသွားသော အသံကိုကြားလိုက်ကြရသဖြင့် လှမ်းကြည့်လိုက်ရာ အောင်သူကစားကို ခါးတွင်ထိုးလိုက်ပြီး လွယ်အိတ်အတွင်းမှ လောက်လေးခွနှင့် လေးသီးကို ထုတ်လျက် ထိုအကောင်နောက်ဆီသို့ ပြေးလိုက်သွားသည်။

"ဖောက် - ဖောက် - ဖောက်"

လောက်လေးခွကို ဆက်တိုက်ဆွဲကာ ပစ်လွှတ်လိုက်သည့်အတွက် လေးသီးထိမှန်သံကို ဆက်တိုက်ကြားလိုက်ရပြီး ဖအောင်သူ့ အသံထွက်လာသည်က...။

"အဘကောင်းရေ..ဖွတ်ကြီးဗျ၊ လေးပိဿာလောက်ရှိမယ်"

သူလှမ်းပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့နှစ်ဦး အနီးကို တိုးကပ်ကြည့်လိုက်တော့ဖွတ်ကြီးတစ်ကောင်ပင်။ လေးပိဿာနီးပါးရှိဖွတ်ညှင်းခံအမျိုးအစားပင်ဖြစ်ပေသည်။ သူက ဖွတ်မြီးနှင့် ဖွတ်ကိုချိုလိုက်ပြီး ထမ်းကာ လျှောက်လှမ်းခဲ့ကြရင်း...။

"နီးပြီ - အဘကောင်း၊ ဟိုသစ်ပင်မြင့်ကြီး အောက်မှာ မို့ပွင့်ကြီးက"

သူလှမ်းပြလိုက်သဖြင့် ကျွန်တော်တို့ကြည့်လိုက်တော့ သစ်ပင်မြင့်မြင့်ကြီးများနှင့် ချုံနွယ်ပင်ကြီးတို့နှင့် အတိရှိနေသည့် နေရာပင်။ ကိုက်ခြောက်ရာလောက်တော့ ဝေးဦးမည်ဖြစ်ပေသည်။

"ကဲ - တို့သုံးယောက် လူစုခွဲပြီး ဖြန့်တက်ကြမယ်၊ အောင်သူက အလယ်ကနေ၊ ငါတို့နှစ်ယောက်က ဘေးကညှပ်မယ်၊ အဓိက မှိုပေါ့ကွာ၊ မြွေက အစာကို လုတယ်ထင်ပြီး ရန်မူရင်တော့ သူ့ကုသိုလ်ပေါ့ကွာ၊ လက်မနေး စေနဲ့"

သုံးယောက်သားလူစုခွဲကာ မှိုပွင့်ကြီးရှိရာ သစ်ပင်ကြီး အောက်ဆီသို့ တိုးကပ်သွားလိုက်ကြပေသည်။ ကျွန်တော် တိုးကပ်သွားရာလမ်းသည် ကား တောတည်း၊ တောသရက်၊ မျောက်လုပ်ပင်နှင့် ဆေးငရုတ်ပင်ကြီးများ၏ပင်စည်လုံးကိုအကာအကွယ်ပြုလျက် တိုးကပ်သွားရင်း မြွေကြီးကို သတိထား နားစွင့်ကာရှာဖွေသော်လည်း ဘာတစ်ကောင်မျှ မတွေ့ရ။ မြေပြင်ထက်တွင် ငွားငွားစွင့်စွင့်ကြီးပေါ်ထွက်နေသည့် မှိုပွင့်ကြီးကို တွေ့လိုက်ရသဖြင့် တအံ့တသြငေးစိုက်ကြည့်နေလိုက်စဉ်...

"ရှီး - ဖျိုး - ဖျိုး - ဖျိုး"

သွဲ့ပျောင်းသောအရာတစ်ခုက မှိုပွင့်ကြီးဘေး၊ ကွယ်နေသည့် ပင်စည်လုံးကြီးဘေးမှ "ဂိုက်" ခနဲ ခေါင်းထောင်လာသည်။ ပါးစပ်မှလည်း ရူးရှစွာ အသံကြီးကို ပြုရင်းက ပါးပျဉ်းခွက်ကြီးကို ဖြန့်ကားလျက် ကျွန်တော့်ကို ကြည့်လိုက်၊ အဘကောင်းနှင့် အောင်သူတို့ဘက်ကို ခပ်စောင်းစောင်း ကြည့်လိုက်နှင့် စူးရှတောက်ပြောင်သော မျက်လုံးအစုံကိုဖွင့်ကာ သွားစွယ်ကြီးတို့အကြားမှ လျှာနှစ်ခွကို ပြူတစ် ပြူတစ် ထုတ်လိုက်သွင်းလိုက်နှင့် အလစ်အငိုက်ကို စောင့်နေသည့်အသွင်ကို တွေ့လိုက်ရပေသည်။

မြွေကြီးကားမသေးလှ၊ ဆန်ကောတစ်ချပ်လောက်နီးပါးရှိသည့် ပါးပျဉ်းခွက်ကြီးကိုဖြန့်ကားလျက် ခပ်စောင်းစောင်း အနေအထားဖြင့် အဘကောင်းနှင့် အောင်သူတို့နှစ်ဦးကို စောင်းကာငဲ့ကာ၊ ရှေ့ငိုက်လိုက်၊ နောက်ပြန်ငိုက်လိုက်နှင့် ပြင်းထန်သော လေချွန်သံမျိုးကိုပြုရင်းလုပ်နေပေမဲ့ ကျွန်

တော်နှင့် မျက်နှာချင်းဆိုင်အနေအထားဖြစ်နေသည်မို့ အသေအချာကြည့်တော့ လုံးပတ်က ကျွန်တော့်ခြေသလုံးခန့် ရှည်ရှည်ဝိုင်းဝိုင်းနှင့် ပါးပျဉ်းခွက်ကြီး။ မည်းနက်သောလျှာနှစ်ခွ၊ ဖန်ဂေါ်လီလုံးခန့်နီရဲသောမျက်လုံးနှစ်လုံး၊ ရှည်လျား ချွန်ထက်သောသွားစွယ်ကြီးများနှင့် သူ့အမူအရာက၊ လွန်စွာဒေါသထွက်နေသည့်ဟန်။ သတိလက်လွတ်ခံလို့မရ၊ ခန္ဓာကိုယ်က မည်းနက်ပြောင်ချောပြီး အားကောင်းမောင်းသန်မြွေမျိုးပင်။ မာန်ရှိသည်၊ ဒေါသကပြင်းထန်သလို လျင်မြန်သွက်လက်မြီး ကြောက်စရာကောင်းသည့်အသွင်။

မြွေကြီးကားမြေပြင်တွင်ခေါင်းချကာကျွန်တော့်ဆီသို့တိုးကပ်လာပြီး၊ ဆယ်ပေခန့်အကွာသို့ရောက်တော့ရပ်တန့်လျက်ခေါင်းကိုထောင်လိုက်ပြီး ပါးပျဉ်းခွက်ကြီးကို အစွမ်းကုန်ဖြန့်ခွက်လိုက်ကာ ကျွန်တော့်ကို အပေါ်စီးမှ မိုးပြီး ပေါက်ချနိုင်ဖို့အတွက် သူ့ကိုယ်လုံးကြီးကို တဖြည်းဖြည်းဆန့်ထုတ်လိုက်သည့်အချိန် အဘကောင်းက သူ့နောက်ကျောမှ အနီးသို့တိုးကပ်လာရင်း နောက်ကျောပေးထားသည့် ပါးပျဉ်းခွက်ကြီးအတွင်း ပစ်သွင်းလိုက်ပေတော့သည်။

□

"ဒိုင်း"

ကျယ်လောင်စွာ ပေါက်ကွဲသံကြီးနှင့်အတူ ပါးပျဉ်းထောင်ထားသောမြွေကြီးမှာ ၄က်ပျောပင်ကို ဓားနှင့် အပိုင်း ခံလိုက်ရသည့်ပမာ။ လည်တိုင်တစ်ခြမ်းပြတ်ပြီး တွဲလောင်းကြီးအနေအထားမျိုးနှင့် မြေပြင်ကိုပစ်ကျသွားကာ သွေးများပန်းထွက်ပြီး လူးလိမ့်နေရင်း မှိုပွင့်ကြီးအနားသို့ ရောက်သွားလျက် တစ်ကိုယ်လုံးနှင့် ရစ်ကာ ပတ်ကာ လိမ်ညှစ်လိုက်သလိုအနီးအနားတွင်ရှိသည့် သစ်ပင်ငယ်များကိုလည်း ရစ်ပတ်ကာ ချိုးဖဲ့လိုက်သည်ကိုတွေ့လိုက်ရပေသည်။ ကျွန်တော်တို့သုံးဦးသားမြွေကြီးဖြစ်အင်ကိုကြည့်နေရင်း နာရီဝက်လောက်ကြာသောအခါ ငြိမ်သက်သွားသည်ကိုတွေ့လိုက်ကြရပေသည်။

"အောင်သူ - မိုကတော့ အကောင်းအတိုင်းမရတော့ဘူးကွ။ မင်းယူချင်ရင် အတုံးလိုက်ကို ရွေးပြီးယူခဲ့ကွာ"

အဘာကောင်းပြောလိုက်သည့်စကားကြောင့် အောင်သူက -

"ကောင်းပါ့မလား၊ အဘာရဲ့ကျိုးကြေနေတဲ့ဟာ"

"အေး လေကွာ၊ ငါကလည်း ကျိုးကြေနေတဲ့အထဲက အတုံးကိုယူခဲ့ဖို့ ပြောတာပဲ"

သူကပြောပြောဆိုဆိုနှင့် အောင်သူ့လက်မှ ဓားကို လှမ်းယူလိုက်ပြီး ဝါးရုံတောရှိရာကိုသွားကာ ဝါးပင်တစ်ပင်ကိုခုတ်ပြီး အကိုင်းအခက်တို့ကို သပ်ကာ ထမ်း၍ပြန်လာသည်ကိုတွေ့လိုက်ရသည်။

မြွေကိုတွေ့ပြီးပစ်ခတ်လိုက်ပြီးကတည်းကကျွန်တော့်စိတ်ကမကြည်သာတော့။ စိတ်ကတထင့်ထင့်နှင့် သူဘာလုပ်မည်ကို စောင့်ကြည့်နေစဉ် ခွေးခေါက်ကာ သေနေပြီဖြစ်သော ငန်းမြွေကြီးအနီးတွင် ဝါးလုံးကိုချကာ အောင်သူနှင့် နှစ်ယောက်သား မြွေကြီးကို မနိုင်မနင်း ဆွဲယူဆန့်တန်းလိုက်သည်။ ပြီးတော့ မြွေကြီး၏ ဦးခေါင်းပိုင်းကို ခုတ်ဖြတ်လာခဲ့သည့် ဝါးလုံးတစ်ဖက်စွန်းနှင့်ကပ်လိုက်ပြီးနွယ်ကြိုးတို့နှင့်အခိုင်အမာတုပ်ချည်လိုက်ပြီး ကိုယ်လုံးရှည်ကြီးကို စက်ပရိန်ပုံစံမျိုးဖြစ်အောင် ဝါးလုံးတွင် အဆင့်ဆင့် ရစ်ပတ်လိုက်ပြီး အမြီးပိုင်းကို ကျန်ဝါးတစ်ဖက်အဖျားပိုင်းတွင် နွယ်ကြိုးတို့နှင့် ချည်လိုက်သောအခါ ရေနေ့ာက်မျှကာ နှစ်ဦးထမ်းယူသွားလို့သည့် အနေအထားကိုရောက်တော့ သူနှင့် အောင်သူတို့နှစ်ယောက် မြွေကြီးကို မနိုင်မနင်း ရေနေ့ာက် မျှထမ်းကာ အပြန်လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြပေတော့သည်။

ကျွန်တော်က သေနတ်နှစ်လက်ကို လွယ်ကာ လေးခွနှင့်ပစ်ခတ်ရရှိထားသည့်ဖွတ်ကြီးကို ထမ်းကာ သူတို့နှစ်ဦး နောက်မှ လျှောက်လှမ်းလိုက်ခဲ့ရင်း တွေးတောနေမိသည်က -

"ကျွန်တော်တို့ အဖွဲ့သားတွေ မြွေနှင့်ပတ်သက်လာလျှင် ယခင်အတွေ့အကြုံများအရအားလုံးလိုရှိရာမှန်းတီးနေသည့်အထဲ သူလည်းအထဲ

အဝင်ဖြစ်ပေသည်။ ယခုမူ ထူးထူးခြားခြားသူ့အဖြစ်ကို ကြည့်ရင်း အံ့ဩနေရသူက ကျွန်တော်ပင်။ စခန်းချရာဆီသို့ ပြန်ရောက်လျှင် ဟိုအကောင်ပေါက်တွေက ဘယ်လိုပြောဆို အပြစ်တင်ကြမည်ကို တွေးတောကာ အားအင်ချည့်နဲ့ စွာလိုက်ပါနေရသူက ကျွန်တော်ပင်။

အပြန်လမ်းတွင် တောကြီးအတွင်း ဆီမှာ တဖောင်းဖောင်း အတောင်ပံရိုက်လျက် တောကြက်ဖငယ်တို့၏ တွန်ကျူးသံတို့ကိုလည်း ကြားနေရသည်။ ငှက်ကလေးတို့၏ တွန်ကျူးသံတို့ကလည်း စီစီညံလျက်။ ညင်းသွဲ့သည့် လေပြည်စီးကြောင်းနှင့်အတူ တောပန်းတောင်ပန်းရနံ့တို့ကလည်း စီးမျော ပါလာကြသည်။

သူတို့နှစ်ယောက်က ကြီးမားသည့် မြွေကြီးကို မနိုင်မနင်းထမ်းလာခဲ့ကြရသလို ကျွန်တော်ကလည်း သေနတ်နှစ်လက်ကိုလွယ်၊ ဖွတ်ကြီးကို ထမ်းလာကြရသည်မို့ခရီးကဝေးလံသောအခါမနိုင်မနင်းဖြစ်လာကြသည်။ မကြာမီ ဝါးရုံတောစပ်ဆီသို့ ရောက်လာကြသည်။ ဝါးရွက်တို့ လေတိုးသံက တရှဲရှဲ။ ဝါးကိုင်းအဖျားအနားတို့က လေးဖက်လေးတန်ဖြာကျနေကြသည်။ ထိုစဉ် ကြက်တူရွေးအုပ်ကြီးတစ်အုပ်က ကီခနဲ ကီခနဲ အော်ဟစ်ကာ အုပ်လိုက်ကြီးက အရှေ့စူးစူးသို့ ပျံသန်းသွားကြသည်။ အကောင်ရေ မည်မျှများသည်ကိုတော့ မသိ။ ဝန်းကျင်တွင် နေရောင်ပင်မမြင်ရလောက် အောင် ပိတ်ဖုံးသွားသည့် အမှန်။

ကျွန်တော်တို့ သုံးဦးသား ဝါးရုံတောကြီးအတွင်း အတန်ကြာကြာ ဖြတ်သန်းကာ လျှောက်လှမ်းခဲ့ကြရင်း ချောင်းတစ်ခု၏ ကမ်းပါးယံထိပ်ဆီသို့ ရောက်လာခဲ့ကြသည်။ ပင်ပန်းသဖြင့် သယ်ပိုးလာသည်တို့ကို ထိုနေရာတွင် ချလိုက်ပြီး ခေတ္တအမောဖြေရင်း နားနေလိုက်ကြသည်။

အမောပြေကြသောအခါ သုံးဦးသား ပစ္စည်းများကို ပြန်လည် ထမ်းလိုက်ကြပြီး၊ မြောက်ဘက်ကိုသွားရန်လမ်းကြားကလေးအတိုင်း လျှောက်လှမ်းခဲ့ကြရာ ထိုနေရာလွန်တော့ သစ်ပင်ကြီးများ နည်းပါးသွားသည်ကို သတိပြုမိသည်။ စခန်းချရာနှင့်တော့ အတော်ကလေး နီးလာခဲ့ပေပြီ။

အဘကောင်းနှင့် အောင်သူတို့နှစ်ဦးက မြွေကြီးကို ထမ်းကြရင်း ရှေ့မှ သွားနေကြရာမှ တုန့်ခနဲ ရပ်လိုက်ပြီး၊ ပုခုံးတွင်ထမ်းထားသည် ဝါးလုံးကို ချလိုက်သည်ကိုတွေ့လိုက်ရသဖြင့် ကျွန်တော်လည်း ရပ်တန့်ကာ သူတို့နှစ်ဦးကိုငေးကြည့်နေလိုက်စဉ် အဘကောင်းက ချုံပုတ်တစ်ခုအတွင်းပြေးဝင်လိုက်ရင်း သူတို့အနီးသို့လာရန် လက်ဟန်ပြခေါ်ယူနေသည်မို့ ကျွန်တော်လည်း ဖွတ်ကြီးကို အောက်သို့ပစ်ချလိုက်ပြီး သူတို့နှစ်ဦးအနီးတိုးကပ်သွားရင်း အခြေအနေကိုလှမ်းကြည့်မိပေသည်။

ကျွန်တော်ရှေ့ဘက်ဆီကို လှမ်းကြည့်လိုက်တော့ ကိုက်တစ်ရာအကွာ လျှိုအလွန့်ဝါးပင်ပေါက်များအကြား မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးပြူးသွားမိသည်က အမှန်ပင်။ သွေးလည်ပတ်နှုန်းလည်း မြင့်တက်လာသည်။ မောနေသောကြောင့် တဒုန်းဒုန်းရင်ခုန်သံကိုပင် ကြားနေရသည်။

ထိုနေရာသည်အင်တိုင်းဆန်သောတောကြီးဖြစ်သည့်အတွက် ဝါးပင်ပေါက်များချည်း ပေါက်နေသည့်နေရာ။ မဲမဲတုတ်တုတ်အကောင်ကြီးတစ်ကောင်က ဝါးရွက်တို့ကို ဆွဲကာ နောက်ကျောပေးစားနေသည့် မြင်ကွင်း၊ ခေါင်းထောင်ကာဆွဲစားနေသည်မို့နောက်ကျောမှကြည့်လိုက်တော့ တုတ်နိုင်ကြီးမားလှသည့်သူ၏ဦးချိုကြီးကကွေးညွှတ်နေသလိုခန္ဓာကိုယ်ကြီးမှာလည်း ကျစ်လျစ်သန်မာထွားကျိုင်းလွန်းလှသည်။ သူ၏ခေါင်းကြီးက ထောင်လာလိုက်၊ အောက်ကိုငုံ့သွားလိုက်၊ ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်လုပ်နေသော်လည်း လေထက်မှာဖြစ်နေသည့်အတွက် ကျွန်တော်တို့အနံ့ကိုရဟန်မတူ။ သို့သော်လည်းအစဉ်သတိထားနေရင်းအစာစားနေသည့်အသွင်။

အဘကောင်းက သူ့သေနတ်ကိုလှမ်းယူလိုက်ပြီး ကြိတ်၍မောင်းတင်လိုက်သလို ကျွန်တော်ကလည်း သေနတ်ကို ကျည်ကြီးတို့နှင့် ပြောင်းလဲလိုက်ရင်းက -

"အဘကောင်း - ပြောင်ကြီးမို့လား"

လေသံနှင့်မေးလိုက်သော်လည်း သူက စကားမပြောဘဲငြိမ်နေရန် လက်ကာပြရင်း ထိုအကောင်ကြီးရှိရာကို အသာကုန်းကွကွနှင့် ရပ်ကာ လှမ်းကြည့်လိုက်ပြီး လေသံနှင့်ပင် ပြန်ဖြေလိုက်သည်က -

"နောကူးကြီးကွ၊ သတိထားကြနော်၊ အန္တရာယ်သိပ်ကြီးတယ်"

သူပြောလိုက်သည့်အတွက် ကျွန်တော်ချုံအတွင်းမှ ခေါင်းထောင်ကာ ပြန်ကြည့်လိုက်မိသည်။ ပြောင်ကြီးကို တွေ့လိုက်ရသောနေရာသည် စောစောက အင်တိုင်းတောဟု အထင်ရှိခဲ့သော်လည်း ယခုပြန်ကြည့်လိုက်တော့မှ အင်တိုင်း တောမဆန်ဘဲ အင်ပင်နှင့် ဝါးပင်ပေါက်တို့ ရောထွေးပြီး ချိုက်တော ပုံသဏ္ဍာန်မျိုး၊ ခတ်ချိုပင်နှင့် ကြွေးပင်တို့အပြင် အလိုလေး ဆူးတို့နှင့်အတိ။ စစ်ပင်နှင့် ကျီးပင်တို့လည်း ရောထွေးနေသည့် နေရာ၊ ချောင်းကမ်းပါးယံသည်ဘက်မှာ အစာစားနေရင်း ခေါင်းထောင်လိုက်သည်ကို ကြည့်လိုက်ရာ ဦးချိုကြီးက လှပဝိုင်းစက်နေသည်။ ချိုအရင်းက လှိုင်းတွန့်သဏ္ဍာန်အရစ်ရစ် အထစ်ထစ်နှင့် အရင်းပိုင်းက မဲပြောင်ကာ အဖျားပိုင်းက ရွှေရောင်ဝင်းလျက် အဘကောင်းပြောသည့် နောကူးနေသည့် ပြောင်ကြီး တစ်ကောင်ပင်ဖြစ်ပေသည်။

❑

ပြောင်များ နောကူး သည့်အခါ အိုမင်းရင့်ရော်ကြသည့် ပြောင်အိုကြီးများ အသွင်သို့ ရောက်နေပေပြီ။ ပြောင်အုပ်နားကိုကပ်လို့မရကြ၊ ကပ်လျှင် အားကောင်းမောင်းသန် ပြောင်ပျိုတို့က ဇေ့ခတ်ကာအုပ်အတွင်းမှ မောင်းထုတ်ခြင်းခံကြရသော ပြောင်အိုကြီးပင်။ အုပ်အတွင်းမှ ပြောင်မများက သူ့ကိုအကပ်မခံ၊ အားကောင်းမောင်းသန်ရှိသည့် ပြောင်ပျိုတို့အနားကမခွဲမခွာအမြဲကပ်လျက်။

သို့အတွက် ပြောင်အုပ်အတွင်း နေလို့မရဘဲ ခွဲထွက်ခဲ့ကြရသည့် ထိုပြောင်ကြီးတို့မှာ အရာရာကို ဘဝင်မကျသဖြင့် မစိတ်မွှန်ကာ အမြဲတမ်းရန်လိုနေကြသည့် အကောင်မျိုးကြီးပင်ဖြစ်ပေသည်။ သို့အတွက် ကျွန်တော်က နေရာတွင်ထိုင်လိုက်စဉ် အဘကောင်းက လေသံကလေးနှင့် -

"တဲ - ငါတို့သုံးယောက် စွန့်စားမှ ရမယ့်အခြေအနေကွ၊ ဒါကြောင့် လူစုခွဲ လိုက်ကြရအောင်"

"ငါအချက်ပေးလိုက်ရင် အောင်သူက လိပ်ရိုးပင်ကြီးကို အကာအကွယ်ယူပြီး အသံပေးပြေးပေတော့၊ မင်းအသံကြားတာနဲ့ နောက္ခူးကြီးက မင်းနောက်ကိုလိုက်လိမ့်မယ်၊ ချောင်းကမ်းပါးယံကို ရောက်တော့ အောက်ခြေကို ခုန်ချပြီး ကပ်နေလိုက်၊ ကြားလား"

"ပြောင်ကြီးက မင်းနောက်လိုက်တုန်း ဘိုလေးက ပြောင်ကြီး မင်းနောက်မလိုက်အောင် အသံပေးပြီး ဟိုသစ္စပ်ပင်ကြီးကို ပြေးကပ်၊ ငါက လို အပ်သလို ပစ်မယ်၊ ဘိုလေးကလည်း သစ္စပ်ပင်ကို အကာအကွယ်ယူပြီး ပစ်လို့ရတယ် ကြားလား၊ မကြောက်နဲ့ လုပ်ငန်းစလိုက်ကြရအောင်"

လုပ်ငန်းစတင်ဘို့ နေရာမှ ထလိုက်ကြတော့မည့် အချိန်ကလေး တွင် -

"ကျစ် - ကျလစ် - ကျလစ် - ကျလစ် - ကျလစ် - ကျစ် - ကျစ် - ကျစ်"

မည်သို့မှ မျှော်လင့်မထားကြဘဲနှင့် ဆက်ရက်ငှက်အရွယ်သာသာ လောက်ရှိသည့်ငှက်ကလေးတစ်ကောင်ကပျဉ်းမပင်ထိပ်ဖျားတွင်နားခိုရင်း ကျွန်တော်သုံးယောက်ဘက်သို့လှည့်ကာ၊ ငယ်သံငယ်ရင်း အသံနှင့် ထ ကျစ်ကျစ်အော်မြည်ကာ ခုန်ဆွခုန်ဆွလုပ်နေသည့်အသံကြောင့် မော့ ကြည့်လိုက်သော အဘကောင်းက -

"ဟာ - ခုမှ ဒုက္ခပဲဟေ့၊ အောင်သူလုပ်ငန်းစပေတော့၊ အမြန်လုပ် ပြောင်စောင့်ငှက်အော်ပြီး သတိပေးနေပြီ"

ပြောင်နောက္ခူးကြီးမှာ စောစောက ကျွန်တော်တို့ကို ကျောပေး အ စားနေရင်း ခေါင်းတထောင်ထောင် လည်တဆန့်ဆန့်ဖြစ်နေရာမှ ပြော စောင့်ငှက်ကလေး၏ အော်မြည် ဟစ်ကြွေးအချက်ပေးလိုက်သည့်အ ကြောင့် ရုတ်ခြည်း ကျွန်တော်တို့ဘက်ကိုလှည့်ကာ ပြေးလာတော့မ အလုပ် အောင်သူက နေရာမှထကာ လိပ်ရိုးပင်ကြီးဘက်ဆီသို့ လျှ သော အဟုန်နှင့် ပြေးထွက်သွားရာ နောက်ဆီသို့ တောပြုံသလိုမျိုး အ

ကြီးများ ကဲ့သို့ ဝေါခနဲ ဝေါခနဲ အရိပ်မည်းကြီးက ထိုးလိုက်သွားသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က နေရာမှထိုက်ပြီး -

"ဟေး - ဟေး - ဟေ့ကောင်ကြီး ငါဒီမှာကွ"

ကျွန်တော်တို့ကိုလွှန်ပြီး အောင်သူ့နောက်သို့ ပြေးလိုက်နေသည့် အကောင်ကြီးမှာနောက်မှအော်ဟစ်အသံပေးလိုက်သည့်ကျွန်တော့်အော်ဟစ်သံကြောင့် ရှေ့ကိုဆက်မလိုက်ဘဲ တုံ့ခနဲရပ်လိုက်စဉ် နေရာမှလှစ် ခနဲ သခွပ်ပင်ကြီးရှိရာဆီသို့ ပြေးထွက်သွားလိုက်၏။ ပြောင်ကြီးမှာ နောက်သို့ပြန်လှည့်၍ ကျွန်တော့်နောက်ကို လိုက်တော့မည်အပြု -

"ဒိုင်း - ဒိုင်း"

မှုလထိုင်နေရာ ချုံတောကြီးအတွင်းဆီမှ အဘကောင်းကိုင်ထားသည့် ဒသမ .၃၇၅၊ အမဲကြီးပစ် ရိုင်ဖယ်၏ ပေါက်ကွဲသံကြီး (၂)ချက်ကို ကြားလိုက်ရသည်နှင့်အတူ ကျွန်တော့်ဆီသို့ ပြေးလိုက်နေသည့် "နောက်ကျုံးကြီး" မှာမြေပြင်သို့ဘေားတိုက်ပစ်လဲကျသွားသည့်အချိန်တွင်ကျွန်တော်ကလည်း ရည်မှန်းထားရာ သခွပ်ပင်စည်လုံးဘေး ပြေးကပ်နေရာယူချိန်ရွယ်ထားပြီးဖြစ်နေပေတော့သည်။

ကျွန်တော်နှင့် ပြောင်ကြီးလဲကျသွားသည့်နေရာသည် သိပ်ဝေးသည်တော့မဟုတ်။ အလွှန်ဆုံးကိုက် (၅၀)အတွင်းမို့ ချိန်ရွယ်ကာ အသင့် စောင့်ဆိုင်းနေလိုက်စဉ် -

"ဒိုင်း"

အဘကောင်းထံမှ မြေပြင်တွင် လူးလိမ့်နေသော နောက်ကျုံးကြီးကို စခန်းသိမ်း ပစ်သွင်းလိုက်သည့်အသံကြီးကို ကြားလိုက်ရပေသည်။ အတန်ကြာတော့

"ဗူး - လာကြတော့ ဟေ့ - ကိစ္စပြတ်သွားပြီ"

အဘကောင်းအသံကြားလိုက်ရသဖြင့် ကျွန်တော် အသာပင်စည်လုံးဘေးမှ ထွက်လာရင်း နောက်ကျုံးပြောင်းကြီးကို ကြည့်လိုက်မိသည်။ လည်ကုတ်အရင်းတွင် တစ်ချက်၊ ရှေ့လက်ပြင်နောက်တွင်တစ်ချက်၊ နဖူးတည့်တည့် ကြာကွက်ကြီးတွင် တစ်ချက်နှင့် နှာခေါင်းအတွင်း၊ ပါးစပ်ကြီးအတွင်း

တို့မှာသွေးခဲကြီးများအန်ထွက်ရင်းသေပွဲဝင်နေရှာသည့်သားကောင်ကြီးကို ကြည့်နေစဉ်အောင်သူအနီးသို့ရောက်လာပြီးအဘကောင်းနှင့် ကျွန်တော် တို့ နှစ်ယောက်ကို ပြေး၍ ပွေ့ဖက်ကာ ပါးကိုဘယ်ပြန်ညာပြန်နမ်းရှုံ့လိုက် သည်။ ဝမ်းသာပီတိကြည်နူးမှုနှင့် အတိဖြစ်နေရှာသည်ကို တွေ့လိုက်ရပေ သည်။

ယခုမှပစ်ခတ်လို့ရသည့် "နောက္ခားကြီး" ကို လှည်းနှင့် သယ်မှဖြစ်မည့် အတွက်သည်အတိုင်းထားခဲ့ကြပြီးပထမပစ်ခတ်လို့ရရှိထားသည့်ဖွတ်ကြီး နှင့် ငန်းမြွေတို့ကို သုံးဦးသား ထမ်းကာ စခန်းချရာဆီသို့ လျှောက်လှမ်းခဲ့ကြ ပေတော့သည်။

အပြန်လမ်းတွင် ကျွန်တော်စဉ်းစားနေလိုက်မိသည်က မုဆိုးတို့နှင့် တောလမိုင်း တောင်လမိုင်း ကိစ္စတို့က ခက်တော့အခက်သား။ မြွေကို တွေ့ လျှင်ပင် ခရီးစဉ်တစ်ခုလုံး ကမောက်ကမတို့ရည်းနှင့်သာ ကြုံတွေ့ရင်ဆိုင် ခဲ့ကြရသည်မှာ အရိုးစွဲနေကြသည့် ကျွန်တော်တို့အဖွဲ့သားတွေအတွက် ယခုခရီးစဉ်တွင် မြွေကိုတွေ့ရုံတင်မက သတ်ပြီးထမ်းယူကာပြန်လာခဲ့စဉ် စခန်းချရာဆီသို့ မရောက်မီ နောက္ခားကြီး တစ်ကောင်ကို ယခုလို ပစ်ခတ် သတ်ဖြတ်အနိုင်ယူခဲ့သည့်ဖြစ်ရပ်ကို ဘယ်လိုပြောရမှန်းပင်မသိ။

စခန်းချရာဆီသို့ ပြန်ရောက်လျှင် အဖွဲ့သားတွေကပင် ကျွန်တော်တို့ ယခုလို ဖြစ်ခဲ့ကြသည့်ဖြစ်ရပ်ကို ယုံကြည်မည်လားမသိဆိုသည်ကို တွေး ရင်း အားပါသော ခြေလှမ်းတို့ဖြင့် တက်ကြွစွာလျှောက်လှမ်းရင်း ပြန်ခဲ့ပေ တော့သည်။

⇨ ဇေးဇော်

မှတ်ချက်-

*ပြောင်စောင့်ငှက်ဆိုသည်မှာ ပြောင်အုပ်အနီးတွင် နေထိုင်ကြပြီး ပြောင် ကိုယ်လုံးတွင် လာရောက်နေကြသည့် ပိုးကောင် မွှားကောင်တို့ကို ဖမ်းစားကြ သည်။ ထို့အတွက်ပြောင်များသည်ထိုငှက်ကလေးတို့၏အစာအတွက်ကျေးဇူးပြု သလို ထိုပြောင်တို့ကို ဒုက္ခပေးမည့်ရန်သူကို တွေ့လျှင်လည်း ယခုလို သတိပေး ကာကွယ်ကြသည့် ငှက်ဖြစ်ပေသည်။*

# …ယ်တဲချောင်းဝက် မီးမကူးဝံ့ စိုးယဉ်တွန်း

သစ်ဆောင်း၊ မောင်…



**တောထဲတွင် မုဆိုးတစ်စုက ထူးဆန်းသော အစွယ်တစ်ချောင်းဝက်နှင့် ပစ်လျှင် သေနတ်ကျည် မထွက်သောဝံကို သည်းထိတ်ရင်ဖိုပစ်ခတ်ဖမ်းဆီးပုံကို ဖတ်ရှုရမည်..**

---

**ကျွန်ုပ်**၏ မိဘဘိုးဘွားတို့သည် တောတောင်တို့နှင့် ရင်းနှီးသ အကျွမ်းတဝင်ရှိသည်။ ထို့အတွက်ကြောင့် ထော်မဲရောဟူသော မုဆိုး ဖြစ်ခဲ့သည့်ကျွန်ုပ်၏အဖေသည် အဆိပ်စပ်နည်း၊ ထောင်ချောက်ဆင်နည်း သားကောင်လိုက်သောနည်း၊ တောထဲတွင် ရက်ရှည်စွာနေထိုင်ရခဲ့လျှ စားသောက်ပုံ၊ နေထိုင်နည်းများကိုပါ သွားလေရာတွင်ခေါ်ယူသွား သင်ကြားပြသပေးသည်။ သို့သော် ကျွန်ုပ် မုဆိုးတစ်ယောက်ဖြစ်ရန် ရည်ရွယ်ခဲ့ခြင်းမရှိခဲ့ပါ။ ဒါပေမဲ့ ကျွန်ုပ် မုဆိုးပဲဖြစ်ခဲ့၏။ အပြည့်အဝမုဆိုး ဟုတ်ပါပဲ တစ်ဝက်တစ်ပျက် မုဆိုးပင်ဖြစ်သည်။ ထို့ကြောင့်လည်း မြ နားကောလိပ်တွင် ပညာသင်ကြားနိုင်စေရန် ကျွန်ုပ်၏အဖေသည် ကျ စွမ်းဆောင်၍ ကျောင်းထားပေးခဲ့သည်။ ကျွန်ုပ်ဘွဲ့ရပြီး သစ်တောဌာန တာဝန်ထမ်းဆောင်ခဲ့ပြီး သုံးနှစ်ကျော်တွင် အဖေကွယ်လွန်ခဲ့သည်။ အ က ကျွန်ုပ်ငယ်စဉ်ကပင် ကွယ်လွန်ခဲ့သည်။ အဖေ၏ အသုဘတွင် ထုံး တိုင်း ညှော်ခံကျွေးမွေးရန် နွားနောက်လည်းမရ၊ ကျွဲနွားလည်းမရ သူငယ်ချင်းဖြစ်သူ မော်တရန်းက အကြံပေးလာသဖြင့် အဖေကိုင်ခဲ့ ဒူးလေးနှင့်မြား၊ကျည်ဘူး၊ပွိုင့်တူးတူးသေနတ်ကလေးကိုယူပြီးမော်တ ခေါက်လျှံဒိန်တို့နှင့် ကိုယ်တိုင်ပင်တောပစ်ထွက်ခဲ့သည်။

သို့သော်တစ်နေကုန်၍နောက်တစ်နေ့ကူးသွားသည်။တောကြ ယုန်တစ်ကောင် မျောက်တစ်ပြီးပင်မရသေးပါ။ ကျွန်ုပ်နှင့် သူငယ်ချင်း

ယောက်တို့မှာ ညကလည်း တောထဲတွင် သစ်ပင်မြင့်မြင့်ကြီးပေါ်တွင်ဖြစ်သလိုအိပ်ခဲ့ရသောကြောင့် မှတ်ခြင်တို့ကြောင့်ပါ အိပ်ရေးပါပျက်ခဲ့ရပြီး နံနက်ပိုင်းတွင်လည်း ဘာမှစားသောက်ရခြင်းမရှိဘဲ မော်တရန်းပြပေးသောလမ်းမှ လျှောက်၍လိုက်ခဲ့ရသည်။ မော်တရန်းက တောပျော်လိုက်သောမုဆိုးတို့ကို လမ်းပြလုပ်ခြင်း၊ ကိုယ်တိုင်လည်းတောလိုက်နေခြင်းကြောင့် ထိုတောကိုကျွမ်းနေသည်။

ကျွန်ုပ်က ကျောင်းနေပညာသင် အလုပ်ဝင်နှင့် မွေးရပ်မြေရော တောတောင်တို့နှင့်ပါစိမ်းနေခဲ့သည်။ ဆယ်နာရီကျော်သွားသည်။ တစ်နေရာတွင် ရွက်နုကလေးများဖြာဝေနေသောချုံက လှုပ်ယမ်းနေသည်။ ကျွန်ုပ်တို့သုံးယောက်သား ရောက်ရာတွင် ငြိမ်သက်စွာထိုက်လိုက်ကြသည်။ ချုံ၏တစ်ဖက်တွင် ကြီးမားလှသောအကောင်တစ်ကောင်၊ အထက်ိုင်မ်းငမ်းတက် မက်မောစွာနှင့်စားနေသည်။ ကျွန်ုပ်နှင့်မော်တရန်း၏ ဒူးလေးနှစ်လက်က တည့်မတ်စွာချိန်ကိုက်ကြပြီး ပစ်လွှတ်လိုက်သည်။ ကျွန်ုပ်၏မြားတံနောက်မှ ပြေးလိုက်သွားသောမော်တရန်း၏မြားတံက ရှေ့လက်ပြင်ထဲကို နက်နက်နဲနဲစူးဝင်သွားသည်။ ကျွန်ုပ်၏မြားတံက လည်ပင်းကိုအတော်ဝင်ရောက်သွားပြီး လူတစ်ရပ်မရှိတရှိသောချုံပုတ်ကို ကျော်အောင်ခုန်လိုက်သောတောကောင်မှာ ပြန်ကျ၍ ချုံစပ်တွင် လှုပ်ခါ၍ငြိမ်သက်သွားပြီး ထိုအခါကျမှ ဆတ်ကြီးတစ်ကောင်မှန်းသိလိုက်ရသည်။

ခေါက်လျှံဒိန်ယူလာသော ဓားမောက်နှင့် ပလိုင်းကြီးကအသုံးဝင်သွားသည်။ ဆတ်ကြီးကိုရင်ခွဲပြီးအူအသဲများထုတ်၍ပလိုင်းထဲကိုထည့်ပြီးဆတ်သေကောင်ကြီးကို ဝါးနှင့်လျှိုကာ တစ်လှဲ့စီထမ်း၍ပြန်လာကြသည်။ ရွာကိုပြန်ရောက်တော့ ကျွန်ုပ်၏အဖေအသုဘတွင် အချိန်ခြောက်ဆယ်ကျော်ဆတ်သားနှင့် ဟင်းချို၊ ပဲပုပ်စပ်ထောင်းဟင်းတို့ဖြင့် ဧည့်သည်များကိုကျွေးမွေးဧည့်ခံပြီး အဖေ့ကျေးဇူးကိုနမ်းတစ်စေ့စာမျှမရှိသည်ကိုဆပ်ခွင့်ရလိုက်သည်။

ထို့နောက်တွင် ကျွန်ုပ်သည် သစ်တောအလုပ်တာဝန်နှင့် တာဝန်ကျရာအရပ်တို့တွင် အဖေချန်ထားခဲ့သောအမွေ ဒူးလေး တစ်လက်၊ . ၄၂၃၊ အမဲပစ်ရိုင်ဖယ်တစ်လက်နှင့် တောတောင်တို့ကို ခြေရာချင်းထပ်စေခဲ့သည်။ ကျွန်ုပ်ကို မုဆိုးထော်မဲလျှန်ဟု အသိများကြလေသည်။ ကျောင်းနေ

ဘက်သူငယ်ချင်း ရာမင်းအောင်ဆိုသည့် ရန်ကုန်သားသည် ဘွဲ့ရပြီး အပျော်မုဆိုးတစ်ယောက် အဖြစ်ခံယူပြီး ကျွန်ုပ်ထံသို့ မကြာမကြာရောက်လာတတ်သည်။ ရာမင်းအောင်က သစ်ခွပန်းများ၊ ဆေးဘက်ဝင်အပင်အခေါက်၊ အသီးအမြစ်၊ အပွင့်တို့ကိုလည်း ရှာဖွေစုဆောင်းသည်။

ရာမင်းအောင်သည် ၃၀.၁၃ စပရိန်ဖီး(လ်)တစ်လက်၊ သတ္တုရိုးဒင်နှင့် စပရိန့်ဒူးလေးတစ်လက်အပြင် ထော်မဲခမ်းဆိုသည့် ကျွန်ုပ်နှင့် မျိုးတူသော တပည့်တစ်ယောက်ဖြင့် လူပျိုကြီးတစ်ကိုယ်တည်းနေထိုင်သွားလာနေသူဖြစ်သည်။ ကျွန်ုပ်က ငယ်ကျွမ်းဆွေ၊ ရှမ်းသွေးပါသော စောမြင့်ကြည်နှင့် သားသမီးသုံးယောက်ပင်ရရှိနေပြီဖြစ်သည်။ ကျွန်ုပ်ရှိရာ ပျဉ်းမနားနယ်တစ်ဝိုက်၊ ဇန်းမော်ခရိုင်သစ်ကွက်များ၊ ကသာ၊ ထီးချိုင့်တို့ အပြင် ပဲခူးရိုးမ အရှေ့ဘက်ခြမ်းတို့ကိုပါ ရောက်ရှိလာပြီး ကျွန်ုပ်နှင့်ရော သူတို့ဆရာတပည့် နှစ်ယောက်နှင့် ရွာခံများကိုခေါ်၍ပါ တောလိုက်တတ်သည်။

ရာမင်းအောင်နှင့် တပည့်ထော်မဲခမ်းတို့ တောပစ်သော အကြောင်းနှင့် ကြုံခဲ့ရပုံများကို ကျွန်ုပ်အား ပြောပြခဲ့သည်။ ထိုအကြောင်းများထဲမှ စိတ်ဝင်စားစရာကောင်းသော အကြောင်းတစ်ခုသည်ကား...။

□

ပဲခူးအရှေ့ဘက်ခြမ်းရိုးမ၏ အခြေ၊ ခံတက်တောဟု အသိများသော စခန်းအနီးတွင် အစွယ်တစ်ချောင်းနှင့် တောဝက်ထီးကြီး၊ မီးမကူးသော ဝက်ဝံတို့၏ သတင်းက ကြီးလှသည်။ ရာမင်းအောင်နှင့် တပည့် ထော်မဲခမ်းတို့နှစ်ယောက်၊ ရိက္ခာကိရိယာအစုံနှင့် ငွေယားနှင့် ခွက်ပေါက်ဂမုန်းရှိသည်ဆို၍ ပေါင်းတည်မြို့၏ အရှေ့ ကြို့ပင်သာရွာကို ရောက်ရှိပြီး လွင်ကျော်၊ မရင်တို့၏ အိမ်၌တည်းခိုနေကျအတိုင်း ဝင်ရောက်တည်းခိုလေသည်။

နောက်တစ်နေ့တွင် ခံတက်တောရွာမှ ဦးညက်မောင်နှင့် ကိုညိုကြီး တို့နှစ်ဦး ပေါင်းတည်မြို့ဈေးတွင် ဈေးဝယ်လာရင်းမှ အပြန်တွင် ကြို့ပင်သာရွာ၊ မခင်ဝင်းအရက်ဗိုတွင် နားရင်းမှ အရက်သောက်ကြရာ ရွာခံ ကျော်အိနှင့် အရက်သောက်ရင်းစကားလက်စုံကျပြီး။

"ကျုပ်တို့က ခံတက်တောရွာကပါ။ ဟိုတုန်းက သစ်စခန်းပေါ့၊ အခု တော့စခန်းရွှေ့လို့၊ သစ်ဆွဲဆင်တွေလဲမရှိတော့ပါဘူး။ လူနေရွာသက်သက်

ဖြစ်သွားပြီး၊ စိုက်ပျိုးစားတဲ့ အနေအထားပါ။ အဲဒီမှာ တောဝက်တစ်ကောင်နဲ့ ဝက်ဝံတစ်ကောင်က ဝါးခုတ်၊ ထင်းတိုက်၊ မျှားဖွပ်တဲ့လူတွေကို အတော်ဒုက္ခပေးတယ်"

"ဟုတ်ကဲ့ - ပြောပါ"

"အဲ - တောဝက်က အစွယ်တစ်ချောင်းပဲရှိပြီး ဝက်ဝံကလဲ ရင်ဝမှာ အဝါရောင်အဝိုင်းထဲမှာ ကန့်လန့်ဖြတ်အညိုစင်းကြောင်းကြီးအကောင်ကလည်းကြီးပြီး၊ မီးတုတ်နဲ့ ပစ်တာကိုမီးကိုလက်နဲ့ပွတ်ချေပစ်တယ်။ ကျုပ်တို့ရွာက လူတွေရောအနီးအပါးရွာကလူတွေပါ ခဏ ခဏ အလိုက်ခံရတယ်။ ဆရာကြီးရယ်၊ အဲဒါတတ်နိုင်သလို ကူညီပါ"

"ကိုရင်မောင်ညိုပြောတာဟုတ်ပါတယ်၊ ကျုပ်ကညက်မောင်ပါ။ ရွာလူကြီးတစ်ယောက်ပါ၊ နေရေးစားရေးကို တာဝန်ယူပါတယ်၊ တတ်နိုင်ရင် ကူညီပါဗျာ၊ ဆရာကြီးရယ်"

ဦးညက်မောင်ဆိုသူပြောပြီးတော့ လွင်ကျော်ကပါ -

"ဟုတ်တယ် အစ်ကိုရာမင်း၊ ကျွန်တော်ပြောမလို့၊ ဦးလေး ညက်တို့ ရောက်လာတော့ ပိုပြီးပြည့်စုံ အဆင်ပြေတာပေါ့"

"အင်း - ကျွန်တော့်ကို ပြည့်ပြည့်စုံစုံပြောပြပါ၊ ဦးညက်"

"ဟုတ်ကဲ့ ရွာကိုလိုက်ခဲ့ပါ၊ ဆရာကြီး၊ ဒီက မောင်လွင်ကျော်နဲ့ မရင်တို့က ဧည့်သည်တွေလိုပါပဲ၊ ရွာရောက်ရင် ကျုပ်ရော အားလုံးကပါရှင်းပြကြမှာပါ"

"ကျွန်ုပ်ငယ်ငယ်တုန်းကတော့
ဒွတ်ပေါက်ဝမုန်းဆိုတာကို
လူကြီးတွေပြောလို့ ကြားဖူးခဲ့တယ်။ သူနဲ့
တွဲဖက်ပြီးသုံးရတဲ့နှင်းဖြူဆိုတာရှိမှ၊
အန္တရာယ်ကင်းကင်းသုံးလို့ရတယ်၊
ဒွတ်ပေါက်ဝမုန်းတစ်ခုထဲဆိုရင်
အသုံးမတည့်ဘူး၊ အန္တရာယ်ကြီးတယ်။"



ရာမင်းအောင်နှင့် တပည့်တော်မဲခမ်းတို့မှာ ကြိုပြင်သာရွာတွင် တစ်ည သာအိပ်ရပြီး၊ ခံတက်တောရွာကို ဦးညဏ်မောင်၊ ကိုညိုကြီးတို့နှင့် လိုက်ပါ လာခဲ့ကြရသည်။

ရွာနောက်ခံက တောနက်နက်တောင်ဘက်တွင် တောင်ကျချောင်းရိုး တစ်ခုရှိပြီး မိုးရာသီတွင် ချောင်းရေလျှံပြီး၊ နွေအခါတွင် နွားလှည်းဖြတ် မောင်း၍ရသည်။ ရွာ၏ မြောက်ဘက်တွင် သီးနှံစိုက်ပျိုးခင်းနှင့် လယ်ကွင် တချို့ရှိသည်။ ရွာနေအိမ်ခြေက တစ်ရာမပြည့်ပါ။ အိမ်ကြဲကြဲဆောက်၍ ခြံမြေကျယ်ကျယ်ယူထားကြသည်။ ဆေးရွက်ကြီး၊ ငရုတ်၊ မြေပဲ တို့ကို အဓိကစိုက်ပျိုးကြသည်။ ယခင်က သစ်ကွက်ဖြစ်ပြီး၊ ရွာပတ်လည်ကို မြ စည်းရိုးကာထားသည်။ ရာမင်းအောင်တို့ ဆရာတပည့်နှစ်ယောက်ကို ဦး ညဏ်မောင်က သူ့အိမ်တွင် တည်းခိုင်းသည်။ ကိုညိုကြီးက အိမ်ပြန်သွားပြီး ညမှ လာခဲ့မည်ဟုပြောသွားသည်။ ရာမင်းအောင်တို့မှာ ရွာကို သေချာစွာ မလှေ့လာရပါ။ ရွာကိုရောက်တော့ မိုးချုပ်စအချိန်ဖြစ်နေသောကြောင့် ဖြစ် သည်။

ထမင်းစားပြီး ချိန်တွင် ကိုညိုကြီးနှင့် သားဖြစ်သူတို့ရောက်လာပြီး ရေ နွေးကြမ်းဝိုင်းထိုင်၍ရွာအကြောင်းများပြောကြသည်။ပြီးမှခွက်ပေါက်ဂမုန်း နှင့် ငွေယားအကြောင်းပြောကြသည်။

"ကျုပ်ငယ်ငယ်တုန်းကတော့ ခွက်ပေါက်ဂမုန်းဆိုတာကို လူကြီးတွေ ပြောလို့ ကြားဖူးခဲ့တယ်။ သူနဲ့တွဲဖက်ပြီးသုံးရတဲ့နနွင်းဖြူဆိုတာရှိမှ အန္တရာယ် ကင်းကင်းသုံးလို့ရတယ်၊ ခွက်ပေါက်ဂမုန်းတစ်ခုထဲဆိုရင် အသုံး မတည့်ဘူး၊ အန္တရာယ်ကြီးတယ်။ အဲဒီဂမုန်းဥပေါ့ဗျာ၊ မျက်လုံးမှာကွင်းရ တယ်။(ဥကိုသွေးပြီး မျက်လုံးကွင်းခြင်း) အဲဒါကို အထူးသဖြင့် လောင်း ကစားသမားတွေသုံးတာ၊ ပြီးရင် နနွင်းဖြူဥကို သွေးပြီး ပြောင်းပြန်ကွင်း လိုက်မှ၊အန္တရာယ်ကင်းတယ်၊ကြာကြာသုံးရင်လဲမျက်လုံးပျက်တယ်၊နနွင်း ဖြူဥမရှိရင်လဲသုံးလို့မရဘူး ဆရာကြီး" ဟုဦးညဏ်မောင်ကရှင်းပြသည်။

"အင်း - ဒါထက် ငွေယားဆိုတာကရော ဦးညဏ်"

"ငွေယားဆိုတာကတော့ ဒီမှာမရှိဘူး၊ အရင်ကရှားတောဆိုတဲ့ ရွာနဲ့ ဧရာဝတီတိုင်းက ရွာတစ်ရွာမှာ ရှိဖူးတယ်၊ ငွေဝှုံးငွေပြားတွေပဲ ကိုင်တွယ် ကြည့်လို့ရတယ်၊ ကိုယ်ကျိုးအတွက်သုံးမယ်ဆိုပြီး ယူရင်တော့ မခံမရပ်နိုင်

အောင်ယားလို့ ယူတဲ့နေရာမှာ ပြန်ထားမှ အယားပျောက်တယ်၊ အဲဒါကြောင့် ငွေယားလို့ခေါ်တယ်။ အမှန်ကတော့ နောင်ပွင့်မည့်အရိမေတ္တေယျဘုရားကို ရည်စူးပြီး လှူထားတဲ့ ငွေထည်တွေပဲ ဆရာကြီး"

"အင်းထားပါတော့ဗျာ၊ ကျွန်တော်တို့လူလေးငါးယောက်တော့ လိုချင်တယ်၊ နောက်နေ့မှာ သစ်ဝါးခုတ်တဲ့ လူတွေကြုံခဲ့တဲ့ တောဝက်နဲ့ ဝက်ဝံရှိတဲ့နေရာကို သွားကြရအောင် ဟုတ်လား၊ အော် - လိုလိုမယ်မယ်၊ ခွေးတစ်ကောင်နဲ့ ဆန်ကော(ဆန်ခါ)တစ်ချပ်ရယ်၊ သကာရည်နဲ့၊ ကြံလေးငါးချောင်းပါလိုချင်တယ် ဦးဉာဏ်"

"ဟုတ်ကဲ့ ရပါမယ်၊ ဆရာကြီး ကဲ - ကဲ ညဥ့်လည်းနက်ပြီး အိပ်ကြရအောင်"

ကိုညိုကြီးတို့သားအဖ ပြန်သွားကြသည်။ ည(၁၂)နာရီ ကျော်ပြီဖြစ်သွားသည်။

□

နံနက်လင်းသည်နှင့် ရာမင်းအောင်တို့ ဆရာတပည့်နှစ်ယောက် ရွှံလူ ငါးယောက်တို့နှင့်၊ လိုအပ်သော ရိက္ခာ၊ လက်နက်များပါယူဆောင် ပြီး မိုးကုန်ပြီး၊ ခြောက်သွေ့သောရာသီဖြစ်သည့် ရွက်ကြွေတို့နှင့် ဖြန့်ခင်းထားသော သစ်ကွက်ပေါင်း ခံတက်တောင်စွယ် ပဲခူးရိုးမ၏ အရှေ့ဖူးကို ထွက်လာကြသည်။ ဦးဉာဏ်မောင်ထည့်ပေးလိုက်သော ကိုသန့်ကြွယ်၊ ကိုထွန်းကြည့်တို့က ထင်းခုတ်စဉ်က တောဝက်နှင့် တွေ့ပြီး သစ်ပင်ကြီးပေါ် တက်ပြေး၍ ဒဏ်ရာအနာတရမဖြစ်ခြင်း၊ ကိုထွန်းကြည်က မုဆိုးဖွပ်သူဖြစ်၍ ဝံနှင့်တွေ့လွယ်သည်။ ခံတက်တောင်စွယ်၏ ရှားတော အလွန်တွင် မှုံးအုံတွေ၍မီးမြိုက်ရန်ပြုလုပ်နေစဉ်ရင်ဝတွင် အမွေးဝါဝါဝလုံးအဝိုင်းထဲတွင် နီညိုရောင်အစင်းချောင်းပါသော လူတစ်ရပ်လွန်သည့် ဝံတစ်ကောင်နှင့် တွေ့လိုက်ရာ ကိုထွန်းကြည်၏လက်မှ မီးတုတ်နှင့် ပစ်လိုက်ရာ ရင်ဘတ်ကို မှန်သောမီးတုတ်ကိုလက်နှင့်ပွေ့ယူပိုက်လျက်လိုက်လေရာ၊ ကိုထွန်းကြည်မှာ အသက်လု၍ ပြေးခဲ့ရလေသည်။ ထိုအကြောင်းများကို လမ်းသွားရင်းမှ ပြောပြကြသည်။ သွားရင်းမှ ခရီးအတော်ပေါက်၏။ ထမင်းစားချိန်ရောက်၍ နားလိုက်ကြသည်။ ဘေးပတ်ဝန်းကျင်ရှင်းပြီး နေရာပါကောင်းသဖြင့် ထမင်း

ကားကြသည်။ ထိုနေရာတွင် စခန်းချရန် တဲအရှင်များထိုးလိုက်သည်။ အတော်ဝေးဝေးမှာ မျောက်အူသံကို ကြားကြရသည်။ စခန်းချပြီး ရေရှာ၊ ထင်းရှာ၍ မီးဖိုလုပ်၊ ရေနွေးတည်ကြသည်။ ထော်မဲခမ်းက ကိုသန်းကြွယ်နှင့် ဖိုးကျစ်ဆိုသူကို ခေါ်၍ရာမင်းအောင်ကို အနီးအနားဝန်းကျင်နေရာကြည့်မည်ဟု ခွင့်တောင်းလိုက်သည်။ ရာမင်းအောင်က ခေါင်းညိတ်ပြလိုက်သဖြင့် စခန်းနေရာမှ ထွက်သွားသည်။

သိပ်မကြာလိုက်ပါ ထော်မဲခမ်းနှင့် ကိုသန်းကြွယ်၊ ဖိုးကျစ်တို့ပြန်ရောက်လာပြီး တောကြက်ဖနစ်ကောင်၊ မျောက်တစ်ကောင်ပါလာသည်။ ကိုသန်းဆွေက ယူ၍အားလုံးလုပ်ကိုင်ပြီးမီးဖိုတွင် တံစို့ထိုး၍ကင်လိုက်ကာ မျောက်ကလီစာ(ဝမ်းတွင်းသား)ကို အိုးတစ်လုံးနှင့် ပြုတ်ချက် ချက်လိုက်သည်။

နေ့တစ်နာရီသာသာတွင် ကျန်ရှာသားသုံးယောက်ကို စခန်းတွင်ထားခဲ့ပြီးကိုထွန်းကြည်၊ကိုသန်းကြွယ်နှင့်ဖိုးကျစ်အပါအဝင်ရာမင်းအောင်တို့ ဆရာတပည့်ပါ ငါးယောက်တို့မှာ စခန်းမှ ထွက်လာကြသည်။ ခြောက်သွေ့သောရာသီဖြစ်၍ ခြေရာခံရန်မလွယ်ကူသဖြင့် မျက်စေ့နှင့် နားကိုသာ အလုပ်ပေး၍ လျှောက်လာကြသည်။ ရှားပင်များ၏ ပင်ခြေတွင်ရှိသော ချုံငယ်ကလေး လှုပ်ယမ်း၍ တအိအိနှင့် အသံမြည်နေသည်။ ရာမင်းအောင်၏ လက်ပြလိုက်မှုကြောင့် အားလုံးငြိမ်၍ ထိုင်လိုက်ကြသည်။ ရာမင်းအောင် မြင်လိုက်သောအရာကို ထော်မဲခမ်းကလည်းမြင်သည်။ လက်ထဲမှာဒူးလေးကိုတည့်မတ်စွာ ချိန်လိုက်သည်။ ရာမင်းအောင်၏ သေနတ်ကလည်း ပင့်မြှောက်ပြီးချိန်ပြီးသားဖြစ်သွားသည်။ ဒိုင်းဆိုသည့် သေနတ်သံနောက်မှ ဒူးလေး၏မြားတံကပါ လိုက်ပါသွားသည်။

"ရွတ် – အိ – ဝေါ"

ဆိုသည့် အသံနှင့် ချုံပုတ်လေးလှုပ်ယမ်းသွားပြီး ကွဲ – အိ – အိဟု မြည်ကာ ငြိမ်သက်သွားသည်။ ထိုအခါကျမှ ကိုထွန်းကြည်၊ ကိုသန်းကြွယ်နှင့် ဖိုးကျစ်တို့က မြင်တွေ့ပြီး ဝမ်းသာအားရဖြစ်သွားသည်။ ရာမင်းအောင်နှင့် ထော်မဲခမ်းတို့ ထိုင်ရာမှ ထလိုက်ချိန်တွင် ကိုသန်းကြွယ်တို့သုံးယောက်က ချုံပုတ်နားကို ပြေးသွားကြသည်။ သူတို့တွေ့လိုက်ရသည်က ချုံထဲကို ခေါင်းထိုး၍ မြေကြီးကို ကော်ပက်တူးဆွနေသော ဝက်ကြီးတစ်

ကောင်၊ တစ်ပိုင်းအပြင်ထွက်၍ လက်ပြင်အောက်မှ နလုံးထိဝင်သွားသော သေနတ်အက်ရာ၊ နောက်တင်ပဆုံတွင် စိုက်ဝင်နေသော ဒူးလေးမြှားတံကြောင့် မလှုပ်မယှက် ငြိမ်သက်နေသော ဝက်ကြီးကို ချုံပုတ်ထဲမှ ဆွဲထုတ်လိုက်ကြသည်။ ဝက်ကြီးကအမြင်နှင့်ပင်ကြီးမားလှသည်ဖြစ်၍အချိန်လေးဆယ်ကျော် ငါးဆယ်မျှ ရှိမည်ဟု သိနိုင်သည်။ သို့သော် ထိုဝက်ကြီးကအစွယ် တစ်ချောင်းတည်းမဟုတ်သဖြင့် ကိုသန်းကြွယ်တို့၏ခရင်မှာဝမ်းသာမှု လျော့နည်းသွားသည်။

"ကဲ - ကဲ ဒီနေ့တော့ တောဝက်စွယ်စုံနဲ့ပဲ စခန်းပြန်ကြရအောင်ဗျာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဟုတ်ကဲ"

စခန်းတွင် မီးပုံကြီးက အားကောင်းစွာတောက်နေသည်။ မီးခဲများကလည်း ရဲတွတ်နေသည်။ ရှားသားမီးက ပြင်းရှသည်။ ဝါးတံစို့ရှည်နှစ်ချောင်းက မီးဖိုအပေါ်တွင် ရန့်သင်းပျံ့စွာရှိနေသည်။ စခန်းတွင် နေခဲ့သော ရွာသားသုံးယောက်က မီးထိုး၍ တောဝက်ကင်ကို လှည့်ပတ်ပေးနေသည်။ ရေနွေးကြမ်းခွက်နှင့် စီးကရက်ဖွာ၍ ရာမင်းအောင်က တောခြေကို ငုံးရုံးစိုက်စိုက်ကြည့်နေသည်။

မှောင်လာသည်နှင့် တောဝက်ကင်များကို အနားတွင်ရှိသော ရှားပင်ကြီးပေါ်ကို ဆွဲတင်ထားလိုက်သည်။ မီးဖိုထဲကို ကြံချောင်းများထည့်ဖုတ်ပြီး ရှက်ဖျဉ်တဲ၏ အရှေ့တည့်တည့်တွင်ရှိသော ရှားပင်ကြီးတွင် စိ၍ထောင်လိုက်ပြီး သကာရည်များ သုတ်ထားသော ဆန်ကော(ဆန်ခါ)ကို ကြံမီးဖုတ်များတွင် ကပ်၍ချည်လိုက်သည်။ ကြံမီးဖုတ်၏ အနံ့က အချိုတစ်မျိုး၏ အနံ့မျိုးထွက်နေသည်။ ရာမင်းအောင်သည် ကျန်လူများကို အိပ်ခိုင်းလိုက်ပြီး၊ ကိုထွန်းကြည်နှင့် ဝေတ်မဲခမ်းကို တဲ၏ နောက်တွင် နေရာယူခိုင်းလိုက်သည်။ သူကိုယ်တိုင်က ရှားပင်ကြီး၏နောက်တွင် နေရာယူလိုက်ပြီး မီးပုံနှင့် ဆန့်ကျင်ဘက်ဖြစ်၍ အမှောင်အားကောင်းသည်။

ခဏပဲကြာသည်။ တောချုံကလေးများလှုပ်ရှားသံ၊ သစ်ရွက်ခြောက်ကိုနင်း၍ လျှောက်လာသံများကိုကြားလိုက်ရပြီး နီရဲနေသော၊ အလုံးနှစ်လုံးက လူတစ်ရပ်ကျော်ကျော်မြင့်သည်။ လေးလေးမှန်မှန်လှုပ်ရှား၍ ရှားပင်တွင် ထောင်ထားသော ကြံမီးဖုတ်များနှင့် သကာရည်သုတ်ထား

သော ဆန်ကော(ဆန်ခါ)နားကို ကပ်လာသည်။ အနားတွင် ရပ်လိုက်ပြီး အမှောင်ထဲတွင် ခေါင်းကိုယမ်း၍ ဘယ်ညာကိုကြည့်လိုက်ပြီး ဆန်ကော (ဆန်ခါ)ကိုဆွဲကိုင်ပြီးဖွဲ့လိုက်ရာအသံမြည်၍စုတ်ပြတ်ပါသွားသောသကာ ရည်သုတ်ထားသည့် ဆန်ကောအစကိုပါးစပ်ထဲ ဖြထည့်လိုက်စဉ် တစ်ချိန် တည်းမှာပင် ဒိုင်း၊ ရှီး၊ ဝုစ် ဆိုသည့် အသံနှစ်သံက မြည်သွားပြီး ဂီး၊ အွတ်၊ ဂီး ဟုအသံထွက်လာပြီးရှားပင်ကြီးကိုခေါင်းမှီ၍စိုက်သွားသောအကောင်ကြီး ကိုရာမင်းအောင်၏လက်ထဲမှ လက်နှိပ်ဓာတ်မီးရောင်က တည့်မတ်စွာကျ သွားသည်နှင့် လည်ပင်းကိုဒိုင်းဆိုသည့်မြည်သံနှင့် သေနတ်ကျည်ဆန်က ဝင်သွားသည်။ ရှားပင်ကိုမှီ၍ ငြိမ်သက်နေသော အမွေး မဲမဲနှင့် ထွားကြိုင်း လှသည့် ဝက်ဝံကြီးတစ်ကောင်ပင်ဖြစ်သည်။ ရွက်ဖျဉ်တဲမှ ကျန်လူများပါ အိပ်ရာမှ နိုး၍ ထွက်လာကြသည်။ လက်နှိပ်ဓာတ်မီးရောင်များကြောင့် ဝက်ဝံကြီးကိုကောင်းစွာမြင်ရပြီး ဝမ်းသာအားရဖြစ်သွားကြသည်။ ကိုထွန်း ကြည်နှင့်ကိုသန်းကြွယ်ရောရှာသားသုံးယောက်ကပါဝက်ဝံကြီးကိုဆွဲလှန် လိုက်ကြသည်။ ပက်လက်လန်သွားသော ဝက်ဝံကြီးက ရင်တွင်အဝါကွက် အဝိုင်းကြီးနှင့် ကန့်လန့်ဖြတ်အစင်းချောင်းကြီးကိုပါ တွေ့လိုက်ရသည်။ အချိန်က ည ၂ နာရီ ကျော်ဖြစ်၍ ရွာသားသုံးယောက်နှင့် ကိုထွန်းကြည် ကိုသန်းကြွယ်တို့ တစ်လှဲ့စီဝါးလုံးနှင့် လျှို၍ထမ်းလျှင်ရသည်။ တဲစခန်း ကိုဖျက်၍ မီးဖိုကိုငြိမ်းပြီး၊ တောဝက်ကင်ကို ဖိုးကျစ်နှင် ဝေတ်မဲခမ်းကယူ၍ ပစ္စည်းများကိုပါမျှယူပြီး လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် ရှားပင်တောစပ် ဇ တက် တောင်စွယ် သစ်စခန်းပေါင်းမှပြန်လာကြသည်။

❑

နံနက် (၆)နာရီသာသာလောက်တွင် ကတက်တောရွာကို ပြန်ရောက် လာကြသည်။ နေအိမ်ခြံဝမှ ထွက်ကြည့်သူများ၊ ကလေး၊ လူကြီးများ၏ အသံတို့က ဆူညံသွားသည်။ သေ၍ ထမ်းလာသော ဝက်ဝံကြီးကိုကြည့်ပြီး ကြောက်၍ ထွက်ပြေးသူကရှိသေးသည်။ ဦးညဏ်မောင်အိမ်၏ ခြံဝိုင်းအ တွင်၊ ဝက်ဝံသေကြီးက ပက်လက်၊ မျက်လုံးတစ်ဖက်မရှိဘဲ နားရွက်ပေါ် တွင် ဒူးလေးမြားတစ်ချောင်းက စိုက်နေသည်။ လည်ပင်းတွင်လည်း သွေး များထွက်နေသည်။ ရင်ဘတ်တွင် အမွေးဝါကွင်းကြီးနှင့် မီးမကူးသော

အမွေးထူဝက်ဝံကြီးက ၃၀,၃၀ စပရိတ်ဖီး(လ်) သေနတ်ကျည်ဆန်က မျက်လုံးထဲကို ဝင်ပြီး ခြားတံကပါ နားရွက်အောက် အပျော့နေရာကိုဝင်လိုက်သဖြင့် မီးကူးစရာမလိုဘဲ ဝက်ဝံကြီးသေခဲ့ရသည်။ ရွာသားတို့ ကြောက်နေသော မီးမကူးသည့် ဝက်ဝံကြီးက ဘဝကူးပြောင်းသွားလေသည်။

ထိုတစ်နေ့နှင့် နောက်တစ်ရက်ပါ နားကြပြီး ရာမင်းအောင်နှင့် အဖွဲ့ကို ရွာမှ နွားလှည်းများနှင့် ရှားပင်တောစပ်အထိလိုက်ပို့ကြသည်။ လှည်းပေါ်တွင် ပါလာသော ခွေးကလေးက ကြိုးတန်းလန်းနှင့် ငြိမ်နေသည်။ လှည်းရပ်သွားသည်နှင့် ပစ္စည်းများကို သယ်ချကြပြီး နွားလှည်းကပြန်ရန် လှည့်လိုက်သည်။ လှည်းမောင်းကြသည့်မောင်ကြည်၊ မြင့်ဆွေတို့က

"ဆရာကြီး ကျွန်တော်တို့ မနက်ဖြန် လာကြိုမယ်နော်"

"အေးပါဗျာ အေးပါ"

တစ်နေ့က စခန်းချသော နေရာနှင့် ဆန့်ကျင်ဘက် နေရာကိုရွေး၍ စခန်းချကြသည်။ အစွယ်တစ်ချောင်းနှင့် ဝက်ကပဲ သေချိန်စေ့လေသလား လူတို့ကပဲ ကံကောင်းလေသလား၊ နောက်တစ်နေ့တွင် အဖြေထွက်မည်လားဟုတော့မသိပါ။ တောရိုင်းတိရိစ္ဆာန်ထဲတွင်လည်း အကင်းပါးသော အကောင်များရှိ၏။ ကျားပျို၊ သန်စွမ်းသောကျားငယ်ကို ရရှိရန်ခဲယဉ်းသည်။ ကျားအို ကျားနာတို့ကသာ လွယ်ကူသော အစာဖြစ်သည့် လူကို ချောင်းမြောင်း၍ ကြံတတ်သည်။ ရရှိတတ်သည်။ ဂျေ(ဂို)၊ ဆတ်၊ မြောင်တို့က ရရှိနေကြ ပစ်ခတ်၍ရနိုင်သည်။

စခန်းချပြီးအားလုံးနားလိုက်ကြသည်။စားအိုး၊စားခွက်ပါပါလာသဖြင့် သစာအတွက် ရှာဖွေစရာမလို၊ ဘေးဝန်းကျင်ကိုလေ့လာစရာပဲလိုသည်။ အတော်လှမ်းလှမ်းတွင် ငှက်ပျောရိုင်းတစ်အုပ်ကိုတွေ့ပြီး၊ ရေခန်းနေသော အိုင်တစ်အိုင်၊ ငါးကလေးတွေ ခုန်နေကြသည်။ ရွှံ့ နွံနှင့် ဖက်ဆွေးတို့က ဘယ်လောက် ရှိနေမှန်းတော့ မသိနိုင်ပါ။ ကျန်လူများက ထင်းရှာ၊ မီးမွှေး ဘဲထိုးကြသည်။ သစ်ပင်တွင် ကြိုးနှင့် ချည်ထားသော ခွေးကလေးက ဘအိအိနှင့် ညည်းနေသည်။

နေဝင်သွားသည် သစ်ပင်များကြောင့် အမှောင်အားကောင်းပြီး အနည်းငယ်ပင်အေးလာသည်။ပိုးကောင်များ၏အသံ၊ငှက်ကလေးများ အသံတို့က ဆူညံစွာထွက်ပေါ်လာသည်။ ရေချွေးတည်၍ မီးဖိုနားတွင်ထိုင်ပြီး ရာမင်းအောင်က စီးကရက်ဖွာနေသည်။ အားလုံးပြီးသွားသည်။

"ကဲ - ဒီည၊ညဦးကို ကိုသန်းကြွယ်နဲ့ ဖိုးကျစ်၊ နောက်ပိုင်းကို ကျွန်တော်နဲ့ ထော်မဲခမ်းပေါ့ ဟုတ်လား"

"ဟာ - ကျုပ်တို့ စောင့်ပါမယ် ဆရာကြီးတို့နားပါဗျာ"

ဟု ကိုထွန်းကြည်က ဝင်ပြောသည်။ အားလုံးကလည်း ပြောကြသည်။ ညအ၏ အမှောင်က သိပ်သည်း၍ မီးဖို၏ အလင်းရောင်ပဲရှိသည်။

နံနက်၏ သရုပ်ကို တောကြက်ဖတို့က ဖော်ကျူးလိုက်သည်။ ငှက်တို့ကလည်း အိပ်တန်းနိုးလာကြသည်။ ကိုထွန်းကြည်နှင့် ရွာသားတစ်ယောက်က မီးဖိုတွင် ရေနွေးပင်တည်ထားပြီးဖြစ်သည်။ အားလုံးနိုးကြသည်တွင် ကော်ဖီဖျော်၍ မုန့်နှင့် စားကြပြီး၊ ကိုသန်းကြွယ်နှင့် ဖိုးကျစ် တာရှည်တင်ချောင်းစီနှင့် ထွက်သွားပြီး အပြန်တွင် ရခိုင်ငှက်ပျောသီးကဲ့သို့ ငှက်ပျောနိုင်တစ်ခိုင်ပါလာသည်။ တောဝင်သော ငှက်ပျောဖြစ်၍ တချို့အလုံးတို့တငှက်စားထားသဖြင့် တစ်ခြမ်းပဲ့ပါသည်။ အစေ့မည်းမည်းများရှိပေမဲ့ ချိုသည်။

"ဆရာကြီး - ငှက်ပျောတောအစပ်က တူးဆွထားတဲ့ အရာတွေတွေ့တယ်"

"ဟင်း - ဟုတ်လား..အင်း - အင်းဒါဆိုရင် ဒီကောင်ကြီး၊ ဒီဝန်းကျင်မှာရှိမှာသေချာတယ်၊ ချွေးကို ခပ်ဝေးဝေးနေရာမှာ ကြိုးချည်ထားလိုက်ရာ ကိုသန်းကြွယ်လိုက်မလား ကိုထွန်းကြည်ရောလိုက်မလား"

"ကျွန်တော်တို့ နှစ်ယောက်စလုံးလိုက်မယ်လေ ဆရာကြီး"

ရာမင်းအောင်နှင့် ထော်မဲခမ်းတို့က ရှေ့မှထွက်ပြီး၊ ကိုထွန်းကြည်နှင့် ကိုသန်းကြွယ်တို့က နောက်မှလိုက်ကြသည်။

အနောက်ဘက်မှ ချွေးအော်သံကြားလိုက်ရသည်။ ကြိုးချည်ထားသောချွေး၏ အော်သံပင်။ အူသံ ဟောင်သံမျိုးမဟုတ်၍ ရာမင်းအောင်က ထော်မဲခမ်းကို လှည့်ကြည့်လိုက်သည်။

"ဆရာ မျောက်တွေနဲ့ တွေ့နေပြီး ကျွန်တော်လိုက်သွားရမလား"

"အေး - ကိုသန်းကြွယ်ကို ခေါ်သွားကွာ"

ထော်မဲခမ်းနှင့် ကိုသန်းကြွယ်တို့နှစ်ယောက် ချွေးအသံကြားသည့်ဘက်ကို ထွက်သွားကြသည်။ ရာမင်းအောင်နှင့် ကိုထွန်းကြည်တို့မှာ ရှေ့ဆက်၍လျှောက်လာကြသည်။ ရာမင်းအောင်က နားနှင့် မျက်လုံးကို စွင့်၍ အထူးသတိထားသည်။

အိ - အိ - အစ် - အစ် - ဖလပ် - ဖလပ် - ဖောက် - ဖောက်ဟုအသံများထွက်ပေါ်လာသည်။ ရာမင်းအောင်က ကိုထွန်းကြည်ကို လက်ကာ၍နေနိုင်းလိုက်သည်။ ငှက်ပျောတော ငှက်ပျောပင်ခြေကို နတ်သီးနှင့် ထိုးဆွ၍ငှက်ပျောပင်ကာခါပြီး ငှက်ပျောသီးမှည့်များ တဖောက်ဖောက်နှင့်ကြွေကျနေသည်။ ကျလာသော ငှက်ပျောသီးများစားလိုက် အပင်ကို မြစ်ခြေမှ ထိုးကော်လိုက်လုပ်နေသည် ငှက်ပျောပင် တစ်ပင်ကလဲသွားသည်။ ငှက်ပျောပင်၏ မြစ်ခြေ(ငှက်ပျောခေါင်း)ကို ထိုးကော်ကိုက်ဖဲ့၍ စားရင်းမှ နောက်ကိုလှည့်ကြည့်လိုက်သည်။ အချိန်တစ်ရာနီးပါးရှိမည့် ဝက်ကြီးဂုတ်မိုးထစ်ထစ်နှင့်အစွယ်ကတစ်ချောင်းတည်းပင်ဖြစ်သည်။ ရာမင်းအောင်ကသိလိုက်၏။ အစွယ်ကင်းပိတ်နှင့်ဝက်ဆိုး၊ မာန်နှင့်ထိုးထိုးရာတွင် သစ်ပင်၏ပင်စည်တွင်ကျိုး၍ ကျန်ခဲ့သဖြင့် တစ်ချောင်းပဲကျန်သည့် ဝက်မျိုးဖြစ်သည်။ တင်းပိတ်အစွယ်နှင့် ဝက်မျိုးကို သေနတ်နှင့်ပစ်လျှင် ကျည်မထွက် မီးမကူးပေ။ ဝက်၏မာန်စွယ်သည်လည်း ကာယအတွက်စွမ်းသည်။

ထိုဝက်သည် ဘာကိုမှဂရုမစိုက်၊ ကျားကိုပင် ရင်ဆိုင်၍ ပြန်ပက်တိုက်ခိုက်တတ်သည်။ ရာမင်းအောင်သည် လည်ပင်းမှာဆွဲ၍ အင်္ကျီနှင့် ဖုံးထားသော ကြိုးမျှင်ကို ခေါင်းမှ ချွတ်၍ ဖြုတ်ပြီး သေနတ်၏ ပြောင်းထိပ်တွင် တတ်လိုက်သည်။ နောက်မှလည်းအသံကြားနေရသည်။ လျှောက်လာသောခြေသံ၊ နှစ်ဦးနှစ်ယောက်ဖြစ်နိုင်သည်။ ရှေ့မှ တောဝက်ကြီးကလည်း နားပါးရှာကြားလိုက်ပြီး ခေါင်းလှည့်၍ အကြည့် တည့်မတ်စွာချိန်ထားသော ာမင်းအောင်၏ လက်ထဲမှ သေနတ်က ဒိုင်းဟု မြည်၍ အရောင်ပွင့်သွားသည်။ တစ်ဖက်မှ ဝုစ်ဝုစ်ဆိုသည့် အသံနှစ်သံကပေါ်လာပြီး ဝက်ကြီးကာင်ထိုင်ကျသွားသည်။

အိ - အစ် - ကွီဟုပြင်းပြင်းထန်ထန်အော်လိုက်ပြီးတစ်ရှိန်ထိုးပြေးဝင်ာသည်။ ကိုထွန်းကြည်ကို ရာမင်းအောင်က ဖေးတိုက်တွန်းလိုက်ပြီး ူကိုယ်တိုင်လည်း တစ်ဖက်ကိုလှုံ့ချလိုက်သည်။

"အား - အ - အား"

ကိုထွန်းကြည်၏ အော်သံနှင့် ဒုတ် - ကွီ - အစ် ဟူသော အသံကဆက်တည်း ပေါ်လာသည်။ ကိုထွန်းကြည်၏ လက်မောင်းတွင် သွေးတို ထွက်လာသည်။ အစွယ်တစ်ချောင်းနှင့် ဝက်ကြီးကလည်း အရှိန်ပြင်းစွာ

ဖြင့် လူတစ်ဖက်မျှရှိသော ရှားပင်ကြီးကို ပြေးဆောင့်မိပြီး ဖင်ထောင်၍ ပြု
သွားလေသည်။

"ငါ့ဆရာ ဘာဖြစ်သွားလဲ။ ဟိုလူ - ဝက်စွယ်နဲ့ ပွတ်ပြီး ခြစ်မိသွားတာ"

"ထွန်းကြည် - ဟာ.. တော်ပါသေးရဲ့ကွာ"

ထော်မဲခမ်း၏ အပြောကြောင့် ကိုသန်းကြွယ်ကပါ မှတ်ချက်ပေးလိုက်
သည်။ ကြီးမားသောဝက်ကြီးကို သယ်ယူရန်စီစဉ်ကြသည် စခန်းကို
အောင် ဖြစ်သလိုယူပြီး၊ စခန်းကိုသိမ်းလိုက်ကာ၊ တောဝက်ကြီးနှင့် မျောက်
သေသုံးကောင်ကိုပါ ကြိုးနှင့်ချည်ပြီးလျှင် ဝါးလုံးဆိုင်း၍ ထမ်းယူ
အားလုံးအသင့် ဖြစ်နေကြသည်။ ကြိုးနှင့်ချည်ထားသောခွေးကလေး
ကြိုးဖြည်ပေးလိုက်ရာ ခွေးကလေးက တခြားကိုမသွားပေ။ ထော်မဲခမ်းနှ
ကိုသန်းကြွယ်တို့ ခွေးအော်သံကြား၍လိုက်သွားပြီးကြည့်ရာ မျောက်
အုပ်ဖြစ်နေ၍ ဒူးလေးနှင့်ပစ်ရာ၊ မျောက်သုံးကောင်ရခဲ့သည်။ ခွေး
ကြိုးဖြည်ပေးလိုက်ရာ ခွေးက ရာမင်းအောင်ရှိရာကိုပြေးလာ. သ
ငှက်ပျောခေါင်း(အမြစ်)ကို တူးဆွ၍ စားနေသော အစွယ်တစ်ချောင်း
ဝက်ကြီးက အသံကြားပြီး လှည့်ကြည့်ရာ ပစ်ကွင်းကောင်းသဖြင့်ပစ်
သေနတ်နှင့်ချိန်ပြီး ဝက်စွယ်ကင်းပိတ်ဝက်မှန်းသိပြီး ရာမင်းအောင်သ
လည်ပင်းတွင် ကြိုးအဖြစ်ကျစ်၍ အမြဲတန်းဆွဲထားသော သူ့မိခင်၏
စကြိုးကို သေနတ်ပြောင်းတွင် ချည်လိုက်ပြီးမှ သေနတ်မောင်းကို ဖြု
ချလိုက်ခြင်းဖြစ်သည်။ ထော်မဲခမ်းကလည်းအချိန်မီရောက်လာပြီး၊ ဒူးလေ
နှင့်နှစ်ချက်ပစ်လိုက်သဖြင့် မီးမကူးကျည်မထွက်သောတောဝက်အစွ
တစ်ချောင်းကြီးကိုရလိုက်သည်။ ကတက်တောရွာသားများနှင့် ထင်
ဝါးခုတ်သူတို့ကြောက်နေရသည့် အစွယ်တစ်ချောင်းနှင့် တောဝက်ဆို
နှင့် မီးမကူးသောဝက်ဝံကြီးကိုပါ ရရှိလိုက်နိုင်ကြောင်းကိုရာမင်းအော
နှင့် ထော်မဲခမ်းတို့ ဆရာတာပည့်မှာ ခွက်ပေါက်ဂမုန်းနှင့် ငွေယားရာရ
ကြုံခဲ့ပုံကို ကျွန်တော့်အား ပြောပြခဲ့သည်။ မှဆိုး၏ အတွေ့အကြုံပင်
သည်။

⇨ စိုးထင်ထွ

"ဖလ္လှန်မြို့ မြို့မစမ္ပာရုံ ပရိယတ္တိစာသင်တိုက်
ကျောင်းဆောင်သစ် ဆောက်လုပ်ရန်
အလှူငွေ ထည့်ဝင် လှူဒါန်းနိုင်ကြပါပြီ"



ရောဝတီတိုင်း ဒေသကြီး ဖလ္လှန်မြို့ရှိ မြို့မစမ္ပာရုံ ပရိယတ္တိစာသင်တိုက်တွင် စာသင်စာချ သံဃာတော် အပါးတစ်ရာကျော် နှစ်စဉ် သီတင်းသုံးလျက် ရှိပါသည်။ ကျောင်း အကျယ်အဝန်း ကျဉ်းသဖြင့် သံဃာများ အတွက် နေရာထိုင်ခင်း မလုံမလောက် ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ သစ်သားတစ်ထပ် ကျောင်းဟောင်းနေရာ တွင် ပေ ၄၀၊ ပေ ၈၀ရှိ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ သဒ္ဓါတတ်အား နည်းများမဆို အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လိုက်ပါသည်။

အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးတင်ထွန်း၊
စိတ်ကူးသစ်စာပေ
၀၉-၅၁-၃၉၂၆၄
၀၁-၃၉၁၃၂၂

ဦးမြင့်ထွန်း
Quality စာအုပ်တိုက်
လူမြည့်စုံထွန်းစာပေ
၀၁-၃၈၃၆၆၄၊ ၃၈၆၈၃၃

ကိုကျော်ထက်
(သုခစံရောင်းဝယ်ရေး)
ဘုရင့်နောင်ဈေးရုံ၊ ရန်ကုန်မြို့
၀၁-၆၈၃၅၀၈

ကိုရန်နိုင်ဦး
(ရန်နိုင်ဦးဆန်စက်နှင့်ပွဲရုံ) ဖလ္လှန်မြို့
၀၄၄-၃၅၀၈၈၊ ၃၅၄၃၄
၀၉-၈၅၈၁၂၅၀

ကိုစိုးလွင်
(ပွဲရုံလုပ်ငန်း) ဖလ္လှန်မြို့
၀၄၄-၃၅၀၅၆၊ ၃၅၂၇၉
၀၉-၈၅၈၁၃၃


သည်းထိတ်ရ
၁၂၀



(ဒုတိယပိုင်း)

လူသတ်မှုတွင် ကျူးလွန်သူကို ထင်ယောင်ထင်မှား
စွပ်စွဲကြရာမှ အမှန်တကယ်ကျူးလွန်းသူသည်
မထင်မှတ်သူတစ်ယောက်ဖြစ်နေရာ…

---

(ယခင်လမှ အဆက်)

မောင်သိန်းတန်မှာ အတော်ပင် မျက်နှာပျက်သွားသော်လည်း -

"ဒါကတော့ ဒီလိုပဲပြောမှာပေါ့ဗျာ။ ဒါပေမဲ့ - ဒီလောက်လက်ဆုပ်လက်ကိုင်ကြီးမိနေမှတော့ သူမသတ်ရင် ဘယ်သူသတ်မလဲ ဒေါက်တာရဲ့"

ဟု ပြန်ပြောလိုက်သေး၏။

"ဒီမှာ ကိုသိန်းတန် ဘသော်အရုပ်ဟာ ငါးပေလောက်ပဲ ရှိမယ်။ လက်ထဲမှာဓားမြှောင်တစ်ချောင်းလုံးပါလျက်သားနဲ့ဓားနဲ့မထိုးဘဲသူ့ထက် အနည်းဆုံး အရပ်တစ်ပေလောက်ပိုမြင့်တဲ့ လူရဲ့လည်ပင်းကို ကြေးနန်းကြိုးနဲ့ ညှစ်သတ်တယ်ဆိုတာ မဆန်းပေဘူးလားဗျာ။ သူ့နေရာမှာ ခင်ဗျားဆိုရင် ဘယ်လိုသတ်မလဲ၊ ကျုပ်ဆိုရင်လည်း ဓားမြှောင်ကိုပဲ သုံးမိမှာပဲ။ ဒါ တစ်ချက်။ နောက်ဘသော်ရဲ့ညာလက်မှာ လက်မနဲ့လက်သန်းအဲဒီနှစ်ချောင်းပဲ အကောင်းရှိတယ်။ ဒီလို မသန်စွမ်းတဲ့လူတစ်ယောက်က ဒီလောက်ထွားကျိုင်းတဲ့လူတစ်ယောက်သေလောက်အောင် ဘယ်လက်တစ်ဖက်တည်းအားစိုက်ပြီး ဝါယာကြိုးကို ညှစ်ဆွဲနိုင်ပါ့မလား"

"ဆရာပြောတာလည်း ဟုတ်တုတ်တုတ်ပါပဲ။ ဒါပေမဲ့ - ကိုယ့်နည်းနဲ့ကိုယ်ပေါ့ဗျာ။ နောက်ပြီးဒီကောင့်အနေနဲ့က အခင်းဖြစ်တဲ့အချိန် အခင်းဖြစ်တဲ့နေရာမှာရှိတယ်။ ထွက်ပြေးဖို့ ကြိုးစားတယ်။ လူသတ်လက်နက်ဖြစ်တဲ့ ဝါယာကြိုးလည်း လက်ထဲမှာရှိနေတယ်။ ဒီအချက်အလက်တွေအရဆိုရင် သူ့သတ် မသတ်စဉ်းစားဖို့ တရားသူကြီးတွေအနေနဲ့ အထောက်အထားအတော်ခိုင်လုံသွားပြီ ဆရာရဲ့"

မောင်ကျော်ဒင်သည်တစ်စုံတစ်ရာပြန်၍မပြောတော့ဘဲရေချိုးခန်းထဲတွင် သေချာစေ့စပ်စွာ စစ်ဆေးလျက်ရှိ၏။

သေသူ၏ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်နှစ်ဖက်ကို အတော်ပင်ဖြည်၍ ယူရပေရာ လက်ဝဲဘက်လက်ချောင်းများကြားတွင် ဆံပင်ခြည်တစ်မျှင်ကို တွေ့ရှိရလေ၏။ မောင်ကျော်ဒင်သည် လက်စွဲတော် မှန်ဘီလူးလေးကို ထုတ်ယူပြီးနောက် ဆံပင်ကိုမီးရောင်တွင်ထောင်၍ သေချာစွာကြည့်ရှုစစ်ဆေးလျက်ရှိ၏။ အနီရောင်သန်းလျက်ရှိသော ထိုဆံခြည်မျှင်သည် အမွှေးကြမ်းကြမ်း၊ ဆံသားခပ်တုတ်တုတ်ဖြစ်၍ အရှည် (၂)လက်မခန့်ရှိပေရာ သေသူနှင့် လူသတ်သမားတို့ ရုန်းရင်းဆန်ခတ်ဖြစ်စဉ်က သေသူအနေဖြင့် ဆွဲမိဆွဲရာ ဆွဲလိုက်မိခြင်းကြောင့် လူသတ်သမား၏ဆံပင် ကျွတ်၍ပါလာခဲ့ဟန်တူပေ၏။

ထိုဆံပင်ကို မောင်သိန်းတန်အား ပြလိုက်ရာ -

"ဟာ - ဆံပင်က နီကြောင်နေပါကလား ဆရာရဲ့၊ ခေါင်းလိမ်းဆီတစ်ခါမှုမလိမ်းဘူးတဲ့ ဆံပင်မျိုးနဲ့ တူပါရဲ့၊ တန်တော့ ဘသော်ဆံပင်ပဲ ဖြစ်မှာပါ ဆရာရယ်"

ဟု ပြောသဖြင့် မောင်ကျော်ဒင်သည် ထိုဆံပင်ကို စာအိတ်ကလေး အအိတ်ထဲတွင်ထည့်၍ သိမ်းဆည်းလိုက်လေ၏။

မြတ်င်းပေါက်ပေါင်ပေါ်တွင် ရှုံ့ပေနေသော လက်ချောင်းများကိုတွေ့ ရပေရာ ယင်းတို့မှာ ဘသော်၏လက်ရာများပင် ဖြစ်ပေလိမ့်မည်။ ထို့နောက် မောင်သိန်းတန်သည် ရေချိုးခန်းနှင့်ကပ်လျက်ရှိနေသောအိပ်ခန်းသို့ ဝင်ရောက်ရှာဖွေပါသော်လည်းသံသယဖြစ်ဖွယ်ရာဟူ၍ လုံးဝမတွေ့ရဘဲရှိလေ၏။ ထိုစဉ်မောင်ကျော်ဒင်လည်းအိပ်ခန်းတွင်းသို့ဝင်ရောက်လာခဲ့လေ၏။

မစ္စတာဒန်ကင်း၏အိပ်ခန်းမှာ အလွန်အမင်းချမ်းသာကြွယ်ဝလှသော သူဌေးကြီးတစ်ဦး၏အိပ်ခန်းနှင့် မတူလှဘဲ ဂုဏ်ပကာသနဖြစ်ဖွယ် အဆောင်အယောင်တို့ ကင်းမဲ့လျက်ရိုးရှင်းသပ်ရပ်စွာရှိလေ၏။ အခန်းထောင့်တွင် ညာဘက်နံရံကိုကပ်လျက်ကျွန်းသားခုတင်တစ်လုံးရှိ၍ ယင်းခုတင်၏ဝဲဘက်ပိုင်းခပ်ကျကျတွင် ဝဲဘက်နံရံတွင် ကပ်လျက်ချထားသည့် နို့နှစ်ရောင်ဆိုဖာကြီးတစ်ခုသာလျှင် ခေတ်မီပစ္စည်းဟူ၍ ရှိပေ၏။ ခုတင်ခြေရင်းဘက်တွင် နောက်ဆုံးပေါ်အမျိုးအစားဖြစ်ဟန်တူသော လွန်စွာခိုင်ခံ့ပုံရသည့် အမြင့်ပေ(၃)ပေခန့်ရှိ မီးခံသေတ္တာတစ်လုံးသည် ပိတ်လျက်သား အနေအထားတွင် ရှိနေ၏။

သေသူ၏ရုပ်အင်္ကျီနှင့်ဘောင်းဘီမှာ ခုတင်အနီးရှိခုံပုကလေးတစ်လုံးပေါ်တွင် သေသပ်စွာခေါက်လျက်သား တင်လျက်ရှိလေရာ ရေချိုးခန်းသို့မသွားမီ ချွတ်၍တင်ခဲ့ဟန်တူပေ၏။ အိပ်ခန်းတွင်းတွင်လည်း ရှုန်းရင်းဆန်ခတ်ဖြစ်ဟန်လက္ခဏာမရှိ။ သဲလွန်စ တစ်စုံတစ်ရာကိုမျှလည်း မတွေ့ရပေ။ သို့ရာတွင် စုံထောက်တို့အဖို့ သဲလွန်စဆိုသည်မှာ မည်သည့်အရာဖြစ်ရ

မည်၊ မည်သို့ဖြစ်ရမည်ဟု အတိအကျသတ်မှတ်ရတတ်သော သဘော မဟုတ်ပေရကား တွေ့သမျှအရာရာတိုင်းကို သံသယထား၍ စစ်ဆေးခြင်း ဖြစ်၏။

စားပွဲပေါ်တွင် မဂ္ဂဇင်းစာအုပ်(၂)အုပ် အခြားစာအုပ်အနည်းငယ်နှင့် သမ္မာကျမ်းစာအုပ်တို့အပြင် ပန်းအိုးတစ်လုံးနှင့်ဓာတ်ပုံတစ်ပုံလည်းရှိသေး ၏။ ပန်းအိုးမှာ နှုတ်ခမ်းသားတွင် ရွှေရောင်လှိုင်းတွန့်ကလေးများဖြင့် အရစ် ဖော်ထားသည့် တရုတ်ပြည်မှလာသော ကြွေပန်းအိုးအဖြူရောင်ကလေး ဖြစ်ပြီး ယင်း၏လည်တံရှည်ကလေးထဲတွင် သွေးစက်ပမာ နီးမြန်းလှသည့် နှင်းဆီပန်း(၅)ပွင့်ကို ထိုးစိုက်ထားကာ ယင်းပန်းအိုးကလေး၏ နံဘေးတွင် ကျက်သရေရှိသလောက်ခင်မင်နှစ်လိုဖွယ်ရာကောင်းလှသောသက်လတ် ပိုင်းအရွယ် ဥရောပတိုက်သူတစ်ဦး၏ ဓာတ်ပုံတစ်ပုံသည် ဒေါက်ဖြင့် ထောက်လျက်သားရှိလေ၏။

အံဆွဲစားပွဲမှာ သော့ပေါက်ပါရှိသော်လည်း သော့ခတ်၍မထားသည့် ပြင် အနည်းငယ်ပင် ဟတတဖြစ်နေသောကြောင့် ဖွင့်ကြည့်လိုက်သော အခါတွင် ဆေးတံအသစ်တစ်ချောင်း၊ မဖွင့်ရသေးသော ဆေးတံသောက် ဆေးအသစ်တစ်ဘူးနှင့် ရှုဆေးတစ်ဘူး၊ ပင်အပ်၊ လက်သည်းညှပ်၊ နားဖာ ကလော်၊ ခဲတံချွန်သည့်မောင်းချားစသည့် တိုလီမိုလီသာမက သော့တံ (၁၀)ချောင်းမျှလောက်ကို စတီးကွင်းကလေးတစ်ခုတွင် တွဲလျက်သားရှိ သည့် သော့တွဲတစ်တွဲတို့ကိုလည်း တွေ့ကြရပေ၏။

မောင်ကျော်ဒင်သည် ယင်းသော့တွဲမှသော့များကို တစ်ချောင်းပြီး တစ်ချောင်းအသုံးပြု၍မီးခံသေတ္တာကိုဖွင့်လေရာ (၄)ချောင်းမြောက်သော့ တွင်မှ ပွင့်လေတော့၏။ မီးခံသေတ္တာအတွင်း၌ကား အဆင့်(၃)ဆင့်ရှိ၍ ပထမအဆင့်တွင် ကျပ်တစ်ဆယ်တန် ငွေစက္ကူအမြောက်အမြားကို အုပ်လိုက် အုပ်လိုက်စီ၍ အထပ်လိုက်ထည့်ထားသည်မှာ တန်ဖိုးအားဖြင့် သော် ကျပ်တစ်သိန်းခန့်ပင် ရှိမည်ဖြစ်ရာ မစ္စတာဒန်ကင်း၏ကြွယ်ဝမှုပမာ ဏကို ဂဃနဏ မသိရှိသော အင်စပက်တာပေါက်စကလေး မောင်သိန်း တန်မှာ ပါးစပ်အဟောင်းသားဖြင့် ရှိချေတော့၏။

ဒုတိယအဆင့်တွင် အဆောက်အအုံ အိမ်၊ စက်ရုံ၊ မြေ၊ လယ်ယာ ခြံ စသည်တို့နှင့် ပတ်သက်သည့် ဂရန်စာရွက်များ၊ စာချုပ်များ၊ အခြားအရေး ကြီးသည့်စာရွက်စာတမ်းအပြင် ချက်စာအုပ်များနှင့်ဘဏ်ငွေစုစာအုပ်များ ကိုလည်းကောင်း၊ အောက်ဆုံးအဆင့်တွင် မစ္စတာဒန်ကင်းနှင့် သူ၏ဇနီး တို့ ဟစ်ချိန်က တစ်ဦးကိုတစ်ဦး အပြန်အလှန်ပေးပို့ခဲ့ကြဟန်တူသော မစ္စ တာဒန်ကင်းအနေဖြင့် အမြတ်တနိုးသိမ်းဆည်းထားပုံရသည့် မေတ္တာစာ များကိုလည်းကောင်း တွေ့ကြရသည့်အပြင် ထိုစာအိတ်များကြားတွင် သေတ္တာသေးသေးလေးတစ်လုံးကိုလည်း တွေ့ရှိရပေ၏။

ထိုသေတ္တာကလေးသည် အလျားရှစ်လက်မ၊ အနံလေးလက်မ၊ ထုသုံးလက်မခန့်ရှိပြီး ကတ်ထူဘူးအရွယ်မျှသာရှိသော်လည်း မာကျော တောက်ပြောင်သည့် မဟော်ဂနီသားဖြင့် လက်ရာသေသပ်စွာ ပြုလုပ်ထား လျက် သေတ္တာ၏ မျက်နှာပြင်တိုင်ပေါ်တွင် မည်သည့်အထိမ်းအမှတ်၊ တံဆိပ်၊ သင်္ကေတ(သို့မဟုတ်) မည်သည့်မွမ်းမံခြယ်သမှုမျိုးမျှမရှိဘဲ သစ် သား၏ပင်ကိုအရောင်အတိုင်းသာ အကွက်ဖော်၍ ပြောင်လက်တောက် ပစေရန် အရောင်တင်ဆီတစ်မျိုးဖြင့် သုတ်လိမ်းထားဟန်ရှိပြီးလျှင် သော့ ခတ်ထားခြင်းလည်းမဟုတ်၊ ခလုတ်ကွင်း၊ ချိတ်၊ ဖွင့်ရန်လက်ကိုင်စသည်တို့ လည်းအလျှင်းမပါရှိဘဲ နံဘေးပတ်ပတ်လည်တွင် ထက်အောက်အံဝိုနှစ်ခု ကို ဆက်ထားသည့်အနားရေးရေးကလေးသာ မျဉ်းကြောင်းကလေး တစ်ကြောင်းသဖွယ်ပါရှိပြီး မည်ပုံမည်နည်းဖြင့် ဖွင့်ရမည်ကို စဉ်းစား၍မရ နိုင်လောက်အောင်ရှိသောကြောင့် မောင်ကျော်ဒင်သည် ထက်၊ အောက်၊ ဘေးစသည့် မျက်နှာပြင်ခြောက်ခုစလုံးကို မှန်ဘီလူးဖြင့် အသေးစိတ် လေ့လာသောအခါမှ သေတ္တာ၏ အောက်ဘက်ပိုင်းထောင့်တစ်နေရာတွင် အချင်းလက်မဝက်ခန့်ရှိသော စက်ဝိုင်းပုံအရာကလေးတစ်ခုကို တွေ့ရှိရ ကား လက်ညှိုးဖြင့် ခပ်ဖိဖိကလေး နှိပ်လိုက်သည်တွင်မှ ထောက်ခနဲ မြည် ၍ ပွင့်သွားတော့၏။

သေတ္တာကလေးအတွင်း၌ ဥရောပတိုက်သား ကျောက်မျက်ရတနာ ပညာရှင်အကျော်အမော်တို့၏ ခေတ်မီဆန်းပြား၍ လှပတင့်တယ်လွန်း

သည့် လက်ရာသန့်လက်ဝတ်လက်စား အမျိုးမျိုးတို့သည် ဆံထိုး၊ နားတောင်း၊ နားကပ်၊ နားဆွဲ၊ နားသန်သီး၊ ဆွဲကြိုး၊ လည်တုန်၊ ဘယက်၊ လောက်ကက်၊ ရင်ထိုး၊ လက်ကောက်၊ လက်ကြပ်၊ လက်စွပ်ဟူ၍ အမျိုးအမည်သာ ကွဲပြားသော်လည်း အားလုံးမှာ အရည်အသွေးအကောင်းဆုံး စိန်ထည် ချည်းသာဖြစ်ရကား ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းအမှီးရောင်နှင့် ကျောက်မျက်ရတနာတို့ ရောင်ပြန်ဟပ်သွားပုံမှာ ဇာတ်ခုံပေါ်မှ ဆလိုက်မီး ကြီးများကိုပြိုင်တူဖွင့်လိုက်သည့်နယ် ဝင်းခနဲ ဖြစ်သွားလေ၏။

"မစ္စတာဒန်ကင်းဟာ ကျုပ်လူနာဗျ။ သူ့သိပ်ချမ်းသာတယ်ဆိုတာ တော့သိပါတယ်။ ဒါပေမဲ့ - ဒီလောက်တော့ထင်မထားပေဘူး ကိုသိန်းတန် .. ဆုံးသွားတဲ့ မစ္စက်ဒန်ကင်းရဲ့လက်ဝတ်လက်စားတွေဖြစ်ပါလိမ့်မယ်"

"အံ့ဩစရာ ကောင်းလိုက်ပါဘိဆရာရယ်၊ အံ့ရောဗျာ၊ အံ့ရော"

"သေခါရပေါ့ဗျာ၊ ဒီလောက်ချမ်းသာတဲ့သူလည်း သေရတာပဲ။ သေမင်းက မျက်နှာမလိုက်ဘူးဗျ"

"ဟုတ်တော့ ဟုတ်တာပေါ့ ဒေါက်တာ၊ နို့ပေမဲ့ သူ့ခမျာ သနားပါတယ်၊ မိန်းမဆုံးပြီးလို့ စိတ်ဆင်းရဲနေရတဲ့အထဲ ကိုယ်တိုင်လည်း သက်ဆိုးမရှည် ရှာဘူး။ နှစ်ယောက်စလုံး အသေဆိုးနဲ့ချည်းပဲ။ ဪ - ဒါထက် ငွေတွေ ရတနာတွေကို လူသတ်သမားတွေမသွားလို့ပေါ့ဗျာ နို့မို့ရင်"

"မထင်လေနဲ့ကိုသိန်းတန်၊ တွေ့သွားတယ်ဗျ တမင်ထားခဲ့တာ"

"ဟာဗျာ ဆရာကလည်း မဖြစ်နိုင်တာကြီး"

"ဟုတ်တယ်ဗျ၊ ဒီသော့ကွင်းက သက်သေခံပဲ၊ သူတွေ့သွားခဲ့တယ် ဆိုတာ"

"ဘာ ဘယ်လို၊ ဘယ်လို"

"ဒီသော့ကွင်းကိုကြည့်စမ်းဗျို့ ကိုသိန်းတန်၊ ဒီအချောင်းကဖွင့်လို့ရတဲ့ သော့ ဒါမျိုးဘယ်နှစ်ချောင်းရှိပါလဲ"

"မပါဘူးဆရာ၊ ဒီတစ်ချောင်းတည်းပဲ ကျန်တာတွေက ဒါနဲ့မတူဘူး"

"ခင်ဗျားလည်းသိပါတယ်ဗျာ၊ သော့တံဆိုတာ အိမ်တစ်ခုမယ် နှစ် ချောင်း ရှိတဲ့ထုံးစံ၊ ဒီလိုဆေ့ဖ် (sate )မျိုးတွေဟာ၊ခုနောက်ပိုင်း ဂျာမနီ

**ထေးသတ်ထောက်လိုက်ပြီး**
**မှာငွေလေရာ ထမ်နေရာတွင်**
**တွန့်လိပ်နေသော တော်တော**
**အငေါက်ကြားမှ လက်သန်း၏**
**လက်သည်းဖွဲ့အရွယ်မျှသာရှိသော**
**ရှည်မျောမျောမှန်တွဲစတေလေး**
**တစ်ခုကိုတွေ့ရလေ၏။**



ဖြစ်တော့ဆိုရင်၊ မီးခံသေတ္တာတစ်လုံးမှာ သော့ (၃) ချောင်းတောင် ရှိတယ်၊ ထားပါအဲဒီတော့အနည်းဆုံး (၂) ချောင်းရှိရမယ်၊ ခုဒီမှာ တစ်ချောင်းပဲရှိတယ်၊ နောက်တစ်ချောင်းဘယ်ရောက်နေသလဲ"

"ပျောက်မှာစိုးလို့တစ်ချောင်းတစ်နေရာစီ ခွဲထားမယ်ဆိုရင် ဖြစ်နိုင်တာပဲ ဆရာ"

"ဒီလိုလည်း ပြောနိုင်ပါရဲ့ ဒါပေမဲ့ကီးရင်း ( Key Ring )ကိုကြည့်ဗျ၊ ကွင်းကသော့တံဆိုတာ ကွင်းအရစ်အတိုင်းလိုက်ရစ်ပြီး ဖြုတ်ရတာမျိုးမဟုတ်လား၊ ဒီမှာကွင်းကဖြုတ်ရင်း သော့ချောင်းနဲ့ပွတ်လို့ပြောင်လက်နေတာတွေ၊ ကွင်းပွန်းတာတွေကြည့်ဘာမျှမကြာသေးဘူး၊ တွေ့လားနာရီပိုင်းလောက်ကလေးပဲကြာဦးမယ့်အနေအထားမျိုး၊ ဒီအတိုင်းမကြည့်နဲ့ ရှေ့— မှန်ဘီလူးနဲ့ကြည့်၊ မြင်လား"

"ဟုတ်ပါရဲ့ဆရာ၊ ဒါပေမဲ့ဆရာတွေးသလို လူသတ်သမား မဟုတ်ဘဲ မစွတာဒန်ကင်း ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ဘစ်ကားပဲဖြစ်ဖြစ် တစ်ယောက်ယောက်က မီးခံသေတ္တာသော့မဟုတ်တဲ့ တခြားတစ်ချောင်းကို ဖြုတ်မယ်ဆိုရင်ကော ခင်ဗျ"

"ခင်ဗျားပြောသလိုလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ - ဒီနေ့ဒီချိန်မျိုးမှာ ဒီကွင်းထဲကိုကသော့ကိုဖြုတ်တယ်ဆိုတာ၊ တစ်ဆိတ်တိုက်ဆိုင်လွန်းအား ကြီးတယ်၊ ဒါကြောင့် မီးခံသေတ္တာသော့လို့ပဲ ကျုပ်ဆိုချင်တယ်"

"ဟုတ်တော့ဟုတ်တယ်ဆရာ၊ တိုက်ဆိုင်မှုတော့ရှိပါရဲ့"

"နောက်တစ်ခုပြောချင်သေးတယ်၊ လူတို့ရဲ့စိတ်နေသဘောမှာ ကိုယ်မြတ်နိုးတဲ့ ပစ္စည်းဆိုရင် တယုတယရှိတာမျိုးပဲဗျ။ သူတစ်ပါးနဲ့လည်းလွှဲမထားချင်တတ်ကြဘူး၊ ဒါကြောင့်မီးခံသေတ္တာထဲကစာတွေဟာ သူနဲ့သူ့ဇနီးတို့ ငယ်ရွယ်စဉ်က အပြန်အလှန် ပေးခဲ့ကြတဲ့စာတွေဖြစ်လေတော့ သူ့စာကသတ်သတ်၊ အမျိုးသမီးစာက သတ်သတ်၊ နှစ်ပုံစီခွဲပြီးသေသေသပ်သပ်စီထားတာ၊ ကျုပ်တို့နှစ်ယောက်စလုံးမြင်တဲ့အတိုင်းပဲ၊ ဒီအလုပ်ကိုတော့သူဟာသူ့ဘယ်လောက်ပဲချမ်းသာတဲ့သူဌေးကြီးပဲ ဖြစ်ပါစေဗျာ၊ အလုပ်သမားကိုခိုင်းမှာ မဟုတ်ပါဘူး၊ ကိုယ်တိုင်လုပ်မှာပဲ ကျုပ်ပြောရဲတယ်"

"မှန်ပါတယ်ဆရာ အမြတ်တနိုးနဲ့ ကိုယ်တိုင်လုပ်မှာပဲ"

"နောက်ပြီး အဖိုးတန် ပစ္စည်းတွေချည်းထားတဲ့ မီးခံသေတ္တာလိုဟာမျိုးကို တစ်ပါးသူကို ကိုင်ခွင့်ပေးဖို့ဆိုတာဝေလာဝေးပေါ့၊ ဘယ်မှာဖြစ်နိုင်မှာလဲ"

"သင့်မြတ်ပါပေတယ် ဆရာ"

"မီးခံသေတ္တာကိုဖွင့်လိုက်တော့ ဒီစာပုံကစာတစ်စောင်ဟာ ရတနာသေတ္တာလေးပေါ်ကိုတစ်ဝက်ကျော်ကျော်လျှောကျနေတယ်၊ဟိုဘက်ပုံအပေါ်ကစာနှစ်စောင်က တစ်လက်မခွဲစီလောက် သီသီလေးအစွန်းထွက်နေတယ်။ ဒါဟာကမန်းကတန်းနဲ့ လုပ်ရပြုရလို့ပေါ့ဗျာ၊ ဘာကြောင့်ကမန်းကတန်းနဲ့ လုပ်ရသလဲ ပိုင်ရှင်မဟုတ်လို့ပေါ့ဗျာ၊ မီးခံသေတ္တာဆိုတာ မ စရာ ရွှေ့စရာမှ မလိုလှဘဲ။ အဲဒီတော့ အတွင်းမှာ စာတွေဘာတွေဖရိုဖရဲ ဖြစ်စရာ မလိုပါဘူး"

"မစ္စတာ ဒန်ကင်းကိုယ်တိုင်၊ မီးခံသေတ္တာဖွင့်နေတုန်း အရေးကြီးတဲ့ ကိစ္စပေါ်လာလို့ ကမန်းကတန်းပိတ်ရတာဆိုရင်ကော ဆရာ"

" ဒါလည်းမဖြစ်နိုင်ဘူးဗျ သူ့လိုအဆင့်ပုဂ္ဂိုလ်တွေတော့ တော်ရုံတန်ရုံ အရေးကြီးကိစ္စဆိုတာ အသေးအဖွဲလောက်ပဲ သဘောထားမှာပဲ"

"သူဌေး မို့လို့လားခင်ဗျာ"

" မဟုတ်ဘူးဗျ - ကိုသိန်းတန်၊ ပိုက်ဆံချမ်းသာတာနဲ့သိပ်မဆိုင်လှဘူး။ လုပ်ငန်းကြီးလုပ်နိုင်တာ အတွေ့အကြုံများတာစိတ်တိုထိန်းချုပ်နိုင်တာ၊ဒါတွေနဲ့ပဲဆိုင်တယ်။ တည်ငြိမ်ရင်ကျက်တဲ့သဘောပေါ့ဗျာ"

" ဆက်ပါဦး ဒေါက်တာ"

" နောက်...ခုချိန်တိုင်အောင် အရွယ်ကလည်းရှိ ချောင်းဆိုးတာတလွဲလို့ ကျန်းမာရေးကလည်းကောင်းလျှက်သားနဲ့ အပျော်အပါးလည်းတင်းပြီး နောက်အိမ်ထောင်မပြုဘဲ နေတယ်ဆိုကတည်းက ကွယ်လွန်သူ ဇနီးသည် အပေါ်မှာ ဘယ်လောက် ချစ်ခင်မြတ်နိုးသလဲဗျာ၊ ဒါကြောင့် မီးခံသေတ္တာဖွင့်တုန်း စာအိတ်တွေဖရိုဖရဲနဲ့အရေးတကြီးပိတ်ရလောက်အောင် သူ့အတွက် အရေးကြီးတဲ့ ကိစ္စ( ဒါမှမဟုတ် )အရေးကြီးတဲ့သူ၊ တစ်နည်းပြောရရင် အခြားအမျိုးသမီးတစ်ယောက်ယောက် အဲသလိုမျိုး မရှိနိုင်လောက်ဘူးလို့ ကျုပ်တော့ထင်တာပဲ။ စိတ်ကူးယဉ်လွန်းတယ်ဆိုရင်လည်း ဆိုတော့လေ"

"ဆရာ - စိတ်ကူးတာမှန်ရင်တော့ အံ့မခန်းတွေးဆချက်ပါပဲ ခင်ဗျာ - ချီးကျူးလောက်ပါရဲ့၊ နို့ပေမဲ့ - လို့ ကျွန်တော် မရှင်းတာရှိသေးတယ်ဗျ လူသတ်သမားဟာ ငွေကြေးရယူလိုမှုကြောင့်မဟုတ်ဘဲ ရန်ငြိုးနဲ့ပဲ သတ်သတ်ပေါ့ဗျာ၊ ဒီလောက်မတန်မဆ များပြားတဲ့ငွေတွေ ရတနာတွေကို ဘာကြောင့် ယူမသွားတာလဲ၊ သူလည်းလောဘသားပဲ မဟုတ်လားဗျ"

" အဲဒါကြောင့်သော့ယူသွားတယ်လေ"

"ဘာ့ကြောင့်သော့ကို ယူသွားရတာလဲဗျ၊ သော့ကဘာလုပ်ဖို့လဲ၊ ဝတ်ရှုံးပြန်ရင်ပဲသုံးလို့ရမယ်"

"ခက်ပါဘိ ကိုသိန်းတန်ရယ် ခင်ဗျားလည်းပုလိပ်လုပ်နေပြီး တယ်ဝေးသကိုး၊ ညအချိန်မတော် ဥစ္စာပစ္စည်းအမြောက်အမြားနဲ့ သူ့အဖို့အန္တရာယ်ရှိမှာစိုးလို့ဗျ။ ဥပမာဗျာ ပတ္တရောင်ပုလိပ်နဲ့တွေ့ပါပြီတဲ့ သူဘာပြောရမလဲ

နိုးလာတယ်လို့ပြောရမှာလား၊ နောက်ပြီး သူဟာလူသတ်သမားဆိုပေမဲ့ နိုးနေ ကျ သူနိုးတစ်ယောက်ရဲ့ သဘာမျိုးမဟုတ်ဘူး ဇာတိရုပ်က လူကြီးလူ ကောင်းတစ်ယောက်အနေအထားမျိုး ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်ပါ။ သူနိုး ဆိုတာကတော့ နိုးဖို့ပြင်လာတာပဲ၊ သော့ဘာကြောင့်ယူရမှာလဲ၊ ပစ္စည်း ယူမှာပေါ့၊ဘယ်လောက်များများယူရဲတာပေါ့ဗျာ၊များလေကောင်းလေပေါ့၊ ကျုပ်အထင် သူတွေးတာက ဒီလိုဖြစ်ပါလိမ့်မယ် " သော့ရှိပြီပဲ တစ်ချိန်ချိန် အလစ်မှဲ ဝင်ဝင် ညပိုင်းပဲနိုးဝင်ဝင်ပေါ့ဗျာ။ နောက်ပြီးကားတို့ မြင်းရထားတို့ စတဲ့ယာဉ် တစ်မျိုးမျိုးနဲ့လာပြီး သပ်သပ်ရပ်ရပ်ကလေးသယ်မှာပေါ့ခင်ဗျာ၊ ဘယ်လောက်များများသယ်မှာလဲ၊ သယ်လို့ရပြီလေ၊ ခုတော့လူရှည်းလာ လို့ဖြစ်ပါလိမ့်မယ်၊ နောက်ပြီး ဒီပစ္စည်းတွေက လူသတ်မှုနဲ့ တိုက်ရိုက်လည်း မသက်ဆိုင်လေတော့ ချိတ်ပိတ်တာတို့ ပုလိပ် သိမ်းတာတို့ လုပ်မှာလည်း မဟုတ်ဘူးမှတ်လား၊ အဲဒီလို ထင်ပါလိမ့်မယ် "

" ဖျောက်ခနဲ " လက်ဖျောက်တီးလျက်-

" ဒါဆို ( OK )ပေါ့ဒေါက်တာ၊ စောင့်ဖမ်းရုံပဲပေါ့ "

"မလွယ်လှဘူးကိုသိန်းတန်၊အလှမ်းဝေးသွားလိမ့်မယ်။အဲဒီအချိန်က ဘယ်တစ်ချိန်ချိန်လဲ၊ သူကလည်း လမ်းအရမ်းရှင်းမှလာမှာလေ၊ ပုလိပ် အဝင် အထွက်ရှိနေတုန်း ဘယ်လာလိမ့်မလဲ၊ ဒီပစ္စည်းတွေက ခုအခါမှာ ပိုင်ရှင်မဲ့လေဗျာ၊ သူ့အဓိက လုပ်ချင်တာကဘာလဲ၊ သတ်ချင်တာသတ်ပြီး ပြီပဲ ပစ္စည်းကတော့ အေးအေးဆေးဆေးပေါ့လို့ စဉ်းစားမှာပဲ "

"ခက်တော့ခက်ရချည့်ရဲ့ဆရာရယ်၊ ဒါဆိုရင် အခုည - ပုလိပ်တစ် ယောက် လောက်စောင့်ခိုင်းပြီး မနက်ဘက်သွားအပ်ပေးထားမှပဲ နို့မို့ ဘစ်ကားပါအဆစ်ပါသွားဦးမယ် "

"သိပ်မှန်တာပေါ့ - ကိုသိန်းတန်၊ ဒါပေမဲ့ - ခင်ဗျားက ခဏပါဗျာ ဘီလပ်မှာ သူ့တူတွေတူမတွေ ရှိလေရဲ့ အကြောင်းကြားလိုက်ရင် ရောက် လာပါလိမ့်မယ်။ ဒါထက် အိပ်ရာကို ကြည့်လိုက်စမ်းပါဦး၊ ဘာထူးခြားတာ တွေ့သလဲ "

ကျွန်းခုတင်ကြီးပေါ်တွင် မစ္စတာဒန်ကင်းအိပ်စက်ရန်အတွက် အဆင်သင့် ပြင်ထားသောအိပ်ရာကို ဆွတ်ဆွတ်ဖြူဖွေးနေသော အိပ်ရာဖုံတစ်ခုဖြင့် ဖုံးအုပ်ထားရှိပြီး ထောင်လျက်သားရှိသည့် ဇာခြင်ထောင်မှာလည်း အပေါ်သို့ခေါက်၍တင်ထားပေးရကား အိပ်ရာအနေအထားမှာ ယနေ့ညအဖို့ မည်သူတစ်ဦးတစ်ယောက်မျှ မအိပ်ခဲ့ရသေးကြောင်းထင်ရှား လှပေ၏။

"လူမအိပ်ရသေးဘူးဆရာရဲ့"

"အဲဒီတော့"

"အဲဒီတော့သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် တွေ့ရတာပေါ့"

(ခပ်ပြုံးပြုံးဖြင့်)

"ကောင်းပါလေ့ဗျာ – ကောက်နုတ်ချက်ချပုံလေး"

ထိုနောက် မောင်ကျော်ဒင်သည် မီးခံသေတ္တာကို သော့ခတ်လိုက်ပြီး သော့ကို မောင်သိန်းတန်လက်သို့လှမ်းပေးကာ ဗီရိုကြီးဘေးရှိ အဝတ်ဟောင်းကြိမ်ခြင်းအတွင်းမှ အဝတ်များကို တစ်ထည်စီ ထုတ်ယူကြည့်ရှုလျက်ရှိ၏။ခြင်းအတွင်း၌အဝတ်အဟောင်းများများစားစားမရှိလှပဲဥရောပတိုက်သားများ ညအိပ်ရာတွင် ဝတ်လေ့ ဝတ်ထရှိသော ( Pyjamas ) ပါဂျမာခေါ်ညအိပ်ဝတ်စုံတစ်စုံ၊ ကာကီဘောင်းဘီတိုတစ်ထည်၊ စွပ်ကျယ်အဟောင်းတစ်ထည်နှင့် အတွင်းခံဘောင်းဘီတိုနှစ်ထည်တို့ကိုသာ တွေ့ရပြီး စွပ်ကျယ်အင်္ကျီမှာ အခြားအဝတ်များ အောက်ဆုံးတွင်ရှိ သော်လည်း ရေစိုလျက်သားရှိလေ၏။

မောင်းသိန်းတန်သည် ကြွေပန်းအိုးကလေးကိုနှစ်သက်စွာကိုင်တွယ်ကြည့်ရှုရင်းမှ–

"ပန်းကလည်းလှ ပန်းအိုးကလည်းလှ ကျက်သရေရှိပဲဗျာ၊ မစ္စတာဒန်ကင်းဟာ တော်တော်ပဲအနုပညာမျက်စိရှိပါကလား ဒေါက်တာရဲ့" ဟု ပြောလိုက်ရာ မောင်ကျော်ဒင်က –

" ဒန်ကင်းမဟုတ်ဘူးဗျ။ ဒါဘစ်ကားလက်ရာပဲ "ဟုပြန်ပြောလိုက်လေ၏။

မောင်သိန်းတန်သည် မောင်ကျော်ဒင်၏စကားကို တမင်ဆန့်ကျင်လို၍မဟုတ်ဘဲ သူ၏စိတ်တွင်း တွင်လည်း မောင်ကျော်ဒင်အားပြောဆိုဆက်ဆံရင်းဖြင့် တစ်စတစ်စခင်မင်သည့်အလျောက် နောက်ပြောင်လိုသောသဘောပြင် အချက်ကျကျ တွေးခေါ်လိုတတ်သော တွေးလုံးများကိုသိရှိလိုသေးသည့်အတွက် "ဒီအိမ်မှာ အစေခံမိန်းကလေးတစ်ယောက်ရှိတယ်လေ ဆရာ၊ သူပန်းထိုးတာဖြစ်မှာပေါ့" ဟုပြောလိုက်ရာ -

"မဖြစ်နိုင်ဘူး ကိုသိန်းတန်ရဲ့ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဥရောပတိုက်သားများဟာ အိမ်ခန်းလို အတွင်းခန်းမျိုးထဲကို အပြင်လူအဝင်ခံလေ့လုံးဝမရှိကြဘူးဗျ။ အဲ...မစ္စတာဒန်ကင်းကသူဌေးဆိုတော့ ပိုဆိုးတာပေါ့ဗျာ" ဟုပြန်ပြောလိုက်သော်လည်း မောင်သိန်းတန်က -

"ဘစ်ကားလို အဘိုးကြီးတစ်ယောက်က ပန်းအိုးမှာ ပန်းထိုးပါ့မလားဒေါက်တာရဲ့၊ သူ့စိတ်က ဒီလောက်နနယ်ပါ့မလား" ဟုထပ်၍ကွန့်လိုက်ချေသေး၏။

ထို့ကြောင့်မောင်ကျော်ဒင်က -

"စိတ်နလို့မဟုတ်ဘူးဗျ သူတို့အနောက်တိုင်းယဉ်ကျေးမှုက နေမကောင်းတဲ့သူဆိုရင်ပန်းပေးတာတို့ ၊ ဆေးရုံကိုပန်းစည်းပို့တာတို့ကိုလူမမာကိုအားပေးတဲ့သဘောနေနဲ့ လုပ်လေ့ရှိကြတယ်ဗျ။ ကျုပ်တို့မြန်မာတွေကတော့ သတင်းမေးရင်း၊ အားပေးရင်းကိုယ်တိုင်သွားလေ့ရှိကြတယ်မဟုတ်လား၊ ခုလည်း မစ္စတာဒန်ကင်းကစိတ်ရှုပ်စိတ်ညစ်နေတဲ့အချိန်တစ်နည်းပြောရရင် စိတ်ဓာတ်ရေးရာနေမကောင်းဖြစ်နေတဲ့အချိန်ပေါ့ဗျာ၊ အဲဒါကို ဘစ်ကားကသူ့ဆရာကိုအားပေးတဲ့အနေနဲ့လန်းလန်းဆန်းဆန်းဖြစ်သွားအောင် ပန်းနီနီတွေကိုတမင်ထိုးတာဗျ။ ဆရာ့ကိုအမြဲတမ်း အရိပ်တကြည့်ကြည့်နဲ့ရှိတဲ့ တပည့်ကောင်းပေါ့ဗျာ။ ကျုပ်...သူ့အတွက်လည်း တော်တော်လေးစိတ်မကောင်းဖြစ်မိပါရဲ့" ဟုပြောရင်း မောင်သိန်းတန်လက်မှပန်းအိုးကိုလှမ်းယူ၍စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးလျက်ရှိ၏။

ထို့နောက် ထိုးစိုက်ထားသောပန်းများကို နုတ်ယူလိုက်ပြီး အိုးထဲသို့ ကြည့်လိုက်ရာ ရေမှာအိုးဖင်ပင်မကပ်လှဘဲ လုံးဝနီးပါးမျှမရှိသည်ကို တွေ့ရလေ၏။

ပန်းအိုး၏ နှုတ်ခမ်းသားပတ်ပတ်လည်တွင်ရှိသော ရွှေရောင်အနား ရေး၏အတွန့်အတက်ကလေးတစ်ခုသည် လက်သည်းခွံထက်ဝက်ခန့်မျှပဲ ရှိနေပေရာ မောင်ကျော်ဒင်သည် မှန်ဘီလူးကလေးကိုထုတ်ယူလိုက်ပြီး ထိုနေရာတစ်ဝိုက်ကို ဂရုတစိုက်အသေးစိတ်စစ်ဆေးလိုက်ပေရကား မှန် ဘီလူး၏ချဲ့အားကောင်းလှသောပါဝါအောက်ဝယ် ထိုအပွဲ့အရာကလေး သည်ယခုမှဖွဲ့ထားသည့်နယ်လတ်ဆတ်လှစွာရှိသည်ကိုတွေ့မြင်ရလေ၏။ ထိုအပွဲ့အရာကလေးကို စေ့စပ်သေချာစွာ ကြည့်ရှုနေရင်းမှ-

"ဘသော်ဟာ ခင်ဗျားတို့ထင်သလို မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့ မှလူသတ်သမားမဖြစ်နိုင်ဘူးဗျ"ဟုမဆီမဆိုင်ပြောလိုက်ပေရာမောင်သိန်း တန်မှာ အူကြောင်ကြောင်ပင်ဖြစ်သွားတော့၏။ ထိုနောက်တစ်စုံတရာကို တွေးတွေးဆဆ စဉ်းစားသည့် အနေဖြင့်အတန်ငယ်တုံ့ဆိုင်းလျက်ရှိရာမှ "ကျွန်တော်တို့က ပုလိပ်ဆိုတော့ ဆရာလိုလွယ်လွယ်ပြောလို့မဘူးခင်ဗျ၊ ဘသော်ထက် အထောက်အထားပိုနိုင်လုံတဲ့နောက်ထပ် တရားခံတစ် ယောက်ကိုမိမှပဲ ဘသော်လွတ်လမ်းရှိပေလိမ့်မယ်"ဟုပြန်ပြောလိုက်လေ ၏။

"ဒါကိုကျုပ်သဘောပေါက်ပါတယ် ကိုသိန်းတန်၊ ဒါကြောင့် အလို... ဒါက ဘာကြောင့် စိုနေရပါလိမ့်"

"ဘာရယ်ဆရာ ဘာလဲ"

မှစ္စတာဒန်ကင်းရဲ့မျက်နှာသုတ်ပုဝါလေ ဒီတန်းပေါ်မှာလှန်းထားတာ ဘာ့ထည်လုံးတော့မဟုတ်ပါဘူး၊ နည်းနည်းကွက်ပြီးစိုတာပါ"

မောင်သိန်းတန်လည်းရုတ်တစ်ရက်ဆိုတော့"ဖျတ်ခနဲ"ရယ်ချင်စိတ် ပေါက်လာသည့်အလျောက် -

"လူကဖြင့် ရေချိုးလို့မပြီးလိုက်သေးဘူး၊ သေသွားတယ်။ မျက်နှာ သုတ်ပုဝါကတော့ ရေစိုနေတယ်ဆိုတော့ ကောင်း သရဲများလားဆရာရယ်" ဟုနောက်ပြောင်လျက်ပြန်ပြောလိုက်လေ၏။

မောင်သိန်းတန်သည် မောင်ကျော်ဒင်၏တွေးဆချက်များကို သာမန် အားဖြင့်သော် ယုတ္တိရှိပါပေသည်ဟု စိတ်တွင်းမှ ထင်မိသော်လည်းလက် တွေ့တွင်မူ မဖြစ်နိုင်ဟု ပုလိပ်ဉာဉ်ဖြင့် တရားသေစွဲမှတ်ထားသည်ဖြစ်ရ ကား ဆက်စပ်တွေးခေါ်မှုပညာနှင့်ပေါင်းစပ်ထားသည့် ထူးခြားထက်မြက် လှသော ဉာဏ်ရည်ဉာဏ်သွေးမှ ထွက်ပေါ်လာသည့် တိကျသော သုံးသပ် ချက်များကို သီအိုရီ နှင့် လက်တွေ့ပေါင်းစပ်လျက် တစ်ပြိုင်နက်တည်းတွေ့ မြင်ရသော်လည်း ၎င်း၏အနေဖြင့် မည်သို့မျှ ဉာဏ်မမီသည့်အလျောက် သဘာဝမကျသော်လည်း လွန်စွာနားထောင်၍ကောင်းလှသည့် တစ် ထောင့်တစ်ညပုံပြင်များ( A Thousand and One Nights )ကိုကြားနေရ ဘိသည့်အလား နားထောင်ကောင်းကောင်းနှင့် နားထောင်လေ၏။

မောင်ကျော်ဒင် အနေဖြင့် အိပ်ခန်းအတွင်းမှ ပြောပြောဆိုဆိုဖြင့်ထွက် သွားသော မောင်သိန်းတန်ကိုပင် အလျှင်းမျှ သတိမမူမိတော့ဘဲ တစ် တစ်စပိုမိုနက်နဲ ရှုပ်ထွေးလာသော အမှုကိုသာစူးစူးစိုက်စိုက် စဉ်းစားခန်းဝင် လျက်ရှိပေရာ အချို့ပန်းခြံများတွင်ရှိတတ်သော မတ်မတ်ကြီးစိုက်ထောင် ထားသည့် ကျောက်ရုပ်တုတစ်ခုအလား ငြိမ်သက်သွားပေတော့၏။

အိပ်ခန်းအတွင်းမှမောင်ကျော်ဒင်ထွက်လာသောအခါ အလောင်း အနီးတွင် ဓာတ်ပုံဆရာနှင့်လက်ဗွေသမားများရောက်ရှိနေကြပြီးမြင်ရသူ မျက်စိနောက်လောက်အောင် အလုပ်ရှုပ်လျက်ရှိကြလေ၏။ အင်စပက် တာကလေးမောင်သိန်းတန်သည် ထို့သူတို့အားပြောဆို ညွှန်ကြားလျက်ရှိ ရာမှ "ဆရာရေ - အလောင်းကိုကြည့်ဦးမှာလား၊ကျွန်တော် သယ်ခိုင်းလိုက် တော့မယ်" ဟုပြောလေရာမောင်ကျော်ဒင်လည်းမကြည့်လိုတော့ကြောင်း ပြန်ပြောလိုက်၏။အလောင်းအားသယ်ယူနေစဉ်မောင်ကျော်ဒင်သည် သူ၏ မျက်နှာကို တစေ့စေ့ကြည့်ရင်းမှ တစ်စုံတစ်ရာကို ရုတ်တစ်ရက် သတိရလိုက်ဘိသည့်အလား နဖူးကိုလက်ဝါးဖြင့်လိုက်၍

"ငါနယ်နေ့ာ်ညှပ်ပါ" ဟုရေရွတ်လိုက်မိလေ၏။

ထိုနောက်ဘစ်ကားဘက်သို့လှည့်၍ -

"မစ္စတာဒန်ကင်းရဲ့ကျက်မှန်ဘယ်မှာလဲ" ဟု ရုတ်ခြည်းမေးလိုက်လေ၏။ ဘစ်ကားလည်း -

" ကျွန်တော်လည်းမသိပါဘူးခင်ဗျာ သခင်ကြီးကို ဒီအတိုင်းတွေ့တာပဲ၊ ဟုတ်ပါရဲ့ မျက်မှန်ကိုတော့ သတိမထားမိလိုက်ဘူး" ဟုတွေးတွေးဆဆဖြင့် ပြန်ပြောလိုက်လေ၏။

" ကျုပ်သိသလောက် သူမျက်စိအရမ်းမှုန်တယ်ဗျ မျက်မှန်မပါဘဲနဲ့ သွားလာနေဖို့ မလွယ်လောက်ပေဘူး"

"ဒေါက်တာပြောတာမှန်ပါတယ်ခင်ဗျာ၊ သခင်ကြီးဟာ မျက်မှန်မပါဘဲနဲ့ ဘာမှုမလုပ်နိုင်ပါဘူး"

"ဒါဆိုရင် ကျုပ်တို့မှာ မျက်မှန်ရှာဖို့အလုပ်တစ်ခုရှိလာပြီပေါ့ဗျာ"

ထိုအခါ မောင်သိန်းတန်မှာ ပုလိပ်ပီပီ အရိပ်အကဲကို လွန်စွာနားလည်သူတစ်ယောက်ဖြစ်ရကားရေချိုးခန်းတစ်ခုလုံးကို ပိုက်စိပ်တိုက်၍ မျက်မှန်ရှာဖွေရေးလုပ်ငန်း စတင်လေတော့၏။

" ဟာ - ဟောဒီမှာတွေ့ပြီဗျို့၊ မျက်မှန်တစ်လက်"

အင်စပက်တာကလေး မောင်သိန်းတန်သည် မျက်မှန်တစ်လက်ကို ကိုင်းဖျားက ကိုင်၍ မြှောက်ပြရင်းအော်လိုက်လေရာ မောင်ကျော်အင်လည်း ကမန်းကတန်းရောက်လာပြီး -

" မှန်းစမ်း - ကြည့်ရအောင်"

ဟုပြောလိုက်လေ၏။ မျက်မှန်မှာ ကိုင်းအကောင်းစား ဖြင့်ပြုလုပ်ထားသောလည်း ပုံစံမှာမူ ခပ်ရိုးရိုးပင်ဖြစ်လေ၏။ အဝေးမှုန်မျက်စိအတွက် ပြုလုပ်ထားသော မျက်မှန်ဖြစ်ရကား မစ္စတာဒန်ကင်း၏ မျက်မှန်ပင်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

"ကဲ - မျက်မှန်တွေ့ပြီဆရာ၊ ဒါဆိုရင်"

" သေချာချာကြည့်ဗျ ကိုသိန်းတန် မျက်မှန်သားကို ခပ်စောင်းစောင်း လေးကြည့်လိုက်စမ်း၊ ဖုန်တွေတက်နေတယ်၊ ဒါတောင်အံဆွဲထဲမှာမို့လို့၊ နို့မို့ရင်ဖုန်ပိုတင်မယ် "

" ဖုန်တက်တာ သုတ်မထားလို့ပေါ့ ဆရာ "

" ဘယ်ကလာ ဟုတ်ရမှာလဲဗျာ၊ ဒါကမသုံးတော့တဲ့ မျက်မှန်ဗျ တစ်နေ့လုံးတပ်ထားတဲ့ မျက်မှန်ပဲဗျာ၊ ဘာကြောင့် ဖုန်တက်ရမှာလဲ၊ နောက်တစ်လက်ရှိဦးမယ် "

" နောက်တစ်လက် ဟုတ်လားဆရာ "

" တပ်လက်စ မျက်မှန်ကိုပြောတာဗျ၊ မသေခင်တပ်သွားတဲ့မျက်မှန် လူသေတာနဲ့ မျက်မှန်ကဘာကြောင့် ပျောက်ရမှာလဲ၊ အဲဒါတွေ့ရင် အမှုမှန် ပေါ်သလောက်ဖြစ်သွားမယ် ဒါထက်အခုဒီမျက်မှန်ကို ဘယ်ကတွေ့တာလဲ "

" ဘိုဒိုကြီးရဲ့အပေါ်အံဆွဲထဲကဆရာရဲ့ "

" အင်း...တော်တော်ဝေးတာပဲ "

" မဝေးဘူးဒေါက်တာ၊ ရေချိုးခန်းထဲမှာပဲလေ အလောင်းနဲ့(၁၀)ပေးလောက်ပဲကွာမယ် "

" အဲဒါဝေးတာပေါ့ဗျ၊ မျက်မှန်အိတ်လည်းမပါဘူး မဟုတ်လား ကိုသိန်းတန် "

" ဟုတ်တယ် ဆရာ မပါဘူး "

" ဒါဆိုရင် ကျုပ်တွေးတာမလွဲဘူးဗျ ကျိန်းသေပါတယ် "

မောင်သိန်းတန်လည်း မယုံကြည်သလို မျက်နှာပေးနှင့် ငေးကြည့်နေရင်းမှ " တွေးကနဲ " တစ်ချက်ဖြစ်သွားပြီးအိပ်ခန်းအတွင်းသို့ဝင်သွားလေ၏။

ထိုနောက်အိပ်ရာခင်အောက်တွင်လည်းကောင်း၊ ခေါင်းအုံးအောက်တွင်လည်းကောင်း၊ ကုတင်အောက်တွင်လည်းကောင်း၊ စားပွဲပေါ်တွင်လည်းကောင်း၊ ဆိုဖာပေါ်တွင်လည်းကောင်း၊ ဘီရိုပေါ်တွင်လည်းကောင်း၊ အဝတ်ဘီရိုပေါ်တွင်လည်းကောင်း၊ အံဆွဲထဲဗွင်လည်းကောင်း၊ စာအုပ်များကြားတွင်လည်းကောင်း စောင်ကြား ခေါင်းအုံးကြား များတွင်

လည်းကောင်း၊ လျှော့ဖွပ်ရန်အဝတ်အဟောင်းများစုပုံထည့်ထားသည့် အဝတ်ဟောင်းခြင်းထဲတွင်လည်းကောင်းတစ်ခန်းလုံးနေရာမလပ်တစ်လက်မမှ မကျန်အောင် စေ့စပ်သေချာစွာရှာဖွေလေ၏။

အိပ်ခန်းအတွင်းတွင် မတွေ့သောအခါ အောက်ထပ်သို့ဆင်းခဲ့ပြီးလျှင် ထမင်းစားခန်းတွင်လည်းကောင်း၊ ဧည့်ခန်းတွင်လည်းကောင်း၊ စာကြည့်ခန်းတွင်လည်းကောင်း အသေးစိတ်ရှာဖွေသည့်အပြင် အစ္စတာဒန်ကင်း အနေဖြင့်မှေ့၍ထားခဲ့နိုင်လောက်မည်ဟု ယူဆရသော နေရာမှန် သမျှတို့တွင်လည်းကောင်း ထပ်မံရှာဖွေပြန်လေ၏။ ထို့ပြင် လှေကားထစ်များပေါ်တွင်လည်းကောင်း၊ လှေကားရင်းတွင်လည်းကောင်းထပ်မံရှာဖွေသေး၏။

မောင်ကျော်ဒင်လည်း ပုလိပ်ကလေးမျက်မှန်ရှာသည်ကိုကြည့်ရင်း တစ်စုံတစ်ခုကိုလေးနက်စွာတွေးလျက်ရှိ၏။ ထို့နောက်ကော်ဇောခင်းထားသောစာကြည့်ခန်းထဲတွင် လေးဘက်ထောက်လိုက်ပြီး ရှာဖွေလေရာ တစ်နေရာတွင် တွန့်လိပ်နေသော ကော်ဇောအခေါက်ကြားမှ လက်သန်း၏ လက်သည်းခွံအရွယ်မျှသာရှိသောရည်မျောမျောမှန်ကွဲစကလေးတစ်ခုကို တွေ့ရလေ၏။

"ကိုသိန်းတန်ရေ၊ တွေ့ပြီဗျို့ဒါဟာမစ္စတာဒန်ကင်းရဲ့မျက်မှန်ပေါ့ဗျာ"

မောင်ကျော်ဒင်၏လက်ဝါးပေါ်မှ မှန်ကွဲစကလေးကိုကြည့်လျက်

"ဆရာ့ဟာက မှန်ကွဲစပဲဗျ၊ မျက်မှန်တစ်လက်လုံးက ဘယ်မှာလဲ"

မောင်ကျော်ဒင်လည်း စာကြည့်ခန်းထောင့်ရှိ အမှိုက်ပုံးကလေးဆီသို့ မေးငေါ့ပြလိုက်ရင်း -

"ကျုပ်စိတ်ကူးမလွဲဘူးဆိုရင် အဲဒီမျက်မှန်ဟာ ဟော ဟိုက အမှိုက်ပုံး ထဲမှာ ရှိရမယ်ဗျာ "ဟုပြောလိုက်ရာ မောင်သိန်းတန်သည် အမှိုက်ပုံးကို လှမ်းယူလိုက်ပြီး ကော်ဇောပေါ်တွင် မှောက်၍သွန်လိုက်လေ၏။

ကော်ဇောပေါ်တွင်ကား စက္ကူဖြတ်စများ လုံးထွေးထားသော စက္ကူများ၊ မင်နှိပ်စက္ကူအဟောင်းများ၊ ဖေါင်တိန်အကျိုးတစ်ချောင်းတို့အပြင် အပိုင်းတစ်ဖက်တွင် မှန်သားမရှိတော့ဘဲ ကိုင်းနှင့်ကွင်းချည်းသာကျန် လျက်၊ အခြားတစ်ဖက်တွင်မှန်သားအက်နေသော မျက်မှန်တစ်လက်ကို

တွေ့ရှိရလေ၏။ ၎င်းမျက်မှန်မှ အကွဲများဟု ယူဆရသည့်မှန်ကွဲစကလေးများကိုလည်း တွေ့ရှိရကား မောင်သိန်းတန်မှာ အံ့ဩလှသော မျက်နှာပေးဖြင့် မောင်ကျော်ဒင်အား အငေးသားရှိလေတော့၏။

ထိုနောက် မောင်ကျော်ဒင်အား -

"မှန်ကွဲရုံနဲ့ တရားခံကိုဘယ်လို ဖမ်းနိုင်ပါ့မလဲဆရာ" ဟုမေးလိုက်ရာ သူ၏လေသံမှာ အထင်သေး၍မဟုတ်ပဲ. မသိနားမလည်၍မေးခြင်းမျှသာ ဖြစ်ခဲ့လေပြီ။

သို့သော်မောင်ကျော်ဒင်က "တရားခံဘယ်သူဘယ်ဝါ ဆိုတာ ကျုပ်လည်းအသိအကျမပြောနိုင်ဘူးဗျ" ဟုပြောလိုက်ရာ -

မောင်သိန်းတန် သည်စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး

"ဟာ ဆရာဦးစွာကလည်း" ဟု ညည်းတွားလိုက်လေ၏။

မောင်ကျော်ဒင်သည်အနိုင်ရခါနီး နောက်ဆုံးပွဲသိမ်းတစ်ကွက်ကို ရွှေ့တော့မည့် စစ်တုရင် သမားတစ်ယောက်၏ ပိုင်နိုင်မှုမျိုးဖြင့် -

"ဒီလို ကိုသိန်းတန်ရဲ့ - အဲဒီမှန်ကွဲစကလေးတွေကို တွေ့လိုက်ရခြင်းအားဖြင့် ဘယ်သူဆိုတာမပြောနိုင်သေးပေမဲ့ - ဘယ်လိုလူစားလဲဆိုတာ တော့ပြောနိုင်ပြီဗျ။ လူသတ်သမားဟာ အသက်သုံးဆယ်လောက်ရှိပြီ။ အသက် နဲ့စာရင် အင်မတန်သန်းစွမ်းတယ်၊ အရပ်မြင့်မြင့်အဲ...(၆)ပေ တောင်ကျော် လိမ့်ဦးမယ် ဆံပင်အဝါ ဘယ်သန် အရာရာမှာစေ့စပ်သေချာ တယ်၊ ဉာဏ်ကောင်းတယ်၊ ခေါင်းအေးအေးထားတတ်တယ်၊ ဒါပေမဲ့ - ဒီကရိန်နဲ့မျက်မှန်ကို သူ့ဘဝမှာ တစ်ခါမှ မသုံးစွဲဖူးဘူး "ဟုပြောလိုက်ရာ မောင်သိန်းတန်မှာ အံ့ဩလှသည်မှန်သော်လည်း မယုံကြည်နိုင်လောက်အောင်ရှိရကား ပါစပ်အဟောင်းသားဖြင့် ငေး၍နားထောင်ရင်းမှ မောင်ကျော်ဒင် ၏စကားအဆုံးဝယ် -

"ဟုတ်ပါ့မလား ဆရာရယ်" ဟုသာ ပြောနိုင်ပေတော့၏။

အင်စပက်တာကလေး မောင်သိန်းတန်သည် မိနစ်အနည်းငယ် တွေဝေပြီးမှ -

"ဆရာပြောတဲ့အတိုင်းမှန်တယ်ဆိုဦးတော့၊ ဒီအချက်အလက်တွေနဲ့ကိုက်ညီတဲ့သူကိုရန်ကုန်တစ်မြို့လုံးမြေလှန်ရှာရတော့မှာပဲဘယ်လွယ်ပါ့မလဲ ဆရာ" ဟုတွေးတွေးဆဆဖြင့်ပြောလိုက်၏။

"ခဏလေးဗျာ - ကိုသိန်းတန် ခဏလေး - ကျုပ်စိတ်ကူးထဲမှာ ကွင်းဆက်ပြတ်သလိုလပ်ဟာနေတာလေးတစ်ခုကိုဆက်မိနိုင်ရင်အင်း - ပုံဖော်နိုင်ရင်ဆိုပါတော့ဗျာ ဒီတရားခံကို ကျုပ်တို့မိအောင်ဖမ်းနိုင်ပြီဗျ"

မောင်ကျော်ဒင်သည် အထက်ပါအတိုင်း ပြောပြီးသကာလ တုတ်အင်္ကျီ အိတ်များအတွင်းဝယ် လက်နှစ်ဖက်ထည့်လျက် စာကြည့်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း နှုတ်ဆိတ်နေတော့၏။ မောင်းသိန်းတန်သည်လည်း သေသူမစ္စတာဒန်ကင်းနှင့်ဒေါ်သည်မစ္စတာ စတီးဖင်တို့ ဆွေးနွေးခဲ့သောစားပွဲနေရာသို့ သွားရောက်ကာ ရှုစမ်းမှတ်သားရင်း မောင်ကျော်ဒင်အား အားကျမခံဖြစ်ကာ သဲလွန်စရှာဖွေလျက်ရှိလေ၏။

စားပွဲပေါ်တွင်ကား လယ်မြေစက်ရုံ စသည်တို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ စာချုပ်များ၊ စာရင်းအင်းများ၊ သွပ်နန်းကြိုးစက်ရုံမှ မကြာခဏ ဆုမှလေ့ရှိလေသည့် အလုပ်သမားတို့၏အမည်စာရင်းများ၊ လှုပ်ရှားမှုအစီရင်ခံစာများ၊ သက်ဆိုင်ရာ လယ်ဂျာ ( Ledger )စာအုပ်များ စသည့် အသီးသီးသော စာရွက်စာတမ်းတို့သည် ထပ်လျက်၊ စီလျက်တစ်မျိုး၊ ပြန့်ကြဲကာ တစ်ဖုံ ပွင့်လျက်သားတစ်မျိုးရှိကြလေ၏။

စားပွဲအလယ်တွင်ထက်ဝက်ကျိုးနေပြီဖြစ်သောဝီစကီပုလင်းတစ်လုံးရှိ၍ဖန်ခွက်အကောင်းစားနှစ်လုံးသည် တစ်လုံးစီ၌အရက်အကပ်အသယ်မျှသာကျန်လျက် သက်ဆိုင်ရာ ကုလားထိုင် အသီးသီးရှေ့ ၌ရှိကြတုန်၏ အမြည်းအဖြစ်ချထားသော ဒိန်ခဲပန်းကန်တွင်ခက်ရင်သေးသေးလေးနှစ်ချောင်းထိုးစိုက်ထားပြီး အနည်းငယ်မျှသာ အရာယွင်းသေး၏ မစ္စတာဒန်ကင်းမှာ ဝီစကီကိုစွဲစွဲမြဲမြဲနှစ်ခြိုက်သူတစ်ယောက်ဖြစ်ရကား မောင်ကျော်ဒင်က အရက်မသောက်ရန် တားမြစ်ထားသည့်ကြားကပင် ရောဂါအနည်းငယ်သက်သာလာသည်ဆိုပါက ဤသို့သောက်စားလေ့၏။

မောင်သိန်းတန်သည် စာကြည့်ခန်းကို လှည့်ပတ်သွားလာလျက် စာအုပ်ပုံများကိုတစ်လှည့် စားပွဲပေါ်ရှိအစားသောက်များကိုတစ်လှည့်စသည်ဖြင့် လှည့်ပတ်ကြည့်ရှု၍သဲလွန်စကိုရှာဖွေသော်လည်းမည်သည့်သဲလွန်စကိုမျှမတွေ့ပဲ အကြံအိုက်လျက်သားရှိကာ မိမိကပုလိပ်အရာရှိဖြစ်ပါလျက် လူသတ်တရားခံကို ထားဘိဦး သဲလွန်စမျှ တွေ့အောင်မရှာနိုင်ရှဲသာမက အရပ်သားဖြစ်သော မှုခင်းဆရာဝန်တစ်ယောက်၏စုံထောက်ပုံစနစ်ကိုပင် နားမလည်နိုင်လောက်အောင် ဖြစ်ပေရဏား အချကြောင်ကြောင်ပင် ဖြစ်လျက် ရှိပေတော့၏။

မောင်ကျော်ဒင်သည် တစ်ကိုယ်တည်းနှုတ်ဆိတ်လျက်ရှိရာမှ မိမိတို့အနားသို့ရောက်လာသော ဘစ်ကားကို မြင်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ခုကိုအကြံရသွားသကဲ့သို့ လက်ဖျစ်တစ်ချက်တီးလိုက်ကာ

"ဘစ်ကားရေ – ခင်ဗျားဆရာလေချွန်တာဟာစာကြည့်ခန်းထဲကအိပ်ခန်းထဲကို အသွားမှာလား အိပ်ခန်းထဲကရေချိုးခန်းထဲကို အသွားမှာလား ဒါမှမဟုတ် ဒါမဟုတ် နစ်နေရာလုံးမှာလား သေသေချာချာပြောပြပါဦးဗျာ"

ဟုပြောလိုက်ရာ ဘတ္တလားအဖိုးအိုသည် ရုတ်တရက်သော် အံ့အားသင့်သွားပြီးမှ သူ၏ ကြာဇံရောင်တောက်နေသော ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း

"ခုနကကျွန်တော်ပြောတဲ့အတိုင်းပါပဲဆရာအောက်ထပ်ကနေအပေါ်ထပ်ကိုတက်ပြီး အိပ်ခန်းဆီကိုလျှောက်အသွားမှာပါ အိပ်ခန်းထဲက အထွက် ရေချိုးခန်းထဲကိုအသွားမှာတော့ လေမချွန်တော့ပါဘူး ပတ္တာမြည်သံရေကျသံတွေကြားရလို့သာ ရေချိုးခန်းထဲဝင်သွားပြီးလို့ သိတာပါ ခင်ဗျာ"

ဟုပြန်ပြောလိုက်၏။

"ဒါလောက်ဆိုရင် တော်လောက်ပါပြီးလေ ဘစ်ကား ကျုပ်တို့လည်းပြန်ဦးမယ်" ဟုပြောကာ အောက်ထပ်သို့ ဆင်းရန် လှေကားဆီသို့ လျှောက်သွားလေရာ ဘစ်ကားက

"ကျွန်တော် လိုက်ပို့ ပါ့မယ် ဒေါက်တာ"

ဟုပြောကာ လိုက်ပါလာလေ၏။

" မစ္စတာဒန်ကင်းကို မကျေနပ်လို့ ဆူကြပူကြတဲ့ အလုပ်သမားတွေ အထူးသဖြင့် သွပ်နန်းကြိုးစက်ကပေါ့ဗျာ အဲဒီလူတွေအကြောင်းကို ခင်ဗျား သေသေချာချာ သိလားဘစ်ကား"

" ဟင့်အင်း ဒေါက်တာ ကျွန်တော် မသိပါဘူးကျွန်တော်သိသလောက် သူတို့ အလုပ်မဆင်းကြပဲနဲ့ ဆူတယ်ပူတယ် အဲဒီလောက်ပါပဲ"

" ဒါဆိုရင် ဘယ်သူသေသေချာချာသိနိုင်သလဲ"

" မစ္စတာ စတီဗင် ပါခင်ဗျာ သူကမန်နေဂျာဆိုတော့ အားလုံးကို သိပါ လိမ့်မယ်"

" ခုည လာသွားတဲ့သူလား"

" ဟုတ်ကဲ့ ခင်ဗျာ ဒေါက်တာသိချင်ရင် ဖုန်းဆက်မေးလိုက်ပါလား ခင်ဗျာ သူ့နံပါတ်က ..."

"နေနေ - ဘစ်ကားဖုန်းဆက်တော့ပါဘူးကျုပ်အမြန်မှာလှည့်ဝင်သွား လိုက်ပါ့မယ် မစ္စတာဒန်ကင်းအကြောင်းလည်းသတင်ပေးရင်း မေးချင်း တာလည်း တစ်ခွန်း နှစ်ခွန်းမေးရင်းပေါ့ သူ့အိမ်က ဘယ်နားမှာပါလိမ့်"

"သူ့အိမ်က ...အဲ ဒေါက်တာအိမ်နားမှာပဲခင်ဗျ မြေနီကုန်းစမ်းချောင်း ရပ်ထဲကမြင့်မိုရ်လမ်းထဲမှာပဲ အိမ်နံပါတ်က (၃၁)ပါခင်ဗျ"

" ဒါဆို ကျုပ်အိမ်နဲ့ ဘာဝေးလို့လဲ ကောင်းပြီ ဘစ်ကား ကျုပ်သွားပြီ"

" ဟုတ်ကဲ့ပါ ဒေါက်တာ"

ကိုသိန်းတန်လည်းကျုပ်နဲ့ပဲလိုက်ခဲ့လေ မစ္စတာစတီဗင်ကို ဝင်တွေ့ ပြီးမှ ဂါတ်ကိုကျုပ်ပြန်လိုက်ပို့ပေးပါ့မယ်"

" ကောင်းပါပြီဆရာ ကျေးဇူးပါပဲ"

စုံထောက်နှစ်ဦးတို့ကို သယ်ဆောင်လာသော အော်စတင်ကားကာ လေးသည် မစ္စတာဒန်ကင်း၏ ချောက်ချားဖွယ် ရာဘာခြံကြီးပေါ်၌ယာဉ်အ သွားအလာတို့မရှိသလောက်ပင်ကင်းမဲ့ကာ တစ်ခါတစ်ခါရှေ့၌တိုက်လိုက် သော စိမ့်နေအောင် အေးအေးမြမြရှိလှသည့် မိုးသက်လေ ခပ်ပြင်းပြင်းတစ် ချက်တလေလောက်မှတစ်ပါး ဩကာသလောကကြီးရှိုက်သိမ်းသောအ ရာရာတို့၌ ငြိမ်သက်တိတ်ဆိတ်ခြင်းသာ မင်းမူလျက်ရှိတော့၏။

အေးမြသလောက် လတ်ဆတ်လှသည့် ညဥ့်လေပြည်သည် လျှို့ဝှက်နက်နဲသလောက် စိတ်ပျက်ဖွယ်ကောင်းလှသည့် အမှုကြီးကို ရင်ဆိုင်ဖြေရှင်းနေရသော သူတို့အတွက် အားဆေးသဖွယ်ဖြစ်ပေရကား ထိတွေ့လိုက်သည့်တစ်ခဏမှာပင် ညစ်ညူးနောက်ကျိမှုတို့ ကင်းစင်ပပျောက်သွားပြီး လန်းလန်းဆန်းဆန်း ဖြစ်လာပေတော့၏။

" ဆရာကိုကျော်ဒင့်ကို တစ်ခုလောက်မေးချင်တယ်ဗျာ စိတ်မရှိပါနဲ့ "

"မေးပါခင်ဗျာ ကိုသိန်းတန် "

" ဆရာက ဆရာဝန်တစ်ယောက်ဖြစ်လျက်သားနဲ့ ဘာကြောင့်အခုလို အမှုအခင်းတွေကို လိုက်ပါဖြေရှင်းနေရတာလဲ "

" ဒီလို ကိုသိန်းတန်ရဲ့ အစကတော့ ကျုပ်လည်း ဆရာဝန်ရိုးရိုးပေါ့ဗျာ နောက်မှုခင်းဘက်မှာတာဝန်ကျတော့လည်းအလောင်းတွေကို ခွဲလိုက် စိတ်လိုက် ဘယ်လိုသေတယ် ဘာကြောင့်သေတယ်ဆိုတာ ဆေးစာရေးလိုက် အဲဒီလိုပဲ လုပ်ရိုးလုပ်စဉ်တွေ လုပ်နေတာပေါ့ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ အမှန်မဟုတ်တဲ့ အလောင်းတွေကို တွေ့ရပါလေရော "

"ဘယ်လိုဆရာရဲ့ အမှန်မဟုတ်တဲ့အလောင်းဆိုတာ ဘာလဲဗျ တစ်ကယ်မသေတာတာလား "

" အလောင်းဆိုမှတော့ သေပြီးသားပေါ့ဗျာ "

"အမှန်မဟုတ်ဆိုတော့ "

" ဒီလို ကိုသိန်းတန်ရဲ့ ဥပမာဗျာ ရေနစ်သေတဲ့ အလောင်းတစ်လောင်း ရောက်လာတယ်၊ ဒါပေမဲ့ - ခွဲစိတ်ကြည့်လိုက်တော့ ရေမနစ်ခင်က သေပြီးသားဖြစ်နေတယ် "

" ဟာ ကျွန်တော်သဘောပေါက်ပြီ ဆရာ သတ်ပြီးမှ ရေထဲပစ်ချတာ သတ်ပြီးမှ ရထားလမ်းပေါ်လာတင်ထားတာ "

"သိပ်မှန်တာပေါ့ဗျာ ခင်ဗျာက ပုလိပ်ပဲ ဘယ်ဝေးလိမ့်မလဲ "

" ဒါရိုးရိုးလေးပဲ ဆရာရဲ့ ( Sample case )ပဲ ကျွန်တော်တို့လည်းဆပ်ကျောင်းမှာ ဥာဏ်မြေးတဲ့တရားခံတွေရဲ့ လှည့်စားမှုတွေကို သင်ရတယ်လေ "

"ခင်ဗျာတို့ ပုလိပ်အနေနဲ့တော့ ဟုတ်တယ်ဗျ။ ကျုပ်တို့ဆရာဝန်အနေနဲ့ကျတော့ ရေနစ်သေတဲ့အလောင်းမှာ မနစ်ခင်က သေတယ် တစ်နည်းပြောရရင်အသတ်ခံရတယ်ပေါ့ဗျာ အဲဒီအတိုင်းဆေးစာရေးလိုက်ကရော ဆရာဝန်ဆိုတာကတော့ မြင်တဲ့တွေ့တဲ့အတိုင်းပဲ အတည်ပြုရတာကိုးဗျ။ အဲဒီလိုလည်းရေးလိုက်ရော ပြဿနာ တက်တော့တာပဲဗျို့"

"ဘာပြုလို့လည်း ဆရာရဲ့ မှန်တဲ့အတိုင်းပဲ ဥစ္စာ"

"ဘာဖြစ်လို့လည်းဆိုတော့ သေသူရဲ့ မိသားစုဝင်တွေက သူတို့ရင်ထဲမယ် ရေနစ်သေတယ်ဆိုပြီး သနားနေကြတာ ရေမနစ်ခင်က အသတ်ခံရပြီး သေတယ်လို့လည်းသိရရော တချို့က ရက်ရက်စက်စက်အသတ်ခံရရှာတယ် ဆိုပြီး ပိုပြီးစိတ်ထိခိုက်ခံစားကြ၊ တချို့က ဘယ်သူက သတ်တာလဲ၊ ဘယ်တုန်းကသတ်တာလဲ၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ပြန်သတ်မယ်ဆိုပြီး ဒေါသထွက်ကြတယ်။ တချို့ကျပြန်တော့လည်း ဘယ်လိုအသတ်ခံရတာလဲ၊ ဘာကြောင့်သတ်တာလဲ သူတို့ရော အန္တရာယ်ရှိနိုင်လားအဲလိုတွေးပြီး စိုးရိမ်းကျပြန်တယ်၊ တချို့ကျတော့ပိုဆိုးတယ်ဗျ အသတ်ခံရပြီးမှ ရေထဲမယ် ထုပ်အနှစ်ခံရလေခြင်းဆိုပြီး နှစ်ခါသေရတဲ့ပုံစံမျိုးနဲ့ ကြံဖန်ခံရတဲ့လူတောင်ရှိသေး၊ မဆန်းလားဗျို့"

"ဟုတ်ရဲ့လား ဆရာရယ်"

"ဒါတင် ဘယ်ကမလဲဗျာ၊ အဆိုးဆုံးက ကျုပ်တို့ ဆရာဝန်တွေဘက်ပြန်မြားဦးလှည့်လာတော့တာပဲ၊ ဆရာ့ပာဂက ဟုတ်ကော ဟုတ်ရဲ့လားမေးလားမေးရဲ့ ဘယ်နယ်ကွာ၊ ရေနစ်သေတာပါ ဒီဆရာဝန်တွေနဲ့ တွေ့မှအသတ်ခံရတယ်၊ ပြောလိုပြော ဘယ့်နှယ်ပါလိမ့်အစရှိသဖြင့်ပေါ့ဗျာ ဆရာဝန်ကိုတောင် သက်ာမကင်း ဖြစ်ကြသေးသကိုးဗျ၊ နောက်ပြီး ကျုပ်ကိုယ်တိုင်ကလည်းအဲဒီလိုလှည့်စားတဲ့အမှုတွေတွေ့ရင်ပပောဋ်တစ်ပုဒ်ကိုအဖြေရှာသလိုမျိုးပေါ့ မင်းကပဲဖုံးနိုင်မလား ငါကပဲရအောင်ဖော် နိုင်မလားဆိုပြီး မခံချင်စိတ်ပေါ့ဗျာ အဲဒီဉာဉ်ကလေးကလည်း ရှိနေလေတော့ ဒလိုအမှုအခင်းတွေကြားထဲ ရောက်လာရတာပေါ့ဗျာ ဒီအမှုနဲ့ပါဆိုရင် အင်း...(၁၀)မှုလောက်တော့ရှိရောပေါ့"

"ရှင်းပါပြီ ဆရာရယ် ဆရာ့လိုလူမျိုးနဲ့တွေ့ရတာ ကျွန်တော့်အတွက် တော့ တစ်အားပါပဲ"

"ခု အမှုလည်း ဒီအတိုင်းပဲလေ လိမ်ဆင်ပဲ"

"သတ်တာကတော့ ခြောင်သတ်တာပဲ ဆရာရဲ့ ရေနစ်တယ်ဆို လိမ်လို့ဘယ်ရမှာလဲ"

"အဲဒါကို ပြောတာမဟုတ်ဘူးဗျ ဝါယာကြိုးနဲ့ညှစ်သတ်တဲ့နေရာ လိမ်တာ"

"ကျွန်တော်နားမရှင်းလှဘူးခင်ဗျ ဆရာပဲဝါယာကြိုးနဲ့ ညှစ်သတ် သေတာဆို"

"ဟုတ်တယ်လေ၊ သေတာကတော့ဝါယာကြိုးနဲ့ပါပဲ"

"ဘသော်သတ်တယ်လို့ပြောချင်တာလား၊ ဘသော်မဖြစ်နိုင်ဘူး တာ ကျွန်တော်တောင်ရိပ်မိသလိုလို ရှိပြီကော ဆရာရဲ့"

"ဟုတ်တယ် ဘသော်ကိုပြောတာမဟုတ်ဘူး။ လူသတ်သမားကိုပြော တာ"

"ဒါဆို ကျွန်တော်သိပြီးဗျို့ လူသတ်သမားက ဘသော်သတ်တယ်ထ ထင်ရအောင်ဆင်ထားတာ ဒီလိုလား"

"တော်လိုက်တဲ့လူနယ် မှန်တယ်ဗျ ကိုသိန်းတန်"

"ဒါဆိုရင်... ဒါဆိုရင်"

"ဒါဆိုရင်... ဘာဖြစ်သလဲ"

"ဒါဆိုရင် လူသတ်သမားဟာ သူလူသတ်မယ့်နေရာကို တမင်စီ လို့လည်း မရနိုင်ပေဘူး၊ ရနိုင်တယ်ထားဦး အဲဒီနေရာကို ဘသော်အ ကိုက် ရောက်လာလိမ့်မယ်၊ ဘယ်လိုသိနိုင်ပါ့မလဲ မဟုတ်ဘူးလားဆရာ"

"တကယ်မေးသင့်တဲ့မေးခွန်းပဲဗျ။ ကွတ်တိပဲ ခုတော့ပြောဖို့စောပါသေး တယ်၊ ကဲ - ရှေ့ကအိမ်လားဗျို့ မစ္စတာစတီဖင့်အိမ် တစ်ဆိတ်ကြည့်စေ ဦး"

"အိမ်နံပါတ်က (၃၁) တဲ့၊ ဟုတ်တယ် ဆရာဒီအိမ်ပဲ"

အိမ်ရှေ့ရှိလမ်းမီးတိုင်မှ ဖြာကျနေသောအလင်းရောင်အောက်ဝယ် ဆေးအဖြူသုတ်ထားသော သံဆန့်ခါတံခါးလေးပေါ်ရှိ အိမ်နံပါတ်ဆိုင်းဘုတ်ကလေးကို ကြည့်ရင်း ကားကိုခြံဝတွင်စက်သတ်လိုက်ပြီးနောက် သော့မခတ်ဘဲ သံချိတ်ကောက်ကလေးဖြင့် ချိတ်ထားသော ခြံတံခါးကို သံချိတ်ဖြုတ်၍တွန်းဖွင့်ဝင်ရောက်ကာ အိမ်ကလေးဆီသို့ နှစ်ယောက်သား လျှောက်ခဲ့ကြလေ၏။

မစ္စတာစတီဖင်၏အိမ်မှာ သပ်ရပ်သော တစ်ထပ်တိုက်အပြားကလေးတစ်လုံးဖြစ်ပြီး ငွေမင်ရောင် သံဆန့်ခါဆွဲတံခါးတပ်ထား၏။ အနီရောင်အုတ်ကွက်ဖော်ထားသော အုတ်စီနံရံနှစ်ဖက်ဖြင့်အိမ်ကလေးမှာ အလွန်ပင်ပန်းရလျက်ရှိပြီး မသေးလွန်းမကြီးလွန်းသော မီးခိုခေါင်းတိုင်လေးတစ်ခုကို အိမ်နောက်ဘက်ကျကျတွင် တပ်ဆင်ဆောက်လုပ်ထားလေ၏။ အိမ်၏ဘဲဘက်ပိုင်းတွင်ရှိသော မြေကွက်လပ်တွင်ပယိုးဒယားပြည်ဘက်တွင် စိုက်လေ့ရှိသော မြက်အကောင်းစားမျိုးကို တယုတယမွေးမြူကာစိုက်ထားသော အလှစိုက်မြက်ခင်းပြင်ကလေးရှိ၍ အိမ်ရှေ့တွင်အုပ်ရေကာန်အဝိုင်းကလေး တစ်ခုရှိရကာ အိမ်ကလေးမှာနေချင့်စဖွယ်ရှိလှပေ၏။

အင်စပက်တာကလေးမောင်သိန်းတန်သည် အုပ်လေ့ကားသုံးထစ်ကိုတက်လိုက်ပြီး တံခါးဝတွင်တပ်ဆင်ထားသော လူခေါ်ခေါင်းလောင်းကလေးကိုလှုပ်ယမ်းလိုက်သောအခါအိမ်အတွင်းမှလှုပ်ရှားသံအချို့ကိုကြားပြီးနောက် လျှပ်စစ်မီးလင်းလာသည်ကို တွေ့မြင်ရလေ၏။ ထိုခဏမှာပင် သက်လက်ပိုင်းအရွယ် ဥရောပတိုက်သားတစ်ယောက်သည်အိမ်အတွင်းခန်းထဲမှ ထွက်လာပြီး အင်္ဂလိပ်ဘာသာဖြင့် -

"သင်တို့မည်သူတွေလဲညကြီးအချိန်မတော်ဘာကြောင့်ကျုပ်အိမ်ကို လာပါသလဲ"

"ကျုပ်တို့ပုလိပ်တွေပဲ ကျုပ်... ဆပ်အင်စပက်တာ သိန်းတန်"

"ပုလိပ်...ဘာပုလိပ်လဲ ကျုပ်ဘာအမှုမှမလုပ်ဘူး ကျုပ်အိမ်ကို ပုလိပ်လာစရာ မလိုဘူး"

" ဒီမှာ မစ္စတာ...ပုလိပ်ကို မခေါ်ရင် ဆက်ဆံရင် ခင်ဗျားဒုက္ခတွေ့လိမ့်
မယ် "

"ကျုပ်ကရမစိုက်ဘူး ဂိုးတူဟဲလ် (Go To Hell)"

သန်းခေါင်ကျော်အိပ်ကောင်းနေသည့် အချိန်တွင်အိပ်ရေးပျက်သွား
သဖြင့်စိတ်တိုနေဟန်တူသောမစ္စတာစတီဖင်နှင့်စကားအပြောအဆိုမချေ
ပြစ်လှသော ပုလိပ်မောင်သိန်းတန်တို့သည် တွေ့တွေ့ချင်းဆောက်မှင်
တွင်းသလို ဆိုးဝါးသောအခြေအနေသို့ ရောက်သွားတော့၏။ ထိုစဉ် မောင်
ကျော်ခင်က စတီဖင်၏မျက်နှာကိုစေ့စေ့ကြည့်၍ -

"ဒီမှာ မစ္စတာစတီဖင် ကျုပ်တို့ဟာသင့်ရဲ့ အကျိုးအမြတ်အတွက်
လာ ခဲ့တာပါ၊ သင့်ကို ကူညီဖို့ အိပ်ရေးပျက်ခံပြီး လာခဲ့တဲ့ မိတ်ဆွေတွေကို
သင်ဘာကြောင့်ရလို ဆက်ဆံပါသလဲ"

ဟုယဉ်ကျေးသိမ်မွေ့လှသော စကားအသုံးအနှုန်းဖြင့် တည်ကြည်
လေးနက်စွာ ပြောလိုက်သောအခါ မစ္စတာစတီဖင်သည် တစ်ချက်မျှ
တွေခနဲ ဖြစ်သွားပြီး လေသံပျော့သွားလျက် -

"အို...ကျုပ်ကို ကူညီမယ်ပြောတယ်။ သင်ဘယ်သူပါလဲမိတ်ဆွေ"

"ကျုပ်နာမည် ကျော်ခင်ပါ မစ္စတာခန်ကင်းကိုဆေးကုနေတဲ့ဆရာဝန်
ပါပဲ"

" ဆောရီး ဒေါက်တာ ဆောရီး၊ ခင်ဗျားစကားပြောတာအလွန်ယဉ်
ကျေးပါတယ်။ ကျုပ်ကိုခွင့်လွှတ်ပါ၊ ဒေါက်တာ့အကြောင်းကို မစ္စတာ
ခန်ကင်းပြောလို့ကြားဖူးပါတယ်"

မစ္စတာစတီဖင်သည် အထက်ပါအတိုင်း တောင်းပန်စကားဆိုလျက်
သံဆွဲတံခါးကိုသော့ဖွင့်ပေးပြီး စုံထောက်များအား အိမ်အတွင်းသို့ ဖိတ်ခေါ်
လေ၏။ စတီဖင်သည် အရပ်အမောင်းမြင့်မား၍ကြံ့ခိုင်သောကိုယ်ကာယ
၏။ ဘလွန်း ဟုခေါ်လေ့ရှိကြသော( Blone )ဟုခေါ်လေ့ရှိကြသော
ဆံပင် ရွှေဝါရောင်ရှိသည့် ဥရောပတိုက်သားတစ်ဦးဖြစ်ပြီး ပြာလဲ့သော
မျက်လုံးနှင့်ရွှေဝါရောင်ဆံပင်တို့မှာ လွန်စွာမှ လိုက်ဖက်လှသည့်အပြင်
မရန်းရောင် အောက်ခံပေါ်တွင်အဖြူရောင်ပန်းထိုးထားသည်ဖဲသားညဝတ်

အကျီရှည်ကြီးကို ဝတ်ဆင်ထားရာ ဓာတ်ရှင်ဇာတ်လိုက်တစ်ယောက် အလား ထင်မှတ်ရလောက်ပေ၏။

ဧည့်ခန်းနံရံပေါ်တွင် မပေါ့တပေါ်ဝတ်ဆင်ထားသော မိန်ကလေးပုံ ကားချပ်အတော်များများကိုတွေ့ရပေရာ စတီဖင်သည်ရုပ်ရှင်ချောမောသ လောက် အပျော်အပါး ဝါသနာပါဟန်တူပေ၏။ ခွေးတွေးသပ်ရပ်သော ဧည့်ခန်းတွင် နေသားတကျထိုင်မိသည်နှင့်တစ်ပြိုင်နက် မောင်ကျော်ဒင် က-

"သတင်းဆိုးပြောရမှာမို့ စိတ်မကောင်းပါဘူး မစ္စတာစဖင် "ဟုစကား စလိုက်၏။

"ပြောပါ ဘာများပါလိမ့်"

"ခင်ဗျား သူဌေးတော့ဆုံးရှာပြီးဗျ"

"အိုးဂေါ့ဒ် ( Oh, God ! )ဘာပြောတယ်"

"မစ္စတာဒန်ကင်း သေပြီခင်ဗျ"

"အိုဖြစ်မှဖြစ်ရလေ - အလွန်ပဲ စိတ်မကောင်းစရာပါပဲလား တဆိတ် လောက်ပြည့်ပြည့်စုံစုံလေးပြောပါဦး ဒေါက်တာ"

"ခင်ဗျားပြန်သွားပြီးတဲ့နောက်ပိုင်းမှာပဲ မစ္စတာဒန်ကင်းအသတ်ခံရ တယ်ဗျ။ တရားခံလို့မသင်္ကာတဲ့လူတစ်ဦးကိုလည်း ပုလိပ်ကဖမ်းထားပြီးပါ ပြီ။ ခုကျုပ်တို့က ခင်ဗျာကိုဒီကိစ္စလာအကြောင်းကြားတာပါ၊ ခင်ဗျားကသူ့ရဲ့ မန်နေဂျာဖြစ်လေတော့ အသုဘကိစ္စနဲ့ပတ်သက်လို့အစစအရာရာ ခင်ဗျား ပဲ တာဝန်ယူစီစဉ်ရလိမ့်မယ်ထင်တယ်၊ မသာရှင်ဆိုပါတော့ဗျာ၊ ဘစ်ကား ကတော့ သူ့ခဗျာ ဘာမှနားမလည်ရှာပါဘူး၊ သူဌေးဆုံးတယ်ဆိုတာ သိကြရင် ခင်ဗျားတို့စက်ရုံမှာလည်းတစ်မျိုးတစ်မည်ပေါ့လေ၊ ဘာများဖြစ် နိုင်မလဲ ခင်ဗျားက ပိုသိပါလိမ့်မယ်၊ ဒါ့ပြင်ဆူတဲ့ ပူတဲ့သူထဲက၊ မစ္စတာဒန် ကင်းကို သေကြောင်းကြံစည်ချင်တဲ့သူရှိရင်လည်း၊ ဘယ်သူဖြစ်နိုင်မလဲ၊ ခင်ဗျားအနေနဲ့ကျုပ်တို့ကို ကူညီမယ်ဆိုရင် ကူညီနိုင်ပါလိမ့်မယ်"

"ဘယ်လိုများသေရပါ့လိမ့်ဗျာ"

"လည်ပင်းညှစ်သတ်ခံရတာဗျ"

" အလိုလေး၊ ရက်စက်လိုက်ကြတာ၊ လုပ်ရက်လိုက်ကြတာ၊ အန်ကယ်ဒန်ကင်းက အရမ်းသဘောကောင်းတာဗျ ဒီလိုလူကိုများဗျာ"

(မောင်သိန်းတန်) "ခင်ဗျားအတွက် အလွန်ပဲစိတ်မကောင်းဘူးပါဗျာ"

" ကျေးဇူးတင်ပါတယ် အင်စပက်တာ၊ ကျုပ်သူဌေး... အဲ..သူဌေးဆိုပေမဲ့ အဖေလိုပါပဲဗျာ၊ ကျုပ်... ခင်ဗျားတို့ပုလိပ်ကိုအစွမ်းကုန်ကူညီပါမယ်၊ လူသတ်သမားကိုမိမှ ကျုပ်ကျေနပ်နိုင်မယ်"

မစ္စတာစတီဖင်သည် မစ္စတာဒန်ကင်း၏ သတင်းကိုကြားကြားချင်း၊ အလွန်တစ်ရာ စိတ်ထိခိုက်သွားဟန်တူသော်လည်း၊ ပညာတတ်လူငယ်တစ်ယောက်ပီပီ ဝမ်းနည်းမှုကိုမျိုသိပ်ကာ မိမိကိုယ်ကို အချိန်မီ ထိန်းချုပ်လိုက်ပြီး၊ စုံထောက်တို့အား ကျေးဇူးတင်စကားဆို၍အကူအညီပေးလိုကြောင်း၊ လိုလိုချင်ချင်ဖြင့် တက်ကြွစွာပြောကြားပေးရာ၊ အင်စပက်တာလေးမောင်သိန်းတန်က -

"ကောင်းပါပြီ မစ္စတာစတီဖင် ကျွန်တော်နည်းနည်းမေးပါရစေ"

ဟု စကားစလိုက်၏။ မောင်သိန်းတန်မှာ အိမ်အဝင်တွင် စတီဖင်နှင့်တွေ့တွေ့ချင်း၊ ဓာတောက်ကဆဖြစ်ထားသည်ကတစ်ကြောင်း၊ ကိုလိုနီခေတ်ဖြစ်သဖြင့် မိမိကပုလိပ်ပင်ဖြစ်လင့်ကစား၊ မျက်နှာဖြူတစ်ယောက်ကိုမောက်မောက်မာမာ ဆက်ဆံရန်မသင့်ဟုတွေးမိသည်ကတစ်ကြောင်းထိုကြောင့် ဤသို့ချိုသာယဉ်ကျေးစွာပြောဟန်တူပေသည်။

"မေးပါ - အင်စပတ်တာ မေးပါ"

"မစ္စတာစတီဖင်ဟာ သေသူကိုနောက်ဆုံးတွေ့လိုက်ရတဲ့သူဖြစ်တယ်လို့သိရပါတယ် လူသတ်သမားကလွဲရင်ပေါ့ဗျာ၊ အဲဒါမှန်ပါသလား"

"ကျုပ်ချည်းပဲ မဟုတ်ပါဘူး။ ဘစ်ကားလည်ရှိပါသေးတယ်ဗျ"

"ဘစ်ကားက အိပ်ရာဝင်သွားပြီလေ မစ္စတာ"

"အို...ဟို ...ရက်(စ်)၊ရက်(စ်)၊ ကျုပ်သတိရပြီ ဒန်ကင်းကသူ့ကိုမစောင့်ဖို့ ပြောလိုက်တယ်၊ ဟုတ်တယ် ဟုတ်တယ်"

"ခုရက်ပိုင်း အဲ...တစ်ပတ်လောက်အတွင်းမှာပေါ့လေ၊ မစ္စတာ ဒန်ကင်း အနေနဲ့ သူ့ကိုခြိမ်းခြောက်တဲ့သူ၊ ဒါမှမဟုတ် အန္တရာယ်ပြုမယ့် သူရှိ တယ်လို့ပြောဖူးပါသလား၊ ဒါ့ပြင်တစ်ခုခုကိုစိုးရိမ်နေတယ်လို့ ခင်ဗျား ထင်မိပါသလား"

"မစ္စတာဒန်ကင်းက လူတစ်မျိုးဗျ နည်းနည်းဆန်းတယ်"

"ကျွန်တော်မေးတာက ဒီလိုမဟုတ်ပါဘူး မစ္စတာစတီဖင်"

"ကျုပ်စကားပြောလာသွားလို့ပါ၊ အင်္ဂလိပ်ကပ်တော သူဆန်းတယ်ဆိုတာကဒီလိုဗျ၊ ခြိမ်းခြောက်စာတွေ ဘာတွေရတယ်လို့ပြောတယ် တစ်ခု မဟုတ်ဘူး၊ အတော်များများရတယ်လို့ပြောတယ်၊ သတ်မယ်ဖြတ်မယ်ပေါ့ ဗျာ။ ဒါပေမဲ့ တောင်းကြည့်တော့လည်း မပြဘူးဗျ၊ အလေးအနက်မေး တော့ရယ်နေတယ်။ ကျုပ်မေးလေရယ်လေပဲ သူကဂရုစိုက်ပုံမရဘူး"

"ဘာကြောင့်လို့ ခင်ဗျားထင်သလဲ"

"ကျုပ်ကတော့ သူပေါ့ပေါ့ဆဆနေတတ်တယ်ဆိုပြီး စိုးရိမ်ရတာပေါ့ ဗျာ၊ သူကနောက်တာထင်သတဲ့ မင်းကောင်တွေ မလုပ်ရဲပါဘူးကွာ ကျုပ် ပြောလေ...ကျုပ်ကိုလှောင်လိုက် ရယ်လိုက်ပဲ"

"သူစိတ်မကောင်းဖြစ်နေတယ်လို့တော့ ဘစ်ကားကပြောတယ်ဗျ အဲဒါကိုရော ဘာကြောင့်လို့ခင်ဗျားထင်သလဲ"

"အဲဒါပေါ့ဗျ ဆန်းတယ်ဆိုတာ ဆူဆူပူပူဖြစ်လို့ စက်ရုံခဏခဏပိတ်ရ စက်ရုံပိတ်ရတော့ အော်ဒါတွေကမမီ ဖေါက်သည်တွေကပျက် အလုပ်ပျက် အကိုင်ပျက်ဖြစ်အဲဒါတွေးပူပြီးစိတ်မကောင်းဖြစ်တာတဲ့လေ၊အသက်အေး တော့တွေးမပူဘူး၊ အလုပ်ပျက်မှာပဲပူနေ၊ တော်တော်လည်းအံ့ဩဖို့ ကောင်းတဲ့သူ ကျုပ်လည်းတတ်နိုင်သလောက်တော့ သတိပေးပါရဲ့ ခုတော့..."

"စိတ်မကောင်းပါဘူး၊မစ္စတာစတီဖင်ဒါဆိုခြိမ်းခြောက်တဲ့သူဟာစက် ရုံလုပ်သားထဲကလို့ထင်ပါသလား ဘယ်သူဖြစ်နိုင်လဲ ရိပ်မိပါသလား"

" အင်း...လွယ်တော့မလွယ်ဘူးဗျ။ လုပ်သားထဲကတော့ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဘယ်သူဆိုတာတော့ ကျုပ်လည်းမရိပ်မိဘူး သူလည်းမသိလောက်ဘူးထင်တယ် လူတိုင်းဖြစ်နိုင်တာပဲ ခြိမ်းခြောက်စာကို ဘယ်သူက လက်မှတ်ထိုးမှာလဲ ၊နာမည်ဝှက်နဲ့ပဲရေးမှာပေါ့၊ ဆူတဲ့လူခေါင်းဆောင်ပိုင်းတော့ (၁၀) လောက်ပဲရှိတယ်။ ကျန်တဲ့ လုပ်သားချည်းပဲ (၁၂၀ )လောက်ရှိတယ် "

" ဒါဆိုရင် ဆူတဲ့ပူတဲ့သူထဲက ခေါင်းဆောင်ပိုင်းတွေဟာ ခြိမ်းခြောက်တဲ့သူတွေဖြစ်နိုင်တာပေါ့ "

" တပ်အပ်တော့ မပြောနိုင်ဘူးဗျာ၊ ဘယ်သူမဆိုဖြစ်နိုင်တာပဲ "

"ညတုန်းကတော့ မစ္စတာဒန်ကင်းနဲ့ အဲဒီအကြောင်းပြောမိသေးလား"

" အဲဒီအကြောင်းကိုပဲပြောတာပါဗျာ ခုချိန်မှာဒါပဲ အရေးတကြီးဖြစ်နေတာကိုး "

"ပြည့်ပြည့်စုံစုံလေးပြောပြပါလား မစ္စတာစတီဖင် အားတော့နာပါရဲ့"

" ကိစ္စမရှိပါဘူး ကျုပ်လည်းပြောချင်နေတာပါ၊ ဒီလိုဗျ ဒီလို အလုပ်သမားတွေ ဆူပူတဲ့ကိစ္စကို ကျုပ်ကသူတို့တောင်းဆိုသလောက်မဟုတ်ရင်တောင် တစ်စိတ်တစ်ဒေသလောက်ဖြစ်ဖြစ် လိုက်လျောလိုက်စေချင်တယ် ဒါကိုပြောတော့သူက "လိုက်လျော့ရင်ရောင့်တက်သွားလိမ့်မယ်တဲ့" " အများကြီးမဟုတ်တောင်နည်းနည်းဖြစ်ဖြစ်ပေါ့ " လို့ကျုပ်ကထပ်ပြောတော့ "နည်းနည်းများများအတူတူပဲတဲ့" သူတို့တောင်းသလောက် အခွင့်အရေးတွေလည်း မတန်တဆမပေးနိုင်ဘူး"တဲ့" နည်းနည်းပေးပြန်တော့လည်း ထပ်–ထပ်ပြီးတောင်းဦးမှာပဲ" တဲ့ " မထူးပါဘူး" တဲ့ "ဒါ့ကြောင့် လုံးဝကို အလျှော့ မပေးနိုင်ဘူး" တဲ့ " မလုပ်ချင်တဲ့လူတွေထွက်ပါစေ နောက်လူအသစ်ထပ်ခန့်မယ်" တဲ့ ကျုပ်ဘယ်လိုပင်ပြောသော်လည်းမရပေဘူးဗျ"

" နောက်တော့ ဘယ်လိုဆက်ဖြစ်ပါသလဲ"

"ဒါနဲ့ပဲကျုပ်က" ခေါင်းမာတဲ့သူဌေးနဲ့ဆူကြတဲ့အလုပ်သမားတွေကြားမှာ ငါမဖြစ်ဖြစ်အောင် အပင်ပန်းခံပြီးညှိမှပဲ နှစ်ဦးနှစ်ဘက်ပြေလည်ကြမှာ" လို့တွေးမိပြီး၊ ကျုပ်ကိုအချိန်နည်းနည်းပေးပါ" လို့တောင်းရတာကိုး

အဲဒီတော့ သူကအင်တင်တင်ရယ်၊ ဒါနဲ့ "သူဌေးအနေနဲ့ လျှော့ပေးတဲ့ပုံစံ မပေါက်စေပဲ ကျုပ်ကမန်နေဂျာတစ်ယောက်အနေနဲ့ လျှော့ပေးတဲ့ပုံစံမျိုးနဲ့ မင်းတို့လည်းထပ်မတောင်းကြနဲ့တော့ ဒီလိုအခွင့်အရေးမျိုး ဒီလောက်ရဖို့ တောင်၊ သူဌေးကို ငါမနည်းပြောထားရတာ စသည်ဖြင့်ပေါ့လေအဲဒီလို စကားတွေပြောပြီးအလုပ်သမားတွေကိုစည်းရုံးတန်စည်းရုံးချော့တန်ချော့ ခြောက်တန်ခြောက် - လုပ်ပေါ့မယ် သူဌေးကမသိချင်ယောင်သာဆောင်နေ လိုက်ပါ" လို့ ပြောထားရတာကိုး"

"ဒီတော့ အဆင်ပြေလားဗျ"

" ဒီလိုတော့လည်း အဆင်ပြေတယ်ဗျ၊ သူကလည်းပေးချင်ပါတယ် သူ့အနေနဲ့ပေးရမှာသာစိုးတာကိုး"

ဤတွင်

"အခွင့်အရေးဆိုတာတွေက ဘာတွေလဲဗျ"

ဟု တစ်ချိန်လုံးငြိမ်နေသော မောင်ကျော်ဒင်က ဝင်၍မေးလိုက်၏။ "ဒီလိုပါ ဒေါက်တာ တစ်ပတ်မှာ ခွင့်တစ်ရက်ပေးဖို့ရယ် အချိန်ပိုဆင်းရင် အပိုကြေးကိုနှစ်ဆတိုးပေးဖို့ရယ်နေမကောင်းရင်လစာမဲ့ခွင့်ကိုနေကောင်း သည်အထိပေးဖို့ရယ် နောက်ပြီး လစာတိုးပေးဖို့ရယ် ဒါလောက်ပါပဲ"

"ပေးတော့ပေးသင့်တာချည်းပဲဗျ"

"ဟုတ်ပါတယ် သူလည်းအတော်ပဲပေးပါတယ် အဲ... ခု ချက်ချင်းပေး တယ်တော့ မဟုတ်သေးဘူး ပေါ့လေ၊ ကျုပ်အနေနဲ့ ညှိမယ်ဆိုတာကို မင်း ဘယ်လောက်ထိလျှော့ပေးလိုက်ကွာ ဆိုပြီးပေးတာပါ သူ့အနေနဲ့ မဟုတ် လေတော့ တော်တော်ပဲလိုက်လျှော့ပါတယ် ကျုပ်တောင်အံ့သြလည်းအံ့ သြ ဝမ်းလည်းဝမ်းသာ ဖြစ်မိပါရဲ့"

" ဘစ်ကားပြောတယ် ခင်ဗျားတို့ အဆင်ပြေသွားကြပုံရတယ်တဲ့ အဲဒီ ချိန်မှာဖြစ်မှာပါပဲ"

" ဟုတ်တယ်ဗျ အဲဒါနဲ့ ကျုပ်လည်းသူနဲ့ ညှိရမယ့် ကိစ္စလေးတွေညှိ စာရင်းလေးတွေရှင်းပြီး ပြန်ခဲ့တာပါပဲ"

"စာရင်းရှင်းစာယ်ဆိုတာက"

ဟု မောင်သိန်းတန်က အသေးစိတ်မေးမြန်းလေရာ စိတ်ရှည်သလောက် သဘောလည်းကောင်းလှသောမစ္စတာစတီဖင်က –

"ငွေကြေးစာရင်းပေါ့ဗျာ ဒီမှာလေဗျာ – ငွေစာရင်းစာအုပ်တွေ"

ဟု ပြောရင်းစာပွဲပေါ်တွင် တင်ထားသော စာအုပ်ထူကြီး ၃ – ၄ အုပ်ကို လက်ဖြင့် ညွှန်ပြသောအခါ မောင်သိန်းတန်က ဂုပင်ဆက်လက်၍ အောက်ပါအတိုင်းမေးမြန်းလေတော့၏။

"စာအုပ်တွေက များလှချည်းလားဗျ။ ဒါတွေအကုန်လုံးကို အပင်းယန်ခံသယ်ရတာလား"

"ဟုတ်ပါတယ် – ကျုပ်ကကြီးစက်မန်နေဂျာဆိုပေမဲ့ ကျန်တဲ့ဆန်စက်တွေနဲ့ အခြားကိစ္စတွေကိုလည်း စာရင်းကိုင်ရလေတော့ စာရင်းတွေက အလွန်ပဲများပါတယ်"

"စာရင်းကိုင်ချုပ်ဆိုပါတော့"

"ဟုတ်တ်ကဲ့ – ဆိုနိုင်ပါရဲ့"

"ဒါထက် ခင်ဗျား ဘသော်ကို သိသလား။ ခင်ဗျားတို့စက်ရုံမှာလုပ်ဖူးတယ်လေ"

"ဘသော်အင်း … ဘသော်၊ ပြော် – ဟိုနည်းနည်းမသန်စွမ်းတဲ့ကောင်လေးလား"

"ဟုတ်ပါတယ်"

"သိပ့ါတယ်၊ အစကတော့ လူကောင်ကလေးပါပဲ နောက်တော့ ပစ္စည်းခိုးတာနဲ့ အလုပ်ပြုတ်သွားတယ်ဆိုလား ကလေကချေဖြစ်သွားတယ် ထင်ပါရဲ့ ဘာဖြစ်လို့လဲဗျ။ ဆူပူတဲ့လူစုထဲမှာ သူမပါပါဘူး"

" ကျွန်တော်တို့ ဖမ်းထားတယ်ဗျ မစ္စတာဒန်ကင်းအလောင်းနားမှာ တွေ့လို့"

"ဟာ – ဒီကောင်လေး၊ ဒီလောက်တော့ လက်ရဲဇက်ရဲမရှိလောက်ပါဘူး ကျိန်သေးပြောလို့မရပါဘူး ပေါ့လေ၊ ကျုပ်အထင်ပြောရရင်တော့ သူ မသတ်လောက်ပါဘူး အင်စပတ်တာ"

" ဒါထက်... ဘစ်ကားကပြောတယ်ဗျ၊ ခင်ဗျားရဲ့ အဲဒီတားဂရင်းဗီလာက ထွက်သွားခဲ့တဲ့ချိန်ဟာ ဆယ်နာရီနဲ့ ဆယ့်ငါးမိနစ်(၁၀:၁၅) ရှိပြီဆို "

" ဟုတ်တယ်ဗျ - အတိအကျပဲ "

" နာရီကြည့်လိုက်မိတယ်ဆိုပါတော့ "

" ဟုတ်ပါတယ်၊ ကျုပ်အိမ်နဲ့သူ့ဌေးအိမ် လမ်းလျှောက်ရင်ဘယ် လောက်ကြာမလဲသိချင်တာနဲ့ အိမ်အပြန်မှာနာရီကြည့်ပြီးလျှောက်ခဲ့တာ ကိုးဗျ "

" နို့ - ဘယ်လောက်ကြာပါသလဲ "

" မိနစ် (၂၀) အတိပဲ ဆိုပါတော့ဗျာ "

" ဒီစာအုပ် အထူကြီးတွေသယ်ပြီး ဒီအကွာအဝေးကို မိနစ်( ၂၀ )နဲ့ ရောက်အောင် လျှောက်နိုင်တယ်ဆိုတော့ တော်တော်ခြေလှမ်းသွက်တာပဲ ဒါဆိုရင် (၁၀ )နာရီ (၃၅ ) မိနစ်မှာ ရောက်မှာပေါ့ "

" ဟုတ်ပါတယ် - ကျုပ်လည်းရောက်ရောက်ချင်းဆိုသလိုပဲ မစ္စတာအန် ကင်းနဲ့ညှိခဲ့တာကလေးတွေပြန်မှတ်စာရင်းရေးစရာရှိတာရေးနဲ့မိနစ်(၃၀) လောက် စားပွဲမှာထိုင် အလုပ် လုပ်ပြီးတာနဲ့ အိပ်ရာထဲဝင်ခဲ့တာပါပဲ "

" ဗျာ "

" ဘာဖြစ်လို့လဲ အင်စပက်တာ "

" ခြော်... မစ္စတာစတီဖင်ရဲ့ ခွန်အားကို အံ့ဩလို့ပါ၊ စာအုပ် အထူကြီးတွေ သယ်ပြီး လမ်းလျှောက်၊ ရောက်ရောက်ချင်းစားပွဲထိုင်စာ ရေးဆိုတော့ မောပဲမမောလားဗျာ "

" ခြော် - ဒါလား ကျုပ်က ငယ်ငယ်တုန်းက အားကစားသမားကိုဗျ ဝိတ် မတယ်ဗျာ၊ ရေကူးတယ် တော်ရုံနဲ့တော့ မမောပါဘူး "

တစ်ချိန်လုံးငြိမ်နေတော့ မောင်ကျော်ဒင်သည် မစ္စတာစတီဖင်၏ စကားအဆုံးဝယ် နှစ်ခြိုက်စွာပြုံးလိုက်ပြီး " အားကစားသမားဆိုတာ ကောင်းတာပေါ့ဗျာ ကျန်းမာရေးသိပ်ကောင်းတာပေါ့၊ ဆေးလိပ်အရက် အ ကုန်ရှောင်ရတာမျိုးပဲ၊ ကျုပ်လည်း ဆေးကျောင်းသားဘဝကတည်းက ဆရာဝန်ဖြစ်တဲ့အထိဆိုပါတော့ဗျာ၊ ဆေးလိပ်ဆို ကိုင်တောင်ကိုင်မကြည့်

ဖူးဘူး။ ဟော...ဆရာဝန်လည်းဖြစ်ပြီးရော ဘယ်ကဘယ်လိုစမိတယ်မသိ
ဘူးဗျို့၊ စီးကရက်ဆို - တယ်ကြိုက်တာကလား ခုတောင်ပြောရင်းဆိုရင်း
ခံတွင်းချဉ်လာပြန်ပြီ"
ဟုပြော၍ ကုတ်အင်္ကျီအတွင်းမှ ဆေးလိပ်ဘူးကလေးကို ထုတ်ယူ
လိုက်၏။ ဘူးကလေးမှာရွှေနှင့် ပလက်တီနမ်ကို အချိုးကျ
ရောစပ်ပြုလုပ်ထားသော သတ္တုဘူးပြားကလေးဖြစ်ပြီး ပုံစံမှာ အင်္ဂလန်တွင်
အော်ဒါပေး၍ သီးသန့်ပြုလုပ်ထားသော်ဇုခေတ်မီပုံဆန်းကလေးဖြစ်ရကား
လုပခန့်ညားသလောက် တန်ဖိုးမနည်းလှသည်ဖြစ်ပေရာ မစ္စတာစတီဖင်
ကဲ့သို့ ဥရောပတိုက်သား စက်ရုံမန်နေဂျာပင်လျှင် အတန်ငယ် အံ့ဩ
သွားဟန်ရှိပေ၏။ ထိုနောက်စတီဖင်ကို ခင်မင်ရင်းနှီးစွာဖြင့် ပြုံးပြလိုက်ရင်း
" အားကစားသမားကတော့ စီကရက်သောက်မှာ မဟုတ်ပါဘူးနော်
ဒါပေမဲ့ - ကျုပ်လို ပျက်စီးသွားပြီဆိုရင်တော့"
ဟုနောက်ပြောင်ပြောဆိုကာ စီးကရက်ဘူးကို မစ္စတာစတီဖင်ထံသို့
လက်လှမ်း၍တည်ခင်းလိုက်ရာ စတီဖင်မှာလည်း တစ်ချိန်လုံးလိုလိုပင် စ
ကား မေးဖြေနေရပေကား ယခုမှပင် ပေါ့ပါးသွားပဟန်ဖြင့် မောင်ကျော်အင်
အား ခင်မင်ရင်းနှီးစွာပြန်လည်ပြုံးပြလိုက်ပြီး -
" ကျုပ်လည်းခင်ဗျားလိုပျက်စီးပြီးသားပါပဲ ဒေါက်တာ အားကစားသ
မားဆိုပေမဲ့လို့ အလုပ်ထဲရောက်လာတော့လည်း သောက်တတ်သွားတာ
ပေါ့၊ လက်မလည်အောင်အလုပ်များတဲ့ အချိန်မျိုးမှာ ခဏတစ်ဖြုတ်နားရင်း
ဆေးလိပ်တစ်ဖွာလောက် သောက်လိုက်ရတဲ့ အရသာဟာ၊ အိုး... ဘာပြော
ကောင်းမလဲဗျာ၊ ဘာမှမမေးနဲ့ဗျို့ ဘာနဲ့မှ မလဲနိုင်ဘူး၊ စိတ်ထဲမှာလန်းဆန်း
သွားတာပဲ၊ အဲဒီလိုအချိန်မျိုးမှာဆို ကျန်းမာရေးတွေဘာတွေ ဘယ်တွေး
နိုင်ပါ့မလဲဗျာ"
ဟု စကားကြောရှည်လျားစွာဖြင့် ဆေးလိပ်ငို့ကာ ဖွင့်ရင်းဘူးအတွင်း
စီးကရက်တစ်လိပ်ကိုလှမ်းယူ၍ပါးစပ်တွင်တေ့လိုက်ရာမောင်ကျော်အင်
ပင် ကုတ်အင်္ကျီအိတ်အတွင်းမှ ရွှန်ဆန် မီးခြစ်ကို ထုတ်ယူလိုက်ပြီး တော
ခနဲ ခြစ်၍ မီးညှိပေးလိုက်လေ၏။

မစ္စတာစတီဖင်လည်း -

"ကျေးဇူးပဲဒေါက်တာ"

ဟုပြောကာ စီးကရက်ကို အရသာခံ၍ဖြည်းညင်းစွာသောက်ရင်းမီးခိုးငွေ့များကို တမျှင်းမျှင်းရှူထုတ်ရင်း၊ တိတ်ဆိတ်ငြိမ်သက်စွာဖြင့်အနားယူရင်း သက်သောင့်သက်သာ အပန်းဖြေလျက်ရှိလေရာ စုံထောက်နှစ်ယောက် တို့သည်လည်း စီးကရက်များကိုယ်စီသောက်ကြရင်း အမောအပန်းဖြေကြရင်း စိတ်ကူးကိုယ်စီဖြင့် နစ်မျောကြရင်း၊ အေးအေးသာသာနေကြရင်းမှ ခေတ္တမျှစကားစပြတ်သွားကြလေ၏။

မောင်သိန်းတန်၏စိတ်အတွင်း၌ ယခုညသုံးစည်းရသော ဤလူဒေါက်တာကျော်ဒင်ဆိုသူသည်အရာရာကို သေချာစွာ စူးစမ်းလေ့လာတတ်ခြင်းလေ့လာရာတွင်လည်း အမြင်စူးရှခြင်း မြင်သမျှကိုလည်း ဆက်စပ် ကြည့်တတ်ခြင်း ဆက်စပ်မိသမျှကိုလည်း ရုပ်လုံးပုံဖော်တတ်ခြင်း၊ စသည်စုံထောက်ကောင်းတို့ရှိအပ်သည့် အရည်အချင်းများကို အပြည့်အဝပိုင်ဆိုင်ထားသူတစ်ယောက်ဖြစ်သည်ဟုတိုတောင်းလှသောအချိန်ပိုင်းကလေးအတွင်းမှာပင် ပါးနပ်လှသော.ပုလိပ်ပီပီ ကောင်းစွာအကဲခတ်မိလိုက်သည်ဖြစ်ရကား ဤအမှုတွင် အရေးကြီးသောကွင်းဆက်များကို ရုပ်လုံးပေါ်လာနိုင်မည့် အကြောင်းအကျိုးများအား ရှင်းလင်းပြောပြနိုင်သည့် မစ္စတာစတီဖင်ကဲ့သို့သောပုဂ္ဂိုလ်မျိုးနှင့်တွေ့ဆုံးမေးမြန်းရာတွင်းဦးဆောင်မေးမြန်းသင့်ပါလျက် တစ်ခွန်းတစ်ပါဒမျှ မေးမြန်းခြင်းမပြုပဲ တုံဏှိဘာဝေ ဆိပ်မဆိပ်ပင် နေသောကြောင့် မိမိကပင် မေးမြန်းလိုက်ရလေ၏။

မိမိမှာလည်း ပုလိပ်လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်ဖြစ်ရကားအမှုသွားအမှုလာနှင့်တကွ ယင်းအမှုတွင် မစ္စတာစတီဖင်ပါဝင်သောဘက္ကတို့ကို သိလိုက်ရသည်ဆိုသော်လည်း ယင်းတို့မှာ မည်သည့်အရာအရာသည်အမှုအတွက်အရေးပါသော အချက်အလက်ဖြစ်သည်(တစ်နည်း)ပွိုင့် ( Point )ကျသည်ဟူ၍လည်းကောင်း မည်သည့်အချက်များမှာ မေးမြန်းရာတွင် မပါဝင်ပဲ ကျန်ရှိလိုက်သည်ဟူ၍လည်းကောင်းအမှုတွင်သာမန်အားဖြင့် မပါတ်သက်သောကြောင်းအရာများဖြစ်စေကာမှ

လိုအပ်ပါက ယင်းတို့ကို ချဲ့ထွင်၍မေးမြန်းသင့်သည်ဟူ၍လည်းကောင်း ဂယနကာ နားလည်းသဘောပေါက်ခြင်းမရှိကြောင်းကို ကိုယ့်အကြောင်း ကိုယ်သေချာစွာ သိရှိသည်ဖြစ်ရကား ဉာဏ်ကောင်းခြင်း အတွေးအခေ ထက်မြက်ထူးချွန်ခြင်းနှင့် စုံထောက်ခြင်းဆိုင်ရာ သဘောတရားများကို ပို ကျွမ်းကျင်ရုံမျှမက မိမိထက်စကားပြောပိုမိုပြေပြစ်၍တစ်ဘက်သားအ ပေါ်တွင် မြင့်၍ရှိန်ခြင်း နိမ့်၍နိမ်ခြင်း မျိုးလုံးဝမဖြစ်စေပဲ ခပ်မှန်မှန်အာ ဆက်ဆံတတ်သော မောင်ကျော်ဒင်အနေဖြင့် မစ္စတာစတီဖင်ကို မေးမြ ပြောဆိုစေလိုသော်လည်း မောင်ကျော်ဒင်ကမူ ဘာမျှအရေး မပါသည့် အာလာပ သလ္လာပ စကားဖလှက်သာပြောပြီး စီးကရက်တည်ခြင်းမျ လောက်သာ ပြုလုပ်သည့်အတွက် အတန်ငယ်ပင်စိတ်မကျေမနပ်ဖြ လျက်ရှိတော့၏။

တစ်ခဏမျှကြာသော် –

" သတင်းကောင်းမဟုတ်ပေမဲ့ ကျုပ်ဆီကိုဂရုတစိုက်လာပြီး အသ ပေးတဲ့အတွက် လူကြီးမင်းတို့ကိုကျေးဇူးအများကြီးတင်ပါတယ်၊ ကျုပ်တ ညီနိုင်တာရှိရင်လည်း ပြောကြပါဦး ဘာပဲဖြစ်ဖြစ်ပေါ့"

ဟုပြောလိုက်လေရာ ဆပ်အင်စပက်တာမောင်သိန်းတန်က အတ ငယ်ရွံ့တွန့်တွန့်ဖြစ်သော်လည်းအလွန်တရာအားရကျေနပ်လျက် –

"ခုလို အချိန်မတော်ကြီးမှာ အနှောက်အယှက်ပေးရတာကိုပဲ အား လုပါပြီဗျာ တစ်ခုရှိတာက ခု ဒီအမှုကို အင်စပက်တာဦးအောင်ကြီးကိုင် တယ် ဦးအောင်ကြီးက တရားခံကိုဖမ်းပြီးသားဆိုပေမဲ့ မန်နေဂျာ စက်ရုံက ဆူပူတဲ့အလုပ်သမားတွေအကြောင်းကိုတော့ သိချင်မှာပါပဲခင် ဒါကြောင့် နောက်တစ်နေ့မနက် ... အဲ ...ခုသန်းခေါင်ကျော်နေပြီဆိုတော ဒီနေ့နံနက် ပိုင်းတစ်ချိန်ချိန်ပေါ့ဗျာ၊ မန်နေဂျာကြီးအနေနဲ့ ဂါတ်ကိုလာ အင်စပက်တာနဲ့ တွေ့မယ်ဆိုရင်တော့ ပုလိပ်ကို အများကြီးအကူအညီပေ ရာရောက်ပါတယ် "

ဟု လွန်စွာပြေပြစ်သော စကားအသုံးအနှုန်းဖြင့် ပြောလေ၏။ မစ္စတ စတီဖင်ကမူ မည်သို့မျှဝန်လေးဟန်မရှိလှပဲ –

" ကျုပ်လာပါ့မယ်၊ အင်စပက်တာ နံနက်ပိုင်းဆိုတော့ ဘယ်နနာရီ လောက်လာခဲ့ရပါ့မလဲ ပြောပါဗျာ"

ဟုပင် အားတက်သရောအမူအရာဖြင့် ပြန်ပြောလေ၏။

"နံနက်ပိုင်း ကိုးနာရီ၊ အင်း - ကိုးနာရီခွဲလောက်ပေါ့လေ။ အဲဒီ လောက်ဆိုရင် အဆင်ပြေပါတယ်၊ ခုလို ဂရုတစိုက် ကူညီတာကိုလည်း ကျေးဇူးတင်ပါတယ် ကျွန်တော်တို့ကိုလည်းပြန်ခွင့်ပြုပါဦး"

ဟုမောင်သိန်းတန်ကပြောရာ စီးကရက်ကိုဖွာမှုတ်မှုတ်ဖွာရင်း တစ် ချိန်လုံးငြိမ်ချက်သာကောင်းနေသော မောင်ကျော်ဒင်က -

"ဒီမှာ ဒီမှာ - ကျုပ်တစ်ခုလောက်အကြံပေးပါရစေဗျာ"

ဟု ရုတ်တရက်ပြောလိုက်ရာ နှစ်ဦးစလုံးက အံ့ဩစွာဖြင့် လှည့် ကြည့်လေ၏။

"ဒီလိုပါဗျာ - ကျုပ်ဒီစကားကို ဆရာဝန်တစ်ယောက်အနေနဲ့ ပြောပါရ စေ ကိုသိန်းတန်တို့ ပုလိပ်အလုပ်လည်းရှိတာကတော့ရှိတာပေါ့ ကျုပ်ကို ဝတ္ထုရေးနှောင့်ယှက်တယ်လို့လည်းမထင်စေချင်ဘူး၊ ဒါပေမဲ့လို့ မစ္စတာ စတီဖင် ခမျာမနေ့ကမနက်ပိုင်းစက်ရုံမှာအလုပ်လုပ်ရတယ်၊ ညပိုင်းကျ တော့ မစ္စတာဒန်ကင်းနဲ့ ဆွေးနွေးရတယ် သူ့အိမ်ကို အသွားအပြန်လမ်း လျှောက် အိမ်ပြန်နောက်ကျအိပ်ရာဝင်နောက်ကျ၊ ခု ညသန်းခေါင်မှာကျုပ် တို့အမေးခွန်းတွေမေးပြီး အိပ်ရေးပျက်အောင်လုပ်တယ် မနက်ကျတော့ ဂါတ်ကို သွားရဦးမယ် နောက်ပြီးအသုဘကိစ္စကို စီစဉ်ရဦးမယ်ဒါတောင် ဘယ်လိုပြဿနာတွေ ပေါ်လာဦးမယ် မသိနိုင်ဘူး၊ အဲဒီတော့ လူတစ် ယောက်ကို ဒီလောက်ပင်ပန်းစေလို့တော့ပါမလားဗျာ"

"ကျုပ်ကို ငဲ့ညှာတဲ့အတွက် ကျေးဇူးတင်ပါရဲ့၊ ဒါပေမဲ့ - ကျုပ်လုပ်နိုင်ပါ တယ် ဒေါက်တာ"

"ဒီတော့ ဆရာကိုကျော်ဒင်က ဘယ်လိုစီစဉ်ချင်ပါသလဲ"

ကျုပ်အကြံပေးချင်တာကကျုပ်ခုကိုသိန်းတန်ကိုဂါတ်ကိုပြန်အပို့မှာ
စွတာစတီဖင်ကပါတစ်ပါတည်းလိုက်လာပြီး အင်စပက်တာကိုအောင်ကြီး
နဲ့ခဏလောက်တော့ ဝင်တွေ့လိုက်တာက ပိုကောင်းမယ်ထင်တယ်၊ ပြီး
တော့မှ ကျုပ်တို့အတူပြန်ကြတာပေါ့၊ တစ်လမ်းတည်းနေတာပဲ"

"ဟာသိပ်ကောင်းတာပဲ - ဒေါက်တာ - ကျုပ်အတွက်ပိုအဆင်ပြေတာ
ပေါ့"

"ဒါပေမဲ့ နံနက်ပိုင်းကျရင်တော့ ခင်ဗျား ကောင်းကောင်းအနားယူ
ဖြစ်မှာနော် ဘယ်လောက်ကျန်းမာရေးကောင်းသည်ဖြစ်စေ အိပ်ရေးပျက်
ပါများရင် မကောင်းဘူးဗျ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

အင်စပက်တာကလေး မောင်သိန်းတန်မှာ ယခုလိုအခြေအနေမျိုး
တွင် ဥရောပတိုက်သား လူကြီးလူကောင်းတစ်ဦးကို ညကြီးအချိန်မတော်
ဒုက္ခပေးရုံမျှအားမရပဲ ဤသို့ခေါ်ငင်ရခြင်းအတွက် အလွန်ပင်အားတုံ့
အားနာဖြစ်ရကား မျက်နှာမထားတတ်အောင်ပင်ရှိတော့၏ ထိုထက်ပိုဆိုး
သည်မှာ မောင်ကျော်ဒင်သည်အမှုနှင့်လားလားမျှမဆိုင်သည့် အောက်ပါ
စကားများကို လည်းပြောဆိုပြန်ရကား မောင်သိန်းတန်မှာ မောင်ကျော်ဒင်
အား ကျွဲမြီးတိုလျက်ရှိတော့၏။

ဒါထက်စကားမစပ် ခင်ဗျာ - အိမ်မှာ မီးခိုးခေါင်းတိုင်ရှိပေမဲ့ မီးလင်း
ဖိုတော့မတွေ့မိပါလားဗျ"

"ကျုပ်ကတစ်ဆင့်ဝယ်ထားတာဗျ ကျုပ်လည်းမေးဖူးတယ် အိမ်ရှင်
ပြောတာကတော့ မီးခိုးခေါင်းတိုင်ကို အိမ်ဆောက်တုန်းက ဒီဇိုင်းအတိုင်း
တပ်ထားပါတဲ့၊ ဒါပေမဲ့ - ရန်ကုန်ဆိုတာ ဆောင်းတွင်းမှာ တော်သိပ်
မချမ်းလှတဲ့ မြို့ဖြစ်လေတော့ နောက်ပိုင်း အိမ်အတွင်းပိုင်းတွေဆောက်တဲ့
အခါကျ တော့ မီးလင်းဖိုကို မထည့်တော့ပဲ ဆောက်လိုက်တာပါတဲ့၊ မီးခိုး
ခေါင်းတိုင်ကအလှတပ်ထားတဲ့ သဘောမျိုးဖြစ်သွားတာပေါ့တဲ့ အဲဒီလို
တော့ပြောဖူးတာပဲဗျ"

"ဟုတ်တော့ဟုတ်ပါရဲ့ဒါပေမဲ့ကျုပ်သဘောကတော့မီးလင်းဖိုဘေးမှာ ထိုင် နံရံကပ်ဖယောင်းခွက်လုလုလေးတွေမှာ ဖယောင်းတိုင်လေးတွေကို စီစီရီရီထွန်း အဲဒီအလင်းရောင်နဲ့ စာဖတ်ရင်း ဝီစကီနဲ့ လေးမော့ လိုက် စီးကာရက်လေးဖွာလိုက် အဲဒီလိုများနေရရင်တစ်နေ့လုံးပင်ပန်းထားသမျှ ယူပစ်လိုက်သလို ပျောက်သွားမှာပဲလို့ ထင်သဗျ၊ ခင်ဗျားရော ဘယ်လိုသဘောရသလဲ မစ္စတာစတီဖင် "

"ဒေါက်တာတာကယ်လည်း စိတ်ကူးယဉ်ဗျာတ်ပါပေ့၊ ကျွန်တော်ကတော့ လက်တွေ့သမားဆိုတော့ အဲဒီလိုလည်း ဖိမ်မယူတတ်ဘူးဗျ စာရေး စာဖတ် လုပ်ရင်လည်း လျှပ်စစ်မီးကိုပဲသုံးတာ ပါပဲ၊ လျှပ်စစ်မီးပျက်တာတောင် ဖယောင်းတိုင်တယ်မထွန်းလှဘူး အိမ်ညစ်ပတ်လွန်းလို့၊ မီးပျက်လို့ မှောင်ထဲမှာမနေချင်ရင် စောစော အိပ်ရာ ဝင်လိုက်တာပဲ"

"ကောင်းပါ့ဗျာ – ဩော် – ဒါထက်စကားကောင်းနေကြလိုက်တာကျုပ်တို့သွားကြမှ တော်မယ်ထင်ပါရဲ့အပြန်လည်လိုက်ပို့ဦးမှာကိုး"

"တစ်ဆိတ်ခဏစောင့်ပါဦး လူကြီးမင်းတို့ ကျုပ်အဝတ်အစားလေး လဲပါရစေဦး ခဏပါပဲ"

မစ္စတာစတီဖင်သည်အထက်ပါအတိုင်းပြောဆိုကာအဝတ်အစားများ လဲလှယ်ရန် အိပ်ခန်းအတွင်းသို့ဝင်ရောက်သွားမှသာလျှင် အလွန်တစ်ရာ စကားကြောရှည်နေသော မောင်ကျော်ဒင်၏ဘေးရန်မှ လွတ်မြောက်သွား လေတော့၏။

မောင်သိန်းတန်တို့နှင့်အတူ ဂိတ်သို့လိုက်ပါလာခဲ့သော မစ္စတာ စတီဖင်မှာနေအိမ်မှာကဲ့သို့ညအိပ်ဝတ်စုံဖြင့်မြင်ရသည့်ဖိုသီဖတ်သီအသွင် မျိုးမဟုတ်ပဲ လန်ဒန်အော်ဒါချုပ် ဖြစ်ဟန်တူသည့် ပုံစံကျနသားနားလှ သော အနောက်တိုင်းဝတ်စုံ နက်ပြာရောင်ကို သိုက်မြိုက်ခန့်ညားစွာဝတ် ဆင်ထားလေ၏။ အနုတ်ရောင်အောက်ခံပေါ်တွင် အဖြူရောင်အနီရောင် အစင်းကလေးများဖြင့် အကွက်ဖေါ်ထားသည့် နက်တိုင်ခေါ် လည်စည်းကို သေသပ်လှစွာ စည်းထား၏။

တင့်တယ်သောကိုယ်ဟန်၊ ခန့်ညားသော အသွင်၊ လေးနက်သော မျက်နှာထား သွက်လက်သောအမူအရာ စသည့်ရုပ်ပိုင်းဆိုင်ရာ ချီးမွမ်းဖွယ်တို့ကိုလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံတွင်တစ်ပေါင်းတစ်စည်းတည်း တွေ့ရန်မှာ လွန်စွာလွယ်ကူလှသည်မဟုတ်သော်လည်း အကယ်၍ လူတစ်ယောက်ထံတွင် အထက်ပါအခြင်းအရာများအားလုံးကို တပြိုင်နက်တည်း တွေ့ရသည်ဆိုငြားအံ့၊ ထိုသူသည်မစ္စတာစတီဖင်ပင်ဖြစ်ပေလိမ့်မည် ဤသို့ဆိုပါလျှင် လွန်လွန်းစွာ စာဖွဲ့သည်ဟု မဆိုနိုင်ပါပေ။

မရေးမတွက်နိုင်အောင်ပင် များပြားလှသော စာရွက်စာတမ်းများ စာအုပ်များဖြင့် အတိပြီးသည့်စားပွဲတစ်လုံး၏ နောက်ဝယ်အလွန်အမင်းငိုက်မြည်းနေဟန်တူသော အင်စပက်တာကိုအောင်ကြီးသည် မောင်သိန်းတန် ဦးဆောင်လျက် ထိုလူသိုက်ဝင်ရောက်လာသည်ကို မြင်ရသောအခါ ကြောင်တောင်တောင် ငေး၍ကြည့်နေရာမှ မျက်စိများကို ခပ်ကြမ်းကြမ်း ပွတ်ကြည့်၍ အိပ်ချင်ပြေအောင်လုပ်လိုက်ရင်းက ပထမတွင် နားမလည်ခြင်း၊ နောက် တွေဝေခြင်း ၊ထို့နောက် အံ့သြခြင်း၊ ၎င်းနောက် စိတ်ညစ်ခြင်း တို့ကို ဆက်တိုက်ဆိုသလိုပင် ခံစားရပေရကား အိပ်ချင်ပြေလှမတက်ရှိတော့၏။

ကိုအောင်ကြီးအနေဖြင့် တစ်စုံတစ်ရာမျှ မေးမြန်းပြောဆိုခြင်း မပြုရသေးမီပင် ဆပ်အင်စပက်တာလေးမောင်သိန်းတန်က "ဆရာကိုအောင်ကြီးရေ - ဒီပုဂ္ဂိုလ်ကတော့မစ္စတာစတီဖင်တဲ့မစ္စတာဒန်ကင်ရဲ့သွပ်နန်းကြိုးစက်ရုံက မန်နေဂျာခင်ဗျ။ မစ္စတာဒန်ကင်းနဲ့ပတ်သတ်တဲ့အကြောင်းရယ် နောက်ပြီး သူတို့စက်ရုံက ဆူတဲ့ပူတဲ့ အလုပ်သမားခေါင်းဆောင်တွေ နောက် တရားခံလို့ မသင်္ကာလောက်တဲ့ လူတွေရဲ့စာရင်းရယ် အဲဒါတွေကို ရှင်းလင်းပြောပြချင်တယ်ဆိုပြီး လိုက်လာတာခင်ဗျ။ သူ့သဘောနဲ့သူဆိုပါတော့"

ဟုသူ၏အပြစ်လွတ်အောင် ရှည်လျားစွာပင်ရှင်းလင်းပြောပြလေရာ အင်းစပက်တာကိုအောင်ကြီးလည်း သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချလိုက်ရင်းက -

"မင်းနယ်ကွာ - ဒီလိုလူကြီးလူကောင်းတစ်ယောက်ကို အနောက်အယှက်ပေးမှပေးတတ်ပလေတယ်၊ အားနာဖို့ကောင်းလိုက်ဘိတော့"

ဟုပြောစဉ်မှာပင် မြန်မာဘာသာကို အတော်အတန်နားလည်ဟန်တူသော မစ္စတာ စတီဖင်က " မဟုတ်ပါဘူး၊ အင်စပက်တာ မစ္စတာသိန်းတန်ရဲ့အပြစ်မဟုတ်ပါဘူး၊ ကျုပ်ကိုယ်နှိုက်က ပုလိပ်ကို ကူညီချင်လို့ပါ၊ လူဆိုးသူခိုတွေကို ဖမ်းမိမှ ကျုပ်တို့လည်း အေးအေးချမ်းချမ်းနေရမယ်လေ ဒါကြောင့်ပါ" ဟုဝင်ရောက်ပြောဆိုတော့၏။

မစ္စတာစတီဖင်သည် သူ၏နေအိမ်တွင် မောင်သိန်းတန်ကို ပြောပြခဲ့သည့်အတိုင်းပင် ကိုအောင်ကြီးအား စရေစေ့တွင်းကျ ပြန်လည်ပြောဆိုပြီးနောက် ဆူပူသော အလုပ်သမားတို့၏အမည်စာရင်းများနှင့်တကွ စက်ရုံနှင့် ပတ်သက်သည်ကိစ္စအဝဝတို့ကိုတိကျသေချာစွာ ရှင်းလင်းပြောကြားလေ၏။ ကိုအောင်ကြီးမှာအစပိုင်းတွင် အားတုံ့အားနာဖြစ်နေသော်လည်း နန်းကြိုးစက်ရုံနှင့် ပတ်သက်သည့်ကိစ္စများကို တိကျစွာကြားရသောအခါတွင်မူ မျက်လုံးများပြူးကျယ်လျက်ရှိခဲ့လေပြီ။

ဘသော်ကို ဖမ်းမိထားပြီးဖြစ်သော်လည်း အခြားမသင်္ကာဘွယ်ကောင်းသူတို့၏ အခြေအနေများကို အသေးစိတ်သိရှိရပြီး အမှုမှာတဖြည်းဖြည်းရုပ်လုံးပေါ်လျက်ရှိလာသဖြင့် ကိုအောင်ကြီးသည် အလွန်ပင်အားရကျေနပ်လျက်ရှိလေ၏။အချို့နေရာများတွင်ပြန်လှန်မေးခွန်းများမေးလိုက်၊ နောက်မစ္စတာစတီဖင်ပြောသမျှကိုလိုက်လံရေးမှတ်လိုက်ရှိနေတာတစ်ခါ တစ်ခါတွင် ခေါင်းတစ်ညိတ်ညိတ်ဖြင့် အကျေနပ်ကြီးကျေနပ်နေရကား မစ္စတာစတီဖင်ကိုပင် အားနာရကောင်းမှန်းမသိ ဖြစ်နေပေသောကြောင့် ခပ်မြန်မြန်မေးမြန်း၍ အကျဉ်းချုပ်ပါရန် မောင်သိန်းတန်ကပင် ပြန်၍ သတိပေးနေရချေပြီ။

မောင်သိန်းတန်မှာလည်း မစ္စတာစတီဖင်ကို ဂါတ်သို့ခေါ်ဆောင်လာမိသဖြင့် အထက်လူကြီးဖြစ်သူ ကိုအောင်ကြီးက ဘိလပ်သားတစ်ယောက်ကို အနှောက်အယှက်ပေးရကောင်းလား သူ့အပေါ်တွင်မြိုငြင်မည်ကို မူလက စိုးရိမ်မိသော်လည်း ယခုမူ သူ၏ ဆရာကြီးကိုအောင်ကြီးကိုယ်တိုင်က

ကျေနပ်နေသဖြင့် သူကိုယ်တိုင်လည်း ခပ်ပြုံးပြုံး ဖြစ်လျက်ရှိတော့၏ စုံထောက်မောင်ကျော်ဒင်မှာလည်းဦးခေါင်းကိုတဆတ်ဆတ်ညိတ်ရင်းခပ်ပြုံးပြုံးပင်ရှိချေတော့၏။

လွှန်စွာမှပင်ရှည်လျား၍အသေးစိတ်ကျလှသောထွက်ဆိုချက်ကြီးအပြီးတွင် မစ္စတာစတီဖင်သည် အဆုံး၌လက်မှတ်ရေးထိုးပြီးနောက် ကိုအောင်ကြီးအား လှမ်းပေလိုက်ရာ အင်စပက်တာကိုအောင်ကြီးမှာကျေးဇူးတင် စကားကိုထပ်ခါတလဲလဲ ပြောရင်းမှ ဆပ်အင်စပက်တာလေးမောင်သိန်းတန်ဘက်သို့လှည့်၍ " မောင်သိန်းတန်ရေ ဟောဒီက မစ္စတာစတီဖင်ပြန်ဖို့ စီစဉ်လိုက်ပါကွာ " ဟု လှမ်းပြောလိုက်ရာ ကိုအောင်ကြီးက -

" ဟုတ်ပါရဲ့ ဒေါက်တာကိုတောင်မေ့နေတယ် ခွင့်လွှတ်ပါဗျာ အမှုကိစ္စကိုစူးစိုက်ရလွန်းလို့ အခုညမှာ ဒေါက်တာရဲ့ကူညီမှုတွေကိုလည်း ကျုပ်တို့က အများကြီး ကျေးဇူးတင်ပါရဲ့ ခင်ဗျာ " ဟု မောင်ကျော်ဒင်အား လှမ်း၍ ပြောလိုက်လေ၏။ မောင်ကျော်ဒင်ကမူ ခပ်ပြုံးပြုံးမျက်နှာပေးဖြင့်ကိုအောင်ကြီးအားခေါင်းညိတ်ပြလိုက်ရင်း မစ္စတာစတီဖင်ဘက်သို့ လှည့်လိုက်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့် " မန်နေဂျာကြီးရေ - ခင်ဗျားလက်က အနာကို ခုဆေးထည့်မှာလား ဒါမှမဟုတ် ခင်ဗျားအိမ်ရောက်မှဆေးထည့်ပေးရမှာလား " ဟု မဆီမဆိုင်မေးလိုက်လေရာ မစ္စတာစတီဖင်သာမက ပုလိပ်နစ်ဦးတို့ကပါ အံ့ဩသော မျက်နှာပေးကိုယ်စီဖြင့် လှမ်း၍ကြည့်ကြလေ၏။ မစ္စတာဖင်က " ခင်ဗျားဘာကိုဆိုလိုပါသလဲဒေါက်တာ ကျုပ်ဖြင့်နားမလည်မိပါလား " ဟုပြန်၍မေးလိုက်ရာမောင်ကျော်ဒင်က " ခင်ဗျားမစ္စတာဒန်ကင်ရဲ့ လည်ပင်းကို ဝါယာကြိုးနဲ့ ညှစ်သတ်တုန်းကကြိုးပွန်းတဲ့ အရာလေဗျာ ကြာရင်မကောင်းဘူးဗျ၊ အနာရင်းသွားလိမ့်မယ် ကျုပ်ကဆရာဝန်ဆိုတော့ အနာဆိုရင် တယ်ဆေးထည့်ချင်တာကလား မှန်း - စမ်းကြည့်ရအောင် "

ဟုပြောရင်းလက်လှမ်းလိုက်ရာ မစ္စတာစတီဖင်သည်မောင်ကျော်ဒင်၏လက်ကိုပုတ်ချလိုက်ပြီး " ခင်ဗျားရူးနေသလား ဒေါက်တာ ဒါနောက်ပြောင်ရမယ့် ကိစ္စမဟုတ်ဘူးဗျ၊ ကျုပ်လိုလူကို ခင်ဗျားက ဘာကောင်ထင်

လို့ ခုလို စော် စော်ကားကားပြောရတာလဲ” စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလေ၏။

“မောင်ကျော်ဒင်သည် ပုလိပ်များအားလှမ်းကြည့်လိုက်ပြီး” ခင်ဗျားတို့ တရားခံဖမ်းတာကတော့ ဘယ်သူ့ဖမ်းဖမ်းပေါ့ဗျာ၊ ဘာသော်ပဲဖမ်းဖမ်း တခြားသူပဲဖမ်းဖမ်းကျုပ်အခရေးမလုပ်ပါဘူး။ပုလိပ်ဆိုတာကတော့တရားခံ ဟုတ် ဟုတ်၊ မဟုတ် ဟုတ် အထက်က ထုတာမခံရဖို့အရေး တစ်ယောက် တစ်ယောက်ယောက်ကို ဖမ်းရကိုးဗျ၊ ဒါပေမဲ့ဗျို့ မောဒီလူဒကရာကိုတော့ ကျုပ်ဆေးထည့်ပေးပါရစေ ကြာရင်ပြည်တည်မှာစိုးလို့ပါ”ဟု မထိလေးစား ပြောလေရာမစ္စတာစတီဖင်မှာ အလွန်အမင်း စိတ်ဆိုးသွားပြီး မောင်ကျော် ဒင်အားထိုးကြိတ်မည်ပြုသဖြင့် မောင်သိန်းတန်ကအတင်းဆွဲထားရလေ တော့၏။

ဂါတ်တစ်ခုလုံးမှာလည်း ရုတ်ရုတ်သဲသဲဖြစ်ကာ ညတာဝန်ကျပုလိပ် များသာမက အိပ်နေသော ပုလိပ်များပါနိုးလာကြပြီး ဝိုင်းအုံးကြည့်ရှုကာ တစ်ယောက်တစ်ပေါက် ပြောဆိုလျက်ရှိကြရကား ကိုအောင်ကြီးသည်ဆူ ညံနေသည်ကို ထိမ်းသိမ်းသည့်အနေဖြင့် စားပွဲပေါ်ရှိစာရွက်ပုံကြီးတစ်ခုကို လက်ဖြင့်တဗုန်းဗုန်း ပုတ်လိုက်ပြီး အားလုံးငြိမ်ကျသွားမှ မောင်ကျော်ဒင် ဘက်သို့လှည့်၍

“ဒီလိုတော့ ဘယ်နည်းနဲ့ မှ မပြောထိုက်ပေဘူးဒေါက်တာ၊ ခင်ဗျား ပုလိပ်ကို ကူညီခဲ့ဖူးတယ်ဆိုပေမဲ့ ဒီလိုစော်ကားတာမျိုးကိုတော့ ဘယ်သူ ကမှ ခွင့်လွှတ်မှာ မဟုတ်ဘူးဗျ။ မစ္စတာစတီဖင်ကိုတောင်းပန်လိုက်ပါ။ သူကတရားစွဲရင်ခင်ဗျားဒုက္ခရောက်လိမ့်မယ်”ဟုခပ်တင်းတင်းပြောလေ ၏။

မောင်ကျော်ဒင်လည်း အင်စပက်တာကြီးကိုတစ်လှည့် မန်နေဂျာကြီး ကိုတစ်လှည့်ဖြင့် တစ်လှည့်စီကြည့်ရင်းက မည်သို့မျှ စိတ်မထိန်းနိုင်တော့ သဖြင့်”တဟားဟား” ရယ်မောလိုက်လေရာ ကိုအောင်ကြီးက –

"ဒီမှာဒေါက်တာ - ခင်ဗျားဟာ အင်္ဂလိပ်လူမျိုး လူကြီးလူကောင်းတစ်ယောက်ကိုလည်း စော်ကားတယ် ပုလိပ်ကိုလည်း ဝတ္တရားနောက်ယှက်ရောက်နေပြီ။ ခင်ဗျားတယ်ဆိုးပါလား ခင်ဗျားကို ကျုပ်တို့ ခုဖမ်းလို့ရတယ်" ဟုပြောစဉ်မှာပင် မစ္စတာ စတီဖင်က -

"နေ နေ...နေပါစေ အင်စပက်တာ ဒီဒေါက်တာက ကျုပ်ကို လူသတ်တယ်တယ်ပြောတယ်၊ သတ်တယ်ထားဦး ခင်ဗျားဘယ်လိုသိနိုင်မလဲ ပြောနိုင်ရင်ပြောစမ်း" ဟုမောက်မာစွာပြောလေ၏။

မောင်ကျော်ဒင်လည်းထိုအခါမှပင်မျက်နှာပိုးသတ် လျက်

"ခင်ဗျားသိပ်သိချင်တယ်ဆိုရင်လည်း ပြောပြရတာပေါ့ဗျာ၊ ကျုပ်ကလည်းပြောချင်ပါတယ်၊ ပုလိပ်အင်စပက်တာများလည်းနားထောင်ရတာပေါ့" ဟုပြောလိုက်လေတော့၏။

မောင်ကျော်ဒင်သည်သူ၏လောင်းကုတ် အင်္ကျီရှည်ကြီးအတွင်းမှ ရွှေ-ပလတ်တီနမ်စပ် စီးကရက်ဘူး ပြားကလေးကိုထုတ်ယူလိုက်ရင်း ပုလိပ်များဘက်သို့ လှည့်၍မြန်မာဘာသာဖြင့် -

"အင်း - ခုလိုစကားခပ်များများပြောရတော့မယ်ဆိုရင် ဆေးလေးတစ်ဆုံလောက်ကို အရင်ဖွာလိုက်ချင်တာပါပဲ၊ ဒါပေမဲ့ဗျို့ ဆေးတံပါမလာတော့လည်း စီးကရက်နဲ့ပဲစခန်းသွားကြတာပေါ့ဗျာ" ဟုပြောလိုက်လေ၏။

မီးခြစ်ကို ထောက်ခနဲခြစ်လိုက်စဉ် မီးတောက်ဖျားတွင်လူးလွန့်၍ တက်နေသော အပြာရောင်မီးညွန့်စွယ်ကလေးဖြင့် နှုတ်ခမ်းဖျားတွင် ပြုတ်လုတဲတဲအနေအထား၌ တွဲလဲတွေ့ချိတ်ကလေး ချိတ်ထားသော စီးကရက်ကို အဝန်းညီညာစွာ လောင်မြိုက်စေရန်ထိပ်ဖျား၏ ပတ်ပတ်လည်ကို မထိတထိကလေးဝိုက်၍ညှိလိုက်ပြီးနောက် သုံးလေးကြိမ်မျှ အားပါးတရ ရှိုက် သွင်းလိုက်ကာ မီးခိုးငွေ့များကို တဖြည်းဖြည်းမှုန်း၍မှုတ်ထုတ်လိုက်ရင်းမှအားရ ကျေနပ်သွားဟန်ဖြင့် -

"ဒီလိုဗျ ဆရာတို့ရဲ့ ကျုပ်ကဒီအမှုကိုစဉ်းစားတဲ့ အခါမှာ တရားခံကို ရှာဖွေတဲ့ပုံစံမျိုးနဲ့ မစဉ်းစားဘူးဗျ" ဟုပြောလိုက်ရာ အင်စပက်တာ ကိုအောင်ကြီးက လွန်စွာအထင်သေး သောမျက်နှာပေးဖြင့်လှမ်းကြည့်

လိုက်ရင်းက " တရားခံကို ရှာဖွေတဲ့ပုံစံနဲ့ မစဉ်းစားရင် ခင်ဗျားက ဘယ်လို စဉ်းစားချင်လို့လဲ( ၉၆ ) ပါးရောဂါနဲ့ သူ့အလိုလို သေတယ်လို့ စဉ်းစားမှာလား " ဟုငေါ့တော့တော့ပြောလေ၏။

မောင် ကျော်ဒင်လည်း ကိုအောင်ကြီး ဝင်ရောက်စွက်ဖက်မှုကို မနှစ်မြို့က်သောမျက်နှာထားဖြင့် တစ်ချက်လှမ်းကြည့်လိုက်ရင်းဆက်လက်၍ " ဥပမာ ပြောရမယ်ဆိုရင် မိသားစုများတဲ့ အိမ်တွေမှာ ကလေးအကြီးတစ်ယောက်ကိုမိဘက ကလေးများအားလုံးစားဖို့ မုန့်ဝေခိုင်းတယ်ဆိုပါစို့ဗျာ။ အဲဒီအခါမှာ ကလေးအကြီးက ပန်းကန်းထဲကမုန့်တွေကို သူညီ၊ ညီမငယ်တွေကို တစ်ယောက်တစ်ခုစီဝေရော သူက ပန်းကန်ထဲမှာ နောက်ဆုံးကျန်တဲ့မုန့်ကိုပဲ ကြီးကြီးသေးသေးစားလေ့ရှိကြတာကိုးဗျ။ လိမ္မာတဲ့ကလေးဆိုပါတော့ဗျာ။ ခုအမှုမှာလည်း ကျုပ်က အဲဒီမုန့်ဝေသလိုမျိုးစဉ်းစားသဲဗျ၊ ဘယ်လိုလဲဆိုတော့ မစ္စတာဒန်ကင်းကတော့ သေရှာပြီ ခုန အင်စပက်တာ ကြီးပြောသလို (၉၆) ပါးရောဂါနဲ့ သူ့အလိုလို သေတာမဟုတ်ဘူးဆိုတာ သိလိုက်ရပြီဆိုကတည်းက သတ်သူဆိုတာ ရှိရပြီပေါ့ဗျာ၊ ကဲ...အဲဒီမှာစဉ်းစားရမယ်ဆိုတော့ လူသတ်သမားဟာ(၅) ဦးရှိလာတယ်ဗျ " ဟုပြောစဉ်မှာပင် မစ္စတာ စတီဖင်က( မြန်မာလိုလည်း အထိုက်အလျောက်နားလည်သည်ဖြစ်ရကား)

"တယ်တော်တဲ့ စုံထောက်ပါကလားဗျာ၊ ဆက်ပါဦး ဘယ်သူ ဘယ်ဝါတွေလဲ၊ ကျုပ်မှုပါရဲ့လား " ဟုလှောင်ပြောင်ပြောဆိုလေ၏။

မောင်ကျော်ဒင်က ပြုံးကြည့်လိုက်ရင်း -

" နားထောင်ကြပါဦးလေ၊ ဒီတော့ ကျုပ်စိတ်ထဲမှာ ဘယ်လိုစဉ်းစားသလဲဆိုတော့ ...

(ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုကြပါရန်)

⇨ ထူရိုထ

# ဝမ်းနည်းမှတ်တမ်း

## စိုင်းကျော်သီဟ (၆၁) နှစ်

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းနှင့် ဂမ္ဘီရလောကမဂ္ဂဇင်း၏

ရေးဖော်ရေးဖက် စာရေးဆရာ စိုင်းကျော်သီဟသည်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊

အမှတ် (၅၅)၊ (၆) လွှာ၊ ဩဘာလမ်း နေအိမ်တွင်

(၁၂.၅.၂၀၁၁) ကြာသပတေးနေ့ နံနက် (၈:၄၅) နာရီတွင်

ကွယ်လွန်အနိစ္စရောက်သွားပါ၍ မိသားစုနှင့်

ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
ဂမ္ဘီရလောကမဂ္ဂဇင်း



သည်းထိတ်ရင်ဖို
မိုးဝေ
၁၆၇
2011

ထောင်မှလွတ်ရက်ကို မျှော်လင့်စောင့်စားနေရသည့်
မိန်းမသားတစ်ယောက်အပို့ခင်ပွန်းဖြစ်သူ အမှန်စာကယ်
ထောင်မှလွတ်၍ အိမ်ပြန်လာပါသော်လည်း...

---

## "ဝုန်း"

ကျယ်လောင်စွာ ပေါက်ကွဲထွက်ပေါ်လာသော မိုင်းခွဲလိုက် သံကြီးကြောင့် ကောင်းကင်ယံပေါ်ဝယ် မှိုပွင့်သဏ္ဍာန်မီးခိုးလုံးကြီးပေါ်ပေါက်လာပြီး ကျောက်တုံးကျောက်ခဲကြီးများ၊ သဲမှုန်များသည် ကောင်းကင်ယံမှ မြေပြင်ထက်ဆီသို့ လွင့်စဉ်ပြီးကျလာနေခဲ့သည်။ မိုင်းကွင်းနေရာဖြစ်သောကြောင့် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် ယခုလို ညနေပိုင်းအလုပ်သိမ်းပြီးချိန်မှာ ဖောက်ခွဲခဲ့ခြင်းဖြစ်ပါသည်။

ဒါကြောင့်လည်း လွင့်စဉ်ကျလာနေသော ကျောက်တုံး ကျောက်ခဲအစအနများသည် ကျောက်ကွင်းမြေပြင် ရှေ့ဝယ်အနှံ့အပြား ပြန့်ကျဲနေခဲ့လေသည်။ ဒီလိုမိုင်းခွဲနိုင်ရန်နေ့လယ်ပိုင်းကတည်းက လွန်ကိုင်ယမ်းကိုင်အဖွဲ့သည် လွန်ဖောက်ခြင်းကို ကြိုတင်ဆောင်ရွက်ထားနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ထိုသို့လွန်ဖောက်လုပ်ငန်း ပြီးစီးသွားသည့်အခါ ကျောက်ကွင်းလုပ်ငန်းခွင်ထဲမှာ ယမန်နေ့က ဖောက်ခွဲထားပြီးသော ကျောက်တုံးကျောက်ခဲများကို တပ်ခွဲအလိုက်တာဝန်ကျနေသော အကျဉ်းသားဘုတ်များက တစ်နေကုန်ထုခွဲနေရသည်။

တစ်နေ့ကုန်တစ်နေ့ခန်း နေပူကြီးထဲမှာ ကျောက်ထုနေကြခြင်း၊ ကျောက်တင်ပို့ပေးရခြင်းစသည့် လုပ်ငန်းများကို ညနေအလုပ်သိမ်းချိန် အမီကျောက်ကျင်းပုံစံပြည့်မီစေရန် ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်နေကြရသည်။ မိမိတို့အတွက် နိုင်ငံတော်မှ ချမှတ်လိုက်သော ပြစ်ဒဏ်ကို ခံယူကြရင်း ကျောက်ထုတ်လုပ်ငန်းခွင်မှာ ပြစ်မှုကြွေးကိုချွေးဖြင့် ပေးဆပ်နေခဲ့ကြသည်။

ဤကဲ့သို့ ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းလုပ်ငန်းခွင်မှာ တာဝန်ကျနေခဲ့သော အကျဉ်းသားများအနက်လွန်းကိုင်ယမ်းကိုင်အဖွဲ့တွင် တာဝန်ကျနေသော တိုက်ရင်တို့အကျဉ်းသားအဖွဲ့သည် နံနက်ပိုင်းကတည်းကလွန်ဖောက်နေခဲ့ကြသည်မှာ နေ့လယ်ပိုင်းအချိန်ထမင်းစားနားချိန်ရောက်မှ လွန်ပေ (၈၀)ခန့်သာဖောက်ပြီး သွားခဲ့ကြလေသည်။

နေ့လယ်ထမင်းစားနားချိန်မို့ အကျဉ်းသားအားလုံးလုပ်ငန်းခွင် သိမ်းပြီး နောက်တန်းအိပ်ဆောင်ထဲသို့ ပြန်လာခဲ့ကြရသည်။ ထမင်းစားရန်ဗိုကြီးမှာဝေငှနေသောပုံစံထမင်းနှင့်ပဲဟင်းရည်ကျဲတစ်ခွက်ကိုဒန်ပန်းကန်ပြားဖြင့် ထမင်းထည့်ပြီး ဒန်ဇလုံအသေးလေးဖြင့် ပဲဟင်းထည့်ကာ ထမင်းပန်းကန်အနားသတ်ပေါ် ငါးပိတစ်ကော်ခပ်ထည့်ခဲ့ပြီး ထမင်းစားဆောင်ရှိစားပွဲမှာ ထမင်းစားနေခဲ့ကြသည်။

အကျဉ်းသားတိုက်ရင်တစ်ယောက် ဒီကျောက်ထုတ်အလုပ်စခန်းသို့ ရောက်ရှိနေခဲ့သည်မှာ ဘာလိုလိုနှင့်လေးနှစ်ကျော်လွန်လာခဲ့ပြီ ဖြစ်ပါသည်။ လူသတ်မှုဖြစ်လာခဲ့သဖြင့် ထောင်ဒဏ် (၇)နှစ်ကျခံနေရခြင်းဖြစ်လေသည်။ ရွာထိပ်ထန်းရည်ဆိုင်မှာ အရက်အတူတူသောက်စားနေခဲ့ကြရင်း သူငယ်ချင်း အချင်းချင်းစကားများရန်ဖြစ်ခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းသို့ စကားများနိုက်ရန်ဖြစ်ပွားနေခဲ့ကြစဉ် တစ်ဖက်လူ၏ လက်သီးချက်ထိုးမိခံသွားရသောအခါ တိုက်ရင်တစ်ယောက်ဒေါသများပေါက်ကွဲကာ ထန်းတဲထဲရှိထန်းလှီးဓားဖြင့် ရင်ဝသို့ပြန်လည်ထိုးသတ်ခဲ့ခြင်းကြောင့် လူသတ်မှုပုဒ်မဖြင့် ထောင်ဒဏ် (၇)နှစ် ကျလာခဲ့ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ မိမိမမျှော်လင့်ဘဲ ထောင်ကျသွားခဲ့သောကြောင့် ဇနီးဖြစ်သူ မခင်နင်းမှာ တစ်နှစ်အရွယ်သမီးငယ်ကလေးနှင့် အပြင်မှာကျန်ရစ်ခဲ့လေသည်။ ယခုဆို သမီးကလေးဖြူပြာနှင်းပင်လေးနှစ်ကျော်ခန့်လောက်ရှိနေမည်ဖြစ်ပါသည်။ မိမိထောင်စကျနေစဉ်အချိန်ကာလမှာ အကျဉ်းထောင်ကြီးထဲမှာ ထောင်ကျနေခဲ့သဖြင့် တစ်ပတ်တစ်ခါထောင်ဝင်စာတွေ့ဆုံနိုင်ရန် မခင်နင်းတစ်ယောက်သမီးငယ်လေးချီပိုးပြီးလာရောက် တွေ့ဆုံနေကျဖြစ်လေသည်။

ယခုမိမိ ကျောက်ထုတ်လုပ်ရေးအလုပ် စခန်းသို့ပြောင်းရွှေ့သွားရသောအခါ တစ်လ တစ်ခါပင်လာရောက်တွေ့ဆုံနိုင်ရန်ခဲယဉ်းသွားခဲ့လေသည်။ မိမိကျောက်ထုတ်လုပ်ရေးအလုပ်စခန်းသို့ ရောက်ရှိလာခဲ့ပြီး နှစ်နှစ်သုံးနှစ်ထိထောင်ဝင်စာလာရောက် မတွေ့ဆုံနိုင်ဘဲ ရှိနေခဲ့သည်။ လွန်ခဲ့သော နှစ်ကမှ မိမိငှက်ဖျားရောဂါဖြစ်ပွားပြီး လူကြံဖြင့် စာထည့်မှာလိုက်သောအခါမှ တစ်လတစ်ကြိမ်လာတွေ့နိုင်တော့သည်။ မိမိရွာနှင့်အလုပ်စခန်းမှာ ဝေးကွာလွန်းသောကြောင့် ပုံမှန်လာရောက်မတွေ့ဆုံနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုမိမိစခန်းသို့ရောက်နေခဲ့သည်မှာလေးနှစ်တာကာလရှိနေခဲ့ပြီး မိမိကိုအခက်အခဲများကြားမှတွေ့ဆုံရန်ရောက်ရှိလာတတ်လေသည်။

"ဟေ့-တိုက်ရင် ထမင်းစားပြီးလို့ တပ်ခွဲတွေပြန်ထွက်ရင် ထောင်ကိုဒေါင်မှာ ညနေခွဲမယ့်မိုင်းအတွက် ယမ်းနဲ့အပေါင်းပါပစ္စည်းတွေ ထုတ်ယူရမယ်။ ကျန်တဲ့လူတွေကို မှာထားလိုက်ဦးကွ"

"ဟုတ်ကဲ့ . . . ဆရာ"

မိမိတစ်ယောက်တည်းထမင်းစားဆောင်ထဲမှာ ထမင်းစားနားနေရိုက် အတွေးရေလျဉ်ကြောမျောနေစဉ် ဆရာခင်မြင့်ပြောမှသတိပြန်ဝင်လာခဲ့သည်။ မိမိတို့အကျဉ်းသားများအားလုံး ထမင်းစားနားပြီး အိပ်ဆောင်ထဲမှာ အနားယူလဲလျောင်းနေခဲ့ကြလေသည်။ အိပ်ဆောင် (၂) ထဲမှာနေထိုင်သောမိမိတို့လွှန်ကိုင်ယမ်းကိုင်အဖွဲ့မှအကျဉ်းသားများထံသွားရောက်သတိပေးပြောကြားလိုက်လေသည်။

"မြဒေး တို့တပ်ခွဲတွေအလုပ်ပြန်ထွက်ရင် ညနေပိုင်းမှာမိုင်းခွဲဖို့ ယမ်းနှင့် ပစ္စည်းတွေယုတ်သွားရမယ်။ တပ်ခွဲထောက်ဂိုဒေါင်မှာ ဆရာ ခင်မြင့်စောင့်နေမယ်တဲ့။ အဲဒါဝိုင်းသယ်ကြဖို့လာခဲ့ကြဦးတဲ့"

"အေးပါကွာ - လောလောဆယ်၊ အနားယူနေတုန်း 'အေးအေးဆေးဆေးနားပါရစေဦး"

"ဒါဆိုပြီးတာပဲ"

တိုက်ရင်တစ်ယောက်အိပ်ဆောင်ထဲမှပြန်ထွက်လာခဲ့သည်။ ဆုံကြီးထောင်ဝင်းရှေ့မှာ ထောင်ဝင်စာတွေ့ဆုံရန်လာနေခဲ့ကြသော မိသားစုများဖြင့် စည်ကားနေလေသည်။ ထောင်ဝင်စာတွေ့ခွင့်ရသောအကျဉ်းသားများမှာ မိမိတို့အိမ်မှ မိသားစုများဖြင့် ထောင်ဘူးဝရှေ့ရှိ တံခါးကြီးထဲတွင် ထမင်းအတူတူစားနေကြရင်း လက်ဆုံကျနေခဲ့ကြသည်။

"တိုက်ရင် ရှိလားဟေ့၊ မင်းအိမ်က ထောင်ဝင်စာလာနေတယ်"

ထောင်ဝင်စာတာဝန်ကျသူ ဝန်ထမ်းတစ်ဦးမှနေပြီး အိပ်ဆောင်ဝမှအော်ဟစ်ခေါ်နေခဲ့လေသည်။ တိုက်ရင်တစ်ယောက်အိပ်ဆောင်ဝါးကြမ်းခင်းလေးပေါ်မှာလဲလျောင်းနေရင်း ဆေးလိပ်သောက် အနားယူနေရာမှ အော်ဟစ်မေးနေသံကြောင့် ကမန်းကတန်းထလိုက်ပြီးနောက်...

"ရှိတယ် ဆရာ"

"အေး - ရှိရင် ဘူးဝတံခါးကြီးကိုထွက်လာခဲ့။ မင်းမိန်းမနဲ့ကလေး ထောင်ဝင်စာတွေ့ဖို့ စောင့်နေတယ်"

"ဟုတ်ကဲ့ဆရာ"

တိုက်ရင်အိပ်နေရာမှ ကမန်းကတန်းထလာပြီး အိပ်ဆောင်ထဲမှ ဘူးဝတံခါးကြီးဆီသို့ ပြေးထွက်လာခဲ့လေသည်။ အလုပ်စခန်းများမှာ ထောင်ဝင်စာတွေ့ဆုံရမှု လွတ်လပ်မှုရှိလေသည်။ အကျဉ်းထောင်ကြီးများမှာတော့ ထောင်ဝင်စာတစ်ခါတွေ့ရန်နံနက်ပိုင်းကတည်းမှထောင်ဝင်စာစာရင်းတင်ပြီး တစ်နေကုန်ထိုင်စောင့်နေရတတ်သည်။ ယခုအလုပ်စခန်းမှာ မိမိတို့အိမ်က မိသားစုများထောင်ဝင်စာတွေ့ဆုံနိုင်ရန် ရုံးခန်းထဲရှိ ထောင်မှူးကြီးထံ ဝင်ရောက်သတင်းပို့လိုက်သည်နှင့် တပ်ခွဲရုံးမှ ခြေမြန်တော်အကျဉ်း

သား အော်ဒလီတစ်ဦးအား ရှေ့တန်းတပ်ခွဲအထိ လိုက်လံခေါ်ယူပေးနိုင်ခဲ့လေသည်။

"ခင်နှင်း နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ကိုတိုက်ရင်ရယ်။ ရှင်သာကျန်းမာရေးကို ဂရုစိုက်နေပါရှင်၊ ရာသီဥတုကအေးတော့ နွေးနွေးထွေးထွေးဖြစ်အောင်နေနော်။ အလုပ်က အရမ်းပင်ပန်းလား"

"အရင်လောက် သိပ်မပင်ပန်းတော့ပါဘူးဟာ။ ရောက်စတုန်းက ကျောက်ထုရ၊ ကျောက်တင်ပို့ရ၊ ကျောက်သယ်ရနဲ့ အရမ်းပင်ပန်းခဲ့တာပဲ။ ခု - ငါလွှန်ကိုင်ယမ်းကိုင်ဘုတ်မှာရောက်နေခဲ့လို့ အရင်လောက် သိပ်မပင်ပန်းတော့ပါဘူးဟာ"

"ရှင်တို့ အလုပ်က ဘာတွေလုပ်ရတာလဲ"

"တို့ဘုတ်က ကျောက်ကွင်းထဲမှာ ကျောက်ထုနေတဲ့ အကျဉ်းသားတွေ ကျောက်ထုခွဲလို့ရအောင် ကျောက်ဆောင်မျက်နှာပြင်ပေါ်မှာ လွှန်ဖောက်ပေးရပြီး ညနေအလုပ်သိမ်းချိန်ကျတော့ ဖောက်ထားတဲ့လွှန်ပေါက်တွေထဲယမ်းသိပ်ပြီး မိုင်းခွဲပေးရတာပေါ့ဟာ"

"ဟင် - ဒါဆို မိုင်းခွဲရတာ သိပ်အန္တရာယ်များမှာပေါ့"

"ဒါကလည်း လုပ်ငန်းကျွမ်းကျင်တဲ့ရဲဘက်တစ်ယောက်က တို့တွေ လွှန်ပေါက်ထဲမှာ ယမ်းသိပ်ထားတဲ့ ကျင်းတွေကို ကော့ဒက်ကြိုးနဲ့ဆက်သွယ်ပြီး၊ စနက်တံကို ဆေးလိပ်မီးရှို့ပြီးခွဲရတာပါ"

"အဲဒီလို မိုင်းခွဲတော့ လူတွေကို မထိခိုက်ကုန်ဘူးလား"

"ဘယ်ထိခိုက်မှာလဲ။ အားလုံးတပ်ခွဲတွေ အလုပ်သိမ်းပြီးအိပ်ဆောင်ထဲပြန်ရောက်မှ တို့အဖွဲ့က ငါးယောက်က ဘေးလွတ်ရာရှောင်နေပြီး၊ မိုင်းခွဲတဲ့တစ်ယောက်ပဲလွတ်အောင်ရှောင်ပြေးရတာလေ၊ဘယ်မှာလူကိုထိခိုက်နိုင်ပါ့မလဲ"

"သတိလည်းထားဦး ကိုတိုက်ရင်ရယ်၊ ကျွန်မဖြင့် ကြားရတာနဲ့ ရှင်တို့အလုပ်က ရင်တုန်ပန်းတုန်စရာကြီး"



**မီးတို့ဖြိုးစောက်ခဲ့သည့်**
**အကျဉ်းသားသည်**
**ဒဝီလှမ်းလှမ်းနေရာမှာ**
**သေးငယ်လိမ်ပိတို**
**ဝတ်စံမီးခြမ်းခြမ်းဖြိုး**
**မီးတို့လိုက်သည်။ ဖြိုးထော့မှ**
**မနက်ထဲထပ်ဆင်ယားရာနေရာသိ**
**ပြန်လာခဲ့ဖြိုး . . .**

"အေးပါဟာ – ငါလည်း – အမြဲသတိထားပြီး လုပ်ကိုင်နေပါတယ်။ ဒါနဲ့ သမီးလေးကော ကျောင်းထားပြီလား"

တိုက်ရင်က ဇနီးဖြစ်သူ မခင်နှင်းကို အလုပ်အကိုင်အကြောင်းတွေ ပြောဆိုနေရာမှ မိမိရင်ခွင်ထဲမှာ ပိုက်ထွေးထားသော သမီးလေး ဖြူပြာနှင်းကို မေးလိုက်ခြင်းဖြစ်ပါသည်။

"သမီးက ခုမှ လေးနှစ်ကျော်ပဲရှိသေးတော့ ရှေ့နှစ်ကျမှပဲ ကျောင်းအပ်တော့မယ်လေ။ အလုပ်ကတစ်ဖက် သမီးတာဝန်ကတစ်ဖက်နဲ့ ဂျင်ခြေလည်နေတော့တာပဲ"

"အေးပါကွာ – ငါလည်းမကြာခင်လွတ်တော့မှာပါ၊ ခုတောင် – နေသားထောင်ကျသက်လေးနှစ်ကျော်နေပြီဆိုတော့ သုံးဖို့တစ်ဖို့ အကိုတ်နဲ့တွက်လိုက်ရင် လွတ်ဖို့တစ်လနှစ်လလောက်ပဲ လိုတော့မှာပါ"

"ဟင် – ဒါဆို ရှင်လွတ်တော့မယ်ဆိုတော့ ဝမ်းသာလိုက်တာရှင်၊ ကျွန်မ မီးဖွားမယ့်အချိန်မှာ ရှင်အပြင်ကိုရောက်ပြီး ကျွန်မရဲ့အနားမှာရှိနေခဲ့ရင်တော့ တအားတက်တာပေါ့ရှင်"

"ဒါပေါ့ - ခင်နှင်းရယ် ဘာမှအားမငယ်နဲ့နော်၊ အစ်ကို ထောင်ကလွတ်တာနဲ့ ခင်နှင်းနဲ့ သမီးလေးဆီကို အမြန်ဆုံးရောက်အောင်ပြန်ခဲ့မယ်။ ဆက်ဆက်စောင့်ကြိုနေနော်"

"ဒါဆို ကျွန်မရှင့်လွတ်မယ့်အချိန်ကျ - ထောင်ဝကနေ လာကြိုဆိုနေဖို့စခန်းကိုလိုက်လာခဲ့မယ်လေ"

"ဟာ - ခင်နှင်းက မပေါ့မပါးကြီးနဲ့၊ လာရမှာ ဒုက္ခများပါတယ်။ အစ်ကိုကို ဘာမှနောက်ဆံတင်းမနေနဲ့ အစ်ကိုလွတ်ပြီဆိုတာနဲ့ အိမ်ကိုချက်ချင်းရောက်အောင် ပြန်လာခဲ့မှာပါ။ ခင်နှင်းသာ စောင့်နေနော်"

တိုက်ရင်နှင့် ဇနီးသည် မခင်နှင်းတို့သားအမိမှာ ဆူးကြိုးထောင်ဘူးဝတံခါးကြီးထဲမှာ အားပါးတရစကားများပြောဆိုနေပြီး တစ်ဦးကို တစ်ဦးစိတ်မချနိုင်ဘဲ မှာကြားနေကြခြင်းဖြစ်ပါသည်။ ထောင်ဝင်စာတွေ့ဆုံကြချိန်ပြည့်သွားသောကြောင့် မိသားစုများမှာ ဆူးကြိုးထောင်အပြင်ဘက်ထွက်သွားပြီးစောင့်နေကြသည်။

မိမိတို့လင်သားများ၊ ညီအစ်ကိုမောင်နှမများ ရေ့တန်းကျောက်ကွင်းလုပ်ငန်းခွင်ထဲဆီသို့ ညနေပိုင်းထွက်ပြီး အလုပ်လုပ်ကြတော့မည်မို့ တွေ့တုန်းတွေ့ခိုက်စောင့်ကြည့်နေခဲ့ကြလေသည်။ ထို့နောက် တစ်မိုင်ခန့်ဝေးသော ရေ့တန်းလုပ်ငန်းခွင်ဆီသို့ တပ်ခွဲအလိုက်တန်းစီပြီး တရွေ့ရွေ့ထွက်ခွာသွားနေကြသည်ကို လှမ်းမျှော်ကြည့်ရှုနေကြရင်း နောက်တန်းနေရာမှာကျန်ရစ်ခဲ့ပြီး ပြန်သွားခဲ့ကြလေသည်။

တိုက်ရင်တို့လွန်းကိုင်ယမ်းကိုင်အဖွဲ့မှာ လုပ်ငန်းခွင်ရှိရာသို့ ချက်ချင်းမသွားဖြစ်ကြသေးဘဲ နောက်တန်းရုံးနေရာရှိ ရိက္ခာထောက်ပံ့ဒေါင်နေရာမှာ ယမ်းနှင့်အပေါင်းအပါပစ္စည်းများကို ထုတ်ယူရန်စောင့်နေကြရသည်။ ထိုအချိန် တိုက်ရင်သည် နောက်တန်းရှိတပ်ခွဲရုံးမှာ ရုံးထိုင်နေသော ရုံးတာဝန်ခံ ထောင်မှူးကြီးဆီဝင်ရောက်တွေ့ဆုံခဲ့လေသည်။

"ဟော့ - တိုက်ရင် ဘာကိစ္စလဲကွ"

"ဆရာကြီး ကျွန်တော့်အိမ်က မိန်းမတောင်ဝင်စာလာတွေ့လို့ပါ။ အဲဒါ သူကလည်း ကျွန်တော်ရဲ့လွတ်မြောက်ရက်လေးသိချင်လို့ဘုတ်လာတိုက် ကြည့်တာပါ"

အကျဉ်းသားဘာယာ လှတင်ဆိုသူမှ ရုံးခန်းထဲရှိ ဗီရိုတံခါးကို ဖွင့်ပြီး သိမ်းထားသော ထောင်ကျဝရမ်းစာရွက်များကို ရှာဖွေကြည့်ရှုနေပြီး ဝရမ်း တစ်စောင်ယူလာခဲ့လေသည်။ ထောင်မှူးကြီး စိုးဝေ ထိုင်နေသော စားပွဲ ပေါ်သို့အသာအယာတင်လိုက်စဉ် ထောင်ကျဝရမ်းထဲမှ လျော့ရက်ကတ် ပြားလေးကို အလျှင်စလိုဆွဲထုတ်ကြည့်လိုက်လေသည်။

"ဟာ - တိုက်ရင် - မင်းကထောင်ကျနေတာ လေးနှစ်တောင်ကျော် နေခဲ့ပြီပဲ၊ သုံးဖို့ တစ်ဖို့အကိုက်လွတ်မယ်ဆိုရင် နောက်တစ်လနှစ်လ အတွင်းမှာလွတ်နိုင်မယ်ကွ"

"ဆရာ - ဒါဆိုဘယ်လပိုင်းလောက်မှာလွတ်နိုင်မလဲ ဆရာကြီး"

"အင်း - နမတ်လဆိုတော့ သကြံန်လောက်မှာလွတ်နိုင်တယ်ကွ၊ ငါ အထူးဆုမှတ်ရက်ကွာတွေ စစ်ဆေးကြည့်ပြီးထည့်လိုက်ရင် အနီးကပ်ဆုံး မှာ လွတ်နိုင်အောင် စီစဉ်ပေးပါ့မယ်"

"ကဲ - ခင်နှင်းကြားတယ်နော်၊ အစ်ကိုလွတ်မြောက်ဖို့ အလွန်ဆုံး တစ် လခွဲလောက်ပဲ လိုတော့မှာ။ အိမ်ကစောင့်နေနော်၊ အစ်ကိုအမြန်ဆုံး ဆက် ဆက်ရောက်အောင်ပြန်လာခဲ့မယ် သိလား"

"ဟုတ်ကဲ့ပါအစ်ကို - ခင်နှင်းအိမ်ကနေ အစ်ကို့ကို မျှော်နေမယ်နော်။ ကဲ - ဆရာ - ကျွန်မတို့ မိသားစုကို ခုလိုကူညီပေးတာ ကျေးဇူးအထူးတင်ပါ တယ်ရှင်"

"ရပါတယ် ကလေးမရယ် - ဆရာတို့က ကိုယ့်လက်အောက်ငယ်သား အကျဉ်းသားတွေရဲ့လူမှုရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမှာ ဆရာ တို့တာဝန်ပါ၊ ကဲ - ကဲ သွားကြတော့"

"ဟုတ်ကဲ့ ဆရာ"

တိုက်ရင်၏ ဖနီးသည် မခင်နှင်းတစ်ယောက် ရုံးခန်းထဲရှိထောင်မှုး ကြီး စိုးဝေကို နှုတ်ဆက်ပြီး သမီးလေးလက်ကိုဆွဲကာ စခန်းထဲမှ တရွေ့ရွေ့ ထွက်ခွာသွားနေခဲ့လေတော့သည်။

ထို့နောက် တိုက်ရင်သည် မိမိတို့ဘုတ်အဖွဲ့သားများ ရှိနေသော ထောက်ဂိုဒေါင်ဘက်ဆီထွက်ခွာလာခဲ့လေသည်။ ဂိုဒေါင်ထဲမှ ထုတ်ယူ လာသော ယမ်းနှင့်အပေါင်းအပါပစ္စည်းများကိုထုတ်၍ယမ်းနှင့်ဒီဖယ်ဆီကို တိုင်ကီပြတ်ထဲမှာ ရောထည့်မွှေနောက်စပ်နေခဲ့သည်။ ပြီးမှ ထုံးမှုန့်များကို ပလတ်စတစ်အိတ်ရှည်လေးထဲ သွတ်သွင်းထည့်နေခဲ့ပြန်သည်။ ထိုသို့ကြို တင်လုပ်ဆောင်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ပြီးရေ့တန်းတပ်ခွဲဆီသို့ ထွက်လာခဲ့ကြလေသည်။

ဘုတ်တာဝန်ခံတပ်ကြပ်ခင်မြင့်မှာ ဖောက်ခွဲရာတွင် အရေးကြီးသော ဒီတိုနေတာဘူးကို သေသေချာချာကိုင်ဆောင်လာခဲ့ပြီး တိုက်ရင်ကတော့ ကော့ဒက်ကြိုးအခွေလိုက်ကိုပခုံးမှာချိတ်လွယ်ပြီးသယ်ယူလာနေခဲ့သည်။ ကျန်အဖွဲ့သားများက ယမ်းစပ်ထားသော တိုင်ကီပြတ်ကိုဝါးလုံးဖြင့် နှစ် ယောက်အတူတူ ထမ်းလာနေသလို ကျန်နှစ်ဦးကဖောက်ခွဲရာတွင် အသုံး ပြုသော ပစ္စည်းကိရိယာများကို သယ်ယူလာခဲ့ကြသည်။

ညနေပိုင်း အလုပ်သိမ်းချိန်နီးကပ်နေသောကြောင့် ထုခွဲပြီးသား ကျောက်အရွယ်အစားများကို ကျောက်ကားကြီးများပေါ်သို့ တင်ပို့နေခဲ့ကြ လေသည်။ တိုက်ရင်တို့အဖွဲ့သား ငါးဦးမှာ ညမိုးမချုပ်မီမိုင်းခွဲနိုင်ရန် နံနက် ပိုင်းက ဖောက်ထားသော လွန်ပေါက်များထဲသို့ ဒီဖယ်ဆီနှင့်ရောစပ်ထား သော ယမ်းများကို သိပ်ထည့်ကာ ဝါးတုတ်တံဖြင့်ကိုင်ဆောင့်ပြီး ဖိသိပ် ကြပ်နေအောင် ဆောင့်ပေးနေရသည်။ ပြီးမှထုံး၍ထုပ်ထားသော ပလတ်စ တစ်အိပ်ငယ်လေးသုံးထုပ်ကိုအပေါ်မှ ဖိသိပ်ထည့်ပေးခဲ့သည်။

ထိုကဲ့သို့ယမ်းကိုလွန်ပေါက်ကျင်းထဲထည့်သိပ်နေစဉ်ကော့ဒက်ယမ်း ဆက်သွယ်ကြိုးကို လွန်ပေါက်ထဲထိုးထည့်ပြီးမှ ယမ်းနှင့် ထုံးထုပ်ကိုဖိသိပ် ထည့်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့ ယမ်းနှင့်ထုံးသိပ်ထည့်ထားခဲ့သော ကော့

ဒက်ကြိုးအရှည်ကို လွန်ပေါက်ကျင်းအပေါ်တွင် လက်တစ်ထွာခန့်ချန်ပြီး ဖြတ်တောက်ပစ်ခဲ့သည်။

ထိုနည်းတူ အခြားသောလွန်ပေါက်ကျင်းများထဲကိုလည်း ကော့ဒက်ကြိုးစအောက်မှခံထည့်ကာ ယမ်းနှင့် ထုံးထုပ်များကိုအပေါ်မှနေ၍ ဖိသိပ်ထည့်ပြီး ကျပ်နေအောင် ဝါးတုတ်တံဖြင့် ဆောင့်ပေးခဲ့ရလေသည်။ အားလုံးပြီးစီးသွားသောအခါ လွန်ပေါက်ကျင်းများပေါ်မှာ တစ်ထွာခန့်စီဖြတ်ထားခဲ့သော ကြိုးစများအား ကော့ဒက်ယမ်းကြိုးအရှည်ဖြင့် တစ်စစီဆက်သွယ်ချည်နှောင်ဆက်ထားလိုက်သည်။

ထို့နောက် တပ်ခွဲတွင်လုပ်ငန်းလုပ်ကိုင်နေသော အကျဉ်းသားဘုတ်အဖွဲ့များလုပ်ငန်းခွင်သိမ်းပြီး အိပ်ဆောင်ဆီသို့ အသီးသီးပြန်သွားခဲ့ကြလေသည်။ ကျောက်ကွင်းလုပ်ငန်းခွင်ထဲမှာ ကျောက်လာတင်ပြီး သယ်ယူနေသော ကျောက်ကားကြီးများအားလုံးလိုလို မောင်းထွက်ရှင်းလင်းသွားတော့မှ မိုင်းခွဲရန်စီစဉ်ရလေတော့သည်။

ပထမဦးစွာမိုင်းခွဲမည့်နေရာပတ်ဝန်းကျင်မှာ အန္တရာယ်ကင်းရှင်းစေရန် ကျောက်ကွင်းနယ်မြေဖြတ်သန်းသွားလာခြင်းမပြုရဟု ဆိုင်းဘုတ်များကို ကျောက်ကွင်းလမ်းပေါ်မှာ စိုက်ထူထားရလေသည်။ ကျောက်ကွင်းနယ်မြေအစပ်မှာ ယမ်းဖောက်ခွဲတော့မည်မို့ အန္တရာယ်သတိပေးအလံနီများဝါးလုံးအရှည်ဖြင့် အမြင့်မှာတင်ပြီးလွှင့်ထူထားသည့် ကျောက်ကွင်းနယ်မြေထဲသို့လမ်းမှားဝင်ရောက်လာမည့် လူ၊ တိရစ္ဆာန်များအားမဝင်ရောက်လာနိုင်အောင် အကျဉ်းသားတစ်ဦးမှ ဝီစီမှုတ်၍ ကြားလောက်အောင်အချက်ပေးနေရသည်။

အားလုံးပြီးစီးသွားသောအခါ တာဝန်ခံဆရာဖြစ်သူ တပ်ကြပ်ခင်မြင့်သည် ဒီတိုနေတာပေါ်တွင် အရှည်တစ်ပေခွဲခန့်ရှိသော စနက်တံဖြစ်ကိုတပ်ဆင်၍ ဖောက်ခွဲမည့် မိုင်းအတွက်တပ်ဆင်ထားသော ကော့ဒက်ယမ်းကြိုးစဖြင့် ချိတ်ဆက်လိုက်လေသည်။ အားလုံးပြီးသွားသောအခါ မိုင်းကွင်းထဲတွင်ရှိနေသော လမ်းအဝင်အထွက်ဂိတ်နေရာများမှာ လူသွားလူလာ

များအား မိုင်းကွင်းထဲမဝင်ရောက်နိုင်အောင်တားဆီးသည့်အနေဖြင့် ချေမှုတ်၍ ဆူညံစွာအချက်ပေးနေခဲ့ကြလေသည်။

ထိုသို့အစစအရာရာ ပြုလုပ်တပ်ဆင်ပြီးသွားသောအခါ ယမ်းဖောက်ခွဲရန်အဆင်သင့်ဖြစ်နေသောကြောင့် စနက်တံကြိုးစအား မီးတို့၍ ဖောက်ခွဲနိုင်ရန် စီစဉ်ခဲ့လေသည်။ ယင်းမှာ မီးတို့ပြီးဖောက်ခွဲမည့် အကျဉ်းသားသည် ခပ်လှမ်းလှမ်းနေရာမှာ ဆေးပေါ့လိပ်ကို ဂက်စ်မီးခြစ်ခြစ်ပြီး မီးတို့လိုက်သည်။ ပြီးတော့မှ စနက်တံတပ်ဆင်ထားရာနေရာဆီ ပြန်လာခဲ့ပြီး မိမိအသက်အန္တရာယ်ကင်းရှင်းအောင် ရှောင်ရှားပြေးပုန်းနိုင်မည့်နေရာအခင်းအကျင်းကို လှမ်းကြည့်ပြီး စနက်တံကိုဆေးလိပ်မီးဖြင့် တို့လိုက်သည်။

ဤသို့ဆေးလိပ်မီးဖြင့် တို့လိုက်သောကြောင့် စနက်တံမှာမီးကူးစက်သွားကာ မီးပန်းဖောက်သလိုမျိုး မီးပွားများသည် စနက်တံကြိုးတစ်လျှောက် တဖွားဖွားလောင်ကျွမ်းသွားနေခဲ့သည်။ စနက်တံမီးကူးလောင်ကျွမ်းနေစဉ် အကျဉ်းသားသည် ကျောက်ဆောင်နံရံကြီးအထက်ဆီသို့ အကာအကွယ်ယူရန် လျင်မြန်စွာပြေးလွှားပုန်းခိုနေရာယူ ဝပ်နေလိုက်သည်။ စနက်တံကြိုးမှာတောက်လျှောက် မီးကူးလောင်ကျွမ်းသွားခဲ့ပြီးနောက်...

"ဝုန်း"

ဆိုသောကျယ်လောင်မြည်ဟည်းသည့်ယမ်းပေါက်ကွဲသွားသံကြီးမှာ နားအူသွားမတတ်ကြားလိုက်ရလေတော့သည်။ ထိုသို့ ဝုန်းခနဲပေါက်ကွဲသွားသံအဆုံးမှာ ကောင်းကင်ယံပေါ်မီးခိုးနှင့် ဖုန်လုံးရောထွေးနေသော မှိုပွင့်သဏ္ဌာန်မှိုင်းလုံးကြီးပေါ်ပေါက်လာခဲ့ပြီးကျောက်တုံး၊ ကျောက်စိုင်ခဲများသည် လေထဲမှာလွင့်ပျံ့ကျလာနေခဲ့လေတော့သည်။

ထိုသို့ယမ်းပေါက်ကွဲမှု၊ ကျောက်များလွင့်စဉ်ပြန့်ကြဲလာမှုများ ငြိမ်သက်သွားသောအခါ တပ်ကြပ်ခင်မြင့်တို့ လွှန်ကိုင်ယမ်းကိုင်အဖွဲ့သည် ကျောက်ကွင်းနေရာဆီပုန်းအောင်းနေရာမှ မိုင်းကွဲမှုအခြေအနေကို ပြေးလာကြည့်ကြရလေသည်။ မိုင်းကွင်းနေရာကျောက်ဆောင်ကြီး၏ ရှေ့ဝယ်

စောစောက ပေါက်ကွဲသွားခဲ့သော ယမ်းအားကြောင့် ကျောက်တုံးကြီးငယ် အရွယ်အစားအမျိုးမျိုးကျောက်ကွင်းမြေပြင်ပေါ်မှာ ပြန့်ကျဲနေခဲ့လေသည်။

ကျောက်ကွင်းနေရာတစ်ပိုက်မှာ ယမ်းနံ့များ၊ ဖုန်မှုန့်များဖြင့် မှုန်ထူနေခဲ့လေသည်။ မိမိတို့ ယမ်းခွဲပြီးသွားချိန်ဝယ် ထောင်မှူးကြီး စိုးဝေလည်း ရောက်ရှိလာခဲ့လေသည်။ ကျောက်ကွင်းမြေပြင်အနှံ့မှာ ပြန့်ကြဲနေသော ကျောက်တုံးကြီးများ၊ ကျောက်အစအနများကို ကြည့်ရှုစစ်ဆေးလျက်…

"ဆရာခင်မြင့် ဒီနေ့ လွန်ပေဘယ်လောက်ကျခဲ့လဲ"

"လွန်ပေတစ်ရာ့ရှစ်လောက်ရှိပါတယ်"

"အေး – ဒါဆို တပ်ခွဲတာဝန်ခံတွေကို ကျောက်ကျင်းဆယ့်ခြောက်ကျင်းအနည်းဆုံး ထုတ်လုပ်ပေးဖို့ အကြောင်းကြားခိုင်းလိုက်"

"ဟုတ်ကဲ့ – ဆရာ"

ထောင်မှူးကြီး စိုးဝေသည် မိုင်းခွဲပြီးသွားသောကြောင့် ကျောက်ကွင်းအနီးရှိရေကန်ထဲမှာ ရေချိုးပြီးပြန်လာနေခဲ့ကြသော လွှန်ကိုင်ယမ်းကိုင်အဖွဲ့မှအကျဉ်းသားများကို ထောင်ထိပ်ပေါ်ရှိစခန်းခွဲတာဝန်ခံတဲလေးထဲမှ လှမ်းကြည့်နေခဲ့သည်။

"တိုက်ရင် … ခဏ လာပါဦးကွ"

"ဟုတ်ကဲ့ – ဆရာကြီး"

"မင်းရဲ့လွတ်ရက်နဲ့ပတ်သက်ပြီး နေ့လယ်ပိုင်းကရုံးခန်းထဲမှာ မင်းရရှိထားတဲ့ အထူးဆုမှတ်ရက်ကွာစာရင်းတွေ – ဖြည့်သွင်းပြီး လစဉ်ရရှိနေကျ သာမန်လျော့ရက်တွေပါထည့်သွင်းကြည့်ပြီးပြီ၊ ငါထောင်ပိုင်ကျွန်ရက်တောင်းပေးဖို့စာရင်းထဲမှာ မင်းကိုပါထည့်ပေးထားတယ်။ ကျွန်ရက်သာရရင်တော့ မင်းရှေ့လထဲ လဆန်းလောက် လွတ်လိမ့်မယ်ကွ"

"ဟုတ်ကဲ့ – ကျေးဇူးတင်ပါတယ် ဆရာကြီး၊ မိန်းမနဲ့ကလေးကိုခွဲပြီးနေရတာကြာနေတော့ မိသားစုနဲ့ စုံစုံညီညီ အမြန်ဆုံးပြန်တွေ့ချင်လှပါပြီ"

"အေးပါကွာ – ငါလည်း ထောင်ပိုင်ကြီးနဲ့တွေ့ပြီး၊ မင်းရဲ့အခက်အခဲကို တင်ပြပေးကြည့်ပါ့မယ်။ မပူနေစမ်းပါနဲ့ကွာ"

တိုက်ရင်တစ်ယောက် အရမ်းပျော်နေခဲ့သည်။ နေ့စဉ်ထုတ်ပြန်နေသော လွတ်လူစာရင်းမှာ မိမိနာမည်များပါလာလေမလားလို့ ရှာဖွေကြည့်နေရတာလည်း အမောပါပဲ။ ဘာပဲဖြစ်ဖြစ် ထောင်မှူးကြီး စိုးဝေကတော့ မိမိလွတ်မြောက်နိုင်ရေးအတွက် အစွမ်းကုန်ကူညီပေးနေမည်ကို ယုံကြည်နေခဲ့လေသည်။

ဒါကြောင့်လည်း တိုက်ရင်တစ်ယောက်တက်တက်ကြွကြွနှင့် လုပ်ငန်းခွင်ထဲမှာ တာဝန်ထမ်းဆောင်နေခဲ့လေသည်။ လွန်ကိုင်ယမ်းကိုင်အဖွဲ့နှင့်အတူ လွန်ဖောက်ခြင်း၊ ယမ်းသိပ်ထည့်၍ မိုင်းခွဲခြင်းလုပ်ငန်းများ ယခင်ကထက်တိုးပြီး ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်နေခဲ့လေသည်။

မကြာမီ သင်္ကြန်ကျရောက်တော့မည့်အချိန်အခါသို့ ဆိုက်ရောက်လာတော့မည်။ မြန်မာတို့ရဲ့နှစ်သစ်ကူးအချိန်အခါသမယမို့ ကျောက်ထုတ်

တိုက်ရင်တစ်ယောက် ထောင်မှပေးလိုက်သော လွတ်လက်မှတ်နှင့် ခရီးသွားဝရမ်းစာရွက်ကို အိတ်ကပ်ထဲထည့်ကာ ဝမ်းသာပျော်ရွှင်စွာဖြင့် စခန်းဝင်းထဲမှ အပေါင်းအသင်းများကို နှုတ်ဆက်ကာ ထွက်ခွာသွားခဲ့လေတော့သည်။



လုပ်ရေးအလုပ်စခန်းထဲမှာရှိနေခဲ့ကြသောအကျဉ်းသားများသည်။ထောင်မှအရမ်းလွတ်ချင်ကြသော ဆန္ဒပြင်းပြနေခဲ့လေသည်။ထိုသို့သကြိန်ကျရန်တစ်ပတ်ခန့်အလိုမှာပင် တိုက်ရင်အတွက် ဝမ်းသာစရာကောင်းသောသတင်းတစ်ရပ်ထွက်ပေါ်လာခဲ့လေသည်။ သကြိန်မတိုင်ခင်လွတ်မြောက်ကြမည့် အကျဉ်းသားလွတ်လူစာရင်းထဲမှာ တိုက်ရင်လည်းပါဝင်လာခဲ့လေတော့သည်။

"တိုက်ရင် - လွတ်လူဟေ့"

စခန်းတပ်ခွဲရုံးမှ အကျဉ်းသားဘာယာတစ်ဦး တိုက်ရင်တို့ လွန်ဖောက်နေသည့် ကျောက်ကွင်းထဲနေရာသို့ အပြေးအလွှားရောက်ရှိလာခဲ့ပြီး ထောင်မှလွတ်မည့် အကျဉ်းသားများ၊တည်းမှာပါဝင်နေသော တိုက်ရင်ကိုလာရောက် အကြောင်းကြားခေါ်နေခဲ့သည်။

"ဟာ - ဝမ်းသာစရာပဲကွ၊ ငါလွတ်ပြီကွ - မြအေးရ"

"ကွန်ဂရက်ကျူလေးရှင်းပဲ တိုက်ရင်"

"ဟေ့ကောင် တိုက်ရင် မင်းကတော့ လွတ်ရက်စေ့လို့ ထောင်ကလွတ်မြောက်သွားခဲ့ပေမဲ့ တို့ကတော့ စခန်းမှာပဲ ထောင်သက်ကြာနေဦးမယ်ထင်ပါရဲ့ကွာ"

"ဟာ . . . သူငယ်ချင်း လုသိန်းကလည်းကွာ၊ အဲဒီလောက်စိတ်ဓာတ်မကျစမ်းပါနဲ့ကွာ မင်းကထောင်ဆယ်နှစ်ကျနေခဲ့တာဆိုတော့ တစ်နေ့နေ့တော့လွတ်ရက်ပေါ်လာမှာပါကွာ စိတ်ရှည်ရှည်နဲ့သည်းခံစောင့်စမ်းပါကွာ"

"ဟားဟား - တိုက်ရင်တို့ကတော့ နေ့သုံးနေ့ထဲမှာ အပျော်ဆုံးနေ့ဖြစ်တဲ့ ထောင်ကလွတ်မယ့်နေ့ကို ရောက်လာပြီဆိုတော့ ဘဝတူအကျဉ်းသားတွေအတွက် ဂုဏ်ယူစရာပါပဲကွာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ငါလည်း ငှါမိန်းမပီးဖွားခါနီးအချိန်မှာ လွတ်မြောက်လာခဲ့ရလို့ အရမ်းဝမ်းသာတယ်ကွာ။ ငါအမြန်ဆုံးအိမ်ကိုရောက်အောင်ပြန်မှ ဖြစ်မယ်ကွ"

တိုက်ရင်တစ်ယောက်မိမိနှင့် နှစ်ရှည်လများအတူတူအလုပ်တွဲလုပ်လာခဲ့ရသော သူငယ်ချင်းများနှင့် လမ်းခွဲရတော့မည်မို့ စိတ်ထဲမှာ အလိုလိုဝမ်းနည်းလာခဲ့မိသည်။ သို့သော်လည်း မိမိဇာတိအခြေအနေက ကိုယ်ဝန်ကြီးနှင့် ဖနီးသည် မခင်နှင်းတစ်ယောက် မိမိပြန်လာမည့်လမ်းကို မှန်းဆရည်ရွယ်ကာ စောင့်မျှော်နေမည်ကို တွေးပြီး အိမ်ပြန်ချင်စိတ်က ပိုကဲနေခဲ့လေသည်။

"တိုက်ရင် - မင်းကိုထောင်ပိုင်ကြီးထံမှာ ကျန်ရက်တောင်းခဲ့တာ ကျန်ရက်ခုနစ်ရက်လောက်ခံပေးလိုက်တယ်ကွ၊ အဲဒီကျန်ရက်ကို မင်းရဲ့သာမန်လွတ်ရက်ထဲက နုတ်လိုက်တော့ သကြၤန်ရက်ထဲမှာ လွတ်ရက်အကျုံးဝင်သွားခဲ့လို့ ခုလို သကြၤန်မတိုင်ခင်ရက်မှာ လွတ်ပေးခဲ့တာပဲ"

"ဆရာကြီးရယ် - ဆရာကြီးကျေးဇူးကို တစ်သက်မမေ့ပါဘူး"

ထောင်မှူးကြီး စိုးဝေက ရုံးခန်းထဲဝင်ရောက်လာနေသော လွတ်လူအကျဉ်းသားတိုက်ရင်ကို ခရီးဦးကြိုဆိုပြီး ဝမ်းမြောက်စရာသတင်းကောင်းပါးနေခဲ့လေသည်။ ထို့နောက် တိုက်ရင်အား လွတ်ရန်အတွက်ထောင်ကမှတ်ပုံတင်စာအုပ်ဖြင့် ကိုယ်ရေးအချက်အလက်များနှင့် ခန္ဓာကိုယ်ပေါ်မှအမှတ်အသားများကို တိုက်ဆိုင်စစ်ဆေးနေခဲ့သည်။ မကြာမီ လွတ်လူလုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးသွားသောအခါ ထောင်မှူးကြီး စိုးဝေက လွတ်လက်မှတ်ပေါ်တွင် လက်မှတ်ရေးထိုးပြီးပေးအပ်ခဲ့လေသည်။

တိုက်ရင်တစ်ယောက် မိမိအတွက် စခန်းမှနေအပြီးအပိုင် လွတ်လိုက်သော လွတ်လက်မှတ်နှင့် ခရီးသွားစရိတ်ငွေကိုယူဆောင်ခဲ့ပြီးနောက် ထောင်မှူးကြီး စိုးဝေကိုထိုင်ကန်တော့နေခဲ့လေသည်။

"အေးကွာ မင်းတို့လင်မယားအိုအောင်မင်းအောင် ပေါင်းကြရပါစေ ခလုတ်မထိဆူးမငြိဘဲ အေးရန်ကင်းစေကြပါစေ၊ ငါ့တပည့်နောက်ကို ထောင်မမိုက်ပါနဲ့တော့ကွာ။ ဒေါသတရားကိုထိန်းနိုင်သမျှ ထိန်းချုပ်သည်းခံရပ်ရွာထဲမှာ လူကောင်းသူကောင်းတစ်ယောက်အဖြစ် နေထိုင်သွားပါကွာ"

"စိတ်ချပါဆရာ နောက်ထပ်ဒီလိုအဖြစ်မျိုး ထပ်မံပြီးတော့ မကျူးလွန်တော့ပါဘူးလို့ ဆရာ့ကြီးကို ကတိပေးပါတယ်ခင်ဗျာ"

"အေး...အေး...သာမှ သာမှ သာမှ ကဲ-ကဲ သွားတော့နော်"

တိုက်ရှင်တစ်ယောက် ထောင်မှပေးလိုက်သော လွှတ်လက်မှတ်နှင့် ခရီးသွားဝရမ်းစာရွက်ကို အိတ်ကပ်ထဲထည့်ကာ ဝမ်းသာပျော်ရွှင်စွာဖြင့် စခန်းဝင်းထဲမှ အပေါင်းအသင်းများကို နှုတ်ဆက်ကာ ထွက်ခွာသွားခဲ့လေတော့သည်။

ညနေဖစောင်းအချိန်ခန့်လောက်တွင် ယောက်ျားကြီးနှစ်ယောက်သည် စခန်းဝင်းထဲရှိ တပ်ခွဲရုံးခန်းထဲသို့ ရေးကြီးသုတ်ပျာဝင်ရောက်လာခဲ့သည်။ ထောင်မှူးကြီး စိုးဝေမှာ နံနက်ပိုင်းကတည်းမှ လွှတ်လူကိစ္စများဖြင့် အလုပ်ရှုပ်နေခဲ့၍ နေ့လယ်ထမင်းစားနားပြီး ရုံးတက်လာခဲ့လေသည်။ ရုံးပေါ်မှာ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခဲ့ပြီး ညနေပိုင်းကျောက်တွင်းထဲ သွားရန်ပြင်ဆင်နေခဲ့စဉ် ဖြစ်ပါသည်။

"ဘာကိစ္စများအရေးတကြီးရှိလို့လဲခင်ဗျာ"

"ဩော် - ဒီလိုပါဆရာ ကျွန်တော်က တိုက်ရှင်ရဲ့အစ်ကိုပါ"

"ဩော် - ဩော် - ထိုင်ကြပါဦးခင်ဗျာ"

ထောင်မှူးကြီး စိုးဝေက ဖိတ်မန္တကပြုလိုက်ပြီး မိမိစားပွဲရှေ့ရှိ ကုလားထိုင်မှာဝင်ထိုင်စေလိုက်သည်။ ထို့နောက် ပြင်ပမှရောက်လာသော လူနှစ်ဦးအနက် တိုက်ရှင်၏အစ်ကိုဆိုသူမှ...

"တိုက်ရှင်တစ်ယောက် ဒီလပိုင်းလောက်လွှတ်မယ်ဆိုလို့ ကျွန်တော်တို့အရေးတကြီးလွှတ်ပေးဖို့ လာရောက်ဆွေးနွေးတာပါခင်ဗျာ"

"ဟာ - တိုက်ရှင်ကိုလွှတ်ရက်စေ့လို့ မနက်ပိုင်းကပဲ ဒီစခန်းကနေ လွှတ်ပေးလိုက်ပါပြီ"

"ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်ပဲ ထောင်ပိုင်ကြီးထံမှာ လွှတ်မြောက်ဖို့တင်ပြခက်တောင်းပြီး ဒီမနက်ကပဲ လွှတ်ပေးလိုက်ပါပြီ"

"အင်း - ကံဆိုးလိုက်တာ ခင်နှင်းရယ်"

"မခင်နှင်း ဘာဖြစ်လို့လဲ"

"မနေ့ညနေကပဲမနေ့ညနေကကောက်စိုက်သမအုပ်စုတွေနဲ့အတူတူ လယ်စိုက်ပြီးအပြန် မြွေပေါက်ခံရပြီး အချိန်မီဆေးရုံပို့ပေမဲ့ မြွေဆိပ်ပြန့်နေ လို့မနေ့ညကပဲဆုံးသွားတယ်"


"ဗျာ"

"အေးလေ - သူကထောင်ကလွတ်မြောက်သွားခဲ့လို့ ဝမ်းသာအား နေရမယ့်အချိန်မှာ အိမ်မှာတော့ သူ့မိန်းမအလောင်းက ဆီးကြိုနေတော့ မှာပေါ့ဗျာ။ ကဲ - ဆရာ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့ - စိတ်မကောင်းလိုက်တာဗျာ၊ မနက်ပိုင်းတုန်းကတော့ ထောင်ကနေလွတ်မြောက်သွားလို့ ပျော်ရွှင်ဝမ်းသာနေခဲ့တဲ့ တိုက်ရင်ရဲ့ပုံစံ ကို ခုထိမျက်စိထဲက မထွက်နိုင်သေးဘူးဗျာ"

ထို့နောက် တိုက်ရင်၏ အစ်ကိုနှင့်အဖော်တို့နှစ်ဦးသည် စခန်းရုံး လေးထဲမှ ထောင်မှူးကြီး စိုးဝေကို နှုတ်ဆက်ခဲ့ပြီး ပြန်ထွက်သွားခဲ့ကြလေ တော့သည်။ ထောင်မှူးကြီး စိုးဝေတစ်ယောက် မိမိတပည့်ဖြစ်သူ တိုက်ရင် တစ်ယောက် အိမ်အပြန်ကို မျှော်လင့်စောင့်စားနေမည့် ဇနီးသည် မခင်နှင်း ထံအမြန်ဆုံးပြန်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပေမဲ့ တိုက်ရင် အတွက်တော့။

⇨ စိုးဝေ


သည်းထိတ်ရင်ဖို
2011

**ရဲဘက်တာဝန်ကျများ တောထဲတွင်အမဲလိုက်ပြီး ဝန်ထမ်းတွေကို အသားဟင်းရှာဖွေကျွေးမွေးရပုံ အခက်အခဲများရင်ဆိုင်ရပုံများကို ဖော်ညွှန်းထားသည့် ...**

---

**ကျွန်**တော်ဟာ၊ လူတော်တစ်ယောက်မဟုတ်ပေမဲ့ လူကောင်းတစ်ယောက်ဖြစ်ဖို့ကို အမြဲကြိုးပမ်းနေသူပါ ငါးပါးသီလကိုလည်း အတက်နိုင်ဆုံးလုံခြုံအောင် ထိမ်းပါတယ်။ တစ်ခါတစ်ရံ အပေါင်းအသင်းတွေနဲ့ဆုံရင်တော့ သောက်ဖြစ်ပါတယ်၊ ဒါပေမဲ့ မလွန်စေရပါဘူး.ဆေးလိပ်လည်းမသောက် ကွမ်းလည်းမစားတက်ပါဘူး၊ ကျွန်တော်ဝါသနာပါတာက ယူနီဖောင်းဝတ်ပြီး လက်နက်ကိုင်တဲ့အလုပ်ပါဘဲ ကျွန်တော်ငယ်စဉ်ကတည်းက၊ လေးခွကိုင်ခဲ့ပြီး ကြီးလာတော့ သေနတ်ကိုင်တယ်၊ ဒါပေမဲ့အကောင်အပလောင်ကိုပစ်ဖို့မဟုတ်ဘူး အပင်ပေါ်က သစ်သီးနဲ့ ပစ္စည်းလေးတွေကိုလက်တည့်စမ်းတာပါ၊( Target Shooting)လို့ခေါ်မယ်ထင် ပါရဲ့

ဘွဲ့ရတော့ အကျဉ်းဦးစီးဌာနကိုဝင်တယ် တပ်သား အဆင့်နဲ့ဝင်ရတာလေးငါးနှစ်ကြာမှ ထောင်မှူးဖြစ်တယ်၊ အင်းစိန်ထောင်နဲ့ရုံးချုပ်အပြင် ရန်ကုန် -မန္တလေး အမြန်လမ်းစခန်း၊ ကောသောင်း ဆီအုန်း စခန်းတွေကိုလည်းသွားရောက်ပြီ တာဝန်ထမ်းဆောင်ရတယ်၊ တောစခန်းတွေရောက်တော့လည်း ကျွန်တော်မွေးရာပါဗီဇက ထကြွနိုးကြားပြန်တယ်။ ငယ်စဉ်ကတည်းကလောက်လေးခွနဲ့ လေသေနတ်ကို သွားလေရာအမြဲတမ်းဆောင်သွားတက်တော့ တောထဲတောင် ထဲရောက်တာနဲ့ ပစ်ချင်ခတ်ချင်စိတ် ပေါ်ပေါက်လာပြန်တယ်၊

ဒါကြောင့် ရန်ကုန် မန္တလေးအမြန်လမ်းလမ်းစခန်း(မအူပင်ဆိတ်) ရောက်တော့ လွတ်လွတ်လပ် လပ်နဲ့ထင်တိုင်ကျဲတော့တာပေါ့။

မအူပင်ဆိပ်စခန်းက ပဲခူးချောင်းအနီးဗီးတောကြီးရွာတစ်ဘက်ကမ်း တော စပ် လယ်ကွင်းထဲမှာ တည်ထားတာ ဒါကြောင့် ညနေ နေဝင်တာနဲ့ တောထဲ ကထွက်လာပြီး လယ်ကွင်းထဲမှာ မြူးတူးကြတဲ့ ယုန်၊ တောကြောင်၊ ချေ၊ ဆတ်၊ ဖောဝက်ကအလွန်ပေါ်တာ တစ်နေ့တော့ တပည့်ဖြစ်သူ တင်သောင်းကပြော လာတယ်၊

ဆရာ ကျွန်တော်တို့လည်း တောစခန်းမှာ အမဲသားနဲ့ဘဲဥဘဲစားရနေတော့ တစ်ခါစာစ်၊ တောကောင်သားလေးများ စားရအောင်ဆရာရယ်၊ ကျွန်တော်က သာယာဝတီ ဘက်က လယ်သမားမျိုးရိုးဆိုပေမဲ့ မုဆိုးအလုပ်လည်း တက်ပါ တယ်၊ဒါကြောင့်တစ်ညလောက်လယ်ကွင်းတောစပ်မှာအကောင်ပလောင်လေး ဘာလေးရှာရအောင် ဆရာရယ်၊ ကျွန်တော်ကလေးခွကိုင်မယ် ဆရာက လေသေနတ်ကိုင်ပေါ့ရိတ်သိမ်းပြီးစလယ်ကွင်းထဲမှာအကောင်ပလောင်အလွန် ပေါ်တယ်ဆရာ"

"ဘာကောင်တွေပေါ်လို့လဲ တင်သောင်းရဲ့ ငါကလေသေနတ်ဘဲပစ်တတ် တာ တော်ကြာ သားကောင်ကြီးနဲ့တိုးရင် ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒီအချိန်စပါးရိတ်သိမ်းပြီးစဆိုတော့ လယ်ကွင်းထဲမှာ စပါးနှံတွေကျန်ခဲ့ တတ်တယ်ဆရာ အဲဒါကိုလာစားကြတဲ့ မြေဝပ်ငှက်၊ ယုန်နဲ့တောကြွက်ကြီးတွေ ကိုတောကြောင်ဖားကြီးတွေက ချောင်းမြောင်းပြီးလာစားတတ်တယ် ကျွန်တော် တို့ကမီးထိုးပြီးပစ်ရုံဘဲ နောက်ပြီးတောစပ်ဝါးရုံပင်တွေအပေါ်မှာကြွက်တွေလည် အိပ်တန်းတက်ကြတယ်ဆရာ"

"အေး အဲဒါဆိုရင်လည်းစခန်းပတ်ဝန်းကျင်လည်ကြတာပေါ့ ငါကအကောင် ပလောင်တွေကို ပစ်လေ့တော့မရှိဘူး"

ဟင်းစားကပြတ်နေပြီဆရာ တစ်ခါတစ်ရံလည်း ယုန်သား၊ တောကြောင် သား၊ တောကြွက်သားလေးများလည်း စားရအောင်ပါ။ ကျွန်တော် စခန်းပတ်ဝန်

ကျင်ကို မှဆိုးမျက်စေ့နဲ့ လေ့လာပြီးပါပြီ၊ ကျိန်သေရကိုရပါစေမယ်ဆရာ၊ ကျွန်တော်ကလေးခွကိုင်မယ် မီးထိုးမယ် ဆရာကပစ်ပေါ့၊ အကောင်ငယ်တွေကိုတော့ ကျွန်တော့် တာဝန်ဘဲထားပါ။"

"အေးအေး အဲဒါဆိုရင်လည်း ညကျထွက်ကြတာပေါ့ အခုတော့ မပစ်တာကြာတဲ့ ငါ့လေသေနတ်ကို ဝါရှာလဲပြီး ပြောင်းတိုက်ရဦးမယ် မင်းလည်းလောက်စလုံးလေး ဘာလေးစုထားဦး လိုရမယ်ရ ငှက်ကြီးတောင်တစ်ချောင်းလည်းဆွဲခဲ့ပေါ့ သောက်ရေဘူးပါမမေ့စေနဲ့"

"စိတ်ချပါဆရာ ကျွန်တော် ပြည့်စုံအောင်စီစဉ်ထားပါ့မယ်။"

ညနေစောင်းတော့ ကျွန်တော်တို့ ဆရာတပည့် ညစာကို စောစောစားကြပြီး နေဝင်သည်နှင့် စခန်းထွက်လာကြသည်။ စခန်းပတ်ဝန်းကျင်တွင် လယ်ကွင်းကြီးက တစ်ပြန့်တစ်ပြော ကျယ်ဝန်းလှသည်။ စပါးရိတ်သိမ်းပြီးစ ဖြစ်၍ ရိုးပျက်နံ့ကသင်းပျံ့နေသည်။ ပဲခူးချောင်းဘက်မှ တိုက်ခတ်လာသော လေနုအေးကလေးက စိမ့်ကနဲ အေးသွားသည် ဖေဖော်ဝါရီလကုန်ပိုင်းဖြစ်၍ ဆောင်းကုန်ပြီဖြစ်သော်လည်း နွေမရောက်သေး၊ ဆောင်အကုန်နွေအကူး စပ်ကူးမတ်ကူးကာလဖြစ်ပေသည်။ လယ်ကွင်းထဲ၌ ပလူကောင်းများကို ထိုးသုတ်စားရင်းဝဲနေသော မြေဝပ်ငှက်များကိုတွေ့ရသည်။ မြေဝပ်ငှက်များကလူမကြောက် ကျွန်တော်တို့င်တိုက်မိတော့မလို ကွေ့ဝိုက်ပျံသန်းနေကြသည်။ ထိုစဉ်တပည့်ကျော်တင်သောင်းက မြေဝပ်ငှက်များအား လေးခွဖြင့်ပစ်သည်။ (Fly Shot) ပစ်ခြင်းဖြစ်သော်လည်း လက်တည့်လှသော်တင်သောင်းကတစ်ချက်တစ်ကောင်ပင် ပစ်မလွဲငှက်သေများအား ကျွန်တော်ကောက်ယူကြည့်တော့ တစ်ကောင်လျှင် (၁၀) ကျပ်သား (၁၅) ကျပ်သားခန့်ရှိသည် ပိန်လှသည်။

လေးငါးကောင်ရတော့ ကျွန်တော်က "တော်ပြီတင်သောင်းမင်းငှက်တွေ ပိန်တော့ အရိုးစူးလိမ့်မယ် ဝဝအကောင်ရှာစမ်းပါကွာ"

"အချိန်စောသေးလို့ပါ ဆရာ ဒီတစ်ခါတော့ ဆရာ့အလှည့်ဘဲ ကျွန်တော် ထိုးပေးမယ် မီးအောက်ကိုဝင်ပြီးပစ်တော့ ဆရာ"

"အေးအေး ကောင်းပြီးစိတ်ချပါ့လက်အကြောင်းကိုလည်းပြရသေးတာပေါ့ ကွာ"

ကျွန်တော်တို့ဆရာတပည့် လယ်ကွင်းထဲမှ တောစပ်ဘတ်သို့ ထွက်ခဲ့ကြသည်။ တောစပ်မှ အိပ်တန်းတက် ကြက်ဖများတွန်သံကိုကြားရသည်။ အလင်းရောင်မှာ လုံးဝပျောက်ကွယ်သွားပြီးအမှောင်ဖုံးလာသည် လရောင်တာ မထွက်သေးပါ။

လယ်ကွင်းနှင့်တောစပ်အကြားရောက်တော့တင်သောင်းကငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို မိုးပေါ်ထောင်ထိုးပြီး အောက်သို့ တစ်ဖြည်းဖြည်းဆွဲချလာသည်။ မြေပေါ်သို့မီးအလင်းရောင်ကွက် ကျလာသည်နှင့် တောချုံများအတွင်းမှ တောယုန်များ ပြေးလွှားထွက်ခွာလာကြပြီး မီးကာစားကြသည်။

ဆရာကျွန်တော့်အနီးကိုတစ်ဖြည်းဖြည်းဆွဲခေါ်လာမယ်ပိုင်ရင်ပစ်ပေတော့ တောယုန်တွေက ကြီးတော့ကိုယ်လုံးကိုမပစ်နဲ့ခေါင်းကိုပစ်" ဟုတင်သောင်းက တိုးတိုးလေးပြောသည်။ ထို့ကြောင့် ကျွန်တော် မီးအောက်တွင် မှဲဆိုးဒူးထောက် ထိုင်ချပြီး လေးသေနတ်ဖြင့် အသင့်ချိန်ထားလိုက်သည် မကြာပါ တောယုန်အုပ် ကြီး မီးကာစားရင်း ကျွန်တော်တို့ဖြင့် တစ်ဖြည်းဖြည်းနီးလာသည်။ ပိုင်သည်နှင့် ကျွန်တော်ပစ်လေတော့သည်။

"ဖန်း"

တစ်ကောင်ကျသွားသည် ယုန်များထိတ်လန့်သွားစဉ် ကျွန်တော် ဒုတိယ အချက်ပစ်ပြန်သည်။

"ဖန်"

ထိသည် သို့သော် သေချာဟန်မတူ တောယုန်အုပ်ကြီး ချုံထဲသို့ ဝင်ပြေး တော့သည်။

"သွားပါပြီကွာ တစ်ကောင်ဘဲ ရတယ် လွတ်သွားပြီ"

ဒီဇင်ဘာ၊ ၁၉၉၂

"ကိစ္စမရှိဘူးဆရာ ချုံထဲမှာသေနေလိမ့်မယ် တောယုန်တွေက အသက်နေနည်းတယ်၊ ခေါင်းထိရင်တော့ တစ်ခါတည်းကျတယ် လာပါဆရာ ချုံထဲသွားကြည့်ရအောင်"

ကျွန်တော်တို့ချုံထဲဖြဲ၍မီးထိုးကြည့်တော့ တောယုန်ကြားကြီးတစ်ကောင်လဲသေနေသည်ကိုတွေ့ရသည်။ တစ်ပိဿာခန့် အလေးချိန်ရှိပေမည်။ ယုန်နှစ်ကောင်ပေါင်းတော့နှစ်ပိဿာခန့်ဖြစ်သည်။ထိုစဉ်တင်သောင်းကတောစပ်ဘက်လှည့်၍ မီးထိုးလိုက်ရာ မျဉ်းကတိုးပင်ကြီး ပင်စည်အခြေတွင် မျက်လုံးစိမ်းစိမ်းတစ်စုံကို မီးရောင်အောက်၌မြင်လိုက်ရသည်၊ ကျွန်ုပ်အချိန်မဆိုင်းတော့ပါ မျက်လုံးကြားသို့ ပစ်ထည့်လိုက်တော့သည်။

"ဖန်း"

"ညောင်" ဟုအော်ကာခုန်ထွက်သွားသည်၊ တောကြောင်ကြီးဖြစ်ပေသည်။ ကျွန်တော်တို့ ဆက်လိုက်ကြရာ မျဉ်းကတိုးပင်ကြီး အနောက်ဘက် ကျွန်းပင်ကြီးအရင်းတွင်တစ်ချီးချီးအော်ကာလူးလိမ့်နေသည့်တောကြောင်ကြီးအားပစ်ခတ်၍ဇာတ်သိမ်းပေးရပြန်သည်။

"ဖန်း"

တောကြောင်ကြီးမှာ ကြောင်ဝံပိုက်အမျိုးအစား အကောင်ကြီးသည် သုံးလေးပိဿာခန့်ရှိပေလိမ့်မည်။

" ဆရာ လာဘ်ဦးကောင်းတယ် အနီးအနားဆက်လည်ကြရအောင် ကျွန်တော်ကြက်အိပ်တန်းကို တွေ့ထားတယ်"

ကျွန်တော်တို့ တောစပ် ဝါးရုံတန်းဘက်သို့ သွားကြသည်၊ ဝါးရုံပင်ကိုင်းပေါ်မှတောကြက်ဖကြီးတစ်ကောင်ကို တွေ့၍တင်သောင်းက မီးထိုးပေးသည် ကျွန်တော်က ပစ်ပြန်သည်၊

"ဖန်း" "အွတ်" "ဘုန်း"

တောကြက်ဖကြီး ပြုတ်ကျလာသည်၊ တင်သောင်းက ကောက်ကိုင်၍လက်နှိပ်ဓာတ်မီးကို ကျွန်တော်အား ပေးသည်။

"ဆရာ့ရှေ့ကဝါးရုံက ကြက်မတွေအိပ်တဲ့ဝါးရုံ ဆရာသေနတ်နဲ့အဆင်မပြေဘူး ကျွန်တော်လေးခွနဲ့ပစ်မယ် ဆရာကမီးထိုးပေး"

"အေးအေး"

ကျွန်တော်လေသေနတ်ကိုလွယ်၍ဓာတ်မီးကို လက်ပြောင်းယူလိုက်သည် ဝါးရုံပင်အောက်ရောက်သည်နှင့် မီးထိုးကြည့်ရာ ဝါးရုံပင် ကိုင်းတက်များအပေါ်၌ တောကြက်မများတန်းစီ၍ အိပ်တန်းတက်နေကြသည် မီးရောင်ကိုမြင်တော့ ခေါင်းထောင်လှုပ်ရှားလာကြသည်။

တင်သောင်းက အစွန်းတွင်နားနေသောကောင်များကို အလျင်အမြန်ပစ်ရသည်။ ဖောက် - ဖောက် - ဖောက် နှင့် သုံးလေးကောင်ကျမှ ကြက်မအုပ်ကြီးလန့်ပျံပြေးတော့သည်။ ထိုနေ့ညက သားကောင်များကထမ်းကာပျော်ရွှင်စွာဖြင့်စခန်းသို့ပြန်လာခဲ့ကြသည်။ စခန်းရောက်တော့ ညဆယ်နာရီခန့်ပင် ရှိသေးသည်။ တပည့်ကျော် တင်သောင်းက ညလယ်စာချက်ပြီး ကျေးရွာမှဆိုးလက်ရာထမင်းဟင်းကမြိန်လှသည်ထိုညက အိပ်ရာဝင်တော့ (၁၂) နာရီ ပင်ထိုးလုပြီဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ညကရှိထားသော တောကောင်သားများအား အပေါင်းအသင်းထောင်မှူးများနှင့် ဝန်ထမ်းအချို့အားဝေပေးသည်။ နီးစပ်ရာ ရဲဘက်များကိုလည်း ဟင်းချက်၍ကျွေးသည် သို့သော် ကျွန်တော်နှင့်အဆင်မပြေသည့် စခန်းတာဝန်ခံ ထောင်ပိုင်ကိုတော့ တစ်စွန်းတစ်စမျှမပေးပါ။ ယင်းထောင်ပိုင်သည်လောဘကြီးပြီးအလွန်မျက်နှာလိုက်သူဖြစ်သည်။ စခန်းတွင်းရနိုင်သမျှ ငွေဝင်ပေါက်အားလုံးကိုလည်း သူကချုပ်ကိုင်ထားသည်။ သူ့ကိုမထောက်ပံ့နိုင်သူ အရာရှိဝန်ထမ်းများကို ချောင်းထိုးထားသည်။ သူ့အထက်အရှိကြီးများကိုတော့ အမြဲတမ်း ထောက်ပံ့သည်။ ထို့ကြောင့် ကျွန်တော်တို့က သူ့အားအထက်ဖားအောက်ဖိဟု နောက်ကွယ်တွင် နာမည်ပြောင်ပေးထားပါသည်။

ထို့ကြောင့်လည်းသူက ကျွန်တော်တို့လိုအရာရှိပေါက်စနှင့် ဝန်ထမ်းများ သတ်သာရာအလုပ်များအားပြောင်းလဲမပေးတော့ဘဲ အမြဲတမ်းချွတ်ခြုံလိုက်ရသည် ကျည်မပါသောရိုင်းဖယ်သေနတ်ပေါင်းကြီးကို ဆောင်၍ ငုတ်တုတ်။

မိန္ဒ (ကျွန်းခွေသည်)ရသည်အလုပ်မှာ ဤလိုရာသီတွင် အလွန်ပင်ဖန်းသည် ဝန်ထမ်းတချို့ အပူရှပ်ပြီး ဖျားနား၍ သေဆုံးရသည်ပင်ရှိသည် ထိုကြောင့် ကျွန်တော်တို့ဖက်ကလည်း မကျေနပ်ပါ ကျွန်တော်တို့ဖက်က အကွက်ကောင်းချောင်းနေသလို သူကလည်းစောင့်ကြည့်နေသည်။

❑

ကျွန်တော်နှင့်တင်သောင်းက တစ်ပတ်ထစ်ခါခန့် ညမီးလည်ကြရာ အမြဲတမ်းလည်း အကောင်းပလောင်များ ရတတ်သည်။ထိုကြောင့် တင်သောင်းက နောက်ပိုင်းတွင် သူ့ကိုကြိုးတင်မှာထားသူများအား ရောင်းချရာ ဝင်ငွေရလာ



ကျွန်တော်တို့အရာထမ်းသည် လယ်ကွင်းထဲမှ တောစပ်ဘက်သို့ ထွက်ခဲ့ကြသည်။ တောစပ်မှ အိပ်တန်းတက် ကြက်တများ တွန်သံတို့ကြားရသည်။ အလင်းရောင်မှာ လုံးဝပျောက်ကွယ်သွားပြီး အမှောင်စုံးလာသည် လရောင်က မထွက်သေးပါ။

တတ်သည်။ ထိုကြောင့် ကျွန်တော်တို့ ဆရာတပည့်တစ်ပတ်တစ်ခါမဟုတ်တော့ဘဲ ညစဉ်ညမီးလည်ကြရာဝင်ငွေအတော်လေးမှန်ပြီးစုမိဆောင်းမိဖြစ်လာသည်။ သို့သော် ကျွန်တော်တို့ ညမီးလည်ကြစဉ် ချေးဆတ်၊ တောဝက်စသော အကောင်ကြီးများကိုမြင်တွေ့ခဲ့ရသော်လည်းလေသေနတ်ကလေးဖြင့်မပစ်နိုင်ခဲ့ရှောင်ရှားခဲ့ရသည်။ ကျွန်ုပ်တွင် ရိုင်ဖယ်သေနတ်ကြီးနှင့် ကျည်(၅)တောင့်ရှိပါသည် သို့သော် စခန်းတာဝန်ခံ အမိန့်မရဘဲ ပစ်ခွင့်သုံးခွင့်မရပါ။

အလုပ်ပိတ်ရက် တစ်နေ့တွင် ကျွန်တော်နှင့် ဇာပည့်ကျော် တင်သောင်းတို့ မနီးမဝေးရှိ ကညင်ပင်စခန်းသို့ သွားလည်ကြသည်။ ကျွန်တော်နှင့်အပတ်စဉ်တူ ထောင်မှူးမြင့်မောင်က ကညင်ပင်စခန်းတွင် "ထောက်" ထောင်မှူးဖြစ်နေသည်။ သူ၏အထက်အရာရှိ ထောင်မှူးကြီးရွှေစင်ကလည်း အလွန်သဘောကောင်းလှသည်။ ထိုနေ့က ကျွန်တော်တို့အား နေ့လည်းစာ ကောင်းစွာကျွေးသည့်အပြင် မုဆိုးလုပ်နေသောကျွန်တော်အား အမေရိကန်ရိုင်ဖယ်ကျည်နှစ်တောင့်ကို ခွန်ကျဲလိုက်သေးသည်။ ထို့ကြောင့် ထိုနေ့က ကညင်ပင်စခန်းကမှ တောတော့ပြန်ကြပြီး ကျွန်တော့်အားလုံခြုံရေးအတွက် ထုတ်ပေးထားသော ရိုင်ဖယ်သေနတ်ကြီးအား ဖြုတ်၍အသေအချာတိုက်ချွတ်ပါသည်။ ၁၁၁၀မ-၃၀၃ အမေရိကန်ရိုင်ဖယ်သေနတ်ကြီးဖြစ်၍ ရှိးရှင်းပါသည်။ ကျွန်တော်က စစ်သင်တန်းဆင်းဖြစ်သဖြင့် လက်နက်ဖယ်ဖြုတ်ခြင်း၊ တပ်ခြင်းတိုက်ချွတ်ခြင်းတို့ ကျွမ်းကျင်ပါသည်။ ညမှောင်တော့ ကျွန်တော်တို့ ဆရာတပည့်အသင့်ဖြစ်နေပါပြီ သို့သော် စခန်းတာဝန်ခံက ညဘက်တွင်လည်းအရေးပေါ်ခေါ်တက်သဖြင့် ညည့်နက်အောင်စောင့်ကြရသည်။ ထို့ကြောင့် ည(၉)နာရီကျော်မှ ထွက်ဖြစ်တော့သည်။

ထိုနောက်ညက လဆုတ်ရက်ဖြစ်သဖြင့် လကအတော်နှင့်မထွက်။ လတ်နက်ကြီးယှလာသော ညကျခါမှ လယ်ကွင်းထဲ၌တောယုန်ကြီးများကို မကြာခဏတွေ့ရသည်။ လက်နက်နှင့်သားကောင်မမျှသဖြင့် မပစ်တော့။ တောစပ်ရောက်တော့လည်း တောကြောင်နှင့်တောစပ်ရောက်တော့လည်း တောကြောင်များကို တွေ့ရသည်။ ကျွန်တော်မပစ်ပါ ကျွန်တော်တို့ဆရာတပည့် နေ့လယ်ကတည်းက

ကြည့်ခဲ့သော စမ်းချောင်းရှိရာ ဂုံမင်းလျှိုသို့ဦးတည်သွားရောက်နေကြခြင်းဖြစ်သည်။ သို့တွင် ယခုလိုနွေဦးပေါက်ရာသီတွင် ရေသောက်ဆင်းကြသော တောကောင်ခြေရာများကိုတွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

လျှိုကြီးအစပ်ကုန်းစောင်းရှိ ပျဉ်းမပင်ကြီး အခြေတွင် နေရာယူလိုက်ကြတော့သည်။ အပေါ်စီးက အမြင့် ဖြစ်သော်လည်း လေအောက်ကဖြစ်သည်။ လကလေး ရေးရေးထွက်လာ၍ လျှိုကြီးနှင့်စမ်းချောင်းကို လရောင်ဖြင့် မှုန်ပြပြမြင်နေရသည်။ သားကောင်းသံကို မကြားရသေး ထိုကြောင့် ကျွန်တော်တို့ နားနားနေနေဆောင့်ဆိုင်းနေကြရသည်။

ည (၁၀)နာရီကျော်ခန့်တွင် စမ်းချောင်းဘက်မှ "အုးအုးအစ်အစ်ဂတ်ဂတ်" ဟူသော တောဝက်အုပ်အသံကိုကြားရသည်။ "ပလစ်ပလစ်" နှင့် ရေသောက်သံကိုကြားနေရသည်။ ထိုကြောင့် ကျွန်တော့်ရိုင်ဖယ်ကြီးအား မောင်းကြ...တင်လိုက်သကဲ့သို့ တင်သောင်းကလည်း (၅)တောင့်ထိုး လက်နှိ...ဓာတ်မီးအား အသင့်ပြင်ဆင်နေသည်။ ကျွန်တော်တို့ အသင့်ဖြစ်သည်နှင့်တင်သောင်းက မီးထိုးသည် မျက်လုံးစိမ်းစိမ်းဖြင့်တောဝက်အုပ်မှာ (၆)ကောင်ခန့် ဖြစ်သည်။ အစွယ်ကြီးကွေး၍နောက်ပြန်လှည့်နေသော ဝက်တောင်းကြီးက စမ်းချောင်းနဖူးတွင် မော့ကြည့်နေသည်။ ကျွန်တော်တို့က အမြင့်နေရာကောင်းသဖြင့် အချိန်မဆိုင်းတော့ဘဲ ကျွန်တော်ဝက်သိုးကြီး၏ မျက်လုံးနှစ်လုံးကြားသို့ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ဝက်သိုးကြီးမှာ ကျည်ဆံကဦးနှောက်ဖေါက်သွား၍တုန့်ကနဲဖင်ထိုင်လျက်လဲသည်။ စိတ်ချရသော အနေအထားကြောင့် ကျွန်တော်အလျင်မြန် မောင်းတင်ပြီးစမ်းချောင်းအတွင်းမှ တက်ပြေးလာသော ဝက်မဒမ်းမ တစ်ကောင်ကိုလည်း ပစ်ချလိုက်ပြန်သည်။

"ဒိုင်း"

ဝက်မဒမ်းမလည်း စမ်းချောင်းအတွင်းသို့ပစ်ကျသွားပြန်သည်။ ကျွန်တော်အရေးပေါ်မောင်းတင်လိုက်ပြန်ပါသည်။ ထိုစဉ်တင်သောင်းက "ဆရာကျည်ဆံကုန်ပြီးမဟုတ်လား"

"အေး ကညင်ပင်စခန်းက သူငယ်ချင်းပေးလိုက်တဲ့ ကျည်ဆံ(၂) တောင့်တော့ကုန်ပြီ တို့စခန်းက အရေးပေါ်သုံးဖို့ပေးထားတဲ့ကျည်ဆံ(၅)တောင့်ပါလို့ရမယ်ရထည့်လာတာ"

"တော်သေးတာပေါ့ ကျွန်တော်ကစိုးရိမ်နေတာ ဆရာ"

မစိုးရိမ်နဲ့ တင်သောင်းရေ ငါကတွက်ပြီးသား အရေးပေါ်အတွက် ကြိုတင်ဆောင်ထားရတယ် ကံကောင်းလို့ဝက်သိုးကြီးကတစ်ချက်ကြီးတည်းလဲတာ၊ တဲဘယ်လိုသယ်ကြမလဲ" မင်းစခန်းကိုပြန်နှင့် ဖိုးကြီးကညမီးရဲဘက်တွေကိုသမ်းဆွဲခေါ်လာခဲ့"

"ဆရာ တစ်ရောက်တည်နေရဲလို့လား အတူပြန်ကြရအောင် ဆရာ"

"ဘာလဲမင်းတစ်ယောက်တည်းမပြန်ရဲဘူးလား၊ ငါကဒီမှာတောဝက်သေတွေကိုဝင်စားတက်တဲ့ တောခွေးတွေကို စောင့်ကြည့်ရဦး၊ ယ် သွား သွား မြန်မြန်သွားမြန်ပြန်လာခဲ့ ဓာတ်မီးပါယူသွား ဒီမှာငါတစ်ယောက်တည်းနေရဲတယ်"

"ဟုတ်ကဲ့ဆရာ"

တင်သောင်းပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့သည်သေနက်သံကြောင့် တောမှာတိတ်ဆိတ်နေသည်။ တောခြင်ကြီးများကတော့ကျွန်တော့်အားဝိုင်းဝန်းနိုပ်စက်နေသည်အံသံထွက်မည်စိုး၍မရိုက်ရဲအသာသာပွတ်သပ်ချနေရသည်။

❏

နာရီဝက်ခန့်ကြာသော စမ်းချောင်းဘက်မှ ရေသောက်သံကြားရသည်။ လရောင်ကြယ်ရောင်အောက်တွင်ကျွန်တော်အချာကြည့်တော့ခြောက်စတောင်ဆက်ဖားကြီးဖြစ်သည်။ အမဲလိုက်ဓာတ်မီးကာမရှိ ထို့ကြောင့်ဆတ်ဖားကြီးလတ်

မြင်ကို မှန်ဆ၍ပစ်လိုက်ရသည်။ ဆတ်ဖားကြီးစမ်းချောင်းထဲသို့ ပြုတ်ကျသွားသည်။

"ဒိုင်း...ဝုန်း"

သို့သော် ဆတ်ဖားကြီးက ပြန်ကုန်းထပြီး စမ်းချောင်းထဲမှ တက်လာမြင်သဖြင့် ဒုတိယအကြိမ် ပစ်ခတ်ရပြန်သည်။

"ဒိုင်း အုန်း... ဘုန်း..."

ထိုစဉ်တင်ဒေါင်းတို့အဖွဲ့ရောက်လာကြသည်။ "ဆရာဘာကောင်ပစ်တာလဲနစ်ချက်တောင်" "ဆတ်ဖားကြီးကွာ မှောင်ထဲမှာပစ်ရတော့ ချက်ကောင်းမမှန်လို့ ထင်ပါရဲ့ ကုန်းထလာလို့ လွတ်သွားမှာစိုးရိမ်တာနဲ့ နစ်ချက်ပစ်ရတာ"

တင်ဒေါင်းက ဓာတ်မီးကြည့်ထိုးကြည့်ပြီး


"ဆရာရေ ရဲဘက်ကြီးက (၄)ယောက်ပဲရတာ ကျွန်တော်တို့ နစ်ခေါက်ပြန်ထမ်းတော့မှာပဲ ကဲအခုတစ်ခေါက် ဝက်အသေနစ်ကောင်းကိုထမ်းပြန်မယ်"

"အေးအေး မြန်မြန်သွား မြန်မြန်ပြန်ခဲ့ကြ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့ မနက်(၃) နာရီခန့်မှ စခန်းသို့ပြန်ရောက်ခဲ့ကြသည်။ ဝက်နှစ်ကောင်အား ရဲဘက်နှင့် ဝန်ထမ်းဖို့အပ်ပြီး အသားရိက္ခာအဖြစ် ကျွေးရန်လှူလိုက်သည့် ကလီစာများကိုတော့ ချက်ပြုတ်ပြီး ကျွန်တော်တို့ စားကြသည်။ ညလည်စာ မဟုတ်တော့ ကျွန်တော်တို့ စားသောက်ပြီးတော့ နိုးဆရာမှတ်၍ ရဲဘက်တဝန်ထမ်းများ အလုပ်ဆင်းရန် အိပ်ရာမှ ထကြပြီဖြစ်သည်။ ကျွန်တော်တို့လည်း ဆက်မအိပ်နိုင်တော့ လုပ်ငန်းသွားရန်ပြင်ဆင်ရပါပြီ။

နောက်တစ်နေ့မနက်တွင် နောက်တန်းတပ်ကြပ်ကြီးက ကျွန်တော်အားလာ သတိပေးသည်။ ကျည်ဆံ လျှော့နေမည်ဖြစ်၍ ကြိုတင်ရှာဖွေဖြည့်တင်းထားရန်နှင့် ထောင်ပိုင်က ကျည်ဆံ စစ်ဆေးမည်ဟု ကျိန်းမောင်းနေကြောင်းသတင်းပင်ဖြစ်သည်။ ထိုကြောင့် ကျွန်တော် လုပ်ငန်းခွင်မှ ခေတ္တလစ်၍ ကညကင်ပင်စခန်းသို့ပြေးရသည်။ သူငယ်ချင်းထောက်ထောင်မှူးမြင့်မောင်ကလိုအပ်နေသော


လူသားကြိုက်သော

လူသားစားမိ၍လူသားကိုခံတွင်းတွေ့နေသည့်
မိကျောင်းအားသက်စွန့်ကြိုးပမ်းရှာဖွေဖမ်းဆီးပုံမှာ
သည်းထိတ်ရင်ဖိုချင်စရာ..

---

**ဝဲအောင့်** ဝဲကြီးနှင့် တစ်ခေါ်လောက်မရှိတရှိ နံ့သာချောင်းကမ်း ပါးပေါ်တွင် လူအုပ်ကြီး ဖွေးဖွေးလှုပ်လျက်ရှိသည်။ မည်သူကာစတွေ၍ မည်သို့သတင်းပြန့်သွားသည်မသိ။ မိကျောင်းပေါ်သည့် သတင်းက အကူး အစက်မြန်လှသည်။

"ဘယ်မလဲ - ဘယ်မလဲ၊ မိကျောင်းဘယ်မှာလဲ"

လူအုပ်ကြားသို့အတင်းတိုးဝှေ့ဝင်လာသော သက်ကယ်ချောင်ကျေး ရွာအုပ်စု မိကျောင်းအိုင်ရွာသား စောအေးက အမောတကော မေးချလိုက် သည်။ စောအေးတစ်ယောက် ဆန္ဒစောနေပုံမှာ အသက်ရှူဖို့မေ့များ မေ့နေ သလားမသိ။

"ဟိုမှာလေကွာ - ဟိုမှာ - မင်းမတွေ့ဘူးလား"

တစ်ရွာတည်းသားဖြစ်သူ ဖိုးဇော်က လက်ညှိုးထိုး၍ မြစ်ကမ်းနှင့် ဝါးနှစ် ပြန်သုံးပြန်လောက်ဝေးသော ရေလယ်မှ မည်းမည်းနှင့်ရှည်မျောမျော သဏ္ဌာန်တစ်ခုကိုပြလိုက်သည်။

"ဟုတ်ရဲ့လားကွာ - သစ်တုံးတိုကြီးနဲ့တူပါတယ်"

စောအေး၏ မျက်လုံးထဲတွင် မည်းမည်းနှင့် ခပ်မျောမျောသဏ္ဌာန်မှာ သစ်တုံးတစ်တုံးဟုသာ မြင်လေသည်။

"ဟင်း - တော်တော် ထူးတာပဲ။ မြစ်နားချောင်းနားနေ ငါးရှာဖားရှာစား နေပြီးတော့ သစ်တုံးဆိုရင် ဒီလောက်စီးနေတဲ့ မြစ်ရေထဲမှာ ရေစုန်မျော သွားမှာပေါ့ဟ။ မိကျောင်းမို့ရေစီးထဲမှာ သဘော်ကျောက်ချထားသလိုတန့် နေနိုင်တာပေါ့။ မိကျောင်းများရေကိုတယ်နိုင်ဆိုပဲ - ငါကြားဖူးတာခုမှလက် တွေ့ကြုံဖူးတော့တယ် ဟေ့"

ဖိုးကဲက သူ့အဘိုးပြောခဲ့ဖူးသော မိကျောင်းနှင့်ပတ်သက်သည့် အ တွေ့အကြုံများကိုပြန်လည်ကြားယောင်လာသည်။

"ဝဲတောင့် ဝဲကြီးဟာ ဒီအနားအနားတစ်ဝိုက်က ဝဲတွေထဲမှာတော့ နာ မည်ကျော်ပဲ ငါ့မြေးရေ။ ဝဲကလိုင်ကြီးဟာ ဘယ်လောက်ကြီးပြီး ဘယ် လောက်စုပ်အားကောင်းတယ်ဆိုတာ မသိပေမဲ့ ဝဲထဲဝင်လာတဲ့ လှေဆို ရင် စုံးစုံးမြုပ်ပဲ။ မော်တော်တို့ သဘော်တို့ဆိုရင် ပန်ကာလိုလည်ပြီး အမှောက်ပဲ။ ဝဲတောင့်ဝဲကြီးက စုပ်ဝဲကွ။ တစ်နှစ်တစ်ခါ လူစားလေ့ရှိတယ်။ ဒါ့ကြောင့် - လူအစား ခွေးတို့ဘာတို့ တစ်နှစ်တစ်ကြိမ်ပစ်ချရလေ့ရှိတယ်။ အဲ - ဝဲထဲမှာဝဲလှည့်ပြီး ကျွမ်းပြန်နေတဲ့ ငါးတို့ ဘာတို့ကိုဝဲအောက်ကနေ မိ ကျောင်းကစောင့်စားလေ့ရှိပြန်တယ်။ ကတွတ်ပေါက်ဝက ငါးစောင့်စားတဲ့ ဖျိုင်းလိုပေါ့ကွာ"

"မိကျောင်းကျတော့ ဝဲကြီးကမစုပ်ဘူးလား အဘိုး"

"ဟေး - အေး မိကျောင်းက ရေဘုရင်ပဲကွ။ ရေကိုအသေနိုင်တယ်။ ရေကျွမ်းတယ်။ ရေထဲမှာ သူ့ကိုဘယ်သူမျှ ယှဉ်လို့မရဘူးကွ။ ဝဲလောက် တော့ သူကအပျော့ပဲ၊ အေး - ဒါပေမဲ့"

ဖိုးကဲ၏ အဘိုးက စကားကိုရပ်လိုက်သည်တွင် ...

"ဒါပေမဲ့ - ဘာဖြစ်သလဲ။ အဘိုး၊ မိကျောင်းကို ကျွန်တော်စိတ်ဝင်စား တယ်။ ပြောပြပါလား"

"ပြောရတာပေါ့ကွာ။ မိကျောင်းအစာဘယ်လိုရှာတယ်၊ ဘယ်လိုစား တယ်၊ ပြီးတော့ ဘယ်လိုပေါက်တယ်ဆိုတာ"

အဘိုးက မိကျောင်းနှင့်ပတ်သက်သမျှ တစ်နေ့တစ်မျိုးမရိုးရအောင် ပုံပြောသလို ဖိုးကဲကိုပြောပြခဲ့လေသည်။ ခုတော့ အဘိုးလည်း မရှိတော့ပြီ။ နံ့သာချောင်းထဲ၌လည်း မိကျောင်းပေါ်ခဲ့ပြီ။

"ဟုတ်တယ် အဲဒါမိကျောင်းရဲ့ကျောပြင်ကြီးပဲ စောအေးရ။ ဘေးတစ်ဖက်တစ်ချက်က ဆူးတောင်တန်းတွေရဲ့ အလယ်ကြောပြင်ကြီးကို အလောင်းစင်လို့ခေါ်တယ်"

ရွာထဲမှ ရှေ့မီနောက်မီဘကြီးဖိုးလူက ဖိုးကဲ၏စကားကို ထောက်ခံလိုက်သည်။ စောအေးက ဦးဖိုးလူ၏ စကားကိုနားရှုပ်သွားသလို ခေါင်းကို တယမ်းယမ်းလုပ်လိုက်ပြီး…

"ဘာလဲဗျ - အလောင်းစင်ဆိုတာ"

ဟုမေးလိုက်လေသည်။

"အလောင်းစင်ဆိုတာ မိကျောင်းဟာ လူကိုအမြီးနဲ့ရိုက်ပြီးတော့ပဲဖြစ်ဖြစ်၊ ပါးစပ်နဲ့ကိုက်ပြီးတော့ပဲ ဖြစ်ဖြစ် ရေထဲဆွဲချလာပြီးတဲ့အခါ ရေမွန်းအောင်နှစ်သတ်လေ့ရှိတယ်။ အဲ - သေပြီဆိုတော့ လူသေကို သူ့ကျောပေါ်က ဆူးတောင်နှစ်တန်းကြားတင်ပြီး သူယူသွားလိုရာနေရာအထိ ယူသွားလေ့ရှိတဲ့အတွက် လူတွေက အလောင်းစင်လို့ခေါ်လေ့ရှိကြတာပဲ။ ဒါတွေ - အသာထား၊ မိကျောင်းပေါ်ပြီဆိုတော့ဟင်း - တို့လိုချောင်းထဲ မြောင်းထဲမှာ ငါးရှာဖားရှာနေတဲ့သူတွေကော မြစ်ထဲရေဆင်းခပ်၊ အဝတ်ဆင်းလျှော်၊ ကူးတို့ဆိပ်ဆင်းတဲ့သူတွေပါ အန္တရာယ်ရှိပြီဆိုတာ အချက်ပြလိုက်တာပဲကွ။ သွားသတိ လာသတိ ရှိကြပစေဟေ့"

ဦးဖိုးလူက လူကြီးပီပီအန္တရာယ်၏ အရိပ်အငွေ့ကို သတိပြုမိလေသည်။

"ဟော - ဟော ရေထဲငုပ်သွားပြီ"

သူတို့စကားကောင်းနေခိုက် လူအချို့၏ အသံကြောင့်မြစ်ထဲသို့ လှမ်းကြည့်လိုက်သောအခါ မည်းမည်းမျောမျောသဏ္ဍာန်မှာပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီ။

□

ဘကြီးဖိုးလှု၏ စကားကမှန်လေပြီ။ ရွှေဘိုစုကျေးရွာမှ နွေရာသီအပူဒဏ်ကြောင့် မြစ်ထဲသို့ရေဆင်းစိမ်သော ခွေးနစ်ကောင် မိကျောင်းအဆွဲခံရသည့်သတင်းက တောမီးလိုပြန့်လာလေ၏။

"ကဲ-ငါ့လူတို့ ဇာတ်လမ်းကတော့စပြီကွ။ ခွေးလစ်တော့ ခွေးခံရပြီ၊ လူလစ်ရင် လူပါလိမ့်မပေါ့"

ဘကြီးဖိုးလှုက မိကျောင်းအိုင်ရွာသား တံငါလုပ်စားသူများကို တကူးတကန့် ဖိတ်မန္တကပြု၍ ရေနွေးကြမ်းဝိုင်းတည်ပြီး ထပ်မံသတိပေးပြန်သည်။

"မိကျောင်းတွေ ရေထဲမှာ အစာရှားပြီနဲ့တူတယ်"

ဖိုးကဲက သူ့အဘိုးပြောခဲ့ဖူးသောစကား ကြားဖူးနားဝကို ဖောက်သည်ချသည်။

"ကျွန်တော့်အဘိုးက ပြောဖူးတယ်။ ကျားပဲဖြစ်ဖြစ်၊ ဆင်ပဲဖြစ်ဖြစ် သူတို့မှာ သဘာဝအစာတွေရှိသတဲ့"

ဖိုးကဲက စကားစသည်။ ဖိုးကဲ၏ အဘိုး ဦးစိန်မှတ်ကို ဘကြီး ဦးဖိုးလှု ကောင်းကောင်းသိသည်။ ဦးစိန်မှတ်ကတောလိုက်ဝါသနာပါသဖြင့် မုဆိုးအလုပ်လုပ်သည်။ ထိုမျှသာမက တံငါအလုပ် လယ်ယာအလုပ်အစုံလုပ်သည်။

"ဘာလဲကွ - သဘာဝအစာဆိုတာ"

ဖိုးကဲ၏သူငယ်ချင်းထွန်းသောင်က မေးသည်။

"သဘာဝအစာဆိုတာ တောတိရစ္ဆာန်တွေကို သဘာဝတရားကြီးက ဖန်တီးပေးထားတဲ့အစာကို ပြောတာကွ။ ဆင်ဆိုရင် တောထဲမှာ သူတို့စားဖို့ သဘာဝအလျောက်ပေါက်နေတဲ့ ဝါးပင်၊ တောငှက်ပျော၊ သစ်ပင်သစ်ခေါက်တွေပေါ့ကွာ။ ကျားဆိုရင် တောဝက်တို့ သမင် ဒရယ်တို့ပေါ့။ လူတွေက ဝါးခုတ် သစ်ခုတ်လို့ ဆင်တွေအစာရှားလာရင် လူတွေနေတဲ့ ရွာထဲဝင်ပြီး လူတွေစိုက်ပျိုးထားတဲ့အပင်တွေကိုစားကြသလို သမင် ဒရယ်တွေကို လူတွေက ပစ်ခတ်ဖမ်းဆီးတာများလို့ ကျားတွေအစာရှားပါးလာတဲ့အခါ ရွာထဲဝင်ပြီး လူတွေမွေးထားတဲ့ ကျွဲနွားသိုးဆိတ်တွေကို ဝင်ဆွဲတတ်ကြ

တယ်။ မိကျောင်းတွေလည်း ရေထဲကသူတို့သဘာဝ စားစရာရှားပါးလာတဲ့အခါ ရေစပ်ဆင်းလာတဲ့ သမင်၊ ဒရယ် လူပါမချန်ဆွဲတဲ့ သဘောပေါ့ကွ"

"အေး–ဖိုးကဲပြောတာ မှန်တယ်ကွ။ ချေးလိုကုန်းသတ္တဝါကိုတောင် ဆွဲစားလာပြီဆိုတော့ လူတွေကိုအန္တရာယ်ပြုဖို့ဆိုတာ ဖြစ်နိုင်ခြေ များလာပြီ။ ဒါ့ကြောင့် မင်းတို့သတိဝီရိယရှိကြပေါ့။ မင်းတို့လည်း ရေမှုဆိုး – မိကျောင်းကလည်း ရေမှုဆိုးပဲကွ"

ဘကြီးဖိုးလူတို့ အိမ်ကထွက်လာတော့ နေ့လယ်ထမင်းစားချိန်ပင် ရောက်ပေပြီ။ ဖိုးကဲ အိမ်ရှေ့သို့ရောက်လာသောအခါ အိမ်ခြံဝင်းထဲတွင် ဇနီးဖြစ်သူ မသန်းခင်ကိုတွေ့လိုက်ရလေသည်။

"အတော်ပဲ ရှင့်ကိုအရေးကြီးတဲ့စကားတစ်ခွန်းပြောမလို့တော့။ ရွှေဘိုစုကျေးရွာက မြစ်ဆိပ်ဆင်းပြီး အဝတ်ဖွပ်တဲ့မိန်းမတစ်ယောက် မိကျောင်းအဆွဲခံရလို့တဲ့။ စောစောကပဲ ငှက်ဒပျာလေ့က ကိုအောင်မင်းက ပြောလိုက်တယ်။ ကျွန်မဖြင့် ဒီသတင်းကြားပြီးရင်တုန်လိုက်တာတော်"

မသန်းခင်က နှလုံးရောဂါသည်ပီပီ သူ၏ရင်ဘတ်ကလေးကို လက်ဖဝါးနှင့်ဖိကာ ဆီးပြောလိုက်သည်။

"ဟာ–ဒီလိုဆို ငါဘကြီးဖိုးလူအိမ်သွားဦးမှဟ"

ဖိုးကဲက ချာခနဲပြန်လှည့်ကာ ဦးဘိုးလူတို့အိမ်ဘက်သို့ ပြန်လာခဲ့သည်။ လမ်း၌တွေ့သော စောအေးတို့ ထွန်းသောင်တို့ကိုပါ ဆွဲခေါ်ခဲ့သည်။

"အေး–ငါလဲခုလေးတင်ပဲ အောင်မင်းလာပြောသွားလို့ကြားပြီးပါပြီ။ ဒီကောင်ကြီးအတင့်ရဲသထက် ရဲလာပြီကွ။ နောက်ထပ် နောက်ထပ် တစ်ယောက်ပြီးတစ်ယောက်မပါပါစေနဲ့လို့ ဆုတောင်းပါတယ်ကွာ"

□

သို့နှင့် တစ်လ၊ နှစ်လခန့်ကြာသည်အထိ ငြိမ်ချက်သားကောင်းနေသော မိကျောင်းကြီး၏ သတင်းငုပ်သွားသောကြောင့် မိကျောင်းကြီးကိုမေ့လျော့သွားကြပြန်သည်။ တစ်နေ့ မိကျောင်းအိုင်ရွာ ရွာဦးကျောင်းမှ ကိုရင်လေးတစ်ပါးကျောင်းအနောက်မြစ်ကမ်းပါးရှိ တံတားပေါ်တွင် သပိတ်၊ ဝတ်

ခွက်များကို ဆေးကြောနေလေ၏။ ကိုရင်လေးမှာ တံတားအနီးသို့ရေလှိုင်း ရေပွက်မထဘဲ တရွေ့ရွေ့မျောလာသော ရှည်မျောမျောသဏ္ဌာန်တစ်ခုကို သတိမထားမိချေ။ ဆေးကြောစရာရှိသည်များကိုသာ အာရုံရောက်၍နေ တော့သည်။ တံတားမှာ ကမ်းခြေမှာ သုံးလေးငါးပေသာ အရှည်ရှိသော ကြောင့် ရေတိမ်ပိုင်း၌သာရှိလေသည်။ မကြာပါချေ ရှည်မျောမျောအရာက တံတားအနီးသို့ရောက်လာကာ ရေထဲမှ ရေပန်းပွားများနှင့်အတူ မိကျောင်း အမြီးကြီးပေါ်လာပြီး ဖုန်းဟူသောအသံကြီးကို ကြောက်မက်ဖွယ်ရာကြား လိုက်ရလေ၏။

"ဟာ - ကိုရင်လေး၊ ကိုရင်လေး"

မလှမ်းမကမ်းကျောင်းဝိုင်းထဲရှိ ဦးပဉ္ဇင်းများအပြေးအလွှားရောက်ရှိ လာကြသော်လည်း ရေထဲမှပလုံးပထွေးနှင့် ကိုရင်လေး၏ အရိပ်အရောင် ကိုသာ တွေ့လိုက်ကြရတော့သည်။ ရေပြင်တစ်ခုလုံးမှာလည်း သွေးရောင် များဖြင့် နီရဲနေလေ၏။ ထိုနေရာသို့ ရွာသားများစုဝေးရောက်ရှိလာကြ သောအခါ ကိုရင်လေးမှာ မိကျောင်းကြီး၏ ကိုက်ချီသွားရာနောက်သို့ပါ သွားလေပြီ။

"တောက် - အဖြစ်ဆိုးလိုက်လေကွာ။ ဒီကောင်ကြီးကိုရှင်းမှဖြစ်တော့ မယ်"

ရွာသားတစ်ယောက်ကတောက်ခေါက်၍ပြောလိုက်သည်။

"ရှင်းတာတော့ ဟုတ်ပါပြီ၊ ဘယ်လိုရှင်းကြမလဲ။ ရေထဲဆင်းပြီး သူ့ တင်ကိုယ်တင် အသေသတ်ဖို့ မလွယ်ဘူးထင်တယ်။ သေနတ်နဲ့ပစ်ဖို့ကျ ပြန်တော့ ဒီကောင်ကြီးကိုနဖူးတွေ့ဒူးတွေ့ တွေ့မှဖြစ်မှာ။ ဒီလောက် ချောင်း တွေ မြောင်းတွေ များလှတဲ့ တို့ဒေသမှာ ဒီကောင်ကြီးရှိမယ့်နေရာကို မှဆိုး တောကောင်လိုက်သလို လိုက်လို့မရဘူးထင်တယ်။ ကဲ - နည်းလမ်းရှိရင် ကြံကြပါဦး"

ရွာသားတစ်ယောက်က သူ့ထင်မြင်ချက်ကိုဆိုသည်။

"တစ်ခုတော့ရှိတယ် ဖြစ်မယ်မဖြစ်ဘူး၊ အတိအကျပြောလို့တော့ မရ ဘူး။ စမ်းကြည့်ချင်ရင် စမ်းကြည့်ပါလား"

ဖိုးကဲက သူကြားဖူးသောနည်းလမ်းတစ်ခုကိုစမ်းကြည့်စေချင်သည်။

"ဘယ်လိုနည်းလမ်းလဲ ပြောစမ်းပါဦး"

ဘကြီး ဦးဖိုးလူက ထမေးသည်။

"ကျားဆွဲသွားတဲ့ လူပဲဖြစ်ဖြစ် နွားပဲဖြစ်ဖြစ် ကျားစားထားတာတွေ့တဲ့အခါ အဲဒီအစာကိုသနပ်ခါးလူးပန်းပန်ပြီး တောပြန်ရင် ကျားကပြန်လာပြီးစားသတဲ့။ အဲဒီကျားကိုလင့်စီးပြီးပစ်သလို ခွေးဖြစ်ဖြစ်၊ ဆိတ်ဖြစ်ဖြစ် သနပ်ခါးလူးပန်းပန်ပြီးရေထဲမှာမိကျောင်းစာချထားရင်မိကျောင်းလာဟပ်မလားလို့"

ဖိုးကဲက သူ့အကြံကို ရှင်းပြသည်။

"အေး-ဟုတ်ပြီ - ငါသဘောပေါက်ပြီ။ ဒါပေမဲ့ - ခွေးတို့ ဆိတ်တို့ကရေထဲကြာကြာမနေနိုင်ဘူးကွ။ ရေထဲမှာ အကြာကြီးနေနိုင်တာက ဘဲပဲ။ ဘဲမျက်နှာသနပ်ခါးလိမ်း၊ ခေါင်ရန်းပန်းပန်ပေးပြီး ဘဲကိုယ်ထည်မှာ ငါးများချိတ်လိုဒစ်ပါတဲ့ သံချောင်းချိတ်ကြီးနဲ့ဟန်လာကြိုးသွယ်ထားရင်မိကျောင်းက ဘဲကိုဟပ်တဲ့အခါငါးများချိတ်ကမိကျောင်းအာကိုစူးမှာပဲ"

ဘကြီးဦးဖိုးလူက ဘဲနှင့် ငါးမျှားချိတ်တွဲကာ မိကျောင်းထောင်ဖမ်းဖို့ပြောသည်။ သို့နှင့်ဘဲကိုရေပေါ်ပေါ်နေစေရန် ဘဲခြေထောက်တွင် ကြိုးချည်ကာ ကြိုးစကို အုတ်ခဲသုံးလေးလုံးနှင့် သမွန်ကျောက်ချသလို မြစ်ကြမ်းပြင်သို့ပစ်ချထားလိုက်သည်။ ဘဲက ရေပေါ်တွင် ဝေးဝေးလံလံသို့ ကူးခတ်သွားလာခြင်းမပြုနိုင်ဘဲ အရုပ်တစ်ရုပ်ချထားသလိုသာရှိနေလေ၏။ ထိုကဲ့သို့ မိကျောင်းစာဘဲ ထောင်ချောက်အများအပြားကို ဝဲထောင့်ကြီး၊ မိကျောင်းအိုင်ချောင်း၊ နွံသာချောင်းတစ်လျှောက်တွင် အနှံ့အပြားထောင်ထားကြသည်။ ထိုနေရာနှင့်မနီးဝေး ကမ်းခြေမှလည်း လူတစ်ယောက်စီ နေ့ညမပြတ်တာဝန်ယူစောင့်ကြည့်နေကြလေ၏။ ဆယ့်လေးငါးရက်ခန့်မည်သို့မျှထူးခြားခြင်းမရှိသော်လည်း တစ်နေ့တွင် ဝဲထောင့်ကြီးအနီးမှ ဘဲကို မိကျောင်းကလာဟပ်တော့သည်။ သို့သော် မိကျောင်းက အလွန်ပါးနပ်သည်။ ဘဲကို ငုံကာဆွဲပြေးသဖြင့် ဘဲခြေထောက်ပြတ်ပြီး ကြိုးများပါကျန်နေခဲ့သည်။ ဘဲ၏ ကိုယ်ထည်တွင် ကပ်ချည်ထားသော သံချိတ်နှင့် ဘဲမှာ

'တိရစ္ဆာန်တွေလဲ လူလိုပဲကွ။
ရသာတကျာပေါ်မှာ
အစွဲအလမ်းကြီးတတ်ကြတယ်။
လူသားစားဖူးတဲ့ ကျားဟာ
လူသားကိုပဲ ရှာဖွေစားတတ်ကြ
သလို
ဟော – အခုလူသားစားဖူးတဲ့
မိကျောင်းဟာ လူကိုပဲချောင်းမှာ
အသေအချာပဲ။'



မိကျောင်း၏ ပါးစပ်ထဲတွင်ပါသွားခဲ့သော်လည်း မိကျောင်းအားဆွဲယူရန် ချိတ်တွင်တပ်ထားသောကြိုးမှာ ဘဲခြေပြတ်နှင့်အတူ ကျန်နေခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့ပြီးသည့်နောက်တွင် မိကျောင်းမှာ ထောင်ထားသော မည်သည့်ဘဲကိုမျှ မဟာပ်ဘဲပျောက်ချက်သားကောင်း နေပြန်တော့သည်။

"တိရစ္ဆာန်တွေလဲ လူလိုပဲကွ။ ရသာတကျာပေါ်မှာ အစွဲအလမ်းကြီးတတ်ကြတယ်။ လူသားစားဖူးတဲ့ ကျားဟာ လူသားကိုပဲရှာဖွေစားတတ်ကြသလိုဟော – အခုလူသားစားဖူးတဲ့မိကျောင်းဟာလူကိုပဲချောင်းမှာအသေအချာပဲ။ ဒီကောင်ကြီးကို မမိသေးသရွေ့ ရေနဲ့မကင်းတဲ့လူတွေအတွက် ငါ စိုးရိမ်သကွာ"

ဘကြီး ဦးဖိုးလူက ညည်းတွားရေရွတ်သည့် လူတွေကို ဆက်ပြီးဒုက္ခမပေးနိုင်အောင် ဒီကောင်ကြီးကို ဘယ်လိုလုပ်ရှင်းရပါ့မလဲဟု စဉ်းစားအကြံထုတ်သော်လည်း ရေထဲတွင်နေသော သတ္တဝါမို့ မှန်းရခက် လိုက်ရခက်နှင့် စိတ်ပျက်စရာသာကြုံရတော့သည်။ သို့နှင့်နွေဦးပေါက်မှာစတင်ပေါ်ပေါက်လာခဲ့သော မိကျောင်းကြီးကို မိုးကျလာသည်အထိ မရှင်းနိုင်ခဲ့သေးချေ။

❑

မိုးရာသီရောက်လာပြီမို့ ငါးများဥချပေါက်ဖွား မြူးထူးမိတ်လိုက်ကြသော ကာလဖြစ်သည်။ ထိုရာသီတွင် ငါးပေါသောကြောင့် ကိုတံငါတို့နေ့မှန်းမသိ၊ ညမှန်းမသိ ငါးအရှာထွက်ကြသောအချိန်အခါလည်း ဖြစ်တော့သည်။ ဒေးအရဲမြို့နယ်သက်ကယ်ချောင်းအုပ်စု မိကျောင်းအိုင်ရွာမှ ဖိုးကဲနှင့် စောအေးတို့နှစ်ယောက်သားမှာလည်း လှေတစ်စီးကို နှစ်ယောက်လှော်ကာ နွံသာချောင်းအတွင်း၌ ငါးများတန်းချဖို့ စိုင်းပြင်းလျက်ရှိသည်။ ထိုစဉ်စနေထောင့်ခေါ် အနောက်တောင်ထောင့်ဆီမှ အလိပ်လိုက် အလိပ်လိုက်ထနေသော တိမ်မည်းညိုကြီးများက တစ်မိုးလုံးမည်းမှောင်နေအောင်ပင် အုပ်ဆိုင်းလာတော့သည်။ အေးစိမ့်စိမ့်မိုးသက်လေကလေးပါ တဝေ့ဝေ့တိုက်ခတ်လာပြီမို့ မိုးရွာတော့မည်ဟု ဖိုးကဲရိပ်စားလိုက်မိသည်။

"မိုးချတော့မယ်ကွ။ ဟင်း-ငါးများတန်းချထားတဲ့ ကြိုးတွေကို ပြန်ဆယ်ယူထားလိုက်။ တို့ မြစ်ရဲ့အနောက်ဘက်ကမ်းကပ်ပြီး မိုးခိုကြရအောင်"

ဖိုးကဲက လှေပဲ့ပိုင်းမှ စောအေးကိုလှမ်းပြောလိုက်သည်။

"ငါးများကြိုးတွေ မဆယ်ဘဲထားရင်ကော မရဘူးလား။ လှေချည်းကမ်းဘက်ကပ်ကြတာပေါ့"

စောအေးက စောဒကတက်လိုက်သည်။

"ဒီလောက်သည်းတဲ့ မိုးထဲလေထဲမှာ ဘယ်ငါးကမှ အစာမဟပ်ဘူးကွ။ မိုးစက်တွေကြားမှာ ခုန်ပျံပြီး အပျော်ပဲဟပ်ကြမှာ ငါပြောသလိုသာ လုပ်စမ်းပါကွာ"

မှန်ပေသည်။ မိုးသဲသဲမဲမဲ ရွာပြီဟုဆိုလျှင် ဘယ်ငါးမျှ အစာမဟပ်တော့ပေ။ ထို့ကြောင့်မိုးနှင့်အတူ ရောပါလာမည့် မိုးသက်လေပြင်းကြောင့်လှေမမှောက်စေရန် မြစ်ကမ်းဘက်ဆီသို့ လှော်ခတ်ကာ မိုးနှင့်လေခိုဖို့သာစဉ်းစားရတော့သည်။ မြစ်ကမ်းဘက်ဆီသို့ ကပ်မည်ဟုဆိုသောအခါကိုယ်ကပ်မည့်ကမ်းကို သိဖို့လိုသည်။ ဖိုးကဲတို့ မြန်မာပြည်တွင် မြစ်များမှာမြောက်မှတောင်သို့ သွယ်တန်းစီးဆင်းသည်ကများသည်။ တောင်နှင့်မြောက်သွယ်တန်းစီးဆင်းသည်က များသည်။ တောင်နှင့် မြောက်သွယ်

တန်းနေသော မြစ်အတွင်း၌ မြစ်၏အနောက်ဘက်ကမ်းကို ကပ်ပါမှ အနောက်တောင်ထောင့်အရပ်မှ အားသွန်ပြီးတိုက်ခတ်လာမည့် လေပြင်းဒဏ်က လွတ်နိုင်သည်။ အကယ်၍များ အရှေ့ဘက်ကမ်းသို့ လှေတိုလျော့ခတ်သွားမိပါကလေ၏တွန်းအားကြောင့်လှေမှောက်ဖို့သေချာသလောက်ဖြစ်လေသည်။ ထို့ကြောင့် ဖိုးကဲက အနောက်ဘက်ကမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဖိုးကဲ၏ ယူဆချက်က သေွးထွက်အောင်မှန်လေသည်။ သူတို့လှေကမ်းနှင့်ဝါးတစ်ရိုက်လောက်သို့ရောက်သည့်နှင့်လေရောမိုးပါတရှောမြောင်းမြောင်းနှင့်သွန်ချလာသည်။ မိုးကရေပါလှသလို မိုးပေါက်ကြီးများမှာ ကြီးလွန်းလှသဖြင့် ဖိုးကဲတို့ ကိုယ်ကိုလာရောက်ထိမှန်သောအခါ အသားများပင် စပ်ဖျဉ်းဖျဉ်းနှင့် နာကျင်လာသည်။ မြစ်ထဲချောင်းထဲမို့ အကာအကွယ်မဲ့လည်းဖြစ်ပြန်၊ လေကလည်းတဟူးဟူးတိုက်နေပြန်တော့ ဖိုးကဲရော စောအေးပါ အဖျားဝင်သူကဲ့သို့ တဟီးဟီးနှင့် ချမ်းလာတော့သည်။ အရေးထဲအရာပေါ်ဆိုသကဲ့သို့ ဖိုးကဲက ခြေအေးပြီးဝမ်းနာလာသဖြင့် ကမ်းသို့ကင်ကာ အခင်းကြီးသွားဖို့စိုင်းပြင်းရတော့သည်။

"စောအေး - ငါလတာပေါ်တက်ပြီး တောထိုင်လိုက်ဦးမယ်ကွာ။ အောင့်မထားနိုင်တော့ဘူး"

ထိုအချိန်တွင် လှေကလေးမှာ ချောင်းဦးတိုကလေးထဲသို့ ဝင်လာလျက်ရှိလေပြီ။ စောအေးက ကမ်းကပ်ပေးလိုက်သောအခါ ဖိုးကဲက သုတ်သီးသုတ်ပျာဖြင့် လှေပေါ်မှ လတာပေါ်သို့ လွှားခနဲခုန်ချသွားတော့သည်။ လတာပေါ်ရောက်သောအခါ ခရာတော၊ သစ်ပေါင်းဂေါများကို ဟိုကြည့်သည်ကြည့် ကြည့်ရင်းက ဗိုက်ပြုသနာရှင်းဖို့နေရာရှာသည်။ ထိုအခိုက် ခရာတောအစပ်မှ ပြောင်ချောချော ကျှောတိုက်ရာကြီးတစ်ခုကို အမှတ်တမဲ့ လှမ်းမြင်လိုက်သည်။

"ကေ့ - ဒါကြီးဟာ မိကျောင်းဗိုက်နဲ့ပွတ်ထားတဲ့အရာကြီးများလား။ မှန်းစမ်းဟာ - ဟုတ်ပြီ"

ဖိုးကဲဝိုက်နာတာပျောက်သွားသည်။ သူ့စိတ်ကမိကျောင်းတစ်ကောင်၏ ပွတ်တိုက်တွားသွားထားသည့် ပြောင်ချောချောစွတ်ကြောင်းကြီးကို ရောက်သွားတော့သည်။ ပြောင်ချောကြီး၏ ဝဲယာတွင် မိကျောင်း၏လက်နှင့် ခြေတို့မှ လက်သည်း ခြေသည်းရာများယှဉ်တွဲနေသည် မဟုတ်ပါလား။ ဖိုးကဲ တောမထိုင်တော့ဘဲ လှေရှိရာသို့ပြေးချလာပြန်သည်။

"စောအေးရေ - ဟေ့ - စောအေး လှေထဲက ငုက်ကြီးတောင်ဓားနဲ့ မနီလာကြိုးခွေယူခဲ့ဟေ့။ လှေကို လမုပင်နဲ့အသေချည်ခဲ့ မြန်မြန်လုပ် မြန်မြန်"

ဖိုးကဲက အမောတကောအော်ပြောလိုက်သည်။ စောအေးက ဘုမသိဘမသိနှင့် ဖိုးကဲပြောသလို ဓားရှည်နှင့်ကြိုးခွေကိုယူကာ လှေပေါ်မှခုန်ချသည်။ ထို့နောက်လှေဦးမှ ကြိုးစကိုဆွဲကာ လမုပင်တွင်အသေချည်လိုက်ပြီး ဖိုးကဲအနီးသို့ရောက်လာသည်။

"ဘာလဲ - ဘာဖြစ်လို့လဲ - ဘာတွေ့လို့လဲကွ"

"ဟာ - မင်းကိုရှင်းပြမနေနိုင်သေးဘူး၊ ငါ့နောက်ကသာခပ်သွက်သွက်လိုက်ခဲ့။ ငါထင်တာမမှားဘူးဆိုရင် မိကျောင်းတွေ့မှာပဲ"

ဖိုးကဲက စောအေး၏ အမေးကိုပြန်မဖြေဘဲ လမုတောကိုဖြတ်၍ ရှေ့ကိုစိုက်စိုက်သာသွားနေလေ၏။ ခရာဆူးများကို ရှောင်ကာကွင်းကာ သွားနေရသဖြင့် ခက်ခဲလှသော်လည်း စောအေးက ဖိုးကဲကို မီအောင်လိုက်လာသည်။ ဆယ့်လေးငါးမိနစ်ခန့်သွားပြီးနောက် ဖိုးကဲက တံ့ခနဲရပ်လိုက်သည်။

"တွေ့ပြီကွ - ဟိုမှာတွေ့လား မိကျောင်း"

ဖိုးကဲက စောအေးကိုရှေ့တည့်တည့်သို့ လက်ညှိုးထိုးကာပြောလိုက်သည်။ ဖိုးကဲပြသည့်နေရာကို စောအေးကလှမ်းကြည့်လိုက်သောအခါ ငုက်ကြီးတောင်ပင်များကို အသိုက်လုပ်ကာ အသိုက်ပေါ်တွင်စင်းစင်းကြီးရှိနေသော မိကျောင်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ အံ့ဩမှင်တက်ရှိရာမှ စောအေး သတိပြန်ဝင်လာပြီး -

"မင်းက ဒီမှာမိကျောင်းရှိမှန်းဘယ်လိုလုပ်သိသွားတာလဲ"

ဟုမေးလိုက်မိသည်။

"တို့အဖိုးပြောခဲ့တဲ့စကားကိုသတိရသွားပြီး မှန်းဆမိသွားတာတွေ။ ဒီလက မိုးများတဲ့ဝါဆို ဝါခေါင်လ မဟုတ်လား။ ဒီလမှာ မိကျောင်းတွေမိတ်လိုက် အသိုက်လိုက်ဥ - ဥလေ့ရှိတယ်ကွ။ ငါလေ့ပေါ်ကအဆင်းလတာပေါ်မှာ လျှောတိုက်ရာကြီးတွေတော့ ခြေရာတွေရှိမရှိ သေသေချာချာကြည့်လိုက်တဲ့အခါ တွေ့တာနဲ့ မိကျောင်းတစ်ကောင်ကောင် ဥတက်ဥတာဖြစ်မှာပဲလို့ တွေးမိတာပဲ"

ဖိုးကဲက သူ့အတွေးမှန်သွားသဖြင့် အားတက်သရောဖြစ်ကာ နှုတ်ရွှင်နေလေသည်။

"ဒါဆို - ဒီကောင်ကြီး တို့ရွာက ကိုရင်လေးကိုဆွဲသွားတဲ့ကောင်ပဲဖြစ်ရမယ် ငါသွားသတ်မယ်ကွာ"

စောအေးက အနားဟောင်းပြန်ပေါ်လာပြီး လက်ထဲကငှက်ကြီးတောင်ဓားကိုမြှောက်ကာပြေးခုတ်မည်ပြုသည်။ ဖိုးကဲက စောအေး၏ လက်ကိုအတင်းဖမ်းဆွဲပြီး...

"ဟ...ဟ...ဟေ့ကောင် အရမ်းသွားမလုပ်လိုက်နဲ့၊ မိကျောင်းအမြီးစာဖြစ်သွားမယ် ငါ့ကောင်ရ။ မိကျောင်းအမြီးစာမိလိုက်ရင် နွားတောင်ပစ်လဲသွားနိုင်တယ်ကွ။ အားအလွန်ကြီးတယ်ဟေ့။ ပြီးတော့ မိကျောင်းရဲ့ ပါးစပ်ထဲကသွားတွေက သူဟပ်မိတဲ့နေရာကို ကြိုးသွားအောင် ကိုက်နိုင်ခဲနိုင်လောက်အောင် သန်တယ်နော။ ခါးမိရင် ခါးအကျိုးပဲ၊ ခြေမိရင် ခြေအကျိုးပဲ"

"အိုကွာ ငါကတော့ လူသားစားတဲ့ဒီမိကျောင်းကို ဇီဝိန်မနုတ်ရရင် ဒီကနေမပြန်ဘူး"

စောအေးက အံတကြိတ်ကြိတ်ဖြင့် ပြောသည်။

"ဓားနဲ့ခုတ်စရာမလိုပါဘူးကွာ လက်နဲ့ဖမ်းရင်ရပါတယ်"

"ဘာ - ဘယ်လို ဟင်း ဘယ်လိုဖမ်းမှာလဲ၊ လုပ်စမ်းပါဦး"

စောအေးက ဖိုးကဲ၏စကားကိုမယုံချေ။

"ငါတကယ်ပြောတာပါကွ။ ကဲကဲ - ပြောနေကြာတယ်။ ဟင် - ဒီအနီးအနားတစ်ပိုက်က ဖော့အုပင်တွေရှာပြီး ခပ်များများခုတ်ခဲ့ကွာ - ပြီးဒီမှာလာပုံ"

"ဟော့ကောင် - ရွှေဖော့ရိုးနဲ့ မိကျောင်းကိုရိုက်နက်ဆုံးမလို့လား။ ကြည့်လုပ်ပါမောင်ရာ"

"ငါပြောသလိုသာလုပ်စမ်းပါ။ စောအေးရာ မင်းမိကျောင်းကို ကလဲ့စားချေချင်တယ်မဟုတ်လား။ ကိုရင်လေးကိုဆွဲသွားတဲ့ မိကျောင်းဟုတ်ဟုတ်မဟုတ်ဟုတ် ဒီမိကျောင်းဖမ်းပြီး တို့အိမ်ပြန်ကြတာပေါ့။ ငါးမရလည်း မိကျောင်းရတော့ ဟန်ကျမှာပါကွ"

ဖိုးကဲ၏စကားကြောင့်စောအေးဘာမျှဆက်မပြောတော့ဘဲဖော့အရှာထွက်ခဲ့သည့် တွေ့သမျှဖော့တို့ကို ခုတ်ထစ်ယူလာပြီး ဖိုးကဲပြောသောနေရာတွင်ပုံပေးထားလိုက်သည်။ဖိုးကဲကတစ်တောင်လောက်အရှည်ရှိသောအပိုင်းများပိုင်းပါ ဆိုသဖြင့် ပိုင်းပိုင်းပေးလိုက်သည်။

"ကဲ - အဲဒီဖော့အုပိုင်းတွေနဲ့ မိကျောင်းမကြီးကိုလှမ်းပစ်ရအောင်မင်းရော ငါရောအဆက်မပြတ်အောင် ခပ်သွက်သွက်ပစ်မှဟေ့"

ပြောပြောဆိုဆို ဖိုးကဲက ဖော့အုချောင်းနှစ်ချောင်းကိုကောက်ကိုင်ကာ လက်လွှဲပြီး ဗိုးခနဲ - ဗိုးခနဲနေအောင်ပစ်တော့သည်။ စောအေးလည်း မေတ္တာတုံး မိကျောင်းမကြီးကို မှန်အောင်အားကုန်ပစ်လေရာ မိကျောင်းမကြီးက သူ့ကိုယ်လုံးကြီးကို တဘုတ်ဘုတ်နှင့်လာရောက်ထိမှန်သော ဖော့ချောင်းများကို သူ၏တုတ်ခိုင်သန်မာလှသော အမြီးတုတ်တုတ်ကြီးဖြင့် တဝီးဝီးမြည်အောင် ပုတ်ထုတ်ပစ်နေလေတော့သည်။ ဖော့ချောင်းများမှာ မိကျောင်းမကြီးက ရိုက်ထုတ်ပစ်လိုက်သောကြောင့် လေထဲတွင် ဝဲပျံကာဖြင့် ဖိုးကဲနှင့် စောအေးတို့ထံပြန်ရောက်လာကြသည်။ သူတို့က ငုံ့ကာ တိမ်းကာဖြင့် ရှောင်နေရင်းမှပင် ဖော့ချောင်းများနှင့် အဆက်မပြတ်ပစ်ခတ်ကြရာ မိကျောင်းမကြီးက ကိုယ်ကိုလှည့်ကာ ဖော့ချောင်းများကို ပါးစပ်ဖြင့် ဆီး

ကိုက်လေတော့သည်။ မိကျောင်းမကြီး၏ ပါးစပ်ထဲတွင် ဖော့ချောင်းနှစ်ချောင်းမျှ ဝင်သွားသောအခါ ဖော့အစွမ်းများနှင့် သွားများငြိပြီး မိချောင်းမကြီးမှာ အာစေးထည့်ထားသကဲ့သို့ ပါးစပ်ဖြဲ၍ မရတော့ချေ။ ကတ်ကြေးကဲ့သို့ နယ်ကုန်အောင်ဖြဲနိုင်သော မိကျောင်းပါးစပ်မှာ ကော်နှင့် ကပ်ထားသကဲ့သို့ စေ့၍နေလေပြီ။

"ကဲ – မိကျောင်းမကြီးရဲ့ပါးစပ်ရန်ကတော့ လွတ်ပြီ။ အမြီးကိုစွပ်ရင်းဖို့လိုတော့တယ်ကွ"

ဖိုးကဲက ပြောလိုက်သည်။ စောအေးစုမျှပင် သဘောပေါက်တော့သည်။ ဖိုးကဲ သူ့ကိုဖော့အရှုရှာခိုင်းသည်မှာ မိကျောင်းပါးစပ် အာစေးထည့်ဖို့ဆိုသည်ကိုလက်တွေ့မျက်တွေ့မြင်ရပြီ မဟုတ်ပါလား။ အမှန်က မိကျောင်းမကြီးကိုဖော့လုံးနှင့်ပစ်စဉ်က ဒီကောင်ကြီးအထိမနာနိုင်ဟု စောအေးတွေးထင်ထားခဲ့သည်။ အထိနာအောင် ဖော့အလုံးအစား ကျောက်တုံးကျောက်ခဲနှင့် နာနာနက်ချင်သည်။ ဖိုးကဲလို မိကျောင်း၏အထာကိုမသိဘဲ ကျောက်လုံး ကျောက်ခဲနှင့်သာ ပစ်မိပါက မိကျောင်းမအမြီးနှင့်ရိုက်ထုတ်ပစ်လိုက်သော ကျောက်ခဲက သူတို့ဆီပျံဝဲရောက်ရှိလာပြီး သူတို့ကို ပြန်မှန်ပါက မိကျောင်းမသေမီ ခဲမှန်ပြီး သူတို့သေသွားနိုင်သည်ကိုလည်း သဘောပေါက်ခဲ့သည်။

"မိကျောင်းမကြီးကို လက်ရဖမ်းဖို့ပဲလိုတော့တယ်။ စောအေး မင်းရှေ့ကသွား"

ဖိုးကဲကစောအေးကိုရှေ့တန်းတင်လိုက်သောအခါစောအေးတွန့်သွားသည်။

"ဟာ – ဟင်း – ရှေ့ကသွားကွာ – သူ့အမြီးစာမိလိုက်ရင် တစ်ခါတည်းကိစ္စချောမှာကွ"

စောအေးက စောစောက ဖော့အချောင်းများကို လျင်မြန်သောအဟုန်ဖြင့် ဆီးရိုက်ပုတ်ထုတ်ခဲ့သော မိကျောင်းကြီး၏ အမြီးကို လန့်ပြီးအသည်းတယားယားပင်ဖြစ်လာသည်။

"ရှီး . . . မှပဲ။ မိကျောင်းတွေစတုန်းကတော့ ဓားနဲ့ပဲ ပြေးခုတ်မယ် တကဲကဲမို့ မနည်းဆွဲထားရတယ်။ နုတော့ – သေွးကြောင်သွားပြီလားကွ စောအေးရ"

"ဟုတ်တယ်ဟေ့ – ကုန်းပေါ်မှာဆိုတော့ မိကျောင်းမကြီးဟာ သစ်တုံးတစ်လုံးလိုပဲ ကြောက်စရာမကောင်းဘူးလို့ထင်ထားခဲ့တာ။ သူ့အမြီးရဲ့ အစွမ်းမြင်လိုက်ရတော့မှ ငါနည်းနည်းဖြုံသွားတာကွ . . ဟဲ . . . ဟဲ"

စောအေးက ရယ်ကျဲကျဲဖြင့် အရှက်ပြေပြောလိုက်လေတော့သည်။

"အေးဟ – ငါကလည်း မင်းသတ္တိကိုစမ်းတာပါ လူဆိုတာသတ္တိဘယ်လောက်ပဲရှိရှိတောတိရစ္ဆာန်နဲ့တွေ့တဲ့အခါသူတို့ရဲ့သဘာဝအလေ့အထကို သိမှ သူတို့ရန်ကကာင်းတာကွ။ ဒါကြောင့် မုဆိုးလည်း သားကောင် သားကောင်လည်း မုဆိုးလို့ဆိုခဲ့ကြတာပေါ့။ တစ်ကွက်မှားလို့ကတော့ မုဆိုးဟာ သားကောင်ဖြစ်သွားနိုင်တယ်ဟေ့။ ကဲ – ကဲ မင်းသိပ်လည်း ကြောက်မနေပါနဲ့တော့။ မိကျောင်းရဲ့ ပါးစပ်ရန်ကလွတ်သွားပြီဆိုပေမဲ့ သေချာအောင် ပါးစပ်ကိုကြိုးနဲ့တုပ်ရလိမ့်ဦးမယ်။ ပြီးမှ အမြီးမလှုပ်နိုင်အောင်ချုပ်ရမယ်"

"ဘာအမြီးမလှုပ်နိုင်အောင်ဘယ်ကြိုးနဲ့ဘယ်လိုကာပ်ချည်ထားမှာလဲ။ ဓားနဲ့ခုတ်ဖြတ်လိုက်မှ စိတ်ချရမှာကွ"

စောအေးက ဖိုးကဲ၏စကားကိုနားမလည်။

"ဟင် – အသာနေပါကွာ ငါလုပ်ပြမယ်။ ငါခိုင်းသလိုသာ မင်းလိုက်လုပ်ပေးရင် ဒီမိကျောင်းကြီးကိုတို့ဖမ်းနိုင်ပါပြီ"

ဖိုးကဲကပြောဆိုပြီး မိကျောင်းမကြီး၏ ခေါင်းဘက်ကနေ၍ မြှောင်ဝင်ကာ မိကျောင်း၏ ဖက်ခွပေါ်သို့ လွှားခနဲပြေးဝင်ထိုင်ချလိုက်သည်။ မိကျောင်းမက သူ့ဖက်ပေါ်သို့ရောက်လာသော ဖိုးကဲကို သူ့အမြီးကြီးဖြင့်လွှဲကာ ရိုက်တော့သည်။ ထိုမြင်ကွင်းကိုမြင်နေရသော စောအေးက ဖိုးကဲတစ်ယောက် မိကျောင်းအမြီးစာမိချေပြီဟု စိုးရိမ်လာလေ၏။ သို့သော် သူထင်သကဲ့သို့မဟုတ်ဘဲ ဖိုးကဲက သူ့ကိုယ်ပေါ်တွင် စလွယ်သိုင်းလွယ်ထားသော ကြိုးခွေကိုဖြုတ်ယူကာ မိကျောင်းမကြီး၏ ပါးစပ်ကိုအထပ်ထပ်တုပ်

နောင်လိုက်လေ၏။ နွတ်သီးဖျားမှအရင်းအထိအသေအချာ တုတ်ပြီးသည်နှင့် သူ၏ ကိုယ်ကိုနောက်ပြန်လှည့်၍ မိကျောင်းမ၏ ခါးဘက်သို့ ငုံ့ကာဝပ်ကာနှင့် ရွှေ့လာပြန်သည်။ ခါးနောက်ပိုင်းမြီးထူးရိုးအနီးသို့ရောက်သောအခါ မိကျောင်းမ၏ အမြီးရင်းသို့ရောက်နေပြီဖြစ်သောကြောင့် ဝဲပျံနေသော မိကျောင်းမ၏ အမြီးဖျားနှင့် လွတ်တော့သည်။ ဖိုးကဲက လွယ်ထားသော နောက်ထပ်ကြိုးတစ်ခွေကို ဖြုတ်ယူလိုက်ပြန်ပြီး အောက်သို့ငုံ့ကာ မိကျောင်းမ၏နောက်ခြေနှစ်ဖက်ကိုတွဲလျက် ကြိုးနှင့်တုတ်နေပြန်သည်။

"လာဟေ့ - စောအေး မိကျောင်းမပါးစပ်ရောအမြီးပါ အစွမ်းမပြနိုင်တော့ဘူး။ ခုမှ မင်းပြောသလို သစ်တုံး တစ်တုံးလိုငြိမ်သွားတော့တယ်"

ဖိုးကဲက စောအေးကိုလှမ်းခေါ်လိုက်သည်။

"ဟေ့အေး - ငါမကာပ်ရဲဘူးကွ"

"လာမှာသာ လာစမ်းပါကွ၊ မိကျောင်းဟာ ရေထဲမှာဘုရင်ဆိုပေမဲ့ မြေပြင်မှာတော့ လူသားကိုဘယ်ယှဉ်လို့ရပ့ါမလဲ။ မင်းမိကျောင်းအမြီး မမြှောက်နိုင်အောင် သူ့နေခြေနှစ်ချောင်းကို ငါချုပ်ထားလိုက်ပါပြီ"

ဖိုးကဲက မိကျောင်းမအနားမကာပ်ရဲဖြစ်နေသော စောအေးကိုလှမ်းပြောလိုက်ပြန်သည်။

"ဟာ . . . စောစောလေးကပဲ ပြင်းပြင်းထန်ထန်ဝဲပျံနေတဲ့ အမြီးကြီးက ဘယ်လိုဖြစ်သွားရပြန်တာတုံးကွ"

စောအေးက မိကျောင်းမကြီးအနီးသို့ မရဲတရဲကာပ်လာရင်းက ဖိုးကဲကို မေးလိုက်သည်။

"ဒါက ဒီလိုကွ။ မိကျောင်းက အမြီးကိုမြှောက်ပြီးရိုက်နိုင်တယ်ဆိုတာက သူ့နောက်ခြေနှစ်ချောင်းကိုမြေပြင်ပေါ်မှာထောက် အားယူပြီးမှ သူ့အမြီးကိုလိုသလိုသုံးလို့ရတာ။ အခုနောက်ခြေနှစ်ဖက်ကို ကြိုးနဲ့တုပ်ပြီး ချုပ်လိုက်မှတော့ သူ့အမြီးမြှောက်ဖို့အားမရှိတော့ပါဘူး။ ပါးစပ်နဲ့ အမြီးကို ကြောက်ရတဲ့ သတ္တဝါကို ပါးစပ်နဲ့အမြီးသုံးမရအောင်လုပ်ပြီးမှတော့ အသာ

လေးမပြီး ထမ်းချသွားရုံပဲ။ ဒီတော့ ဒီလိုလုပ်မင်းကဒီမှာ မိကျောင်းမကြီးကို စောင့်နေ - ငါကသူ့ကိုထမ်းဖို့ဝါးတို့ဘာတို့သွားရှာမယ်"

ဖိုးကဲက စောအေးကိုရှင်းပြလိုက်ပြီး ဝါးရှားထွက်ရန်ဟန်ပြင်လိုက်သည်။

"ဟာ - မင်းဒီမှာပဲ စောင့်နေ။ ငါပဲသွားရှာပါ့မယ်ကွာ"

စောအေးက ပါးစပ်အပြင်ဘက်သို့အစွယ်ကြီး များထွက်နေပြီး မြေပပ်ကြားအက်လိုအကွက်အကျားများဖြစ်နေသော မိကျောင်းမကြီး၏ မျက်နှာကိုစက်ဆုတ်ရွံရှာစွာကြည့်လိုက်ရင်းက ပြောလိုက်သည်။ ထို့နောက် ငှက်ကြီးတောင်ဓားကိုဆွဲကာ ညှီစို့စို့ပုပ်အဲ့အဲ့အနံ့ကြီးထွက်ပေါ်နေသော မိကျောင်းမကြီး၏ အနီးမှထွက်လာခဲ့သည်။ အလေ့ကျပေါက်နေသော ဝါးရုံပင်များရှိရာသို့ ရောက်လာသောအခါ ဝါးဆစ်ပိတ်ဝါးခေါ်ဝါးသ...နှင်လုံးကို ခုတ်ကာ မိကျောင်းမကြီး၏ ကိုယ်ထည်အရှည်သာသာလောက်...န်းပြီး အဖျားပိုင်းကိုဖြတ်ချလိုက်သည်။ ဝါးလက်ကိုင်းများကိုလည်း သတ်လိုက်ပြီးနောက် ဝါးလုံးကိုထမ်းကာ ဖိုးကဲနှင့်မိကျောင်းမကြီးရှိရာနေရာသို့ပြန်လာခဲ့သည်။

"ဟုတ်ပြီး - မိကျောင်းမကြီးကို ပက်လက်လှန်ပြီး ဝါးနဲ့ပူးတုတ်လိုက်ကြရအောင်၊ ကဲလာပြိုင်တူမ တစ်...နှစ်...သုံး"

ဖိုးကဲနှင့် စောအေးတို့က မိကျောင်းမကြီးကိုပက်လက်လှန်ကာ ကြိုးနှင့်တုတ်လိုက်ကြသည်။ ထို့နောက် ဦးခေါင်းနှင့် အမြီးပိုင်းတွင် အစွန်းထွက်နေသောဝါးလုံးစွန်းနှစ်ဖက်မှနှစ်ယောက်သားထမ်းပြီးလှေရှိရာသို့ဦးတည်လိုက်ကြသည်။

"ဒီဥတွေကော မယူတော့ဘူးလား"

စောအေးကအသိုက်ပေါ်တွင်ကျန်နေသောမိကျောင်းဥများကိုနမြောတသသလိုကြည့်ပြီးပြောလိုက်သည်။ ဖိုးကဲက ပြုံးလိုက်သည်။

"ယူမနေပါနဲ့တော့ကွာ - ရွာအရောက်ပြန်ဖို့က အရေးကြီးတယ်"

မှန်ပေသည်။ မိကျောင်းကြီးနှင့် သူတို့လှေမှာပြည့်လှုပြည့်ခင်လောက် ရှိနိုင်သည်။ မိုးနှင့်လေနှင့်သည် မိကျောင်းကြီးနှင့် မြစ်ထဲချောင်းထဲတွင် လှေလှော်ရမည်မှာ သိပ်အဆင်မပြေလှ။ နှစ်ယောက်သား ခါးရည့်အောင် ထမ်းလာကြပြီး မိကျောင်းမကြီးကိုလှေဝမ်းထဲသို့ချလိုက်သည်။ ထို့နောက် လမုပင်မှာကြိုးကိုဖြုတ်ကာလှေကိုတက်သုတ်ရိုက်လှော်၍ ရွာသို့ပြန်ကြ သည်။

□

သူတို့ရွာရောက်ပြီး မိကျောင်းကြီးကိုလှေထဲမှ ထမ်းယူလာကာ ကုန်း ပေါ်သို့ချလိုက်ကြသည်။ မိကျောင်းမကြီး ဖမ်းမိလာသော သတင်းမှာလည်း မောင်းမထုရဘဲနှင့် တစ်ရွာလုံးကို တစ်မုဟုတ်ချင်းပြန့်သွားသည်။ ကလေးလူကြီးအမယ်အို အဘိုးအိုပါမကျန် ပွဲခင်းပမာလာရောက် ကြည့်ရှု ကြလေသည်။

"ဟုတ်ပါတယ် . . . ဒီမိကျောင်းမကြီးပဲဖြစ်မှာပါ။ ကိုရင်လေးကိုဆွဲ သွားတာ"

"ရွှေဘိုစုရွာက ခဝါသည်မကိုဆွဲသွားတာလဲ သင်းပဲဖြစ်ရမယ် . . . တောက်"

တစ်ယောက်တစ်ပေါက်ပြောဆိုကာ မိကျောင်းမကြီးကို ခြေဖြင့် ကျောက်သူက ကျောက်ကြသည်။

"ဟုတ်မဟုတ် သိရအောင် သူ့ဗိုက်ခွဲပြီးအစာအိမ်ထုတ်ကြည့်ရင် သိ နိုင်တာပေါ့"

တစ်ယောက်က အကြံပေးသည် အားလုံးကလည်း သဘောတူသဖြင့် မိကျောင်းမကြီး၏ဗိုက်ကိုခွဲကာအစာအိမ်ကို ထုတ်ယူကြလေသည်။ အစာ အိမ်ထဲ၌ကား အစာများနှင့် ရောထွေးနေသော မိုးကြိုးလက်ကောက်နှစ် ကွင်းနှင့် ကျောက်ပုတီးတစ်ကုံးကိုတွေ့ကြရသည်။

"ဟာ - ဒါကိုရင်လေးဆွဲလေ့ရှိတဲ့ စကျင်ကျောက်ပုတီးမဟုတ်လား၊ မှန်းစမ်း - ဟုတ်တယ် - ဟုတ်တယ်၊ ဒါကိုရင်လေးရဲ့ပုတီးပဲ။ ကျုပ်ကောင်းကောင်းမှတ်မိတယ်"

မိကျောင်းမကြီးကိုလာကြည့်သော ဦးပဉ္စင်းတစ်ပါးက အနိုင်အမာ ပြောသည်။

"ဒါဆို ဒီလက်ကောက်ကလည်း ခဝါသည်မလက်ကောက်ပဲဖြစ်ရမယ်။ ရွှေဘိုစုရွာကသူ့အမျိုးတွေဆီ အကြောင်းကြားစမ်း။ သူတို့လာကြည့်လို့ သေချာပြီဆိုရင် ဒီမိကျောင်းမဟာ လူသားစားတဲ့ မိကျောင်းမပဲဖြစ်ရမယ်"

ရွာသားအချို့က ရွှေဘိုစုရွာသို့လှေဖြင့်ထွက်သွားကြပြီး ခဝါသည်မ၏ဆွေမျိုးတော်သူတို့ကို သွား၍ အကြောင်းကြားသည်။ သူတို့ရောက်လာသောအခါ လက်ကောက်ကိုကြည့်ပြီး ချုံးပွဲချငိုပါတော့သည်။

"ဟုတ်ပါတယ်၊ ဒါကျွန်မတို့အစ်မဝတ်နေကျမိုးကြိုးလက်ကောက်ပါ"

ခဝါသည်မ၏ညီမတော်သူက အတည်ပြုပေးလိုက်သည်။

"အေးလေ စိတ်မကောင်းလည်းမဖြစ်ကြပါနဲ့တော့၊ လွန်တာတွေလည်းလွန်ခဲ့ပြီလေ။ ဒီမိကျောင်းမကိုမှ တိုက်တိုက်ဆိုင်ဆိုင်တွေ့ပြီး လက်ရဖမ်းနိုင်ခဲ့တဲ့အတွက် နောက်ထပ်ကံဆိုးမယ့်သူတွေ သက်သာခွင့်ရသွားတာကိုပဲ ကျေးဇူးတင်ကြရမှာ။ လူသားကြိုက်နေတဲ့ မိကျောင်းမကိုဖမ်းမမိဘဲတခြားမိကျောင်းသာဆိုရင် မြစ်နားချောင်းနားနေကြတဲ့ တို့တစ်တွေ မိကျောင်းရန်ကမလွတ်နိုင်သေးဘူး။ ဒါကြောင့် ဒီမိကျောင်းမကိုဖမ်းလာခဲ့ကြတဲ့ ဖိုးကဲနဲ့ စောအေးတို့ကို တို့အားလုံးကျေးဇူးတင်ကြရမှာ မဟုတ်ဘူးလား"

"ဟုတ်သမှ သိပ်ဟုတ် ဘကြီးရေ။ ကျုပ်တို့တစ်ရွာလုံးက ဖိုးကဲနဲ့စောအေးကို ကျေးဇူးတင်သဗျား။ ဒါတင်မက ဘယ်လိုစွန့်စားပြီး ဒီမိကျောင်းကို သေနတ်နဲ့ မပစ်၊ ဓားနဲ့မခုတ် သန္တတ်နဲ့မထိုးဘဲ လက်ရဖမ်းခဲ့တယ်ဆိုတာ သိပ်သိချင်နေကြသဗျား"

ဘကြီးဦးဖိုးလှ၏ စကားကိုရွာသားများကထောက်ခံလိုက်ကြပြီး ဖိုးကဲ နှင့် စောအေးတို့ မိချောင်းဖမ်းသည့် စွန့်စားခန်းကို စိတ်ဝင်စားကြသည်။

"ဒါကတော့ ကျုပ်အဘိုး ဦးစိန်မှတ်ရဲ့အတွေ့အကြုံတွေထဲက ရေမှုဆိုး မိကျောင်းဖမ်းနည်းပေါ့ဗျာ"

ဟူအစချီကာ ဖိုးကဲက သူမိကျောင်းဖမ်းသည့်နည်းကိုရှင်းပြလိုက် သည်။

"ဟုတ်လိုက်လေဗျာ - ဆရာမပြရင် ငါးပိဖုတ်တာတောင် နည်းမကျ ဘူးတဲ့။ ကိုဖိုးကဲရဲ့ အတွေ့အကြုံဟာ ကျုပ်တို့အဖို့တော့ မှဆိုးသင်တန်း ကျောင်းတက်ရသလိုပဲဗျို့"

ရွာသားတစ်ဦးက ဝမ်းသာလှိုက်လှဲသည့်လေသံဖြင့် ဆိုလေ၏။

"ကဲ - ရွာသားအားလုံး မပြန်ကြနဲ့ဦး။ မိကျောင်းသားတစ်ဟင်းစားစီ ယူသွားကြ။ အရေခွံကိုတော့ ကျုပ်နဲ့စောအေးပိုင်တယ်၊ အဲ - အဲ မိကျောင်း သားချက်စားတဲ့အခါ နနွင်းမထည့်ကြနဲ့နော်။ နနွင်းနဲ့ မိကျောင်းသားထိ တာနဲ့ အသက်မရှိတော့တဲ့ အသားတုံးတွေဟာ သရဲဝင်ပူးသလို တဆတ် ဆတ်တုန်တတ်တယ်။ ဒါလည်း ကျုပ်အဘိုးကပြောခဲ့တာဗျ"

ဖိုးကဲက အာဝဇ္ဇန်းရွှင်ရွှင်ဖြင့်ပြောလိုက်လေတော့သတည်း။

⇨ ထိစ်ထူ

ဖျာပုံ

# ညိုမြ

## အတိတ်ပုံရိပ်ကွင်းဆက်နှင့် အန္တရာယ်သချီး



တောနက်ထဲတောလည်သွားစဉ်ကြောက်မက်ဖွယ်
မြွေကြီးများ၊ငှက်ကြီးများ၊လင်းနို့များ၊သွေးစုပ်သည့်
ခြင်ကြီးများအန္တရာယ်ကိုရင်ဆိုင်
ကျော်ဖြတ်ကြရာမှ...

---

**မိတင်အေး**သည် သားသုံးယောက်မွေးပြီး မီးယပ်ရောဂါနှင့် တရှောင်ရှောင်ဖြစ်နေသည်။ တတ်သမျှ မှတ်သမျှ ဆေးဝါးသုံးသည်။ လက်လှမ်းမီသမျှ တတ်ကျွမ်းသူတို့ထံမှဆေးဝါးတို့နှင့်လည်း ကုစားခဲ့ရသည်။ လူသူမနီး တောထဲမှဖြစ်၍ ကျွမ်းကျင်သူ နှင့် မကုသနိုင်ခဲ့ပါ။ တစ်ဖန် လေးယောက်မြောက်ကိုယ်ဝန်ရင့်မာလာပြန်သည်။ သူမ၏ ဆန္ဒအတိုင်း မိခင်ကြီးနှင့်အတူ မွေးဖွားချိန်တန်လျှင် ကျွမ်းကျင်သူတို့နှင့် မွေးရန်မြို့ကိုပို့ထားရသည်။ မိတင်အေး အစ်ကိုဖြစ်သူသည် ကိုအောင်သိန်းနှင့် လာ၍နေထိုင်သည်။

ကိုအောင်သိန်းတို့ မမျှော်လင့်ဘဲရရှိထားသော ရေးမွန်တို့၏ ထီးနန်းနှင့်စပ်သော မြေစဉ့်အိုးငယ်အတွင်းမှ ပစ္စည်းအမှတ်အသားတို့နှင့် ပတ်သက်၍ခရီးထွက်ရန်ပြန်ဆင်ခဲ့ကြပါသည်။

ဤခရီးက အသွားမှာသုံးရက်ကြာမည်။ တောရိုင်းတိရစ္ဆာန်နှင့် လူသူရောက်ခဲ့သော တောနက်ကျန်းတန်းခရီးဖြစ်သည်။ အချိန်တိုင်းလိုပင် ပုံရိပ်သွင်ပြင်အမျိုးမျိုးကို မြင်ယောင်မိကြသည်။ လျှို့ဝှက်သော ထင်ယောင်ပိုးတဝါး အကြောင်းများကို ဖိုးသက်ရှည် ရသေ့ထံအရောက်မြေး၍တွေ့လိုကြားသိလိုစိတ် တစ်နေ့တခြားပြင်းထန်နေမိကြသည်။

စိတ်ဝင်စားသည်နှင့်အမျှ သွားမည်ဟုကတိပြုထားသော ခင်တုတ်တို့မောင်နှမသုံးယောက်သည် မိသားစုများနှင့် ခင်တုတ်မိဘအပါအဝင်ကိုအောင်သိန်းမိသားစုနှင့် တဲကိုပါစောင့်ရှောက်ရန်အတွက် တစ်ဦးကျန်နေခဲ့ရန် သဘောတူကြသည်။ အားလုံးလျှို့ဝှက်ဆန်းကြယ် စွန့်စားရမည့် ခရီးကိုသိ၍ စွန့်စွန့်စားစားလိုက်ပါလိုကြသည်။ ကျန်မနေလိုကြပါ။

နောက်ဆုံးညှိနှိုင်းမရသဖြင့် ကံပုံချ၍ မဲနှိုက်ကြသည်။ ခေါင်းကြီးလိုက်ခွင့်မရပါ။ သုံးကြိမ်မဲနှိုက်ကြသည်။ "လိုက်ခွင့်မပြု" မဲလိပ်ကိုခေါင်းကြီးသုံးကြိမ်နှိုက်မိသည်။

"ထူးဆန်းတဲ့ပစ္စည်းတွေကို သက်ဆိုင်ပတ်သက်တဲ့လူတွေသာ ထူးထူးဆန်းဆန်းကံထိုက်လို့ရကြမယ်။ သူတို့နဲ့သာဆိုင်တဲ့ပစ္စည်းနဲ့ အကြောင်းအရာဖြစ်တယ်။ အိုးပုံစံတူ၊ အတွင်းပါ ထူးဆန်းတဲ့ပစ္စည်းပြန်နိုင်သူကို လွှတ်ပေးရမှာကွ။ လမ်းညွှန်က စလူတောင်ကုန်းတန်းရဲ့ ဦးခေါင်းကုန်း ဖိုးသက်ရှည်ရသေ့ထံကိုပဲ။ မင်းတို့သတိထားမိခဲ့ကြရဲ့လား။ ဒီကုန်းတန်းအခြေဖနောင့်ကုန်းဝန်းကျင်မှာ လူနေရွာတချို့နဲ့ တောခုတ်ရှင်းလင်းစိုက်ပျိုးလုပ်ကိုင်တဲ့လယ်တွေ ခပ်ဝေးဝေးမှာရှိတယ်။ ဖနောင့်ကုန်းကနေ ဒူးဆစ်ကုန်းအထိ ကုန်းကမူကို ဆက်စပ်ထားသလိုဖြစ်နေတယ်။ အဲဒီလိုပဲ ဒူးဆစ်ကုန်းကနေ ခါးဆစ်ကုန်းအထိနိမ့်ချည်မြင့်ချည်နဲ့ ကုန်းကမူကိုးခုရှိတယ်။ ခါးဆစ်ကုန်းကနေပြီးတော့လည်း ဦးခေါင်းကုန်းထိ ကုန်းကမူကိုးခုရှိနေတယ်။ ကုန်းကမူဆိုတဲ့အတိုင်း မြင့်ရာကအနိမ့်ဆုံးချိုင့်ရောက်မယ်။ အဲဒီကနေ အမြင့်ဆုံးကမူကို မြင့်တက်လာမှန်းမသိ တဖြည်းဖြည်းတက်ပြီး တစ်ဖက်ကိုနိမ့်မှန်းမသိနိမ့်ဆင်းသွားတဲ့နေရာတချို့မှာ ရေတိုက်စားစီးတဲ့ချောင်းရိုးတွေဖြစ်နေတယ်။ လူသူရောက်တဲ့နေရာတွေရှိတယ်။ တိရစ္ဆာန်အရိုင်းအစိုင်းတွေ ပေါ်တယ်။ လူမဟုတ်တဲ့လူတွေလည်း တွေ့တတ်တယ်။ လူအများက မကောင်းဆိုးဝါးအခေါ်ခံရတဲ့ လူနဲ့ဝေးရာမှာနေရတဲ့ ဝေနေယျသတ္တဝါတွေလည်း တွေ့ရလိမ့်မယ်။"

မုဆိုးဦးငှက်ကြီးက သူတို့ကိုစူးစူးစိုက်စိုက်ကြည့်၍ တည်ကြည်စွာပြောသည်။ ကိုအောင်သိန်းနှင့် ဒီလုံးတို့မောင်နှမသည် စိတ်ဝင်တစားနားထောင်ရင်း ကျောထဲကစိမ့်သလိုဖြစ်မိသည်။ ခေါင်းကြီးကမူ တကယ့်ပွဲကြီးပွဲကောင်း လက်လွှတ်ရသဖြင့် တဖျစ်တောက်တောက် ညည်းညူရှာသည်။

"ဒီလိုပွဲမျိုးလွဲတာ နာတာပဲကွာ။ တစ်သက်တာ မမေ့နိုင်လောက်အောင် အတွေ့အကြုံကောင်းရမှာကွ။ သေစရာရှိလည်း သေပေါ့။ မသေရင်လည်း နောင်လာနောင်သားတွေကို ပြောနိုင်တာပေါ့။ အခုတော့ သူတို့မလာမချင်းမိသားစုသုံးလေးစုအတွက် ရှာဖွေကျွေးမွေးစောင့်ရှောက်ဖို့ တာဝန်ကျလာသတဲ့ဗျာ။ ဆိုးလိုက်တဲ့ ငါကံ မပြောချင်တော့ပါဘူး"

"ငါတို့ပြန်လာတော့ အတွေ့အကြုံအောင်သိရမှာပေါ့ကွာ။ ကိုယ့်တာဝန်ကျေဖို့သာ အရေးကြီးပါတယ်။ အသွားအပြန်ခရီးက တစ်ပတ်ကြာတော့ မပေါ့"

"ဟုတ်ပါတယ် အစ်ကိုငယ်လေးရယ် - လိမ်လိမ်မာမာနေခဲ့နော်"

ဒီလုံးက ခေါင်းကြီးကိုဖြေသိမ့်သည်။ ခင်တုတ်ကကျောကိုသပ်၍ ကလေးချော့ဟန်ပြု၍ ပြောသည်။ သူမ ထိပ်ကိုခေါင်းကြီးက ခေါက်သည်။

"ငါတို့လည်းခေါ်ချင်ပါတယ်ကွာ။ တို့အား [illegible] စိတ်ချလက်ချသွားနိုင်အောင် နောက်ပိုင်းမိသားစုတွေကို [illegible] ရှောက်ဖို့ မင်းလိုလူတစ်ယောက် လိုအပ်နေ [illegible] ပေးတဲ့အတိုင်းပဲ ကျေနပ်ပါ ခေါင်းကြီးရယ် [illegible]

ကိုအောင်သိန်းကလည်း [illegible] ကပြုံး၍ ဆက်ပြောပါသည်။ [illegible]

"မင်းတို့ပင်ပန်းတာ၊ အခက်အခဲအမျိုးမျိုးကျော်ဖြတ် [illegible] တော့အများကြီးပဲကွ၊ ခေါင်းဝါး [illegible] ပထမကုန်းကိုတက်တဲ့အချိန်ကစပြီး [illegible] ကို သတ်ဘူးလို့ကတိပြုရမယ်။ မိမိနဲ့တကွ အတူပါသူတွေကို အသက်

ဘေးအန္တရာယ်ရောက်အောင်လုပ်မှသာသေအောင်တိုက်ခိုက်ခွင့်ရှိတယ်။ အရင်ကတည်းက ကိုယ်စောင့်ထိန်းခဲ့တဲ့သီလကိုလည်း မကျိုးပေါက်စေရဘူး။ အဲဒီသုံးချက်ကို ထိန်းသိမ်းနိုင်သမျှ ရည်မှန်းချက်ခရီးကို အမြန်ဆုံးရောက်မှာပဲ။ အဲဒါ ဘုရားသခင်မှာတာကွ။ လမ်းမှာစားဖို့ အခြောက် အခြမ်းတော့ ယူသွားကြပေါ့။ အဲဒီတော့ ဒီးဒုတ်ရေနစ်ချောင်းကိုလှေနှင့် သွားကြ။ စလူတောင်ကုန်းတန်းအရောက် တောင်ဘက်ကမ်း ကုန်းချောက စတက်သွားကြပေတော့။ သစ်တစ်ပင်မှာ အထစ်ငါးခုမှတ်ထားတယ်။ လွန်ခဲ့တဲ့အနှစ် (၂၀)က အမှတ်အသားပဲ။ တွေ့ရင်လည်းတွေ့နိုင်တယ်။ မတွေ့ရင်လည်းအရှေ့တောင်ဆီဦးတည်ပြီးဦးခေါင်းကုန်းကိုသွားကြပေါ့။ခရီးဆုံးရင်တွေ့မှာပဲ"

ကိုအောင်သိန်း၊ ဒီလုံးနှင့် ခင်တုတ်တို့သည် ရိက္ခာဆေးဝါး လက်နက်ကိရိယာအစုံဖြင့် လှေတစ်စီးနှင့် မိုးမလင်းမီထွက်ခဲ့ကြသည်။ ဒီးဒုတ်ရေနစ်ချောင်းသို့ နေ့လယ်ပိုင်းမှရောက်သည်။ စလူတောင်ကုန်းတန်းကြောကြီးမှာမြောက်ဘက်ခြမ်း တောင်ဘက်ခြမ်း တည်ရှိနေသည်ကိုတွေ့ရသည်။

❑

နှစ်ပေါင်းများစွာဖြစ်တွန်းလျက်ရှိသော သဲနန်းကုန်းတန်းကြီးဖြစ်သည်။ လူသူအရောက်အပေါက် မရှိသလောက်ဖြစ်၍ သစ်ပင်အမျိုးမျိုးတို့သည်လွတ်လပ်စွာကြီးထွားထူထပ်လျက်ရှိသည်။ အပင်ကြီးများအောက်ခြေတွင် ရှုပ်ယှက်အရိပ်သာရှိ၍ လောင်းရိပ်သဘောကြောင့် အပင်ငယ်တို့နည်းပါးသဖြင့်အောက်ခြေရှင်းသော တောဟူ၍လည်း ဆိုနိုင်သည်။

တဖြည်းဖြည်းမြင့်တက်သော ကုန်းမြင့်သဏ္ဌာန်ကိုလည်း မှန်းဆ၍ သိနိုင်ပါသည်။

"အိုး...ဒီမှာတွေ့ပြီ။ အစ်ကိုအောင်သိန်းရေ၊ ဓားနဲ့ထစ်ထားတဲ့အရာတွေ ကျိုးပေါင်းတက်ပေမဲ့ မြင်သာထင်သာတယ်ဗျ"

မြင့်မားသော သစ်ပင်ကြီးများအောက်ခြေရှင်းသည်။ ရွက်ကြွေတို့သာ ရှိ၍ ခင်တုတ်ပြေးလွှားသောခြေသံကိုလည်း ကြားရသည်။ ပြီးတော့ အား ပါးတရအော်ပြော၍ ကိုအောင်သိန်းနှင့် ဒီလုံးတို့အပြေးသွားရောက် ရှူ စမ်းသည်။

"ဟုတ်ပြီ - ဘဘငှက်ကြီးရဲ့ အမှတ်အသားသေချာတယ်ကွ။ အပင် အိုကြီးလဲမကျသေးလို့ တွေ့ရတာပေါ့။ သစ်ပင်တွေကတော့ ကြီးမား လိုက်ကြတာ လွန်ရောပဲကွာ။ လူသူဝေးဖြီး အေးချမ်းတိတ်ဆိတ်တဲ့ တောကြီးမျက်မည်းထဲရောက်နေရသလိုပဲဟ။ ကဲ . . မိတင်အေးလိုသလို သုံးဖို့ဆိုပြီး ဘုရားစင်မှာပူဇော်ထားခဲ့တဲ့ ပရိတ်ချည်ကြိုးကွ။ တစ်ခုစီ လည်ပင်းမှာ ချည်ဆွဲထားကြ။ ငါလည်းချည်ထားမယ်။ ဘာမျှစိုးရိမ်စရာ ကြောက်စရာမလိုဘူးနော်။ ရှေ့ကိုခရီးဆက်ကြမယ်"

ကိုအောင်သိန်းက ဝမ်းသာအားရ ရှည်လျားစွာပြောသည်။ သူတို့ စီး လာသော လှေကိုသုံးဦးသားဆွဲတင်၍ ချုံတစ်ခုအကွယ်သစ်ပင်တစ်ပင် ခြေရင်းတွင် သစ်ကိုင်းတို့နှင့် ဖုံးအုပ်ထားခဲ့သည်။ ကြိုတင်စီမံထားခဲ့သော ဖျင်ထူအိတ်တစ်လုံးစီကို အသုံးအဆောင်ပစ္စည်းနှင့် မမျှော်လင့်ဘဲရရှိခဲ့ သော ရှေးဟောင်းစဥ့်အိုးငယ်တစ်လုံးစီတို့ထည့်၍ ကျောတွင်ကိုယ်စီ လွယ်ပိုးထားကြသည်။ ထမင်းချက်ရန်ဒန်အိုးတစ်လုံးနှင့် ကြော်လှော်ခဲ့ သောစားစရာများ ငါးခြောက်နှင့် ဒေါက်ရေ၊ ဆန်တို့မှာအိတ်တစ်လုံး ဖြစ်၍ ဝါးရုံတစ်ခုမှ ဝါးတစ်လုံးခုတ်ပြီး ဒီလုံးကထမ်းပိုးတစ်ချောင်းစီစဉ် သည်။ သူ၏အထုပ်တစ်ဖက်နှင့်ရိက္ခာထုပ်ကို ဝါးထမ်းပိုးနှင့်ထမ်းသည်။ သ က္ကလတ်ဦးထုပ်ဟောင်းကြီးကိုဆောင်းလျက် လက်စွဲတော်လှံကိုထောက် ၍ ဒီလုံးနောက်ကလိုက်သည်။ ကိုအောင်သိန်းနှင့် ခင်တုတ်တို့မှာ အသုံးအ ဆောင်အထုပ်တို့ ကျောပိုးသည့်အပြင် ဒူးလေးနှင့် မြားဘူး၊ ဓားရှည်ကိုယ်စီ ပါကြသည်။ ရှေ့ဆုံးမှ ကိုအောင်သိန်းသွားသည်။ နောက်မှ ခင်တုတ်လိုက် သည်။ သူ့နောက်တွင် ဒီလုံးက ထမ်းပိုးထမ်းနှင့်ပါလာသည်။

"ဂီး . . .ဂစ် ဂစ် ဂစ်။ ဂီးဂစ်ဂစ်ဂစ်။ ဂီး ဂစ် ဂစ် ဂစ်"

သူတို့ကျောခိုင်း၍ ကျန်ရစ်သော ဒီးဒုတ်ရေနစ်ချောင်းမှ တညင်းငှက်ကြီးတစ်ကောင်သည် သဲသဲလှုပ်လှုပ်အသံဆိုးနှင့် အော်နေသံကို ကြားရသည်။ သူတို့အပေါ်တွင် အုပ်မိုးလျက် ကိုင်းချင်းယှက်နေသော သစ်ပင်ကြီးတို့သည်ပူပြင်းသော နေရှိန်ကိုကာကွယ်ပေးထားကြသည်။ ကြီးမားသော ဒုံးငှက်ကြီးတို့၏ အသိုက်များသည်သစ်ပင်မြင့်ကြီးများ ထက်တွင် ရှိနေတတ်သည်။ မျောက်တို့ကလည်း အမြင်ထူးသလို သူတို့ကို အထူးအဆန်းအဖြစ် ပုန်းလျှိုးချောင်းမြောင်းလိုက်ကြည့်ကြသည်။

အရှေ့တောင်ဆီဦးတည်၍ ကိုအောင်သိန်းက ကုန်းတန်းအတိုင်း ဦးဆောင်လျှောက်ခဲ့သည်။ အပင်ကြီးများကိုယ်ထည်တွင် လက်တစ်ဝါးခန့်ဓားနှင့်ထစ်၍ထစ်၍လည်း မှတ်ခဲ့သည်။

"ရှီ...ရှီ...ရှီ...၊ ရှီ ရှီ ရှီ...၊ ရှီ ရှီ ရှီ ရှီ"

တိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်တွင် မျောက်အော်သံကျေးငှက်မြည်သံတို့ကြားမှ စူးရှသော မြွေတွန်သံများကို မလှမ်းမကမ်းဆီမှကြားလိုက်ရသည်။ ရှေ့မှသွားနေသော ကိုအောင်သိန်းသည် ရုတ်တရက်ရပ်၍ ဝန်းကျင်အနှံ့လည်ပတ်အကဲခတ်သည်။တောင်လေတိုးဖွေ့၍သစ်ပင်ကိုင်းတို့ ထိခတ်လျက် တဝေါဝေါမြည်ကျူးနေသည်။ ရှည်လျားကျယ်လောင်သော မြွေတွန်သံထဲမှာ ဧလည္ဘာမှဖြစ်ကြောင်း သတိပြုလိုက်မိသည်။ ရွက်ကြွေခြောက်များကို တိုးဝှေ့လျက်လှုပ်ရှားသံတို့ကိုလည်း တစ်ဆက်တည်းကြားနေရသည်။ သူတို့ ဒီးဒုတ်ရေနစ်ချောင်းမှ ထွက်ခဲ့သည်မှာ နစ်နာရီကျော်ခန့်ကြာပြီ။ ပထမဆုံး ကုန်းကမူအမြင့်ဆုံးမှ အနိမ့်ပိုင်းဆီသို့ ဆင်းနေရကြောင်းကိုလည်း သတိပြုမိပါသည်။ စောစောက ငြိမ်သက်အေးချမ်းခဲ့၍ အတွေးကိုယ်စီနှင့် သူတို့လျှောက်ခဲ့ကြပါသည်။ ယခုမှဘေးအန္တရာယ်၏ အကြိုနိမိတ်ဖြစ်စူးရှကျယ်လောင်၍ ရှည်လျားသောမြွေကြီးများ၏ တွန်သံများကိုကြားရခြင်းဖြစ်သည်။

"အစ်ကို အောင်သိန်း၊ ကျွန်တော်ထင်တာတော့ မြွေကြီးတွေတစ်ကောင်မကာ လာနေကြတာဖြစ်မယ်။ ကျွန်တော်တို့နဲ့ ရင်ဆိုင်တွေ့ရင် အန္တရာယ်ဖြစ်မှာ သေချာတယ်"

"ဟုတ်တယ်ကွ။ ငါတို့က ရှောင်ပေးရမယ်။ သူတို့နဲ့ ရင်ဆိုင်လို့ အကျိုးမရှိဘူး။ ဒီတော့ . . . ဒီသစ်ပင်ပေါ်အမြင့်ပေါ်တက်ကြမယ်။ ပေသုံးဆယ်အမြင့်လောက်မှာ ကိုင်းလက်ကြီးတွေက အိပ်စက်နားနေလို့တောင်ရမယ်ကွ။ အဲဒီပေါ်တက်နားကြရင်း ရှောင်ပေးကြတာပေါ့"

ကိုအောင်သိန်းက လှည့်ပတ်ရှာဖွေပြီး သစ်ပင်ကြီးတစ်ပင်ကိုညွှန်၍ဆိုသည်။

"ကောင်းတယ် . . . ခင်တုတ်လည်း ကျွမ်းကျင်ပါတယ်"

ဟိုဝေးဝေးမှ မြွေတွန်သံတို့ တရှေ့ရှေ့နီးလာပြီး စောစောကငြိမ်းအေးစွာ တေးဆိုသကဲ့သို့ အော်မြည်နေသော ငှက်ကလေးများ၏ အသံလည်း တိတ်ဆိတ်သွားသည်။ သစ်ပင်လေတိုးသံတဝေါဝေါနှင့် မြွေတွန်သံတို့က ရောထွေးလျက်ရှိသည်။ ထိုအချိန်မှာပင် တအုန်းအုန်းနှင့် ရွက်ကြွေခြောက်တို့ကို တိုးဝှေ့ပြေးလွှားလာသော ခြေသံကြမ်းကြမ်းတို့ကိုလည်း ကြားနေရပြန်သည်။

အခြေအနေကို လှည့်ပတ်အကဲခတ်ပြီး ရုတ်တရက် ကိုအောင်သိန်းသည်သူညွှန်ပြထားသည့် သစ်ပင်ကြီးပေါ်သို့ ကိုင်းစက်ငယ်တို့ကို စုန်ဆွဲ၍ ဦးစွာတက်လိုက်သည်။ ကိုအောင်သိန်းသတ်မှတ်ထားသော ပေ (၃၀)ခန့် အမြင့်တွင် ပူးယှက်သော သစ်ကိုင်းတို့အပေါ်တွင် သူတို့ သက်သောင့်သက်သာနားကြသည်။ အပေါ်စီးအမြင့်မှ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ကြသည်။ တအုန်းအုန်းပြေးလာကြသော သတ္တဝါတို့မှာ နီညိုရောင်အမွေးရှည်များနှင့် ချိုကားကြီးများရှိသော တောနွားရိုင်းကြီးနှစ်ကောင်ဖြစ်သည်။ သစ်ပင်ချုံပုတ်များကို တိုးဝှေ့၍ပြေးလာကြသည်။ သူတို့နောက် မလှမ်းမကမ်းမှ "ဆန်ကော"ငယ်တမျှ ပါးပျဉ်းကြီးများထောင်၍ထောင်၍ တရှိုက်ရှိုက် အော်ရင်း ဒေါသတကြီးဖြင့် မြွေကြီးနှစ်ကောင်လည်း လိုက်လာသည်။

ဝါးပိုးငယ်တမျှရှိသောကိုယ်လုံးနှင့်ကြွေးဝါရောင်ငန်းမြွေကြီးတို့ဖြစ်သည်။ ပြေးလျှင် ပါးပျဉ်းကိုချသည်။ ကြီးမားသော နွားကြီးနှစ်ကောင် အနီးရောက်လျှင် ပါးပျဉ်းကြီးများထောင်ဖြန့်၍ အားယူသည်။ ကြီးမားသော နွားကြီးနှစ်ကောင်ကလည်း နောက်ခြေနှစ်ဖက်နှင့် ကန်ကျောက်လျက် ဦးတည်ရာ ပြေးကြသည်။

"ရှီရှီရှီရှီ . . .ဟုံး၊ ဖြုံးဖြုံးဖြုံး"

ကိုအောင်သိန်းတို့သုံးဦးမှာ မှီတွယ်ထားသော သစ်ကိုင်းကြီးတို့ကို ဖက်တွယ်လျက် ငေးမောနေမိသည်။ သူတို့နှင့် မလှမ်းမကမ်းသစ်ပင်အောက်မှ ချုံများကိုတိုးဝှေ၍နွားကြီးနှစ်ကောင်မှာ ခြေဦးတည့်ရာ ပြေးသွားကြသည်။ မြွေကြီးနှစ်ကောင်ကလည်း ဒေါသတကြီးလိုက်သည်။ ထိုအချိန်မှာပင် ရှုးရှုးရှဲရှဲအော်သံတို့နှင့် နွားကြီးတို့ တိုးဝှေသွားသောချုံအောက်ကမှုရှိ တွင်းပေါက်အချို့ငယ်မှ မြီးဆံဖွားဖွားနှင့် သတ္တဝါတွေထွက်လာပြန်သည်။

"ဟာ . . . .ပွဲကြီးပွဲကောင်းပဲဟေ့။ နွားရိုင်းနှစ်ကောင်ကို အနိုင်လိုက်လာတဲ့ တောငန်းမြွေကြီးနှစ်ကောင်ကို နိုင်တဲ့သတ္တဝါတွေဗျ။ အဲဒါ တောကြီးမြွေပါ ကောင်တွေဟာ"

"မြွေပါလို့ ပြောသံကြားဖူးတယ်။ ခင်တုတ်ခုမှတွေ့ဖူးတယ်။ ရှဉ့်လိုလိုကြွက်လိုလိုသတ္တဝါတွေပဲနော်။ ကြွက်ထက်တော့အကောင်ကြီးတာပေါ့ ဟော . . .ဟော မြွေတွေဆီပြေးသွားကြတယ်"

"ငါကြုံဖူးပါတယ်။ ဒီမြွေမျိုး . . .မြွေပါအုပ်နဲ့သာတွေ့လိုတော့ တစ်ပေါ် ဖြစ်သွားမှာပေါ့ကွ"

ဒီလုံးက ငုံ့ကြည့်နေရာကပြောသည်။

ဟိုမှသည်မှဆူညံသော အော်မြည်သံတို့ကိုကြား၍ဝန်းကျင်အနှံ့မှ မြွေပါတို့ ထွက်လာကြသည်။ ဒေါသတကြီး ပြေးလာသော ငန်းမြွေကြီးတို့သည် ဦးစွာရောက်လာသော မြွေပါတစ်ကောင်စ၊ နှစ်ကောင်စကိုပြန်လည်ကိုက်ခဲတိုက်ခိုက်ကြသေးသည်။ မြွေပါတို့က အထိမခံလျင်မြန်စွာ ချန်

ကျော်လွှားရှောင်တိမ်းရင်း ကိုက်ခဲတိုက်ခိုက်ကြသည်။ ကိုအောင်သိန်းတို့ကိုလွှန်၍ မလှမ်းမကမ်းသိ နွားရိုင်းများနောက်သို့လိုက်ခဲ့သော မြွေကြီးနှစ်ကောင်သည် ချက်ချင်းပင် ဒဏ်ရာကိုယ်စီရသွားသည်။ နောက်ကြောင်းပြန်လှည့်၍ ဦးတည်ရာပြေးသည်။ မြွေပါတို့က သဲသဲမဲမဲလိုက်ကြသည်။ လုံးထွေးသတ်ပုတ်ကိုက်ခဲကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မြွေပါတို့၏ အော်သံ၊ မြွေကြီးတို့၏ ပြေးလွှားရုန်းကန်လှုပ်ရှားသံတို့ဖြင့် ဆူညံနေသည်။

နွားရိုင်းနှစ်ကောင်၏ ခြေသံကဝေး၍ ပျောက်ကွယ်သွားသည်။ မြွေများနှင့် မြွေပါတို့၏ လုံးထွေးသတ်ပုတ်လှုပ်ရှားသံတို့မှာလည်း တစ်စတစ်စဝေး၍ ပျောက်ကွယ်သွားပါသည်။ ပတ်ဝန်းကျင်က မူလအတိုင်း ပင်ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားသည်။

"ငါတို့အတွက် နိမိတ်ကောင်းလို့ပဲ မှတ်ရမယ်။ နေအတော်စောင်းပြီပဲ၊ နောက်တစ်နာရီကျော်နှစ်နာရီဆိုရင် နေမဝင်သေးပေမဲ့ တောတစ်ခုလုံး အလင်းရောင်ကွယ်လို့ မှောင်သွားလိမ့်မယ်။ နောက်ကုန်းတစ်ကုန်းပေါ် ရောက်အောင် ခရီးဆက်ပြီးအိပ်ဖို့နေရာရှာတာပေါ့။ အဲဒီကျမှ ညနေစာလည်း ချက်စားကြတာပေါ့ကွာ။ အခုနေရောင်ရှိတဲ့ အခိုက်ခရီးဆက်ကြဦးစို့"

ကိုအောင်သိန်းက ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရင်း ပြောသည်။ ဒီလုံးဟာ ဦးစွာဆင်းသည်။ ခင်တုတ်က နောက်ကလိုက်၍ ကိုအောင်သိန်း နောက်ဆုံးမှဆင်းသည်။ ရိုက္ခာထုပ်ကိုဒီလုံးကလှမ်းယူ၍ စောစောကလိုပင် ထမ်းပိုးနှင့် ထမ်းသည်။ ကိုယ်စီရသော ရေဘူးမှ ရေတို့ကိုသောက်လိုက်ကြသည်။ ခပ်သုတ်သုတ်ခရီးဆက်ကြသည်။

ဒုတိယမြောက်ကုန်းမြင့်ပေါ်သို့တက်ခဲ့ကြသည်။ သစ်ပင်ကြီးများနှင့် ချုံတို့ ထူထပ်လာသည်။ နေရောင်ညှိုးမှိန်လာသည်နှင့်အတူ ခြင်ရိုင်းတို့ အုံဖွဲ့ကိုက်ကြပြန်လေသည်။ လက်နှင့်မအားလပ်အောင် ပုတ်ခတ်လျှက် ဒုတိယကုန်းမြင့်ပေါ်ရောက်အောင် တက်ခဲ့ကြသည်။

"ဟာ...ဟေ့-ဟေ့"

ရှေ့မှသွားနေသော ကိုအောင်သိန်းက ရုတ်တရက်အံ့ဩသံပြု၍ သတိနှင့်ထိန်းလိုက်ပြီး ဓားနောင့်နှင့် ငှေ့ယမ်းရိုက်ပုတ်ပစ်လိုက်ရသည်။ သစ်ပင်မြင့်တို့ပေါ်မှ လေဟုန်စီး တိုးဝှေ့ပျံလာကြသော လင်းနို့ကြီးများသည် သူတို့ကို ဝင်တိုးတိုက်ကြသည်။ မျက်နှာတို့ကို တောင်ပံများနှင့် ရိုက်ပုတ်ကြသည်။ သူတို့လက်ထဲတွင်အသင့်ရှိသောဓားနှင့်ငှေ့ယမ်းဖယ်ထုတ်ခြောက်လှန့်ပစ်ရသည်။ ဒီလုံးကမူ သူ၏လက်စွဲတော်လှံဖြင့် ငှေ့ယမ်းရိုက်ဖယ်သည်။ ခဏမှာပင် လင်းနို့အုပ်လွှန်သွားသည်။ ခြင်များကသဲသဲမဲမဲဝိုင်းအုံကိုက်ခဲလျက်ရှိသည်။ သစ်ပင်တစ်ပင်၏အခြေတွင် မှုန်ဝါးဝါးမြင်ရသောအလင်းရောင်ဖြင့် ထင်းခြောက်တို့ကို စုပုံမီးမွှေးသည်။ အူထွက်လာသောမီးခိုးကြောင့် ခြင်တို့ဘေးဖယ်သွားသည်။ ခင်တုတ်သည်ထမင်းတစ်အိုးကို အမြန်တည်သည်။ ပါလာသော ငါးကြော်၊ ငါးပိကောင်ကြော်တို့ဖြင့် ညနေစာထမင်းကို ခြင်တို့အကြားမှ ကသုတ်ကရက်စားကြသည်။

တစ်တောလုံးအမှောင်လွှမ်းလာပြီ။ ကိုအောင်သိန်းပြောသည့် အတိုင်း မျှောသစ်နှင့် ဝါးတို့ကိုခုတ်ပိုင်းကြသည်။

"ဟေး ဟေး ဟေး...ဝါး ဝါး ဝါး...ဟေး ဟေး ဟေး..."

တစ်တောလုံးဟိန်း၍ ပွဲတင်ရိုက်ခတ်သံတို့ ဆူညံလာသည်။

"ရတနာသုံးပါးအာရုံပြုကြပေါ့ကွာ။ တောတောင့်ရဲ့ သဘာဝအတိုင်း နေဝင်ရီတရောအချိန်သတ္တဝါမျိုးစုံမြူးကြ၊ လှုပ်ရှားကြတာကွ။ ဒီသစ်ဝါးတွေနဲ့တို့သစ်ပင်ပေါ်တက်ပြီး "လင့်စင်" လုပ်မယ်။ လင့်စင်ပေါ်မှာ အိပ်ကြမယ်။ ဘာကောင်ပဲတွေ့တွေ့ အသံမပြုနဲ့။ ဘာမျှလည်း ပြန်လုပ်စရာမလိုဘူး။ ရသေ့ကြီးဖိုးသက်ရှည် ဘဘငုက်ကြီးတို့မှာတဲ့အတိုင်း ကိုယ့်အသက်အန္တရာယ်မဖြစ်သမျှ တုံ့ပြန်ပြီး ဘာမျှမလုပ်ရဘူး။ ရည်မှန်းချက်မရောက်မချင်း အနှောင့်အယှက် အဖျက်အဆီးဆိုတာ ရှိစမြဲပဲ။ ငါတို့မှာ လက်ရုံးရည်လည်းရှိရမယ် နှလုံးရည်လည်းပြည့်ဝတယ်ဆိုရင် အားလုံးကိုကျော်ဖြတ်အောင်နိုင်ရစေမယ်"

ထင်းမီးပုံ၏ အလင်းရောင်နှင့် ကိုအောင်သိန်း၏ ယောက်ျားပီသခန့်ညားသော သွင်ပြင်မှာ တည်ကြည်ခန့်ညားနေသည်ဟု သူ့ကိုကြည့်ရင်းငေးနေသော ဒီလုံးနှင့် ခင်တုတ်တို့ ရင်ထဲမှ မှတ်ချက်ချမိကြသည်။

"ကျွန်တော်တို့ မောင်နမအတွက်စိတ်ချပါ။ အစ်ကိုအောင်သိန်းပြောတဲ့အတိုင်း တည်တည်ကြည်ကြည်နဲ့ ရှိနေကြမယ်ဆိုတာ ကတိပြုထားခဲ့ကြပါတယ်လေ။ ကျွန်တော်တို့နဲ့ဆိုင်တဲ့ အရေးလည်းဖြစ်တယ်။ မသိရသေးတဲ့အကြောင်းတရားလည်းဖြစ်လို့ရည်မှန်းတဲ့အတိုင်းဖြစ်မြောက်အောင် ရှေ့ကိုဆက်သွားရမှာပဲ အစ်ကိုအောင်သိန်းရဲ့"

ခင်တုတ်နှုတ်မှ အလေးအနက်ပြောမိသည်။ ဒီလုံးကလည်း လေးနက်စွာခေါင်းညိတ်ပါသည်။

"ဟိတ် ဟိတ် ဟိတ်...ဟေး ဟေး ဟေး...ဝါးဟားဟားဟား"

ညအမှောင်နက်ထဲတွင် သူတို့ဝန်းကျင်၌ တုန်လှုပ်ချောက်ချားဖွယ်အော်ဟစ်သံများဝေခွဲမရနိုင်အောင် ရောထွေးရှုပ်သော ခြောက်လှန့်သံများကို မကြာခဏကြားနေရသည်။ တောနက်အမှောင်ထုအတွင်း၌ လူသားသုံးဦးဖြစ်သော သူတို့သုံးဦးသည် ကျောချင်းကပ်၍ လက်နက်ကိုယ်စီအသင့်ပြင်ရင်း စောင့်ကြည့်အကဲခတ်နေကြရသည်။ သစ်ကိုင်းတို့အကြားမှ တိုးဝှေ့လာသော လေအရှိန်ဟပ်သည်ပင် မကောင်းဆိုးဝါးတစ်ကောင်ကောင်က မမိမကမ်းလှမ်းဆွဲလိုက်သည်ဟုပင် ထင်မိကြသည်။ ပါလာသော ဖျင်စောင်တို့ကို အလုံခြုံ၍ခြင်တို့ကိုကာကွယ်ထားရသည်။ မကြာမီပင် ပင်ပန်းသောဒဏ်နှင့် လေးတွဲငိုက်မြည်းရာက အိပ်ပျော်သွားခဲ့ကြပါသည်။

⇨ ဖျာဝှံဇွှမိုးနှတ်



သည်းထိတ်ရင်ဖို
အချစ်ဆုံးမို့
JRJ

**လူကုန်ကူးခံရသောမိန်းကလေးတစ်ယောက်**
**တစ်ဖက်နိုင်ငံရောက်သွားသော်လည်း အမိနိုင်ငံတော်၏**
**အမျိုးသားသီချင်းကိုကြားရမှ...**

---

**တရုတ်နိုင်ငံ**ကျန်စုပြည်နယ်..

ဂျန်ဒူခရိုင်အတွင်းရှိ ယီလင်းမြို့ကလေးသည် အေးချမ်းသည်။ သာယာသည်။ မြို့ကလေး၏ အစွန်တွင် လယ်တောအိမ်ကလေးရှိသည်။ ထိုအိမ်ကလေးတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးသော "ဝမ်ကျားဝေ" မိသားစုနေထိုင်သည်။

သူတို့မိသားစုတွင် လူများများမရှိ။ အိမ်ထောင်ဦးစီးဖြစ်သော အဘိုးကြီးဝမ်ကျားဝေ၊ ဇနီးဖြစ်သူ ဝမ်ရီဖုန်းနှင့် သားဝမ်မင်ကျိုးတို့ သုံးဦးတည်းသာ။ သူတို့တွင် ငိုစားရယ်စားမည့်သူလည်းမရှိ။

မိသားစုစီးပွားရေးမှာလည်းချောင်လည်သည်။ စားမည့်သူများများမရှိသဖြင့်လည်း ပိုလျှံသည်ကို စုနိုင်ဆောင်းနိုင်သည်။ အဘိုးကြီးဝမ်ကျားဝေမှာ အသက် ၈၀ နားနီးနေသဖြင့် လုပ်ငန်းခွင်မဝင်နိုင်တော့၊ စီမံခန့်ခွဲပေးရုံလောက်သာပင်။ ဇနီးသည် ဝမ်ရီဖုန်းမှာလည်း အသက် ၇၀ စွန်းစပြုဓါ။ အမှုကိစ္စ ဗာဟီရများဖြင့် တစ်နေ့တစ်နေ့ လက်မလည်ရှာ။

တစ်ဦးတည်းသော သားလူပျိုကြီးဝမ်းမင်ကျိုးကမိဘလက်ငုတ်လက်ရင်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ဖိရင်ဖိလုပ်သည်။ သူကအသက် ၄၀ နားကပ်နေသော်လည်း လူပျိုကြီးဘဝဖြင့် ကျေနပ်နေသူ။

မင်ကျိုး၏စားရေးဝတ်ရေးကိုလည်းအိုကြီးအိုမမီခင်ကြီးကပင်တာဝန်ယူရရှာသည်။ မနက်အလုပ်ခွင်မဝင်မီ စားသွားဖို့၊ နေ့လယ်စာအတွက် ထည့်ယူသွားဖို့၊ညနေအလုပ်သိမ်းပြီးအိမ်ပြန်လာလျှင်အသင့်စားဖို့စသည် စသည်ဖြင့်ပေါ့လေ။

သည်ကြားထဲ မင်ကျိုးဆိုသူက သူဝတ်မည့်အဝတ်ကိုပင် သူ့ဘာသာ ဝယ်မဝတ်တတ်။ အမေက အမြင်မတော်လို့ ဝယ်ပေးမှ ဝတ်သူ၊ သည်ကလေးက အမေမှအမေ၊ နေရာတကာနှို့သူက်ခံစို့သူ။ သည်တော့လည်း အဘွားကြီးရိုဖုန်းကြာတော့ ငြီးငွေ့လာ၏။

သူ နားနားနေနေ နေချင်ပြီ။ အိမ်နီးချင်းဖြစ်သော သူနှင့်သက်တူရွယ်တူ အဘွားကြီးချိန်ရှုအိုဆိုလျှင် သားတွေသမီးတွေမြေးတွေမြစ်တွေနှင့် ဝေစီနေ၏။ သူတို့လောက် မချမ်းသာသော်လည်း သူတို့ထက် မိသားစုဘဝ သာယာသည်။ ချိန်ရှုအိုမိသားစုကို ကြည့်၍ အဘွားကြီးရိုဖုန်းအားကျသည်။

"ငါလည်း အဲဒီလိုမိသားစုဘဝလေးမျိုးနဲ့ နေရရင် သိပ်ကောင်းမှာပဲ"

ဟူ၍မကြာခဏ အိုင်မက် မက်သည်။ တစ်ဆက်တည်းပင် သားဖြစ်သူ မင်ကျိုးကို အားမလိုအားမရဖြစ်သည်။ ကြည့်ပါဦး ယခုဆိုလျှင် မင်ကျိုး အသက် ၄၀ ထဲရောက်ပြီ။ လူပျိုဟိုင်းကြီးဖြစ်မှန်း မသိဖြစ်နေပြီပေါ့။ မင်ကျိုးက သူ့ဘဝထဲတွင် အဖေနှင့်အမေပဲရှိသည်။ အခြားဘာဆိုဘာမျှမရှိ။

အချစ်နှင့်မကင်းသောလူ့လောကသဘာဝကိုပင် ဆန့်ကျင်၍ ဆယ်ကျော်သက်အရွယ်တုန်းကလည်း ရင်ခုန်သံမကြားရ။ နှစ်ဆယ်ကျော် လူပျိုကြီးဖားဖားအရွယ်ကလည်း သူ့နှလုံးသားက မလှုပ်ခတ်၊ အခုအသက်သုံးဆယ်ကျော်လေးဆယ်တွင်းသို့ ချင်းနင်းဝင်ရောက်လာတော့လည်း / သူ့အသည်းက မာပဲမာနိုင်လွန်းနေသည်။

ဖြစ်သင့်သည်က မင်ကျိုးမိန်းမယူ၊ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း မွေးလျှင် အထီးကျန်အဘိုးအိုနှင့် အဘွားအိုအတွက် အိမ်ဆည်းလည်းလေးတွေနှင့် ဘဝနေဝင်ချိန်ကို တပျော်တပါးကျော်ဖြတ်

နိုင်မည်ပင် မဟုတ်ပါသလော။ ဤသို့သော ဘဝမျိုးပိုင်ဆိုင်လိုသည့်ဆန္ဒတွေက သူတို့လင်မယား၏ရင်ထဲမှာ တနင့်တပိုးပင်။

စင်စစ် သူတို့အသက်ကြီးလာကြပြီ။ အဘွားကြီးဝမ်ရီဖုန်းဆိုလျှင် ကျန်းမာရေးကလည်း သိပ်အကောင်းကြီးမဟုတ်၊ တစ်ခါတစ်ခါ ရင်ဘတ်ထဲက အောင့်သဖြင့် ဆေးခန်းက ဆရာဝန်ကို ပြကြည့်သောအခါ နှလုံးရောဂါဟုဆို၏။ ရှောင်ရန်ဆောင်ရန်တွေကိုပင် ညွှန်ကြားချက်အတိုင်း လိုက်နာနေရသည့်အခြေအနေ။ ဤအနေအထားတွင် မှလွန်ဆန်နိုင်သော သခါရတရားကြောင့် မျက်စိမှိတ်သွားခဲ့ရလျှင် မျိုးဆက်ပင် ကျန်ရစ်မည်မဟုတ်သဖြင့် တွေးမိတိုင်း သောကရောက်ရသည်။ ကိုယ့်ဘဝကိုယ်မကျေနပ်လည်းဖြစ်သည်။ စိတ်ဖိစီးသက်ပြင်းမောကို ပင့်ရှိုက်မိသွား၏။ မင်ကျိုးအတွက် ဖူးစာဖက်တွေ့အောင် မိုးနတ်မင်းကြီးဖန်ဆင်းပေးတော်မူပါဟု၍ ဆုတောင်းရသည်မှာပင် အခါခါ -

□

ထိုအချိန်မှာပင် အိမ်ရှေ့မှာ သားဖြစ်သူ၏လယ်ယာသုံးထွန်စက်ရပ်သံကြားသည်။ အဘွားကြီးရီဖုန်းအတွေးပုံရိပ်ကိုရပ်တန့်လျက် လှမ်းကြည့်၏။ သားဖြစ်သူက ဖိတ်စာတစ်စောင်ကို ကိုင်၍ အိမ်ထဲဝင်လာ၏။

"လမ်းမှာ ရန်ကျိုးချင်နဲ့တွေ့လို့ပေးလိုက်တာ အမေ၊ သူ့ရဲ့ မင်္ဂလာဖိတ်စာတဲ့"

"ဩော် - အေး - အေးသတို့သမီးက ဘယ်ကတဲ့လဲကွယ့်"

"ဂျန်ဒူခရိုင်ထဲက ရွာတစ်ရွာကပဲ အမေရဲ့ တောသူလေးပဲထင်ပါရဲ့ အမေရာ"

အဘွားကြီး ရီဖုန်းက သားကမ်းပေးသည့် ဖိတ်စာကို သေချာကြည့်သည်။ အနီရောင်ရဲရဲပေါ်မှ တောက်လွင်သည့် ဖောင်းကြွရွှေစာလုံးများက သူ့ကို လှောင်ပြောင်နေသလိုပင်၊ သက်ပြင်းမောကို ရှိုက်လိုက်မိပြန်၏။ ကြည့်စမ်း - သူများသားသမီးတွေ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်လိုက်ကြတာ ငါတို့သားကတော့ . . .

"အမေ ဘာငိုနေတာလဲ၊ ကျွန်တော် ထမင်းဆာပြီ"

"ဩော် - အေး - အေး"

အဘွားကြီးရီဖုန်းထိုင်ရာမှထ၍ သားအတွက် ထမင်းပွဲပြင်ပေးရန် ထမင်းစားခန်းဆီ ခြေလှမ်းလိုက်ရာမှ -

"မင်းကော ခုချိန်ထိ မတွေ့သေးဘူးလား မင်ကျိုး"

"ဗျာ - အမေဘာပြောလိုက်တာလဲ၊ သားက ဘာရှာလို့ ဘာတွေးရမှာလဲ"

"အိမ်ထောင်ဖက်ပေါ့ကွယ်၊ မင်းကို မိန်းမယူပါတော့လို့ ဘယ်နှခါပြောရမှာလဲ"

"ဟာ အမေကလည်းဗျာ"

"ဟဲ့ ငါတို့မြေးချီချင်ပြီကွယ့်၊ ဟိုဘက်အိမ်ကချိန်ရှုအိုဆိုတဲ့ မိန်း... မ တွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ သူ့ချွေးမတော်ကြောင်း ကောင်းကြောင်း၊ မြေးလေးတွေ လိမ္မာကြောင်း၊ ချစ်စရာကောင်းကြောင်း ခဏ ခဏကြွားတာ နားမခံသာတော့ဘူးဟေ့၊ ငါလည်း ပြန်ပြောချင်ပြီ မိန်းမယူပါတော့ သားရယ် နော် - နော်လို့"

မင်ကျိုးက စိတ်ပျက်ပျက်နှင့် ခေါင်းကိုခါယမ်းသည်။

"အမေရယ် ကျွန်တော် မိန်းမ မယူဘဲ အဖေတို့အမေတို့နဲ့ တစ်သက်လုံးအတူနေပြီး လုပ်ကျွေးနေတာ မကောင်းလို့လားဟင်၊ မိသားစုထဲကို သူစိမ်းတစ်ယောက်ဝင်လာရင် ခုလိုစိတ်ချမ်းချမ်းသာသာ နေရပါ့မလားဆိုတာ ပြောလို့မရဘူး"

"ကျွန်တော်ယူလိုက်တဲ့ မိန်းမက သဘောထားသေးတဲ့ မိန်းမဆိုရင် ဘယ်နှယ့်လုပ်မလဲ၊ အဖေ့ကို ကျွေးရင်ကျွေး ပြန်ပြီ၊ အမေ့ကိုပေးရင်ပေး ပြန်ပြီ လို့ ပြောတတ်တဲ့ မိန်းမမျိုးဆိုရင် စိတ်ဆင်းရဲကြရလိမ့်မယ်။ ကျွန်တော့်အဖို့တော့ အဖေနဲ့အမေရှိရင် ပြည့်စုံပြီး တခြားဘာမှမလိုဘူး"

သားအမြင်နှင့် သူ့အမြင်က ပြဒါးတစ်လမ်းသံတစ်လမ်းပင်။ သားပြောတာ မှန်မှန်လည်းသူသိသည်။ ငြင်းနိုင်စရာမရှိပါ။ သို့သော် သူကပဲ လောဘ

ကြီးလွန်းနေသည်လားမသိ၊ သူဖြစ်စေချင်သည်ကိုတော့ မစွန့်လွှတ်နိုင်သဖြင့် သားဖြစ်သူကို ဆက်၍ ဆက်၍ ဖိအားပေးသည်။

"မင်းအဖို့ အဖေနဲ့အမေရှိရင် ပြည့်စုံပြီဟုတ်လား။ တခြားဘာမှမလိုတော့ဘူးပေါ့လေ။ ကောင်းပါပြီ အမေမေးတာကို ဖြေစမ်းပါဦး။ မင်းအဖေနဲ့ အမေက အသက်ကြီးပြီဟဲ့ - နေ့သေမလား ညသေမလားပြောမရတဲ့ ဂူရာအိုကြီးတွေအရွယ်ရောက်နေကြပြီ။ ငါတို့မရှိရင် မင်းဘယ်လိုနေမှာလဲ"

မင်းကျိုးထံမှ ရုတ်တရက်စကားသံထွက်မလာ၊ အဘွားကြီးရီဖုန်းက သူ့စကားကို ဆက်သည်။

"ခုနေများငါတို့သေရမယ်ဆိုရင် မင်းကိုစိတ်မချလို့ငါတို့အသေဖြောင့်နိုင်မှ ဟုတ်ဘူး။ဒါကြောင့်အမေတို့မသေခင် မင်းကိုသားနဲ့မယားနဲ့တည်တည်ငြိမ်ငြိမ်ဘဝလေး မြင်သွားချင်တယ်။ အိမ်ထောင်ပြုပါတော့သားရယ်"

မင်းကျိုး ပြုံးလိုက်သည်။ သူ့အမေ၏ ပုခုံးကို ယုယုယယ သိုင်းဖက်လိုက်၏။ သူက -

"ကဲပါလေ - အမေက ကျွန်တော့်ကိုမိန်းမသိပ်ယူစေချင်နေပုံရတယ်။ ကျွန်တော်ယူပါ့မယ်၊ ကျွန်တော့်အတွက် အမေသင့်တော်မယ့် မိန်းမတွေ့ရင်သာပြော ကျွန်တော်ယူပါ့မယ်လို့ကတိပေးတယ်။ဒါဆိုရင်အမေကျေနပ်ပြီမဟုတ်လား"

သားဆီက ကတိတစ်လုံးရလိုက်သဖြင့် သူပျော်သွားသည်။

ဒါပဲလေ - ကျွန်သည့်တာဝန်ကတော့ -

❑

အခန်း (၂)

လူ့သတင်းကို လူချင်းဆောင်၏။

အဘွားကြီးဝမ်ရီဖုန်းထံ သတင်းလာပို့သူမှာ တစ်ရပ်တည်းနေသော ပွဲစားမဇွေလျံ -

"ဒီမှာ အဘွားကြီးရွေးမရှာနေတယ်ဆို ဟုတ်လား"

"အေး - ဟုတ်တယ်"

အစက ပွဲစားမဝေ့လျံကို အဘွားကြီး ရီဖုန်း သိပ်မျက်နှာကြောမတဲ့လှ။

နေရာတကာ လိုးချင်ဖြတ်ချင်သူဖြစ်သဖြင့် မပတ်သက်မိအောင် ရှောင်သည်။ သည်တခါတော့ မပတ်သက်ချင်သော်လည်း မနေနိုင်သည့် ကိစ္စမို့ ပွဲစားမဝေ့လျံကို အဘွားကြီးက မပြုံးချင်ပြုံးချင်ဖြင့် ပြုံးပြရတော့၏။

"ဘာလဲ - ညည်းတွေ့ထားတာရှိလို့လား"

"ဒါပေါ့ - ကောင်မလေးက တော်တော်လှတယ်၊ အသက်ကလည်း ၂၀ ကျော်လောက်ပဲရှိသေးတယ်။ သူ့အဒေါ်နဲ့လာတာ၊ အဲဒီ သူ့အဒေါ်ဆိုတဲ့ မိန်းမရဲ့ပြောစကားအရ မုဆိုးမသမီးတဲ့။ အရမ်းဆင်းရဲတယ်၊ ဒါကြောင့် ကောင်မလေးကိုမင်္ဂလာစရိတ်တင်နိုင်တဲ့လူရှိရင်သားမှတ်မှတ်မယားမှတ် မှတ်ပေါင်းပါ့မယ်လို့သာကတိပေး - လက်ထပ်ခွင့်ပေးမယ်တဲ့။အဲဒါအဘွား ကြီး စိတ်ဝင်စားရင် ကျွန်မတွေ့ပေးမယ်"

"ဟင် - ဟုတ်လား - ငါ - ငါစိတ်ဝင်စားတာပေါ့ဟယ်"

"ဟင်း - ဟင်း - ဟင်း"

အဘွားကြီး စိတ်ဝင်စားလွန်းသဖြင့် ပျာပျာသလဲဖြစ်သွားသည်ကို ကြည့်၍ ပွဲစားမဝေ့လျံက သူ့ ခွင်ထဲဝင်လာပြီမှန်း ရိပ်မိသွားသည်။ ထို့ကြောင့်ပင် ဝေ့လျံက အောင်ပွဲရစစ်သူကြီးပမာမထော့တထော့ရယ်လိုက်ရင်း -

"ဒီလောကမှာ အလကားရတယ်ဆိုတာ ဘာမှမရှိဘူးနော်။ တန်ရာ တန်ကြေးတော့ ပေးရမှာပဲ။ အဘွားကြီးပေးနိုင်မယ်ဆိုရင်တော့ ဟဲ - ဟဲ - ဟဲ"

အဘွားကြီးကိုလည်း အသည်ဟာတော့ မဆိုးသား၊ သူ့ဘက်က စိတ်ဝင်စားဟန်တွေ အပြလွန်သွားပြီမှန်း ချက်ချင်း သတိထားမိသွားသဖြင့် ကိုယ်ရှိန်ပြန်သတ်လိုက်ရတော့၏။ သူက -

"အလကားမရဘူးဆိုတာတော့ ငါလည်း သိပါတယ်အေ၊ ဒါပေမဲ့ တန်ရာတန်ဖိုးထက်တော့ ပိုမပေးနိုင်ဘူး။ ငါ့သားက 'ဘယ်လိုသားမျိုးဆိုတာ ဟောဒီ ယီလင်းတစ်မြို့လုံးသိတယ်။ ကြိုက်တဲ့ မိန်းမကို အချိန်မရွေးခေါ်ယူနိုင်ပါတယ်"

အဘွားကြီး ကဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း ငမ်းငမ်းတက်အမှုအရာမျိုးမဖြစ်အောင်ထိန်းလိုက်ခြင်းဖြစ်၏။ အဘွားကြီးစကားက ပွဲစားမဇော့လျို၏ အရိုက်ကို ထိုးမိသွား၏။ တစ်ချက်တွေ့သွားရာမှ သူကိုယ်သူ အချိန်မီထိန်းရတော့၏။ ပွဲပျက်သွားမှာစိုးသဖြင့် မျက်နှာကို အချိုသာဆုံးပြုလိုက်ရင်း -

"ကောင်းပါပြီလေ - ကျွန်မပြပေးမယ်။ ပြပေးခတော့ အဘွားက ယွမ် ၅၀၀၀ ပဲပေးပါ"

"ဟင် - များလှချည်လား"

"ဒီလိုရှိပါတယ်။ ကျွန်မပြပေးမယ်ဆိုကာ အဘွားခေါ်လာစေချင်တဲ့နေရာကို ကျွန်မက ခေါ်လာပေးမှာပါ။ အဘွားအိမ်ကို နယ်ကဧည့်သည်လာတဲ့ပုံစံမျိုးနဲ့လာမှာ။ အဆင်မပြေရင်လည်း လူမသိသူမသိရအောင်ပေါ့"

အဘွားကြီးက အစီအစဉ်ကို ကျေနပ်ဟန်ဖြင့် ခေါင်းကိုဆတ်ခနဲ ညိတ်သည်။

"ညည်းဘယ်တော့ခေါ်လာမှာလဲ"

"အဘွားကြိုက်တဲ့နေ့ အဘွားခေါ်လာစေချင်တဲ့နေရာကို ကျွန်မခေါ်လာပေးပါ့မယ်"

"ဒါဆိုရင်တော့ ငါ့သားအလုပ်သွားတဲ့အချိန် အိမ်ကိုပဲ ခေါ်ခဲ့ပါ"

❑

အခန်း (၃)

ရှေ့မှာ ကျိုးကျိုးနွံနွံထိုင်နေသည့် မိန်းကလေးကို အဘွားကြီးစိုက်ကြည့်သည်။ မိန်းကလေးက သူ့ကို တစ်ချက်မျက်လုံးလှန်ကြည့်ပြီး

နောက် မျက်လွှာချသွား၏။ မိန်းကလေး၏ မျက်ဝန်းများမှာ မည်းနက်၍ရွှန်းလဲ့နေ၏။ တချို့မိန်းကလေးများလို မျက်စိပေါက်မကျဉ်း၊ မျက်ဝန်းအဝေ့ာ်လှသည်။ နှာတံကလေးမှာလည်း ပွယောင်းယောင်းပိပြားပြားမဟုတ်၊ ဖြောင့်စင်းသည်။ နှာတံပေါ်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ခုခေတ်မော်ဒယ်မလေးတစ်ယောက်ကဲ့သို့ လှပသည်။ ကျော့ရှင်းသည်။ တစ်ခါနှစ်ခါကြည့်ဖူးသော တရုတ်ရုပ်ရှင်မင်းသမီးအကျော်အမော် ဂေါင်လီတို့လို ရုပ်မျိုး။

အသားအရည်မှာစိုစိုပြေပြေရှိသည်။ကျန်းမာရေးပြည့်စုံပုံရ၏။အရေးကြီးသည်က ဒါပါပဲ။ မိန်းကလေးတစ်ယောက်ကို အပေါ်ယံကြည့်၍ တဒင်္ဂအတွင်းအကဲဖြတ်ရခြင်းဖြစ်သဖြင့် ရုပ်ရည်ကလေးသန့်သန့်ပြန့်ပြန့်ရှိရုံဖြင့်ပြည့်စုံပြီဟု မဆိုသာ၊ အဓိကကျသည်က ကျန်းမာရေးပင်။

သည်မိန်းကလေးကိုသာ ချွေးမတော်ရမည်ဆိုလျှင် အိမ်နီးချင်းဖြစ်သော ချိန်ရှအိုး၏ချွေးမထက် အစစအရာရာသာသည်မို့ သူ့ရင်ထဲမှာ အမှတ်ပြည့်ပေးလိုက်သည်။ မင်္ဂလာကိစ္စညှိနှိုင်းရုံပင်ရှိတော့သည်။ အဘွားကြီးကပင် တိတ်ဆိတ်မှုကို စတင်ဖောက်ခွဲရတော့၏။

"ကဲ - မင်္ဂလာကိစ္စပြောရအောင်"

"ဟုတ်ကဲ့ - ဒီလိုပါအဘွား"

ပွဲစားမငွေလျံက တက်တက်ကြွကြွလမ်းခင်းရင်း ဆက်ပြောသည်။

"သူက (မိန်းကလေးကို မေးငေါ့ပြလျက်) ရုက်တတ်တယ်၊ အဘွားပြောချင်တာကို ဟောဒီက သူ့အဒေါ်နဲ့ပဲပြောပါ။ မိန်းကလေးက သူ့အဒေါ်ပြီးရင် ပြီးပါတယ်"

"အေးလေ - ဒါဆိုလည်းဖြစ်ပါတယ်။ ငါကလည်း မိန်းမတစ်ယောက်ပါ၊ မိန်းမချင်း ကိုယ်ချင်းစာပါတယ်၊ မိန်းမတစ်ယောက်ကို ရှေ့မှာထားပြီး နွားတစ်ကောင်ဝယ်သလိုဈေးညှိကြတယ်ဆိုတာ လူသားမပီသပါဘူး"

"ဒါဆိုရင် သူ့အဒေါ်နဲ့ပြောရအောင် ကျွန်မ မိတ်ဆက်ပေးမယ်"

"အေး"

"ဒီအစ်မကြီးနာမည်က ဖုန်ဝမ်လူပါ။ မိန်းကလေးရဲ့ အမေနဲ့ ညီအစ်မ အရင်းတော်ပါတယ်။ မိန်းကလေး နာမည်ကတော့ ဖုန်မေရှမ်းပါ"

မေရှမ်းဟူသည့်အမည်ကိုကြားလိုက်ရသဖြင့် အဘွားကြီးသဘောကျသွားပြန်သည်။

"ဪ သူ့နာမည်က မေရှမ်းတဲ့လား"

မိန်းကလေး၏အဒေါ်ဆိုသူက ဖြည့်စွက်ပြောသည်။

"ဟုတ်ပါတယ် အမေကြီး၊ မေရှမ်းပါ။ တစ်ခုတော့ပြောစရာရှိပါတယ်။ ကျွန်မ အစ်မနဲ့တူမလေးက ယူနန်ပြည်နယ်က ဖြစ်တဲ့အပြင်၊ အလွန်တောကျတဲ့အရပ်ဒေသက တရုတ်တိုင်းရင်းသားမျိုးနွယ်စုဝင်တွေပါ။ မြို့ပေါ်ကိုလည်း အရောက်အပေါက်နည်းတယ်လေ။ ဒေသတွင်းက အပြင်ကို သိပ်ထွက်လေ့ထွက်ထမရှိတဲ့အတွက် ကျွန်မလို တရုတ်စကားကို သူ မပြောတတ်ပါဘူး။ ကျွန်မကတော့မြို့သားနဲ့အိမ်ထောင်ကျပြီးမြို့ပေါ်ရောက်နေလို့ တရုတ်စကားပြောတတ်သွားတာပါ။ သူလည်း အခက်အခဲရှိရင် ခဏပဲနေမှာပါ။ နောက်ဆိုရင် ကျွန်မလိုပဲ ပြောတတ်သွားမှာပါ"

အဘွားကြီးဖုန်ရီဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်၍ လက်ခံသည်။

"ကောင်းပြီလေ ကဲ - ကဲ မေရှမ်းရဲ့အဒေါ်ငါ့က မင်္ဂလာစရိတ်ငွေ ဘယ်လောက်တင်တောင်းစေချင်တာလဲ ပြော"

"များများလည်း ကျွန်မ မတောင်းပါဘူး အမေကြီး၊ မေရှမ်းရဲ့ မိခင်ဖြစ်တဲ့ကျွန်မအစ်မကမုဆိုးမပါ။ သူ့ရင်းနှီးစားဖို့ယွမ်သုံးသောင်းလောက်ဆိုဖြစ်ပါတယ်"

မိန်းကလေးတစ်ယောက်ကို ယွမ်သုံးသောင်းတင်တောင်းရုံဖြင့် သူ့အဖို့ ချွေးမတစ်ယောက်ရမည်။ မြေးကလေးများလည်းရဦးမည့်ပြင် သားတော်မောင်လူပျိုသိုးကြီးအတွက် ဇနီးရောကလေးတစ်ယောက်ရမည်ဖြစ်၏။ သို့ဆိုလျှင် သူတို့၏ မျိုးဆက်များကို ချန်ထားရစ်ခဲ့နိုင်ပြီမို့ ...

□

အခန်း (၄)

အဘွားကြီးဝမ်ရီဖုန်းသည် တစ်ဦးတည်းသောသားအတွက် တရုတ်ရိုးရာအတိုင်းမင်္ဂလာပွဲကိုခမ်းခမ်းနားနားကျင်းပပေးသည်။မင်္ဂလာဆောင်ကို တက်ရောက်ချီးမြှင့်ကြသည့် မိတ်ဆွေတိုင်းလိုလိုက မေရှမ်း၏အလှကို ချီးမွမ်းကြသည်။ အဘွားကြီးချွေးမမှာ တော်ပါပေသည်ဟု ထောမနာပြုကြသည်။

သားဖြစ်သူ မင်ကျိုးတစ်ယောက်လည်း အမေရှာပေးသည့် ဇနီးချောကလေးကိုတပြုံးပြုံးနှင့် သဘောကျနေရှာသည်။အဘိုးကြီးဝမ်းကျားဝေကတော့ ပြောမနေနှင့်။ အပျော်တွေပျော်ဝင်နေသည့်မျက်နှာကြီးနှင့် မိုးမမြင်လေမမြင်။

မင်္ဂလာပွဲကိုတက်ရောက်ချီးမြှင့်သည့်ဧည့်ပရိသတ်ထဲမှာ ဟန်ဆောင်၍ ပြုံးထားသော်လည်း မလိုမုန်းထားသောမျက်လုံးများဖြင့် တစ်ချက်တစ်ချက် ကြည့်တတ်သည့် အိမ်နီးချင်းဖြစ်သော ချိန်ရှုအိုတစ်ယောက်သာရှိသည်။ သူ့အမြင်တွင် ရီဖုန်း၏ ချွေးမလေးမှာ တော်တော်လှနေသည်။ မျက်နှာလေးက ကြည်လင်နေ၏။ ပြုံးလိုက်လျှင် ပို၍ချစ်စရာကောင်းသည်။ မိန်းမချင်းပင်မနာလိုချင်စရာအလှကိုပိုင်ဆိုင်သူဖြစ်သည်။အိမ်ကသူ့ချွေးမနှင့်နှိုင်းယှဉ်ကြည့်လျှင် မိုးနှင့်မြေပမာ၊ ဆီနှင့်ရေပမာဖြစ်နေသည်ကို ကြည့်၍ ဝန်တိုမစ္ဆရိယစိတ်ကြောင့် တနုံ့နုံ့ခံစားနေရသည်။

သို့သော် အဘွားကြီးချိန်ရှုအိုစိတ်ကိုလျှော့သည်။

"အင်းပေါ့လေ မိုးကောင်းကင်ရဲ့အလိုကျအတိုင်းဖြစ်ရတာပဲ။ ငါမနာလိုနေလို့လည်း အပိုပဲဖြစ်တော့မပေါ့"

သည်နှယ်ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရှာသာပင်။

□

အခန်း (၅)

အဖေ၊ အမေ၊ အစ်ကို ဟူသောစကားလောက်တော့ မေရှမ်းခေါ်တတ်ပြောတတ်လေသည်။စင်စစ် မေရှမ်းသည် ပါးနပ်သူကလေးဖြစ်၏။ မိဘနှင့်

လင်သားအပေါ် ရှိသောကိုင်းရှိုင်းတတ်သော ဇီဇကလေးကာပင် ချစ်စရာကောင်းနေသည်။

အိမ်မှုကိစ္စနှင့်ပတ်သက်၍ ဒါကို ဒီလိုလုပ်ရတယ်ဟု တစ်ခါပြလိုက်လျှင် နောက်ထပ်ပြစရာမလိုတော့ အရိပ်ပြလျှင် အကောင်ထင်သည်။

ချက်ရေးပြုတ်ရေး၊ လျှော်ရေးဖွပ်ရေးတွင်လည်း အဘွားကြီးသင်ပြပေးထားသည့်အတိုင်း တစ်သဝေမတိမ်းပင်။ အိမ်မှုကိစ္စဟင်္ဂရများအပြင် အားလျှင်အားသလို ခင်ပွန်းဖြစ်သူ မင်ကျိုးနှင့်ဒိုးတူပေါင်ဖက်လိုက်လုပ်လိုက်သေးသည်။ ချွင်းချက်အနေဖြင့် တစ်ခုပဲပြောစရာရှိသည်။ မျေရှမ်းကို ရှင်ရှင်လန်းလန်းသိပ်မတွေ့ရ၊ အချိန်ပြည့် ဝမ်းနည်းနေသည်ကို ဖုံးကွယ်ထားသလိုပင် သို့သော် အဘွားကြီး အပြစ်မမြင်ပါ။ ချွေးမလေးမှာလေးကို ကြည့်၍ ကျေနပ်အားရမှုများကြောင့် တွေ့သမျှတိုင်းကို ပြောမဆုံးပေါင်း၊ တောသုံးလေးထောင်ဖြစ်သည်ထိပင်။ အကြွားပိုသည်ဟုထင်စရာ။

ကြာတော့အိမ်နီးချင်းဖြစ်သူအဘွားကြီးချိန်ရှုအိုစပါးမွှေးရှူးလာသည်။ သမက်ဖြစ်သူနှင့် တိုင်ပင်ကြည့်၏။

“ငါဒီကောင်မလေးကို မသင်္ကာဘူး။ မင်းဘယ်လိုထင်သလဲ”

“ဟုတ်တော့ဟုတ်တယ် ယောက္ခမကြီး။ သူတို့ပြောတဲ့အတိုင်း ယူနန်ပြည်နယ်ကဆိုရင်လည်း တရုတ်နိုင်ငံထဲကပဲလေ။ တရုတ်ဘာသာစကားမပြောတတ်နိုင်စရာမရှိပါဘူး။ ကျွန်တော်ထင်တာတော့ ဒီကောင်မလေးဟာ ဘယ်နည်းနဲ့မှ တရုတ်လူမျိုးမဖြစ်နိုင်ဘူး”

“ဒါဆိုရင် တို့ဘာလုပ်ရင်ကောင်းမလဲ”

ချိန်ရှုအိုက သမက်ဖြစ်သူကိုအားကိုးတကြီးအကြံဉာဏ်တောင်းသည်။

“ရဲကို သတင်းပေးမယ်ဗျာ”

“အေး - ဟုတ်တယ် တို့ထင်ထားတဲ့အတိုင်းသာမှန်ရင်တော့ အကြွားသန်တဲ့ ရီဖုန်းဆိုတဲ့ မိန်းမကြီးဘာဖြစ်မလဲဆိုတာ ကြည့်ကြသေးတာပေါ့လေ”

□

အခန်း (၆)

အိမ်ရှေ့တွင် ရဲကားတစ်စီးရပ်သည်။ အဘိုးကြီး ဝမ်ကျားဝေနှင့် အဘွားကြီး ဝမ်ရီဖုန်းတစ်ယောက် မျက်နှာတစ်ယောက်နားမလည်နိုင်စွာ ကြည့်မိကြ၏။ ရဲကားပေါ်မှ အရာရှိတစ်ယောက်နှင့် ရဲမေနှစ်ယောက်ဆင်းလာလျက် ယဉ်ကျေးစွာ ဝင်ခွင့်တောင်းသည်။

အိမ်ထဲဝင်ထိုင်ပြီးနောက် ဘာစကားမှပြောသေးပဲ ရဲတပ်ဖွဲ့ဝင်များက အိမ်အတွင်း ကျိုးကန်းတောင်းမှောက်ဝေ့ကြည့်လိုက်ပြီးမှ –

"ခင်ဗျားတို့ ချွေးမလေးကို ခဏလောက်တွေ့ချင်လို့ပါ"

"ဟော – ကျုပ်တို့ချွေးမကို တွေ့ဖို့လာတာလား၊ ဘာကိစ္စရှိလို့ပါလိမ့်"

ရဲအရာရှိက ပြုံးသည်။ သူ့အပြုံးက နွေးထွေးနေဆဲ –

"သူ့ကို ကျွန်တော်တို့ သိချင်တာလေး မေးကြည့်ချင်လို့ပါ။ ခဏလောက်ခေါ်ပေးပါလား"

ရဲတပ်ဖွဲ့ဝင်များက မေရှမ်းလေးကို မတွေ့ရဘဲ ပြန်မည့်အခြေအနေရှိပုံမရ။ ခေါ်ပေးမှဖြစ်မည်မို့ အဘွားကြီးက အိမ်နောက်ဖေးဝင်သွားပြီးလျှင် ချက်ရေးပြုတ်ရေးများနှင့် အလုပ်ရှုပ်နေရှာသော ချွေးမလေးကို လက်ကုတ်ခေါ်လျက် ရဲအရာရှိရှေ့မှာ ထိုင်ခိုင်းရတော့၏။

ရဲအရာရှိက မေရှမ်းကို စေ့စေ့ကြည့်သည်။

ထို့နောက် –

"မင်းနာမည်က မေရှမ်းနော် – ဟုတ်တယ်မဟုတ်လား"

မေရှမ်းက ဘာပြောလိုက်မှန်းသိပုံမရ၊ မျက်လွှာချ၍ အေးချမ်းစွာ ထိုင်နေ၏။ ရဲအရာရှိကျွံမြီးတိုသွားသည်။ သူမေးသည်ကို အဖက်လုပ်၍ မဖြေဘဲ မသိချင်ယောင်ဆောင်နေသည်ဟု အထင်ရောက်သွားလျက် –

"ဟော့ – ဒီမှာ မင်းကိုငါမေးနေတယ်လေ၊ ဖြေပါဦး။ မင်းနာမည် ဘယ်သူလဲဆိုတာ"

သည်မေးခွန်းကိုလည်း မေရှမ်းက မဖြေ၊ မျက်လုံးအဝိုင်းသားနှင့် ရဲအရာရှိကို ကြည့်နေ၏။ ရဲအရာရှိပို၍စိတ်တိုသွားသည်။ နှုတ်မှ တင်းတင်းမာမာစကားသံတွေ ခုန်ပျံထွက်လာတော့၏။

"ဟေ့ - ဒီမှာ မင်းနာမည်ကို မေးနေတာ ဖြေဦးလေ၊ ရှုးချင်ယောင် ဆောင်မနေနဲ့"

သူ့ကိုကြည့်၍ သဟောက်သဟန့်ဖြင့် မာမာထန်ထန်အော်ကြီးတစ်ကျယ်ပြောလိုက်သည့် စကားကြောင့် မေရှမ်းက တအံ့တသြဖြင့် ရဲအရာရှိကို ပြန်ကြည့်လာသည်။ ရဲအရာရှိကြီးအနီးမှ ရဲမေက သူ့ဆရာသမားကို လက်ကုတ်၍ တီးတိုးပြောသည်။

"ဆရာ သူ့ပုံစံကိုကြည့်ရတာ တရုတ်စကားနားလည်ပုံမရဘူး"

ရဲအရာရှိကခေါင်းကိုညိတ်လိုက်ရင်းမှအဘိုးကြီးနှင့်အဘွားကြီးဘက် လှည့်၍ -

"ခင်ဗျားတို့ချွေးမက တရုတ်စကားမတတ်ဘူးလားဗျာဟင်"

"ဟုတ်ပါတယ်။ ဗိုလ်ကြီးအစုမှ သင်ယူနေတုန်းပါ၊ မပြောတတ်သေးပါဘူး" အရာရှိကြီး မျက်မှောင်ကြုတ်လိုက်ရာမှ မကျေမနပ်ဖြင့် -

"သူဟာ တရုတ်နိုင်ငံသားတစ်ယောက်ဖြစ်တယ်ဆိုရင် တရုတ်စကားကို အနည်းနဲ့အများနားလည်ရမှာပေါ့၊ လုံးဝနားလည်းမလည်ဘူး၊ ပြောလည်းမပြောတတ်ဘူးဆိုတာ သဘာဝလည်းမကျဘူး၊ အဓိပ္ပာယ်လည်းမရှိဘူး၊ ရဲစခန်းကို ခေါ်သွားပြီး သေသေချာချာ စစ်ဆေးမှဖြစ်တော့မယ်"

"အို - ဗိုလ်ကြီးရယ် သူဟာ ရိုးသားတဲ့ မိန်းကလေးပါ။ ဘာအပြစ်မှ သူကျူးလွန်မှာ မဟုတ်ပါဘူး။ ကျုပ်တို့ သူ့အတွက်လုံးဝတာဝန်ယူပါတယ်။ ရဲစခန်းကိုတော့ ခေါ်မသွားပါနဲ့"

အဘိုးကြီးရော အဘွားကြီးပါ ခြေသလုံးဖက်မတတ်တောင်းပန်ကြသည်။ အဘိုးကြီးနှင့်အဘွားကြီးမှာ ချွေးမလေးကို သံယောဇဉ်ငြိတွယ်နေပုံရ၏။ အဘွားကြီးဆိုလျှင် အသံတွေပင် တုန်နေရှာသည်။ မျက်ဝန်းမှာလည်း မျက်ရည်များပြည့်ဝိုင်းနေ၏။ သူ့ရင်ဘတ်ကို လက်ဖြင့်ဖိထားရရှာသည်။ တစ်စုံတစ်ရာသောဝေဒနာကိုပင်အံကြိတ်၍အားတင်းထားရပုံပင်။ ရဲအရာရှိစိတ်မကောင်းဖြစ်သွားသည်။ အဘိုးကြီးနှင့်အဘွားကြီးကို သနားလည်း သနားသွားသည်။

သို့သော် သူ့တွင် တာဝန်ရှိနေသဖြင့် လျော့လျော့ပေါ့ပေါ့ ကိုင်တွယ်၍လည်းမရ၊ သတင်းပေးသူသည် မကျေနပ်သဖြင့် အထက်အဖွဲ့အစည်း၊ အဆင့်ဆင့်သို့ ဆက်လက်တိုင်ကြားလျှင် သူတို့ပင် ပြဿနာတက်နိုင်သည် မဟုတ်ပါလား။

ရဲအရာရှိက ထိုင်ရာမှထ၍ ရဲမေနစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။ ရဲမေနစ်ယောက်က မေရှမ်းကို တစ်ဖက်စီတွဲထူ၍ ထရပ်သည်။ ရဲအရာရှိက -

"စိတ်မပူပါနဲ့ဗျာ၊ သူ့ကိုခေါ်သွားပြီး မေးစမ်းကြည့်ရုံတင်ပါ။ စိုးရိမ်စရာမရှိပါဘူး"

ရဲအရာရှိက ပြောပြောဆိုဆို ရှေ့မှထွက်သွားသဖြင့် ရဲမေနစ်ယောက်ကမေရှမ်းကိုတွဲ၍နောက်ကလိုက်သွားသည်။ခြံဝရှိပန်းပင်ချုံကလေးအနီးအရောက် ရှေ့မှသွားသည့် ရဲအရာရှိက ရုတ်တရက်အလန့်တကြား ထခုန်လျက် -

"ဟာ - မြွေ - မြွေ - မြွေကြီးဟ - ရှောင် - ရှောင်ကြ"

ရဲမေနစ်ယောက် ကြောက်အားလန့်အားဖြင့် ထခုန်သည်။ မေရှမ်းကို တွဲထားသည့်လက်များကိုပင် လွှတ်လိုက်ကြ၏။ မေရှမ်းကတော့ ပြုံးကြောင်ကြောင် ဟိုသည်ကြည့်၍ တောင့်တောင့်ကြီးရပ်နေဆဲ -

"ဆရာ - ဘယ်မှာလဲဟင် မြွေ၊ ကျွန်မတို့လည်းမတွေ့ပါလား"

ရဲအရာရှိက ပြုံးသည်။

"တကယ့်မြွေမဟုတ်ပါဘူးဗျာ၊ ဒီကောင်မလေး တရုတ်စကားတတ်ရဲ့သားနဲ့ ဟန်ဆောင်နေတာမှတ်လို့၊ ငါ စမ်းသပ်ကြည့်လိုက်တာပါ။ အင်း သူ တကယ့်တရုတ်ဘာသာစကား မတတ်ဘူးဆိုတာ သေချာတယ်ပေ့ ကြည့်ပါလား သူ ဣန္ဒြေမှ မပျက်တာ"

ရဲမေနစ်ယောက် ခုမှအကြောက်ပြေသွားသည်။

"ကဲ - သွားကြရအောင်၊စခန်းရောက်မှလုံခြုံရေးဗျူရိုစစ်ဆေးရေးဌာနကို ဆက်ပြီး တင်ပြကြတာပေါ့"

□

အခန်း (၇)

"အင်း - ခင်ဗျားပြောတဲ့အတိုင်းဆိုရင်တော့ ယူနန်ပြည်နယ်ထဲက တရုတ်နိုင်ငံရဲ့ တိုင်းရင်းသားတွေထဲက မဖြစ်နိုင်ဘူး။ ဖြစ်နိုင်တာတစ်ခု တော့ရှိတယ်။ အိမ်နီးချင်းနိုင်ငံတစ်ခုခုက လူကုန်ကူးခံရတဲ့ မိန်းကလေး များလားလို့တော့ မသက်သာစရာပဲ"

"ဒါဆိုရင် သူဘယ်နိုင်ငံကဖြစ်မလဲ"

"ယူနန်ပြည်နယ်ထဲကိုဝင်လာနိုင်တာ အိန္ဒိယ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်းနဲ့မြန်မာနိုင်ငံတွေပဲ၊ ဘယ်နိုင်ငံကဖြစ်နိုင်တယ် ဆိုတာတော့ ဖော်ထုတ်ကြရမှာပေါ့"

တာဝန်ရှိသူအရာရှိကြီးများခေါင်းချင်းဆိုင်၍အဖြေရှာကြသည်။အရာ ရှိကြီးတစ်ယောက်က အကြံရသွား၏။

"ဒီလိုလုပ်ကြည့်ရအောင်ဗျာ"

❑

အခန်း (၈)

အခန်းကြီးတစ်ခုလုံး တိတ်ဆိတ်နေ၏။ အခန်းကြီးထဲတွင် အရာရှိကြီး များ ဝိုင်းထိုင်၍ မေရှမ်းကို မျက်ခြေမပြတ်စောင့်ကြည့်ကြသည်။

မေရှမ်းထိုင်နေသည့်ရှေ့ရှိ စားပွဲပေါ်တွင် TV တစ်လုံးနှင့် VCD စက် တစ်လုံးအသင့်ရှိနေ၏။

အရာရှိတစ်ယောက်ကပထမဆုံးလာအိုနိုင်ငံတော်သီချင်း VCD ချပ် ကိုစက်ထဲထည့်၍ဖွင့်ပြသည်။မေရှမ်းက TV ဖန်သားပြင်ကိုစိတ်ဝင်တစား ငေးကြည့်နေ၏။ မေရှမ်း၏အမူအရာကို အရာရှိကြီးများက စောင့်ကြည့်နေ ၏။လာအိုနိုင်ငံတော်သီချင်းသာဆုံးသွားသည် မေရှမ်းကအမူအရာမပျက်၊ အရာရှိက နောက်ထပ် VCD တစ်ချပ်ထည့်လိုက်ပြန်သည်။ ကမ္ဘောဒီးယား နိုင်ငံ၏ နိုင်ငံတော်သီချင်း-

မေရှမ်းကကြည့်သာကြည့်နေသည် ထူးထူးခြားခြားအမူအရာမပြ။ သီ ချင်းသံဆုံးသွားသောအခါ ဗီယက်နမ်နိုင်ငံတော်သီချင်းကို လဲ၍ဖွင့်ပြပြန်

၏။ မေရှမ်းကလည်း ရှေးနည်းတူပင်။ အရာရှိက ထိုင်းနိုင်ငံတော်သီချင်းကို ပြောင်းထည့်လိုက်ပြန်၏။ မေရှမ်းဆီမှ ထူးခြားချက်မတွေ့ရ။

အရာရှိကြီးများ စိတ်ပျက်စပြုလာသည်။ ယခုဆိုလျှင် လေးနိုင်ငံပင်ရှိသွားခဲ့ပြီ။ သူတို့၏ စမ်းသပ်ဖော်ထုတ်မှုက အောင်မြင်ပါ့မလားဟုပင် သံသယဝင်လာစပြုပြီဖြစ်၏။ နောက်ဆုံးကြိုးပမ်းမှုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်း VCD ကို ထည့်၍ဖွင့်ပြရုံသာရှိတော့သည်။ သူတို့ရင်ထဲမှာမူ မျှော်လင့်ခြင်းရောင်ခြည်များက မှေးမှေးမှိန်မှိန်။

TV ဖန်သားပြင်ပေါ်တွင် အဝါအစိမ်းအနီကန့်လန့်ဖြန့်အစင်းသုံးစင်းပေါ်မှ ကြယ်ဖြူကြီးနှင့် မြန်မာနိုင်ငံတော်အလံက လေအသင့်တွင် တဖျတ်ဖျတ်တလွင့်လွင့်ပေါ်လာခြင်းနှင့်အတူ ဇာတိမာန်အပြည့်ဖြင့် သီဆိုလိုက်သော နိုင်ငံတော်သီချင်းသံက အောင်မြင်ခန့်ညားစွာ ထွက်ပေါ်လာ၏။

ကမ္ဘာမကြေ × × မြန်မာပြေ × × တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ × × ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်နေ × × ×

မေရှမ်းဆတ်ခနဲဖြစ်သွားသည်ကို အရာရှိအားလုံး သတိပြုလိုက်မိကြ၏။ တချို့အရာရှိများက ထိုင်နေရာမှ စိတ်လှုပ်ရှားစွာဖြစ်၍ ထိုင်ကြ၏။ သူတို့အားလုံးအသက်ကိုပင် ရဲရဲမရှူမိအောင် တိတ်ဆိတ်ငြိမ်သက်စွာ မေရှမ်းကိုစောင့်ကြည့်ကြ၏။ နိုင်ငံတော်သီချင်းသံက ဆက်လက်ထွက်ပေါ်လာနေ၏။

ဒါတို့ပြေ × × ဒါတို့မြေ × × တို့ပိုင်နက်မြေ × ×

မေရှမ်းမျက်နှာကပြုံးရွှင်လာ၏။ ရဲအရာရှိကြီးများကြားတွင် နာရီပေါင်းများစွာ စိတ်ဖိစီးခံနေရရာမှ ရုန်းထွက်လျက် စိတ်လွတ်ကိုယ်လွတ်ဖြင့် နှုတ်ခမ်းကလေးလှုပ်လာခြင်းနှင့်အတူ နိုင်ငံတော်သီချင်းစာသားများကို တက်တက်ကြွကြွလိုက်ဆိုသည်။

တို့ပြေ × × တို့မြေ × × အကျိုးကို × × ညီညာစွာတို့တစ်တွေ × × ထမ်းဆောင်ပါစို့လေ × × တို့တာဝန်ပေ × × အဖိုးတန်မြေ × ×

ဖြောင်း – ဖြောင်း – ဖြောင်း…။

အရာရှိကြီးများ ဝမ်းသာအားရလက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြသည်။ မေရှမ်းကိုယ်တိုင်လည်း မျက်နှာတစ်ခုလုံး ရွှင်လန်းတက်ကြွနေ၏။ တရုတ်အရာရှိကြီးများလည်း သူတို့၏ အမြော်အမြင်ကြီးစွာ ခက်ခဲနက်နဲသည့် လူကုန်ကူးမှုကြီးအား ပညာပါပါ ဖော်ထုတ်လိုက်နိုင်သဖြင့် ဝမ်းပန်းတသာဖြစ်ကြသည်။

မိန်းကလေးမှာ မြန်မာနိုင်ငံတိုင်းရင်းသူ အမျိုးသမီးလေးဖြစ်သည်မို့ ဘေဂျင်းမြို့တော်ရှိမြန်မာသံရုံးကိုဆက်သွယ်၍မြန်မာနိုင်ငံသို့ပြန်ပို့ပေးရန် စီစဉ်ရုံသာရှိတော့သည်။

ထို့ပြင် -

မေရှမ်းကိုသွေးဆောင်ဖျားယောင်းပြီးလူကုန်ကူးမှုအဖြစ်ကိုကျူးလွန်သူ ယူနန်ပြည်နယ်မှ ဖုန်ဝမ်လူနှင့် ပွဲစားမငွေလျှံတို့ကို ဥပဒေအရ အရေးယူရန်ပင်။

❑

အခန်း (၉)

အဘိုးကြီးဝမ်ကျားဝေ၊အဘွားကြီးဝမ်ရီဖုန်းနှင့်သားဖြစ်သူဝမ်မင်ကျိုးတို့ ရဲစခန်းရှေ့ရောက်လာချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် စခန်းထဲမှ အစောင့်အရှောက်များဖြင့် မေရှမ်းကို တရုတ်နိုင်ငံမြို့တော် ဘေဂျင်းရှိ မြန်မာသံရုံးသို့ ပို့ရန် ထွက်လာကြသည်နှင့် ဆုံမိကြ၏။

"သ - သမီး - သမီး မေရှမ်း"

"ညီမ - ညီမ"

မေရှမ်းက ယောက္ခမဖြစ်သူ အဘိုးကြီးအဘွားကြီးနှင့် ခင်ပွန်းဖြစ်သူ အစ်ကိုမင်ကျိုးကို ကြေကြေကွဲကွဲ ရပ်၍ကြည့်သည်။ မျက်ဝန်းအစုံမှာ မျက်ရည်များဖြင့် ပြည့်ဝိုင်းနေ၏။ မင်ကျိုးက ဇနီးသည်၏ လက်အစုံကို တယုတယ ဆုပ်ကိုင်လျက် နှုတ်မှ နာနာကျင်ကျင် စကားသံတွေထွက်လာသည်။

"မ - မသွားပါနဲ့ညီမ။ မင်းကိုအစ်ကိုချစ်တယ်၊အစ်ကို့ကိုတစ်ယောက်တည်း မထားခဲ့ပါနဲ့ကွယ်နော် - နော်"

"ဟုတ်ပါတယ် သမီးရယ်၊ အမေတို့နဲ့ တစ်သက်လုံး နေလိုက်ပါနော်"

မေရှမ်းခြေလှမ်းတွေက သံယောဇဉ်ကြိုးဖြင့် ချီနှောင်ရစ်ပတ်ခံထားရသဖြင့် ရှေ့သို့ဆက်၍ မလှမ်းနိုင်အောင် တုံ့ဆွဲထားခြင်း ခံနေရ၏။ တကယ်တော့ မေရှမ်းသည်လည်း ပုထုဇဉ်တစ်ယောက်သာ။ မည်သို့သော နည်းဖြင့်ဖြစ်စေ၊ လုံလုံခြုံခြုံနွေးနွေးထွေးထွေးခိုလှုံခွင့်ရခဲ့သော အေးမြသည့်ရင်ခွင်ရိပ်များကို သံယောဇဉ်တွယ်မိသွားပြီဟု ဝန်ခံရမည်ပင်။ သို့သော် -

ရှိးသားသည့်အဘိုးကြီး ဝမ်ကျားဝေ၊ အဘွားကြီး ဝမ်ရီဖုန်း သားဖြစ်သူ ဝမ်မင်ကျိုးနှင့် မေရှမ်းတို့အားလုံးသည် လူ့ကုန်ကူးသည့် ဒုစရိုက်သမားတို့၏ သားကောင်များသာဖြစ်သည်။

အချစ်၏ဖြူစင်သောနှလုံးသားကိုလူကုန်ကူးသောဒုစရိုက်သမားများ၏ အရောင်ဆိုးခြင်းခံကြရသဖြင့် ကြေကွဲစရာ အဖြစ်များဖြင့်သာ အဆုံးသတ်ရမည်ဖြစ်၏။ ဥပဒေနယ်နိမိတ်ကို ဖြတ်ကျော်လာသည့်ချစ်ခြင်းမေတ္တာကို ဥပဒေက ခွင့်ပြုမည်မဟုတ်၊ ခွင့်လွှတ်မည်လည်းမဟုတ်။

မေရှမ်းကို တာဝန်ရှိသူများက အသာအယာဆွဲခေါ်သွားကြသည်ကို ကြည့်၍ အဘွားကြီးဝမ်ရီဖုန်းမှာ ကြေကွဲမှု၏ ပရိဒေဝဝေဒနာကို မခံစားနိုင်ရှာတော့ဘဲ ရပ်နေရာမှာ လဲကျသွားရှာ၏။ သူ့ပါးစပ်ထဲမှ သွေးစိမ်းရှင်ရှင်တွေ အန်ထွက်လာသည်။ သွေးကြောတွေပေါက်ကွဲသွားသဖြင့် သွေးရောင်တွေယှက်ဖြာနေသော မှုန်ဝါးဝေမှိုင်းသည့် မျက်လုံးများဖြင့် သူချစ်ရသော ချွေးမလေးကိုကြည့်ရင်းမှာပင်။

⇨ ဝေးတောထျော်ခေါင်



**မိုးသည်းသည်းရွာနေချိန်တွင် မုဆိုးတစ်သိုက်**
**သက်စွန့်ဆံဖျားဖြင့် ပြောင်ပစ်ကြပုံကို**
**ရင်ခုန်ဖွယ် ဖတ်ရှုရမည့်...**

---

**လေ** က တဟဲဟဲ၊ မိုးက မစဲဘဲ သဲသဲမဲမဲရွာနေသည်။ ဝင်းခနဲ လက်ခနဲ လျှပ်စီးလက်လိုက်သည်နှင့် မိုးကြိုးပစ်သံပေါ်လာသည်။

"ဂျိမ်း...ဒလိန်း...ဒိန်း..."

"မောင်ဇံ...ရေ၊ ငါတို့တစ်တွေလည်း တဖြည်းဖြည်းနဲ့ ကြွက်စုတ် ရေမွန်းဖြစ်ကုန်ပြီ၊ ပြောင်မပစ်ရလည်းနေပလေ့စေတော့၊ စခန်းသာအမြန်ဆုံးရောက်အောင်ပြန်ပေတော့"

ဟာနစ် (ခင်မောင်လေး) ကသူ၏ (.၃၇၅) နှစ်လုံးပူးရိုင်ဖယ်ကြီးကိုပခုံးပြောင်းလွယ်ရင်း လမ်းပြမုဆိုး မောင်ဇံကို ပြောလိုက်ပါသည်။

မောင်ဇံကတော့ ဘာမျှခွန်းတုံ့မပြန်။ ရှေ့မှ တာဆီးပိတ်ဆို့နေသော သစ်ပင်သစ်ခက် ဆင်ငိုမြက်များကို သူ၏ဓားဦးချွန်းနှင့် ခုတ်ယမ်းလမ်းထွင်၍သာ ရှေ့သို့သွားနေလျက်ပင်။ မြက်တောသက်ငယ်တောကြီးတွေလွန်၍ အပင်ကျဲကျဲ အင်တိုင်းတောထဲရောက်မှ စိတ်ပေါ့ပါးအသက်ရှူချောင်သွားကြသည်။

မိုးထဲ လေထဲ မုဆိုးဖွဲ့ဖြင့် ပြောင်ပစ်ရန်ခြေရာခံပြီးလိုက်ခဲ့ကြသော ဟာနစ်နှင့် မောင်ဇံတို့မှာ မိုးတအားရွာချလိုက်သဖြင့် ခြေရာလည်းပျောက်၊ ရေလည်းနောက်ပြီး အခုတော့လမ်းပင်ပျောက်ခဲ့ပေပြီ။

"ကိုဟာနစ် - တောင်မြောက်ကြည့်ရတဲ့ ဟာကလေးများ မပါခဲ့ဘူးလား"

"သံလိုက်အိမ်မြှောင် (COMPASS) ပြောတာလား။ မပါခဲ့ဘူးကွ။ မလိုလောက်ဘူးထင်လို့ မယူခဲ့မိဘူး။ ဘာလဲမျက်စိလည်နေပြီလား"

"အင်း - မိုးကရွာလိုက်တော့ မျက်စိလည်ရုံတင်မကဘူး၊ ဘယ်ဟာအရှေ့ ဘယ်ဟာအနောက်မှန်းကို မသိတော့ဘူး . . . ခင်ဗျားသိရင်ပြောပါဦး"

"ဒုက္ခပါပဲ၊ မောင်ဖဲရာ၊ ငါကလည်း ဒီတောဒီတောင်ကို တစ်ခါဖူးမျှ မရောက်ဘူးတော့ ဘယ်လိုလုပ်သိနိုင်မှာလဲ"

မှန်ပါသည်။ ဟာနစ်မှာ တစ်ခါတစ်ခေါက်မျှ "တကောင်းတော" ကို မရောက်ဘူးသဖြင့် လိုက်ချင်သည်ဆို၍ ကျွန်တော်တာဝန်ခံခေါ်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မုဆိုးအဖွဲ့တွင် မန္တလေးမှ ကျွန်တော်ခေါင်းဆောင်၍ ဟာနစ်၊ ကျော်မိုးတို့အပြင် တကောင်းမှမုဆိုး "အေးမောင်" ကျောက်အိုက်ရွာမှ ခွေးမောင်၊ လှဒင်၊ ကြည်သောင်း၊ အောင်စိန်၊ မောင်ဖဲ၊ ကျော်ဖဲနှင့် စိုးသိန်းတို့ဖြစ်ကြသည်။ တောင်အောက်စခန်း လေးမျက်နှာဘုတ်တိုင်တွင် စိုင် နစ်ကောင်ရခဲ့ပြီးနောက်ပြောင်ပစ်ရန်တောင်ပေါ်တဲကိုးလုံးစခန်းသို့ပြောင်းရွှေ့လည်ကြရာ ပြောင်များမှာ အရှေ့ပိုင်း ကြစ်ကလေး၊ ကြစ်ကြီး စခန်းဘက်သို့ သာဦးတည်သွားနေသဖြင့် တဲကိုးလုံးမှ ကြစ်ကလေးစခန်းသို့ ထပ်မံပြောင်းရွှေ့တောလည်ကြရန် ဆုံးဖြတ်လိုက်ကြပြန်သည်။

ဆုံးဖြတ်ချက်အတိုင်း တဲကိုးလုံးမှ ကြစ်ကလေးသို့ လှည်း (၃) စီးကို ကျွန်တော်နှင့် ကိုလှဒင်က ဦးစီးလျက်လည်းကောင်း၊ အေးမောင်၊ ကြည်သောင်းက တစ်တွဲ၊ ခွေးမောင်နှင့် ကျော်မိုးကတစ်ဖွဲ့၊ မောင်ဖဲနှင့် ဟာနစ်က တစ်ဖွဲ့၊ အဖွဲ့ (၃) ဖွဲ့တွဲလျက် တောလည်ရင်း ကြစ်ကလေး စခန်းသို့ လာဆုံကြရန်ပြောဆိုလျက် ထွက်ခဲ့ကြခြင်းဖြစ်သည်။

မောင်ဖဲနှင့် ဟာနစ်တို့အတွဲမှာ ရွှေးသာစခန်းကျော်သည်နှင့် ပြောင်ထိုးခြေရာကိုတွေ့ရာ ခြေရာအတိုင်းလိုက်ခဲ့ကြသည်။ ပြောင်ခြေရာက

အရှေ့တောင်ကြစ်ကြီး၊ ချည်ထွေး စခန်းဘက်ဆီသို့ဦးတည်သွားနေသဖြင့် နှစ်ဦးသား ခပ်သွက်သွက်ဆက်လိုက်ခဲ့ကြသည်။ ခြေရာများမှာ ညက မိုးရွာပြီးမှ သွားထားသော ခြေရာများဖြစ်သဖြင့် ကွက်ကွက်ကွင်းကွင်းထင်ရှားလှသည်။ ပြောင်ကြီးမှာ ကြစ်ကြီးတွင် ဝင်စားသွားသေးသည်။ ကြစ်ကြီးမှ ချည်ထွေး၊ အုံးမျှော စခန်းဆီသို့ဦးတည်ထွက်သွားပြန်ရာ ခြေရာအတိုင်း ဆက်လိုက်ခဲ့ကြသည်။ အတော်ခရီးပေါက်သွားသောအခါအ ခြေရာများက ဝေ့ချာ ပတ်ချာရှုပ်ယှက်ခတ်နေတော့သည်။

"ကိုဟာနစ်ရေ - ဒီကောင်ကြီး အိပ်တော့မလို့ ခြေရာဖျောက်နေတာဗျ။ မကြာခင်တွေ့တော့မယ်။ ခင်ဗျားသေနတ်အရန်သင့် သေချာအောင် လုပ်ထားနော်"

မောင်ဖဲက အမဲကြီးတစ်ခါမျှ ကိုယ်တိုင်မပစ်ဘူးသေးသော ဟာနစ်ကို သေနတ်သေချာအောင် လုပ်ထားဖို့နှင့် ပြောင်အိပ်တော့မှာမို့ ခြေရာဖျောက်တာ ဖြစ်ကြောင်းပြောလိုက်သည်။

"သေနတ်အတွက်စိတ်ချစမ်းပါမောင်ဖဲရာ၊ (.၃၇၅) နှစ်လုံးပြူးရိုင်ဖယ်ပါ။ အကောင်သာ တွေ့စမ်းပါစေ"

ဟာနစ်က သူ့သေနတ် (.၃၇၅) နှစ်လုံးပြူးရိုင်ဖယ်က စိတ်ချရကြောင်းနှင့်သူမပစ်ဘူးသေးသောပြောင်တွေ့ရတော့မည်၊ ပစ်ရတော့မည်ဟူသော အသိဖြင့် အားတက်သရောပြောလိုက်သည်။

ပြောင်ခြေရာများက ရှေ့ဝါးတောမိုက်မိုက်ဆီကို ဦးတည်သွားနေသဖြင့် မုဆိုးနှစ်ယောက်မှာလည်း ခြေရာအတိုင်း တဖြည်းဖြည်းလိုက်သွားကြသည်။ ဝါးတောစဝင်လိုက်သည်နှင့် ပြောင်နံ့ကြီးက ထောင်းခနဲ နှာဝတွင်ရလိုက် သဖြင့် သတိပိုထားလိုက်ကြသည်။

ပြောင်တိုးကြောင်းလမ်းအတိုင်း အတော်လိုက်မိသောအခါ သူတို့၏ လက်ယာဘက်မှ ဂလုပ် ဟူသောအသံတစ်သံကြားလိုက်ရသဖြင့် နှစ်ယောက်သား ခေတ္တရပ်လျက် မျက်စိကိုဖွင့်နားကိုစွင့်ထားလိုက်ကြသည်။ သို့သော် နောက်ထပ် ဘာမျှမထူးခြား၊ မလှုပ်ရှားသဖြင့် မောင်ဖဲက ရှေ့ဆက်တိုးရန် လက်ပြလိုက်သည်။

ဟာနစ်မှာ သေနတ်ကိုဘယ်မြှင့်အရန်သင့်၊ ခပ်တင်းတင်းဆုပ်ကိုင်လျက် မျက်စိကို ဘယ်ညာရှေ့နောက်စေ့စေ့စပ်စပ်ကြည့်ပြီး တစ်လှမ်းချင်းဆက်တိုးသွားလိုက်သည်။ ရှေ့သို့(၅)လှမ်းမျှတိုးလိုက်မိသည်နှင့်ထရိမ်း… ဝုန်း…ဖြုန်း…ဖြုန်း ဟူသော နာမှတ်သံကြီးနှင့်အတူ ပြေးလွှားတောတိုးသွားသံကြီးက အထင်းသားကြားလိုက်ရသဖြင့် ဟာနစ်မှာ လန့်ပြီးတုန်ခါကျန်ရစ်သွားပါတော့သည်။

"ပါးလိုက်တဲ့ သတ္တဝါကွာ၊ မမြင်ရသေးဘဲကို လစ်ပြေးတော့တာပဲ"

"ကျုပ်တို့မှားသွားတာ ကိုဟာနစ်ရဲ့ ကျုပ်တို့က လေ သဘောကို သတိမထားလိုက်မိဘူး၊ ခုပြေးတာဟာ အနံ့ရလို့ လစ်ပြေးတာနေမှာ၊ လူမြင်လို့မဟုတ်လောက်ဘူး"

"အေးကွာ၊ လူကိုတိုက်ခွဲမသွားဘဲ အနံ့နဲ့ပြေးတာဆိုတော့ မီနိုင်သေးတယ်။ ခြေရာအတိုင်း ဆက်လိုက်ရအောင် ကိုဟာနစ်"

မောင်ဖဲက မျှော်လင့်ချက်စကားဆိုလျက် ပြောင်ကြီးထွက်ပြေးရာ ခြေရာအတိုင်း ဆက်ရှေ့ရှုလိုက်ကြသည်။ ဟာနစ်မှာလည်း နောက်ထပ်ဘာမျှမပြောတော့ဘဲ မောင်ဖဲ နောက်မှကပ်လိုက်သွားရတော့သည်။

သူတို့၏ ပြောင်ပစ်ရေး မျှော်လင့်ချက်ကို လတ်တလောဖျက်ဆီးလိုက်သည်က ကိုရွှေမိုးပင်။ မိုးမှာရွာခါစက တဖွဲဖွဲဖြစ်သော်လည်း တဖြည်းဖြည်းကောင်းကင်တစ်ပြင်လုံး ညို့မည်းလာပြီး တစ်ချက် တစ်ချက် လျှပ်စီးလက်လိုက်သည်နှင့် မိုးကြိုးကလည်း ပစ်လိုက်သေးသည်။

"သာသနာဖျက်မိုး" အခုအတိုင်းဆို ခြေရာလည်းပျောက် ရေလည်းနောက်ပြီး လမ်းပျောက်မဲ့ကိန်းဆိုက်နေပြီ။ ဘယ်ဟာရှေ့နောက်၊ ဘယ်တောင်မြောက်ဟု သေချာကနမသိရ၍ မှန်းဆ၍ သာသွားနေရတော့သည်။

မိုးထဲလေထဲ မှုဆိုးဖွဲဖြင့်မှန်းဆ၍ လာခဲ့ကြရာ ဝါးပင်ပေါက်တောလွန်သွားသည်နှင့် အင်တိုင်းတောသို့ရောက်လာကြသည်။ အင်တိုင်းတောမှာ မြင်သာထင်သာသဖြင့် စိတ်ချမ်းသာကြရသည်။

"အင်း - အခုမှပဲ ရှင်းရှင်းလင်းသွားရတော့တယ်။ ဟိုမယ်လမ်းကြောင်းတစ်ခုမို့လား"

ဟာနစ်က ညွှန်ပြရာသို့ မောင်ဖုံက လှမ်းကြည့်လိုက်ရင်း . . .

"လမ်းတော့ လမ်းပဲကွ ကိုဟာနစ်၊ ဒါပေမဲ့ လူသွားလမ်းတော့ မဟုတ်ဘူး။ နာရှည်သားကောင်ကြီး (ဆင်)သွားလမ်းနေမှာဗျ"

လမ်းမှာ စွတ်ကြောင်းကြီးဖြစ်ပြီး မြက်ပင်များပိပြားနေသည်။ မနေ့က လောက်ကမှသွားထားသောဆင်အုပ်ခြေရာများကိုတွေ့ရသဖြင့်စိတ်ထဲက ချောက်ချားသွားမိကြသည်။ ပို၍ကြောက်သွားမိကြသည်က ဆင်ခြေရာများပေါ်မှ လက်ဖဝါးနီးနီးကျားခြေရာကြီးများပင် ဖြစ်သည်။

"မောင်ဖုံရေ - ကျားခြေရာရော၊ ဆင်ခြေရာတွေပါရှိနေတော့ တို့အတွက် အန္တရာယ်ရှိနိုင်တယ် ဖြစ်ပါ့မလား"

"မဖြစ်လို့ရော ဘာတတ်နိုင်မှာလဲ ကိုဟာနစ်ရာ။ မရှောင်သာရင် လက်ဦးအောင်သာပစ်ပေရော့၊ ကျုပ်တို့စခန်းဘယ်မှာမှန်းမသိဘဲ ရမ်းလျှောက်သွားနေတာနဲ့ စာရင် မမှောင်ခင်နေရာကောင်းကောင်းတစ်ခုလောက်ရှာပြီး၊ နားကြရင်ကောင်းမယ်ထင်တယ်"

"အေး - အဲဒါကောင်းတယ်။ ငါလည်း ခြေထောက်တွေနာ၊ ပေါင်တွေကွနေပြီ အနားယူရရင်ပိုကောင်းမယ်"

ဤသို့ဖြင့် အလင်းရောင်မပျောက်ခင်၊ နားခိုစရာနေရာရှာကြရတော့သည်။ သွားရင်း လာရင်း အင်တိုင်းတောတွင်သာ ပေါက်သော "ဒန့်" သစ္စာသီးများတွေ့သဖြင့်မောင်ဖုံကခူး၍သူ့လွယ်အိတ်ထောင်တွင်ထည့်ခဲ့သည်။ (ဒန့်သစ္စာသီးမှာ ငွေးသီးနှင့်အလား သဏ္ဍာန်တူပြီး၊ အပင်မှာမြေလျှောက်ပင်နွယ်ပင်ဖြစ်သည်။ ခူးဆွတ်လိုက်ပါက အစေးဖြူပျစ်ပျစ် နို့နှစ်များပမာထွက် ကျလာသည်။ အရသာမှာ ဆိမ့်သည်။)

အင်တိုင်းတောတခွင် ပြုံပြုံစင်အောင် နားခိုစရာသစ်ပင်ကြီးရှာသော်လည်းမတွေ့ကြသဖြင့် သစ်ပင်ကြီး၊ပေါက်သောမြိုင်ခြေတောသို့လှမ်းခဲ့ကြသည်။ ကံကောင်းစွာ ပါးပျဉ်းဖြိုင်းဖြိုင်းထနေသော လက်ပံပင်ကြီးတစ်ပင်ကို တွေ့ကြသဖြင့် လေအကွယ်အကာရသော ပါးပျဉ်းကြီးနှစ်ခုကြားဝင်၍ အနားယူလိုက်ကြတော့သည်။

မိုးကတော့သဲသဲမဲမဲ မဟုတ်သော်လည်းမစဲသေးဘဲရွာနေတုန်းပင်။ လမ်းလျှောက်လှုပ်ရှားနေစဉ်က မသိသာ အခုအနားယူထိုင်လိုက်မှ လူတွေမှာန်းချည့်ဆာလောင်လာရမှန်းသိကြသည်။ ဝမ်းဗိုက်များအတွင်းမှ တကြုတ်ကြုတ်အသံများက ထွက်ပေါ်နေကြသည်။

"မောင်ဇံရေ - မင်းတော့ မသိဘူး၊ ငါတော့ ဗိုက်တအားဆာနေပြီကွာ။ စားစရာလည်း ဘာမျှမယူခဲ့မိကြဘူး"

"ဒီအတွက် မပူပါနဲ့ဗျာ။ ကျုပ်ဒါတွေကြိုမြင်လို့ အခုန အင်တိုင်းထဲက တွေ့သမျှ ဒန့်သလွန်သီးတွေခူးလာပါတယ်။ ရော့...စား...စား"

မောင်ဇံက သူ့လွယ်အိတ်ထောင်ထဲမှ ဖြူစိမ်းစိမ်းအသီးလုံးများထုတ်၍ပေးရင်း သူကိုယ်တိုင်လည်း တစ်လုံးကိုက်ဝါးစားနေတော့သည်။ ဟာနစ်လည်း အသီးအကြီးဆုံးတစ်လုံးရွေးယူလျက် အားရပါးရကိုက်ဝါးလိုက်သည်။

"ဟာ - မာလိုက်တဲ့အသီးကွာ၊ မင်းဟာက ကိုက်တောင်မရဘူး မောင်ဇံရ"

"ဟီး...ဟီး...ဟီး"

မောင်ဇံက အားရပါးရရယ်ရင်း "ကိုဟာနစ်က လောဘကြီးပြီး အကြီးဆုံး၊ အရင့်ဆုံးရွေးစားတာကိုးဗျ။ ဘယ်ကိုက်ရမှာလဲ . . . ရော့ ဒါမျိုးစား" ဟု အနေတော်အရွယ်ရွေး၍ ပေးလိုက်သည်။

ဗိုက်ဆာဆာနှင့် စားရတာအကုန်စားလိုက်ကြသည်။ စားပြီးတော့ ရေသောက်ချင်လာပြန်သည်။

"မောင်ဇံရေ - ရေမြင်ပြီးရေငတ်နေရတဲ့ အဖြစ်ကတော့ ဘယ်ဘဝက ဝဋ်ဒုက္ခလဲ မပြောတတ်ဘူးနော်"

"ရေသောက်ချင်လို့လား၊ ရပါတယ်ဗျ . . . လူကြံရင် ထရံထင်းဖြစ်သတဲ့"

မောင်ဇံက ပြောပြောဆိုဆို သူစောစောက ခေါင်းဆောင်းလာခဲ့သော အင်ဖက်တစ်ရွက်ကိုကောက်ယူပြီး ကတော့ထိုးကာ မိုးရေခံပြီးတိုက်လိုက်သည်။

အမှောင်ထုကတဖြည်းဖြည်းလွှမ်းမိုးလာချေပြီ။ ဗိုက်ကလည်းဝအနား လည်းယူလိုက်ရသဖြင့် မျက်စိများက မှေးစင်းလာကြသည်။ သို့သော် အိပ် လို့ကတော့မရ။ မိုးကတစိမ့်စိမ့်ရွာနေတုန်းပင်...

"ကျလီ...ကျလီ...ဝူး...ကြောင်း"

"ဝေါ...ဝေါင်း...အဟာမ်း"

မဝေးလှသောနေရာဆီမှ မိုးသံလေသံတွေကိုထိုးဖောက်ပေါ်ထွက် လာသော ဆင်များအော်သံများနှင့် ကျားဟိန်းသံ၊ မာန်သွင်းသံများက ကြားနေရသဖြင့် အိပ်ချင်နေသော စိတ်တွေကို ခြောက်လှန့်ထုတ်လိုက် သလိုပင်။

"ကိုဟာနစ် - သေနတ်နဲ့ကျည်ဆန်တော့ အရန်သင့်လုပ်ထားနော်။ ဒီအချိန်မှာ ကျုပ်တို့အသက်က သေနတ်နဲ့ကျည်ဆန်ပဲ၊ မည်းမည်းမြင်ရင် လက်မနှေးနဲ့ ပစ်သာပစ်နော်"

ပြောလို့သာပြောလိုက်ရသည်။ တစ်ညလုံးအရေး မတွေးဝံ့အောင်ပင် နှစ်ယောက်သား မိုးထဲ လေထဲတွင် ကျောချင်းကပ်၍ အနွေးဓာတ်ယူရင်း တစ်ယောက်လက်ထဲမှာ ဓား၊ ကျန်တစ်ယောက်လက်ထဲက သေနတ်နှင့် လာမည့်ဘေး အသက်ပေးတွန်းလှန်ရန် မုဆိုးဖွဲ့၊ မုဆိုးသစ္စာများမွေးထား လိုက်ကြရတော့သည်။

❑

အချိန်ကုန်၍မှောင်လာသည်အထိ မိုးက မစဲ၊ ဖွဲဖွဲတစ်ခါ သည်းသည်း တစ်လှည့်ရွာချနေလျက်ပင်။ ကျွန်တော်တို့ လှည်းအဖွဲ့တွေမှာ ကြစ် ကလေးစခန်းသို့နေ့လယ် (၂)နာရီလောက်ကရောက်ပြီး တဲအမြန်ထိုး၍ တောလည်သွားကြသောအဖွဲ့တွေဆီမှ သေနတ်သံ (ဝါ)လှူပြန်အလာကို စောင့်မျှော်နေမိကြသည်။

မိုးချုန်းသံ၊မိုးကြိုးပစ်သံများသာကြားနေရပြီးသေနတ်သံတော့မကြား ရ။ ညနေ (၄)နာရီလောက်တွင် ကျော်မိုးတို့အဖွဲ့မှာ အရင်ဆုံးရောက်လာ

ကြပြီ။ မှောင်ရီပျိုးစလောက်တွင် သေနတ်သံ (၂)ချက်ကြားရပြီး အေးမောင်နှင့် ကြည်သောင်းတို့အဖွဲ့လည်း ရောက်လာကြသည်။

"ဘာကောင်ပစ်ခဲ့ကြတာလဲ၊ ရခဲ့ကြလား"

ကျွန်တော်ကရောက်မဆိုက်ပင်ကြည်သောင်းတို့အဖွဲ့ကိုမေးလိုက်ရာ အေးမောင်က -

"ကျုပ်တို့အဖွဲ့ပစ်တာမဟုတ်ပါဘူး၊ မောင်ဖဲတို့၊ ဟာနစ်တို့အဖွဲ့ပစ်တာ ဖြစ်မယ်။ ကိုမင်း...ရ"

"ပစ်သံက ဒီစခန်းနဲ့ သိပ်ဝေးပုံမရဘူး။ မကြာခင်ပြန်ရောက်လာကြလိမ့်မယ် ထင်တယ်။ တို့စခန်းနေရာသိအောင် ကောင်လေးတွေ ကျွဲခလောက်၊ ဒုံဒင်တွေ ခေါက်ကြစမ်း"

"ဒုံ...ဒုံ...ဒုံ"

"တောင်...တောင်...တောင်"

နာရီဝက်ခြား တစ်ခါလောက်အချက်ပေး ဒုံဒင်ကိုခေါက်နေကြသော်လည်း ည (၉)နာရီအထိ ဟာနစ်တို့အဖွဲ့ပေါ်မလာကြ။ ဒီတော့ အဖွဲ့တွေမှာ စိတ်ပူစဖြစ်လာကြသည်။

"သေနတ်သံကြားရပုံနဲ့ဆိုရင် ဒီအချိန်လောက်ဆို တို့စခန်းကိုရောက်ချိန်တန်နေပြီ၊ ပြန်မရောက်ကြတာ ဘာများဖြစ်နေကြလို့လဲ ဟာနစ်က တစ်ခါမှလက်တွေ့အမဲကြီးပစ်ဖူးသေးတာ မဟုတ်ဘူး။ ပြောင်ပစ်ပြီး ပြောင်နာနောက်လိုက်များ ပြောင်တိုက်..."

ကျွန်တော်က စိုးရိမ်ပူပန်မှုအပြည့်နှင့် စကားကိုဆုံးအောင်မပြောရဲ၊ တစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်ရာ...

"ဟာ အစ်ကိုကလည်း ဒီလောက်ထိတွေးပူမနေပါနဲ့ ဟာနစ်လည်း မဆိုးပဲ၊ လက်ထဲ (.၃၇၅)သေနတ်ကြီးပါလျက်နဲ့၊ ခံရရင် သူညံ့လို့ခံရတာ ဖြေသာပါတယ်ဗျာ"

ကျော်မိုးက ကျွန်တော်ခံသာအောင် အကျိုးအကြောင်းပြ၍ ဖျောင်းဖျပြောလိုက်ပါသည်။

"အေးကွာ - ငါတာဝန်ခံခေါ်လာခဲ့တာမို့ ပိုစိတ်ပူမိတာပါကွာ"

"စိတ်ပူမနေပါနဲ့ - ကိုမင်းရာ၊ မောင်ဖဲလည်းပါသားပဲ၊ အချိန်တန်တော့ ပြန်ရောက်လာကြမှာပါ"

ကျွန်တော်တို့ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြစဉ်မှာပင် မီးတုတ်ကိုင်လျက် စခန်းဆီသို့လာနေကြသည်ကိုတွေ့ မြင်ရသဖြင့် ဟာနစ်တို့အမှတ်ဖြင့် ဝမ်းသာသွားမိကြတော့သည်။

သို့သော် ထိုအဖွဲ့မှာ ဟာနစ်တို့မဟုတ် ရွာမှတူမီး မုဆိုးများအဖွဲ့သာဖြစ်ပြီး၊ သေနတ် (၂)ချက်မှာ သူတို့ပြောင်ပစ်လိုက်တာဖြစ်ကြောင်း၊ မနက်မှ ဒီစခန်းကနီး၍ သွားတိုက်ကြမည်ဖြစ်ကြောင်း သိရသည်။

သူတို့အဖွဲ့ဆီမှ မောင်ဖဲနှင့် ဟာနစ်၊ နေ့လယ်ပိုင်းက တောလည်ရင်းဆာလို့ ထမင်းဝင်စားသွားကြကြောင်းသိရသည်။

အချိန်ကတဖြည်းဖြည်းနှင့် ညနက်သည်ထက် နက်လာသည်။ ကျွဲခလောက် ဒိုင်းကိုလည်း မပြတ်ခေါက်၍ အချက်ပေးနေကြသော်လည်း ဟာနစ်တို့အဖွဲ့မှာ မပေါ်လာ။ မိုးကလည်း မပြတ်တမ်းရွာနေသဖြင့် ကျွန်တော်တို့အဖွဲ့မှာအိပ်မရ၊တဲအတွင်းမိုးရေတွေစီးဝင်လာသဖြင့်ပစ္စည်းရိက္ခာများကို ရေမစိုအောင် ဦးစားပေးပြီး လူတွေကတော့ ငုတ်တုတ်မိုးအလင်းထိုင်ငိုက်ကြရတော့သည်။ နံနက် (၆)နာရီလောက်မှ မိုးတိတ်သွားသဖြင့် တော်သေးသည်။

"ကိုင်း - အဖွဲ့တို့ ဟိုလူနှစ်ယောက် (၈)နာရီထိုးလို့မှ ပြန်မရောက်ရင် တစ်ခုခုတော့လုပ်မှဖြစ်မယ်ထင်တယ် နော်"

"ကိုမင်း - ဘယ်လိုလုပ်ချင်သလဲ ပြောလေ"

ကိုခွေးမောင်က ကျွန်တော့်တင်ပြချက်ကို အလေးထား၍ ဘာလုပ်ချင်လဲဟု မေးပါသည်။

"ကျွန်တော် စဉ်းစားထားတာကတော့ (၈)နာရီမှ ပြန်မရောက်ရင် ပထမဆုံး အရပ်လေးမျက်နှာကိုလှည့်ပြီး သေနတ်ထောင်ဖောက်မယ်။ နောက်ပြီး စခန်းက ဒိုင်းကို (၁၅)မိနစ် တစ်ခါခေါက်ခိုင်းပြီး၊ ကျန်လူတွေက အဖွဲ့ခွဲပြီး လိုက်ရှာကြရင် ကောင်းမယ်ထင်တာပဲ"

"ကောင်းပါတယ်။ ဒီတော့ကြည့်သောင်းရယ် အေးမောင်ရယ် ကျော်မိုးရယ်က တစ်တွဲ၊ ဆရာမင်းရယ် ခွေးမောင်ရယ် ကျုပ်ရယ်က တစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ ခွဲပြီးရှာကြတာပေါ့"

ကိုလှဒင်က ကျွန်တော့အကြံပြုချက်ကိုဆက်ပြီး စီမံကိန်းဆွဲ၊ အတည်ပြုလိုက်သည်။

စခန်းကျန်ခဲ့သူတွေထဲက အငယ်ဆုံးဖြစ်တဲ့စိုးသိန်းကိုဒုံဒင်ခေါက်တာဝန်သီးသန့်ပေးလိုက်ပြီး သေနတ် (၃)ချက် ဆက်တိုက်ဖောက်ရန်ပါ။ အောင်စိန်နှင့် ကျော်ဇံတို့ကို သေနတ်ယမ်းတောင့်ပေး၍ အသေချာမှာခဲ့ကြသည်။

နံနက် (၈)နာရီထိုးသည်နှင့် ထမင်းအသီးသီးစားကာ ကျွန်တော်ပါသောအဖွဲ့က အရှေ့တောင်အရပ် ကြစ်ကြီး၊ ချည်ထွေး၊ အုံးမျှောဘက်သို့ လည်းကောင်း၊ ကျော်မိုးတို့အဖွဲ့က ရွှေးသာ၊ ညောင်ညီနောင်၊ သံချေဘက်ဆီသို့ ဦးတည်ထွက်ခွာသွားကြတော့သည်။

ကျွန်တော်တို့အဖွဲ့မှာ ပထမဦးဆုံး ကြစ်ကြီးရှိရာသို့ထွက်ခဲ့ကြသည်။ ကြစ်ကြီးရောက်သောအခါ ခြေရာခြေကြောင်းဝင်လေ့လာကြရာ လောလောလတ်လတ် လူခြေရာတော့မတွေ့၊ ညကမိုးထဲဝင်ထားသော ဆင်ခြေရာများနှင့် လင်းပိုင်းဝင်စားထားသော ပြောင့်ခြေရာ၊ စိုင်ခြေရာ လောလောလတ်လတ်များကို သာတွေ့ကြရသည်။

ကိုခွေးမောင်က နံနက် လင်းပိုင်းဝင်စားသွားသော ပြောင်ထီးခြေရာကို ပြရင်း "ဒီကောင်ကြီးလိုက်ရင် သေချာပေါက်မိပြီး ပစ်ရမှာသေချာတယ်၊ လိုက်ကြမလား" ဟု ဆန္ဒတောင်းနေသည်။

ကိုလှဒင်ကလည်း သေချာပေါက်အကောင်မို့ ဆန္ဒရှိပုံပေါ်သည်။ သို့သော် ကျွန်တော်က လူရှာတဲ့ရည်ရွယ်ချက်ပျက်သွားမှာစိုးသဖြင့် မလိုက်လျောခဲ့ပေ။ သာမန်အချိန်သာဆိုက သေချာပေါက်ပစ်ရမယ့် အကောင်နောက်လိုက်ဖို့ ကျွန်တော်ကိုယ်တိုင်အရင်ဆုံးတိုက်တွန်းမိမှာက အသေချာပင်။

"ကိုလှဒင်ရော ကိုခွေးမောင်ပါ၊ ကျွန်တော်တောင်းပန်ပါတယ်။ ဟိုလူတွေမတွေ့သေးဘဲ၊ သားကောင်နောက်မလိုက်ကြပါနဲ့ဦး ဗျာ"

"ဟုတ်ပါတယ် ဗိုလ်ခွေးရှာ၊ ဒီအကောင်နောက်လိုက်မိရင် လူရှာတဲ့ ရည်ရွယ်ချက်ပျက်သွားလိမ့်မယ်။ ဒီတော့ လက်လျှော့လိုက်ပါကွာ။ နောက်ရက်မှလိုက်ကြတာပ . . . ကဲ . . ခရီးဆက်ကြအောင်"

ကျွန်တော်တို့အဖွဲ့ ချည်ထွေး၊ အုံးမျှော စခန်းဆီသို့ဦးတည်ထွက်ခဲ့ကြပြန်သည်။ လမ်းတွင် စိုင်တစ်အုပ်တွေ့သော်လည်း မပစ်ကြ။ လူတွေ့ရန်သာ အဓိကဖြစ်နေသောကြောင့်ပင် . . .

ချည်ထွေး၊ အုံးမျှောဘက်ရှာကြသော်လည်း အစအနမတွေ့ကြသဖြင့် ရွှေးသာ ဘက်ပြန်လှည့်ဆင်းခဲ့ကြသည်။ ရွှေးသာစခန်းဘက်တွင်လည်း လူစလူနမတွေ့ကြ၊ ချောင်းနားရောက်မှ လူခြေရာအသစ်လတ်လတ်ဆတ်ဆတ်မြင်ရသဖြင့် အသေအချာလေ့လာလိုက်ရာ ကျော်မိုးတို့အဖွဲ့ခြေရာများဖြစ်နေသည်။ ရွှေးသာချောင်းတွင်းသဲပြင်တွင် ကျော်မိုးနဲ့အဖွဲ့ရောက်ဟာနစ်တို့ကိုမတွေ့ဟု စာလုံးကြီးကြီးနှင့်ရေးထားခဲ့သော စာကိုတွေ့ရသဖြင့် မောသွားကြသည်။

"ကိုင်း . . . လူတွေလည်းပန်းလို့ စိတ်တွေလည်းနွမ်းကုန်ကြပြီ၊ ဒီတော့ ဒီချောင်းတွင်း သဲပြင်သာမှာပဲ ခဏနားပြီးရှေ့ဆက်ဘာလုပ်ကြမယ်ဆိုတာ တိုင်ပင်ဦးစို့"

ကိုလှဒင်က ဆေးလိပ်နှင့် မီးခြစ်ကိုထုတ်သောက်ရင်းပြောလိုက်သည်။

"ဟုတ်တယ် - ကျော်မိုးတို့အဖွဲ့လည်းဟာနစ်တို့ကိုမတွေ့ဘူးဆိုတော့ ကျုပ်တို့ဘာဆက်လုပ်ကြမတုံး"

ကိုခွေးမောင်တစ်ယောက်မှာလည်း စိတ်ပျက် လက်ပျက်ပုံနှင့် ရှေ့ဆက် ဘာလုပ်ကြမလဲ ဟုညည်းတွားပြောဆိုလိုက်သည်။

ကျွန်တော့်အတွက်ကပိုဆိုးသည်။ တကယ်လို့များလုံးဝပြန်မတွေ့ကြရင် တာဝန်ခံခေါ်လာခဲ့မိသော ကျွန်တော်ဘာဆက်လုပ်ရပါမည်နည်း။ ဦးနှောက်ပူ၍စိတ်တွေက ဇလောင်ဆူလာသည်။ လူဆိုတဲ့သဘောကလည်း ဒုက္ခရောက်လာရင် အားကိုးစရာရှာတတ်ကြသည်။ ဒါကြောင့် မတတ်သာ

သည့်အဆုံး ကျွန်တော့မှာ မလုပ်စဘူး၊ တောစောင့်နတ်တောင်စောင့်နတ် တွေကိုပင် တိုင်တည်ကတိသစ္စာဆိုမိသည်အထိ ဖြစ်ခဲ့ရသည်။

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်မြက်တစ်ပင်သည် အားကိုးစရာ အားထားစရာ မဟုတ်ပါလား။

"အရှင် - တောစောင့်၊ တောင်စောင့်နတ်မင်းများခင်ဗျား - ယခုပျောက် ဆုံးနေသော ကျွန်ုပ်၏ လူများဖြစ်ကြသော ဟာနစ်နှင့် မောင်ဖုံတို့အား ဘေး မသီရန်မခဘဲ ကောင်းကောင်းမွန်မွန်၊ ချောချောမောမောစခန်းသို့ ပြန် ရောက်အောင်ကူညီစောင်မပေးတော်မူပါ။ ဘေးမသီရန်မခဘဲ စခန်းသို့ ပြန်ရောက်ပါက အရှင်နတ်မင်းတို့ပိုင်ဆိုင်သော တောအတွင်းမှ သားရဲ တိရစ္ဆာန်များကို ဒီတစ်ပတ်ကျွန်ုပ်အနေနှင့် ပစ်ခတ်သတ်ဖြတ်ခြင်း လုံးဝ မပြုတော့ပါ ကတိပြုပါတယ်"

ဤသို့ (၃)ကြိမ် (၃)ခါ၊ စိတ်ထဲမှ တိုင်တည်ကတိပြုသစ္စာဆိုလိုက်ပြီး သည့်အချိန်မှာပင်...

"ဒိုင်း"

"ဟော - သေနတ်ဖောက်သံမဟုတ်လား၊ နားထောင်ကြစမ်း"

ကိုလှဒင်အသံက မျှော်လင့်ချက်ရောင်ခြည်သမ်းစွာနှင့် ပြောကြား လိုက်ခြင်းဖြစ်သည်။

"ဒိုင်း"

"ဟုတ်တယ်ဟ၊ ဒါနောက်တစ်ချက်သေနတ်ဖောက်သံပဲဗျ"

ကိုဗွေးမောင်ကလည်း ပြုံးယောင်သန်းသောမျက်နှာနှင့် အားရပါးရ ဝမ်းသာစွာဆိုလိုက်ပြန်သည်။

တတိယသေနတ်သံကို မျှော်လင့်ချက်ကြီးစွာနဲ့ သုံးယောက်သား နားစွင့်စောင့်စားနေလိုက်ကြသည်။

၅ မိနစ်...၁၀ မိနစ်...၁၅ မိနစ် အချိန်တို့က စောင့်စားရင်း ကုန်သွား သည်။ ကြားလိုသော တတိယသေနတ်သံက ပေါ်မလာ။

ဒီတော့ ကျွန်တော့မှာ မျှော်လင့်ချက်ကုန်ဆုံးစွာ သက်ပြင်း "ဟင်း" ချ လိုက်မိတော့သည်။

"ကျော်မိုးတို့အဖွဲ့ သားကောင်တွေလို့ ပစ်ကြတာဖြစ်မယ်ထင်ပါတယ် ဗျာ"

"သားကောင်ပစ်တဲ့ သေနတ်သံမဟုတ်ဘူး ဆရာမင်း၊ ဒီသေနတ်သံ က အပေါ်ထောင်ဖောက်တဲ့ အသံမျိုးဗျ"

ကိုလှဒင်က ကျွန်တော်စိတ်ဆင်းရဲတာ သက်သာအောင်ပြောတာ လားတော့ မသိ . . .

"ဟုတ်တယ် ကိုမင်း၊ ရ၊ ကြားရတဲ့ သေနတ်သံကတော့ သားကောင်ပစ် တဲ့ သေနတ်သံမဟုတ်တာတော့ သေချာပါတယ်။ ဒါပေမဲ့ နောက်တစ်ချက် ပေါ်မလာတာက တွေးစရာဖြစ်နေပြန်တယ်"

ကိုချွေးမောင်ကလည်း ကိုလှဒင်အဆိုပြုချက်ကို ထပ်ဆင့်ထောက်ခံ ပြီး သူ့အတွေးကို တင်ပြလာပြန်သည်။

"ကိုင်း . . . ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သဘောထားပြီး စခန်းသာပြန်ကြမယ်ဗျာ"

ကျွန်တော်လည်း နောင်ခါလာ နောင်ခါချေးဟု စိတ်တုံးတုံးချကာ စိတ် ပျက် မျှော်လင့်ချက်ကုန်ခန်းစွာနှင့်ပြောပြီး၊ ထိုင်ရာမှထလိုက်ပါတော့ သည်။

❑

နံနက်ခင်းမိုးစဲသွားသည်နှင့် အလင်းရောင်ကသန်းလာသည်။ တစ်ည လုံးမိုးထဲလေထဲတွင်ငုတ်တုတ်ထိုင်ကာဆင်ရန် ကျားရန်ကိုသတိထားရင်း မိုးစင်စင်လင်းခဲ့ရခြင်းဖြစ်သည်။

"အောက် . . . အီး . . . အီး အွတ်" . . . ဖျန်း . . . ဖျန်း . . . ဖျန်း"

"ကစ် . . . ကစ် . . . ကစ်" . . . ရှီး . . . ရှီး . . . ရှီး"

"အိုးဝေ . . . အိုးဝေ" . . . တောက် . . . တောက် . . . တောက်"

နေရောင်၊ အလင်းရောင်ပေါ်လာပြီဆိုတော့ တောကြက်၊ အောက်ချင်း၊ ဒေါင်းတွေရဲ့ကြည်နူးစရာတွန်ကျူးသံ၊ လှုပ်ရှားသံများကကြားလာရသည်ဒီ တော့ ညကကြောက်ရွံ့စိတ်များလည်း လွင့်ပျောက်သွားကြတော့သည်။

ပတ်ဝန်းကျင်ကို သတိထားမျက်စိကစားလိုက်သောအခါ မလှမ်းမကမ်း ကိုက် (၁၀၀)လောက်တွင် တဲပျက်တဲဟောင်းကလေးတစ်လုံးကို တွေ့ လိုက်ရသော မောင်ဖဲက အားရဝမ်းသာစွာနဲ့ ကမျာကယာထရပ်ရင်း–

"ဘာမျှစိတ်မပူနဲ့တော့ ကိုဟာနစ်ရေ – ဟိုတဲကလေးမြင်လိုက်ရတာနဲ့ ကျုပ်မျက်စိလည် ပျောက်သွားပြီ၊ မှတ်မိသွားပြီ။ အဲဒီတဲကလေးဟာ မနှစ်က မုဆိုးကြီး ဦးစိန်ဝင်း (မသုံးလုံး) တို့ စတည်းချသွားတဲ့ မုဆိုးတဲပဲ။ ကျုပ်တို့ အခုရောက်နေတာက ကြစ်ကလေး စခန်းရဲ့အရှေ့ဘက် တစ်တောင်ကျွေ့စခန်းကို တော်တော်ကျော်လာခဲ့ကြတာကိုး"

"ဒိုင်း. . .ဒိုင်း. . .ဒိုင်း. . .ဒိုင်း"

"ဟော – ကျုပ်တို့စခန်းက သေနတ်ထောင်ဖောက်အချက်ပေးထားနေမှာ ကိုင်း. . .ထ. . .ထသွားရအောင်"

ဟာနစ်တစ်ယောက်မနေ့ကတစ်နေ့လုံးလမ်းလျှောက်၊ တစ်ညလုံးမိုးလင်းငုတ်တုတ်ထိုင်နေရသဖြင့် တစ်ကိုယ်လုံးရိုက်ချထားသလို အသားတွေနာနေပြီး၊ အစာလည်း ဟုတ်တိပတ်တိမစားရသဖြင့် နုံးချည့်နေပေသည်။ သို့သော် မျက်စိလည်လမ်းပျောက်ခြင်းက လွတ်ကင်းသွားပြီဆိုသဖြင့် ဝမ်းသာရပြန်သည်။

မောင်ဖဲမှာ (မသုံးလုံး) ဦးစိန်ဝင်းတို့မုဆိုးတဲစခန်းသို့အရင်သွားလျက်၎င်းမှလမ်းကြောင်းအတိုင်း အနောက်မြောက်ခပ်ယွန်းယွန်းသို့ ဦးတည်ထွက်ခဲ့တော့သည်။ ဟာနစ်မှာ ကိုယ်လက် မအီမသာဖြစ်နေ၍ ပါးစပ်မှ တကျွတ်ကျွတ်စုတ်သပ်ရင်း မောင်ဖဲနောက်သို့ အားခဲ၍ လိုက်ခဲ့ရတော့သည်။

"တစ်ကောင်ကျ" ချောင်းရောက်သောအခါ ညကရွာထားသော မိုးရေများကဒလဟောတဝေါဝေါနှင့် ချောင်းပြည့်ကမ်းလျှံစီးဆင်းနေသဖြင့် ဖြတ်ကူးရန်မဖြစ်၊ ရေကျအောင်ထိုင်စောင့်ကြရတော့သည်။ ဒီတော့မှာ ဟာနစ်ခမျာ ညကမအိပ်ခဲ့ရသမျှ ရေကျကိုစောင့်ရင်း တရေးတစ်မောအိပ်ပျော်သွားတော့သည်။

တောင်ကျချောင်းရေများကတစ်မိနစ်ထက် တစ်မိနစ်၊ တစ်နာရီထက်တစ်နာရီသိသိသာသာလျော့သွားနေသည်။ ၂နာရီခန့်မျှကြာသောအခါရေ

လုံးဝအကျထိမစောင့်တော့ဘဲ၊ ချောင်းကိုကန့်လန့်ဖြတ်လဲကျနေသော သစ်ခြောက်ပင်ကြီးပေါ်လာသဖြင့် ပင်စည်ပေါ်မှ ဖြတ်ကူးခဲ့ကြတော့သည်။

စခန်းဆီမှ၁၅မိနစ်တစ်ကြိမ်မျှကျွဲခလောက်ဒုံဒင်တီးအချက်ပေးသံက ကြားလာရသဖြင့် အားတက်ဝမ်းသာလာသည်နှင့်အမျှ စခန်းနှင့်နီးလာပြီ ဖြစ်ကြောင်း သိရကာ တင်းထားသမျှ စိတ်များက လျော့ကျသွားရာ လူတွေမှာ ပုံကျမသွားရုံတစ်မည်သာကျန်တော့သည်။

စခန်းမှ လူများကိုမြင်လိုက်ရသည်နှင့် "ဟူး"ဟု တစ်ခွန်းသာမျှ ညည်းအော်နိုင်ပြီး ပုံကျသွားကြပါတော့သည်။ တဲသို့တွဲ၍ ရောက်ကြသောအခါ စကားပင်မပြောနိုင် ထမင်းနှင့်ဟာနေသော ဗိုက်ကို ဆုံ့သမျှဖြည့်ကာ အိပ်လိုက်ကြပါတော့သည်။

စခန်းမှာကျန်ရစ်ခဲ့သော အောင်စိန်တို့မှာ ဝမ်းသာစွာနဲ့ မှာထားခဲ့သည့်အတိုင်း သေနတ် (၃)ချက် မိုးထောင်၍ ဖောက်လိုက်ကြသည်၊ သို့သော် နောက်ဆုံးတစ်ချက်မှာ မိုးကြောင့် ရေငွေ့ပြန်ကာ ယမ်းထိုင်းနေသော ယမ်းတောင့်ဖြစ်သွားသဖြင့် "ဒိုင်း"ခနဲမြည်ရမည့်အစား "ဖောင်"ခနဲသာ မအောင်မမြင်ဖြစ်သွားပါတော့သည်။

ကျွန်တော်တို့အဖွဲ့ စခန်းပြန်ရောက်တော့ ကျော်မိုးတို့အဖွဲ့မှာ ရောက်နှင့်နေသည်။

"ဟော - အစ်ကိုတို့လည်းပြန်ရောက်လာကြပြီ၊ အချက်ပေးသေနတ်သံကြားလို့ပြန်လာကြတာမို့လား"

ကျော်မိုးက ကျွန်တော်တို့တဲနားရောက်သည်နှင့် ဆီး၍မေးလိုက်ခြင်းဖြစ်သည်။

"ဘယ်ကအချက်ပေးသေနတ်ဖောက်လို့လဲ၊ နှစ်ချက်ပစ်သံတော့ ကြားပါတယ်။ မင်းတို့အဖွဲ့ပစ်တာမို့လား၊ ဘာကောင်ပစ်ကြတာလဲ"

"ကျွန်တော်တို့ ပစ်တာမဟုတ်ပါဘူး။ စခန်းကအချက်ပေးပစ်သံပါ။ ကျွန်တော်တို့ ခြောင်နောက်လိုက်နေတုန်း သေနတ်သံ (၃)ချက်ကြားတာနဲ့ ဆက်မလိုက်တော့ဘဲ စခန်းပြန်ခေါက်လာခဲ့ကြတာပါ။ အစ်ကိုတို့လည်း ကျွန်တော်တို့လိုကြားကြားချင်းပြန်လာကြတာမို့လား"

"ဟာ…မဟုတ်ဘူး တို့ဆီကသေနတ်သံ (၂)ချက်ပဲကြားရတာ။ တို့ပြန်လာတာက မင်းတို့ရေးခဲ့တဲ့ စာဖတ်ပြီး စိတ်ဓာတ်ကျကျနဲ့ ပြန်ခဲ့ကြတာ။ ဒါဆိုတို့လူတွေပြန်ရောက်နေကြပြီပေါ့ ဟုတ်လား။ ဘယ်မှာတုံး ဘာမှုမဖြစ်ကြဘူး မို့လား"

ကျွန်တော်က ဖော်မပြနိုင်သော ဝမ်းသာမှုနှင့် အလောသုံးဆယ်မေးမြန်းလိုက်ပြီး တဲတွင်းသို့မျက်လုံးကစားရှာဖွေနေမိပါတော့သည်။

ဒီတော့မှ ဟာနစ်နှင့် မောင်ဖုံတို့မှာ အိပ်ရာမှ ထလာကြပြီး သူတို့၏ အဖြစ်သနစ် အတွေ့အကြုံအလုံးစုံကို ခရေစေ့တွင်းကျ မေးသမျှကို သူတို့နှစ်ယောက် မိုးထဲလေထဲ မုဆိုးဖွဲ့ဖြင့် အသည်းတုန်တုန်၊ ရင်ခုန်ခုန် ဖြစ်ခဲ့ရပုံများကို လုံးစေ့ပတ်စေ့ ဖြေကြားပေးနေတော့သည်။

မုဆိုးဘဝဆိုတာ အမြဲတမ်းအသာစီးရနေသည်ကြီးမဟုတ်၊ တစ်ခါတစ်ခါတော့လည်း ရင်မောစရာ၊ ထိတ်လန့်စရာ အသည်းယားစရာ အခက်အခဲမျိုးစုံနဲ့ကြုံရ၊ ဆုံရတတ်သည်က ဓမ္မတာ။ ထိုသို့ကြုံ၊ ဆုံရသော အခက်အခဲတွေလွန်မြောက်သွားပါက ပျော်ရွှင်မြူးထူးခြင်းဆိုတဲ့ ခံစားရချက်တွေက မုဆိုးများဘဝ၏ အရသာတွေပင် ဖြစ်ပါတော့သည်။

မုဆိုးအလုပ်ဟာဝါသနာပါသူများအဖို့ပျော်စရာ၊ကြည်နူးစရာကောင်းလှသည်ဆိုပါငြား၊ တကယ်တမ်းအခက်အခဲ ဒုက္ခနှင့်ရင်ဆိုင်လိုက်ရသောအခါစိတ်ပန်းလူပန်းတကယ်ကြမ်းတမ်းသောဘဝပါကလားဟုကျွန်တော့စိတ်တွေထင်ယောင်မြင်ယောင်လာမိပါတော့သည် တကား။

⇨ နွေတောထား